www.foreverspace.com.mm

# LIVING COLOR

စီးပွားရေး ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် သတင်းမဂ္ဂဇင်း

No.124, NOVEMBER, 2005

## လူငယ်များ၏ အိပ်မက်



DESIGN : SOE THAW DAR

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

## EDITORIAL

# မြင့်မြင့်တက်လျှင် ဝေးဝေးမြင်

လူတို့၏ဘဝတွင် ရည်မှန်းချက်ပန်းတိုင်ဆိုသည်မှာ အရေးအကြီးဆုံးဖြစ်ကြောင်း အားလုံးက လက်ခံထားကြပြီးဖြစ်ပါသည်။ အထူးသဖြင့် အနာဂတ်မြန်မာနိုင်ငံကို ခေါင်းဆောင်ကြမည့်လူငယ်များ၏ ရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံ၏ပန်းတိုင်ကို ပြဋ္ဌာန်းမည်ဖြစ်ရာ ယနေ့လူငယ်များတွင် မြင့်မားကြီးကျယ်ခမ်းနားသော ရည်ရွယ်ချက်များရှိနေရန် အရေးကြီးလှပေသည်။

တစ်ဖန် အဆိုပါရည်မှန်းချက်ပန်းတိုင်များ ပိုမိုပြတ်သားရေး၊ အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့်ပတ်သက်၍ မိမိကိုယ်ကိုယ်ယုံကြည်မှုအပြည့်အဝရှိနေစေရေးနှင့် ပန်းတိုင်ဆီသို့ စနစ်တကျ ချီတက်ရေးတွင် လူသားအရင်းအမြစ်အရည်အသွေးတည်ဆောက်ရေးသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။

Human Resources Capacity Building ခေါ် လူသားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးသည် ယနေ့ ၂၁ ရာစုတွင် မြန်မာတစ်မျိုးသားလုံးအတွက် အရေးအကြီးဆုံးလုပ်ငန်းစဉ်ဖြစ်သည်ဟု Living Color က အထူးပင်ယုံကြည်သည့်အားလျော်စွာ အဆိုပါအရေးကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ ညီနောင်မီဒီယာအားလုံးက ဘက်ပေါင်းစုံမှရေးသားဖော်ပြလျက်ရှိကြောင်း စာဖတ်သူများလည်း သိရှိပြီးဖြစ်မည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ခံယူချက်မှာ 'မြင့်မြင့်တက်သူများသာ ဝေးဝေးမြင်နိုင်မည်' ဟူသော အယူအဆဖြစ်၍ မြန်မာနိုင်ငံသားအားလုံး မြင့်မြင့်တက်လာနိုင်သည်နှင့်အမျှ မြန်မာနိုင်ငံ၏ အနာဂတ်သည်လည်း ပိုမိုရှင်းလင်းပြတ်သားလာလိမ့်မည်ဟု ယုံကြည်သောကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် အဆိုပါ 'မြင့်မြင့်တက်' နိုင်ရေးကိစ္စသည် မျိုးဆက်သစ်လူငယ်များ၏ ရည်မှန်းချက်ကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးကြီးလှပေသည်။

မှန်ပါသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ နယ်ပယ်ပေါင်းစုံတွင် စနစ်တကျ အောင်မြင်ရှင်သန်နေသော လုပ်ငန်းများကို ကြည့်လျှင် ထိုလုပ်ငန်းများ၌ မြင့်မြင့်တက်နိုင်သော လူသားအရင်းအမြစ်များရှိနေပြီး ထိုသို့သော လူသားအရင်းအမြစ်များက စီမံခန့်ခွဲနေသည်ကို တွေ့ရမည် ဖြစ်ပေသည်။

အထူးသဖြင့် ယနေ့ ၂၁ ရာစု၏ လူသားအရင်းအမြစ် အရည်အသွေးဆိုသည်မှာ Conventional ပညာရေးဖြစ်သည့် ဘွဲ့လက်မှတ်နှင့် ဘွဲ့ဒီဂရီသက်သက် မဟုတ်တော့သည်ကို တစ်သက်တာမရပ်မနား လေ့လာနေသူအားလုံး သဘောပေါက်ပြီးဖြစ်ပါသည်။ အဖြစ်အပျက်များ မြန်ဆန်ပြီး ပါရာဒိုင်းများ ပြောင်းလဲနေသောကမ္ဘာကြီးတွင် Conventional ပညာရေးသက်သက်နှင့် မလုံလောက်တော့ဘဲ စဉ်ဆက်မပြတ် သင်ကြားသင်ယူရေး၊ ခေတ်မီစာအုပ်စာတမ်းများရရှိရေး၊ ခေတ်မီပညာရပ်များကို အမှန်တကယ်တတ်မြောက်၍ ပြန်လည်သင်ကြားပို့ချပေးနိုင်သော ဆရာ ဆရာမများရရှိရေး၊ သတင်းနည်းပညာအမြန်လမ်းမကြီးပေါ်သို့ ရောက်ရှိရေး စသည်များသည်လည်း များစွာအရေးပါလာနေသည်ကို ယနေ့ ထင်ရှားစွာတွေ့မြင်နေရပေသည်။ အချို့လိုအပ်ချက်များမှာ နိုင်ငံတကာအကူအညီများမပါဘဲ မဖြစ်နိုင်သည်ကိုလည်း တွေ့ရပေသည်။

ယနေ့ အမြန်ကမ္ဘာကြီးနှင့် အမီလိုက်နိုင်သူဟု အများက တညီတညွတ်တည်းလက်ခံထားကြသည့် စင်ကာပူနိုင်ငံတွင်ပင် ၎င်းတို့၏ဝန်ကြီးချုပ်က စင်ကာပူနိုင်ငံ၏ ပညာရေး၊ စီးပွားရေးနှင့် လူထု၏ခံယူချက် (Mindset) တို့ကို လျင်မြန်စွာပြောင်းလဲနေသော ကမ္ဘာကြီးနှင့် အမီလိုက်နိုင်ရန် ပြုပြင်ပြောင်းလဲရဦးမည်ဖြစ်ကြောင်း လှုံ့ဆော်နေသည်ကိုကြည့်လျှင် ကျွန်ုပ်တို့မည်မျှကြိုးစားရဦးမည်ဖြစ်ကြောင်း သဘောပေါက်နိုင်ပါသည်။

စင်ကာပူဝန်ကြီးချုပ်ပြောခဲ့သော လူထု၏ Mindset ဆိုသည်မှာ လူသားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးနှင့် တိုက်ရိုက်အချိုးကျပါသည်။ နိုင်ငံသားများ၏ Mindset ကို မြှင့်တင်ပေးခြင်းသည် မြင့်မြင့်တက်နိုင်သူများအဖြစ် ပြင်ဆင်ပေးခြင်းဖြစ်ပြီး အမြော်အမြင်ကြီးသော နိုင်ငံသားများ၊ စီမံခန့်ခွဲသူများအဖြစ် အလိုလိုရောက်ရှိလာလိမ့်မည်သာ ဖြစ်ပါသည်။ အမြော်အမြင်ကြီးသော နိုင်ငံသားအများစုတည်ရှိသော နိုင်ငံသည်သာ ဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့ ရောက်ရှိနိုင်မည်ဆိုသော အချက်ကိုမူ အားလုံးလက်ခံကြလိမ့်မည်ဟု ယုံကြည်ပါသည်။

**အယ်ဒီတာ**

၆-၁၀-၂၀၀၅

www.foreverspace.com.mm

# လုပ်ငန်းမှတ်တမ်း

## Board of Editors

Chief Editor – ကျော်မင်းဆွေ
Editor In Charge (Production) – မင်းဇင်
Editor In Charge (On Duty) – ကျော်နိုင်
Editor In Charge (News) – မျိုးညွန့်မောင်
Senior Executive Editors – ကျော်နိုင်၊ အောင်ကျော်မင်း၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး
Executive Editors – နွေးအိငြိမ့်၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်
Research & Development Editor – သီရိဇော်
Chief Reporter – သောင်းထိုက်
Staff Reporters – တင်လင်း၊ ထားထားမြင့်၊ စိုးယုဝေ၊ ကေခိုင်ကျော်၊ သစ်ထွဋ်၊ သန်းထိုက်သူ၊ သာမိုးကြည်အောင်၊ လင်းသစ်

## Art Director

စိုးသော်တာ

## DTP Department

Supervisor – မခိုင်
Staff Operators – မင်းမင်းသူ၊ ၄ဝါခိုင်၊ ဆွေဇင်အိ၊ စောအိလိုင်းဂျာ

## Accountant

အေးအေးဆင့်
Assistant – မျိုးဇာနည်

## Advertising Department

General Manager – ဖေအောင်ဇင်
Manager (Marketing) – ကျော်သူမြင့်အောင်
Assistant Manager (Design & Planning) – ဇာနည်ဝင်း
Assistant Manager (Admin & Marketing) – စန်းသီတာ
Senior Marketing Assistants – စောဂေးနေထူး၊ စောဆာကီးလား
Marketing Assistants – ဖြူဖြူသီ၊ စောမောင်မောင်လေး၊ သီဟဇော်

## Printing

Manager – စောမိုးဇက်

## Production

Manager – တင်ဝင်းထွဋ်
Assistant – ဟန်မြင့်

## Admin

Office Superintendent – အောင်ကျော်ဆန်း
Assistant – မိုးကျော်လွင်
Receptionist – စုအိန္ဒြေဦး

## Distribution Department

သိန်းလွင်၊ စောကပေါ်ထူး

**Cover Design –** စိုးသော်တာ
Cover Logo – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်
Illustrator – soe thaw dar


## Publisher

ဦးရဲနိုင်ဝင်း (မြဲ– ၃၇၅၅)
အမှတ် ၇၀(တ)၊ ငွေဝတ်မှုန်ရိပ်သာ
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## Printer

Living Color ပုံနှိပ်တိုက် (မြဲ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

## Office

အမှတ် ၂၇၀၊ 1-C၊ (ပ–ထပ်)၊ Lucky Nice Tower၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၃၀၂၊ ၅၀၄၄၉၆၊ ၄၄၁၂၁၆၃၊ ဖက်စ်–၅၂၆၃၀၂

## E-mail

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

## Web Site - www.foreverspace.com.mm

Photographer – K.M.S (Super King), P.A.Z
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၀၄၈၈၄၀၅၁၀
Circulation – ၁၀၀၀
Price – ၇၀၀ ကျပ်

Copyright – Living Color

**ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်**


## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, Bagan Cybertech, စာပေလောက(၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

# မာတိကာ


၁ အယ်ဒီတာ့အာဘော်

၄ ယခုလ သတင်းအညွန့်း

၅ ယခုလ အကြိုက်ဆုံးကြော်ငြာ

၆ ယခုလ စိတ်ကြိုက်ကုန်ပစ္စည်း

၈ မြန်မာ့စီးပွားရေးသတင်း

၁၄ မျက်နှာဖုံးဆောင်းပါး
**လူငယ်များ၏ အိပ်မက်**
မျိုးမင်းငွေး နှင့် အယ်ဒီတာတစ်ဦး

၄၂ မြန်မာ့စီးပွားရေးမြင်ကွင်း
**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**ညှော်လမ်းညွှန်များ၏ အခန်းကဏ္ဍ**
ထားထားမြင့်

၄၆ **အကျိုးတူပူးပေါင်းမှုဖြင့် အလားအလာကောင်းသို့**
**ဦးတည်လာသော စားသောက်ဆိုင်လုပ်ငန်းများ**
ကေခိုင်ကျော်

၅၂ **ပတ်ဝန်းကျင်ကိုအကျိုးပြုနေသော**
**အလှဆင်အပင်ကြီးများ** နွေးအိငြိမ့်

၅၆ **သုတေသနစီးပွား**
ဇင်ဇင်သော်

၆၀ **မြန်မာ့လယ်ယာကဏ္ဍနှင့် လယ်ယာလုပ်သားများ**
**ရွှေ့လျားစီးဆင်းမှု** သန်းထူး

၆၄ **ရန်ကုန် ကုန်စည်ဈေးကွက်**
သန်းထိုက်သူ၊ သစ်ထွဋ်

၆၈ မြန်မာ့စီးပွားရေးအမြင်
**မြန်မာ့သယံဇာတများအား စနစ်တကျထုတ်ယူ**
**သုံးစွဲခြင်း** ထွန်းအောင်

၇၂ **စိုက်ပျိုးရေးကဏ္ဍအပြောင်းအလဲနှင့် မြေခွန်**
မျိုးမင်းနိုင်

၇၆ **မြန်မာ့ဈေးကွက်တိုးတက်မှုပြရမည်**
N & GP

၇၈ **ပုဂ္ဂလိကပိုင်ပြုပြင်ခြင်းနှင့် မြန်မာ့စီးပွားရေး**
**အဆက်အစပ်** တင်အောင်ကျော်

၈၈ ပညာရှင်စာတမ်း
From Effectiveness to Greatness
ပါမောက္ခဒေါက်တာအောင်ထွန်းသက်

၉၆ ဈေးဝယ်လမ်းညွှန်

၁၁၈ မြန်မာပြည်တွင်လုပ်သည်

၁၂၂ ထင်ရှားကျော်ကြားမြန်မာ့စီးပွား

၁၂၆ တစ်ဦးတည်းကိုယ်စားလှယ်

၁၂၇ တွေ့ဆုံဆွေးနွေးမှုများ

၁၂၈ ရက်စွဲမှတ်တမ်း

၁၃၀ ကုန်ဈေးနှုန်း

၁၃၆ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်
Service +

၁၃၈ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၄ အတွေးအမြင်
**ရေကြည်ရာ၊ မြက်နုရာ**
ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)

၁၅၀ **ပညာလက်ဝါးကြီးအုပ်မှုလော**
The Knowledge Monopolies?
ကျော်ဝင်း

၁၅၄ **ကျွန်တော်ပန်းချီကုန်သည်(၃၆)**
ဦးလှဝင်း (လေသူရဲတစ်ဦး)

၁၅၈ **စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၂၈)**
လှထုစိန်ဝင်း

၁၆၁ **အရည်အသွေးစီမံခန့်ခွဲမှု**
မောင်တွေးတော (ပေါက်အင်း)

## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွန်း

'ယခုလ သတင်းအညွန်း'ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

အမှန်တကယ် တိုးတက်ဖြစ်ပေါ်နေသော အပြုသဘောဆောင်သည့် အခြေအနေများနှင့် လုံးဝဆန့်ကျင်သော အစီရင်ခံစာတစ်စောင်ကို မစ္စတာဗာကလပ်ဟာဗဲလ်နှင့် ဘုန်းတော်ကြီး ဒက်စမွန်တူးတူးတို့၏ ညွှန်ကြားချက်ဖြင့် ၂၀-၉-၂၀၀၅ ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ ငြိမ်းချမ်းရေးကိုခြိမ်းခြောက်ခြင်း–ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန်တောင်းဆိုခြင်းအမည်ရှိသည့် အစီရင်ခံစာကို DLA Piper Rodnick Gray Cary Law Firm က ပြုစုခဲ့ပါသည်။ ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံအစိုးရသည် မြန်မာပြည်သူများကိုလည်းကောင်း၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုလည်းကောင်း၊ ခြိမ်းခြောက်လျက်ရှိသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယင်းကိစ္စကို ချက်ချင်းအရေးယူဆောင်ရွက်ရန် အလေးအနက်တောင်းဆိုကြောင်း ဖော်ပြထားပါသည်။

အစီရင်ခံစာသည် မြန်မာနိုင်ငံအစိုးရအပေါ် သိက္ခာချရန် ထပ်မံကြိုးပမ်းမှုတစ်ရပ်အဖြစ်သာ နိုင်ငံခြားရေးဝန်ကြီးဌာနက ရှုမြင်ပါသည်။ ယင်းအစီရင်ခံစာသည် လက်ကျန် သောင်းကျန်းသူအနည်းငယ်နှင့် နိုင်ငံခြားမှ အထောက်အပံ့ရယူနေသော ပြည်ပြေးအချို့တို့က မြန်မာနိုင်ငံအနေဖြင့် ခေတ်သစ်ဆီသို့ မကြာမီကာလအတွင်း ကူးပြောင်းသည့်အခါ ၎င်းတို့အတွက် နေရာမရှိတော့မည်ကို ကြောက်ရွံ့စိုးရိမ်ပြီး ထုတ်လွှင့်သောသတင်းများအပေါ်တွင် အခြေခံထားခြင်း ဖြစ်ပါသည်။ အဆိုပါပြည်ပြေးများသည် ဖုံးကွယ်ထားသော နိုင်ငံရေးရည်ရွယ်ချက်ရှိသည့် အနောက်နိုင်ငံအချို့ထံမှ အထောက်အပံ့ရရှိထားသူများသာ ဖြစ်ကြပါသည်။

၂၀၀၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထုတ် နိုင်ငံပိုင် ကြေးမုံသတင်းစာ စာမျက်နှာ ၃ ရှိ မြန်မာနိုင်ငံအစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်များဖြစ်ကြသည့် ချက်သမ္မတနိုင်ငံသမ္မတဟောင်း မစ္စတာဗာကလပ်ဟာဗဲလ်နှင့် တောင်အာဖရိကမှ ဒက်စမွန်တူးတူးတို့၏ "ငြိမ်းချမ်းရေးကိုခြိမ်းခြောက်ခြင်း–ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန် တောင်းဆိုခြင်း" အမည်ရှိ အစီအရင်ခံစာကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်သော ကြေညာချက်ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။



www.foreverspace.com.mm

www.foreverspace.com.mm

## ADVERTISEMENT OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလ အကြိုက်ဆုံးကြော်ငြာအဖြစ် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့တွင် မကြာခဏ ထုတ်လွှင့်ပြသနေသော Mortein Shieldtox ပိုးသတ်ဆေးဘူး (Insects Killer) ကို ရွေးချယ်လိုက်ပါသည်။ ဤကြော်ငြာတွင် ဆွဲဆောင်မှုရှိသော သီချင်းစာသားနှင့် ကလေး၊ လူကြီးနှစ်သက်စေသော Animation လှုပ်ရှားမှုများ ပါဝင်ခြင်းအပြင် အမှိုက်ပုံးထဲမှထွက်လာသော ပိုးကောင်ကလေး သွားပွတ်တံပေါ်သို့ တက်လိုက်စဉ် ပိုးမွှားများ ပျံ့နှံ့သွားပုံကို ရိုက်ပြထားရာ အသေးအဖွဲကိစ္စဟုထင်ရသော်လည်း လူအတော်များများသည် နံနက်အိပ်ရာထလျှင် သွားပွတ်တံကို သွားတိုက်ဆေးထည့်ပြီး အလွယ်တကူအသုံးပြုနေသည်ကို မမေ့မလျော့ ဆေးကြောသန့်စင်ပြီးမှ အသုံးပြုရန် ကျန်းမာရေးရှုထောင့်မှ မီးမောင်းထိုးပြသနိုင်ခြင်းကြောင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြရခြင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ကြော်ငြာအမည် | – | Mortein Shieldtox ခြင်ဆေး |
| ထုတ်လုပ်သည့်ကုမ္ပဏီ၊ စိတ်ကူးနှင့် Idea | – | Reckitt Benckiser |
| တင်သွင်းသည့်ကုမ္ပဏီ | – | Asia Light Co., Ltd. |
| စီစဉ်သူ | – | Futures Com. Advertising |
| ထုတ်လွှင့်ချိန် | – | ၃၀ စက္ကန့် |

**အယ်ဒီတာ**



www.foreverspace.com.mm

## PRODUCT OF THE MONTH

# ယခုလ စိတ်ကြိုက်ကုန်ပစ္စည်း

ယခုလ စိတ်ကြိုက်ကုန်ပစ္စည်းအဖြစ် ရန်ကုန်မြို့တော်အတွင်းရှိ စားသောက်ဆိုင်အတော်များများတွင် မြင်တွေ့လာရသည့် Digital Coffee ဖျော်စက်ကို ရွေးချယ်လိုက်ပါသည်။

အဆိုပါ Coffee ဖျော်စက်မှာ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး Digital Cafe မှ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းထားခြင်း ဖြစ်သည်။

ငွေအရင်းအနှီးအနည်းငယ်ဖြင့် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နိုင်ခြင်း၊ နည်းပညာဆန်းသစ်မှုရှိခြင်း၊ အချိန်တိုအတွင်း ရယူသောက်သုံးနိုင်ခြင်း၊ နေရာကျယ်ကျယ်မလိုခြင်း၊ ကိုရီးယားဇာတ်လမ်းတွဲများကို မြန်မာပရိသတ်များ နှစ်သက်လက်ခံနေကြချိန်တွင် အချိန်ကိုက်ဝင်ရောက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြရခြင်း ဖြစ်သည်။

**အယ်ဒီတာ**



# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၂၄ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ

## မာတိကာ


- **ကောဘယ်လ်တီဗီလိုင်းများ တပ်ဆင်မှုစတင်၊ တစ်လ ကျပ်ငါးထောင်ဖြင့် ကတ်စလောင်းလိုင်းများ ကြည့်ရှုနိုင်၊**
- **ဂျာမန်နည်းပညာသုံး တရုတ် CNG မော်တော်ယာဉ်များ မိတ်ဆက်၊**
- **မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် တောင်ကိုရီးယားစီစဉ်၊**
- **ဒီဇယ်ဆီအစားထိုး Biodiesel များဖြင့် အင်ဂျင်များကို မောင်းနှင်လည်ပတ်၊ မော်တော်ကားများကိုပါ Biodiesel ဖြင့် မောင်းနှင်နိုင်ရန် စမ်းသပ်လျက်ရှိ၊**
- **ပြည်ပတွင် အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ကုန်ပစ္စည်းတင်သွင်းလိုပါက မြန်မာသံရုံး၏ထောက်ခံချက်လို၊**
- **အမေရိကန် Grinell ကောလိပ်နှင့် Drake တက္ကသိုလ်တွင် တက်ရောက်ရန် ထူးချွန်မြန်မာကျောင်းသားများ အလိုရှိ၊**
- **မြန်မာနှင့် ဗီယက်နမ်တွင် Business Centre များ အပြန်အလှန်တည်ဆောက်ရန် ဗီယက်နမ်ဘက်မှ အဆိုပြု၊**
- **မြန်မာ–ဘင်္ဂလားဒေ့ရှ် ဗီဇာလွယ်ကူစွာရရှိရေးအတွက် နှစ်နိုင်ငံသဘောတူ၊**
- **မြန်မာနိုင်ငံရှိ မြေလွတ်မြေရိုင်းများကိုငှားရမ်း၍ စိုက်ပျိုးရေးလုပ်ကိုင်ရန် ဘင်္ဂလားဒေ့ရှ်ကမ်းလှမ်း၊**


## ပျဉ်းမနားနှင့် လယ်ဝေးကြား ရှစ်လမ်းမောင်း ကွန်ကရစ်လမ်းဖောက်

**ရန်ကုန်၊ စက်တင်ဘာ ၁**

မန္တလေးတိုင်းအတွင်းရှိ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်ကို ဆက်သွယ်မည့် ရှစ်လမ်းမောင်း ကွန်ကရစ်လမ်းမကြီးကို ဖောက်လုပ်လျက်ရှိကြောင်း လယ်ဝေးမြို့နယ်ဒေသခံအချို့ထံမှ သတင်းရရှိသည်။

အဆိုပါလမ်းမကြီးကို လယ်ဝေးမြို့နယ် ရွာသစ်ကျေးရွာတောင်ဘက် ရန်ကုန်–မန္တလေး အဝေးပြေးလမ်းအသစ်မှ ခွဲထွက်ကာ ပျဉ်းမနားမြို့နယ် ကြပ်ပြေးတွင် တည်ဆောက်လျက်ရှိသော ခုတင် ၃၀၀ ဆံ့ဆေးရုံသို့ ဆက်သွယ်ဖောက်လုပ်သွားမည်ဟု သိရကြောင်း ယင်းလုပ်ငန်းခွင်နှင့်နီးစပ်သော ဒေသခံ ဦးမင်းမင်းက ပြောကြားသည်။

ယင်းလမ်းမကြီးသည် ကွန်ကရစ်ထုထည်တစ်ပေကျော်ရှိပြီး လမ်းလယ်ကျွန်းပါရှိကာ အခိုင်အမာဖောက်လုပ်ထားသောလမ်းမကြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လမ်းဖောက်လုပ်မှုကို ရန်ကုန်–မန္တလေး အဝေးပြေးလမ်းသစ်ကြီးမှ စတင်ဖောက်လုပ်ကာ လောလောဆယ် ဇလာမြို့အနောက်ဘက်တွင် ဆောင်ရွက်လျက်ရှိသော လေယာဉ်ကွင်းအနီးအထိ ပြီးစီးနေကြောင်း၊ ယင်းမှတစ်ဆင့် လယ်ဝေးမြို့နှင့် ပျဉ်းမနားမြို့အကြား (ရန်ကုန် –မန္တလေး လမ်းဟောင်းကိုဖြတ်ကာ) ဆက်သွယ် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

Phoenix News



www.foreverspace.com.mm

www.foreverspace.com.mm



# ၂၀၀၆ ဇန်နဝါရီလလယ်တွင် နာဂပွဲတော်ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံရှိ အနောက်မြောက်ဘက် တောင်တန်းဒေသတွင် နေထိုင်သည့် တောင်ပေါ်နေတိုင်းရင်းသား (Hill Tribes) မျိုးနွယ်ဝင် နာဂတိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော်ကို လာမည့် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့ထိ စစ်ကိုင်းတိုင်း လေရှီးမြို့နယ်တွင် Diamond Palace ခရီးသွားလုပ်ငန်းက ဦးဆောင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက စက်တင်ဘာလ ၉ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်သည်။

နာဂပွဲတော်ကို ၂၀၀၁ ခုနှစ်မှစတင်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက စတင်ကျင်းပပေးခဲ့ပြီး နာဂလူမျိုးအများစုနေထိုင်ရာ လေရှီးနှင့် လဟယ်မြို့တို့တွင် အလှည့်ကျကျင်းပခဲ့ကြောင်း ပြည်တွင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုက ပြောကြားသည်။

ယခုနှစ်ကျင်းပမည့် နာဂပွဲတော်ကို ရန်ကုန်မှ လေးညအိပ် ငါးရက် Package Tour အစီအစဉ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်တွင် ပတ်ဝန်းကျင်နာဂရွာများ လှည့်ပတ်ကြည့်ရှုခြင်း၊ နာဂနှစ်သစ်ကူးပွဲတော်၊ နာဂလူမျိုးတို့ ရိုးရာအထိမ်းအမှတ် ဝါးတိုင်ထူပွဲတို့ ပါဝင်မည်ဖြစ်ကြောင်း Diamond Palace ကုမ္ပဏီမှ ထုတ်ပြန်သော သတင်းများတွင် ဖော်ပြပါရှိသည်။

အဆိုပါ နာဂပွဲတော်ခရီးစဉ်အပြီး မြန်မာနိုင်ငံရှိ နာမည်ကျော် ဖားကန့်၊ မိုးကုတ်၊ ပူတာအိုဒေသများကို သွားရောက်လှေ့လာလိုပါက ဆက်လက်သွားလာနိုင်ရန် ကုမ္ပဏီက စီစဉ်ထားသည်ဟုလည်း ယင်းသတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

၂၀၀၃ ခုနှစ်က လဟယ်တွင် ကျင်းပခဲ့သော နာဂပွဲတော်သို့ ဂျပန်လူမျိုးများ အများဆုံးလာရောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်အတွင်း အမေရိကန်၊ ဂျာမန်၊ ဂျပန် စသည့် ပြည်ပခရီးသည် ၂၀၀ ဦးခန့် လာရောက်ခဲ့ကြောင်း လုပ်ငန်းဆက်စပ်သည့် ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

Phoenix Newss

# ကေဘယ်လ်တီဗီလိုင်းများ တပ်ဆင်မှုစတင်၊ တစ်လကျပ်ငါးထောင်ဖြင့် ကတ်စလောင်းလိုင်းများ ကြည့်ရှုနိုင်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

UBC နှစ်ပေ ကတ်စလောင်း (Ku-Band) ဖြင့် ဖမ်းယူရရှိသော ရုပ်သံလိုင်းများနှင့် ၁၀ ပေ၊ ၈ ပေစလောင်း (C-Band) တို့ဖြင့် ဖမ်းယူရရှိသော ရုပ်သံလိုင်းအချို့ကို အိမ်တိုင်ရာရောက် ကေဘယ်လ်ကြိုးများ သွယ်တန်းတပ်ဆင်၍ လစဉ်ကြေးဖြင့် ဖြန့်ဖြူးပေးသည့် ကေဘယ်လ်တီဗီလိုင်းတပ်ဆင်ခြင်းလုပ်ငန်းကို စတင် ဝန်ဆောင်ပေးနေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းကို တာဝန်ယူလုပ်ဆောင်ပေးသည့် စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တရားဝင် ထုတ်ပြန်ကြေညာသည်။

ယင်းကဲ့သို့ ကေဘယ်လ်စနစ်ဖြင့် ထုတ်လွှင့်ပေးမည့် ရုပ်သံလိုင်းပေါင်းမှာ ၁၆ လိုင်းဖြစ်ပြီး နှစ်ပေ ကတ်စလောင်းမှ ၁၀ လိုင်းနှင့် ၁၀ ပေ၊ ၈ ပေစလောင်းမှ ခြောက်လိုင်း ပါဝင်မည်ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ အဆိုပါ ကေဘယ်လ်တီဗီလိုင်းတပ်ဆင်ခြင်းအတွက် တပ်ဆင်ခအဖြစ် ကျပ်ငွေသုံးသောင်း ပေးသွင်းရမည်ဖြစ်ပြီး လစဉ်ကြေးမှာ တစ်လလျှင် ငါးထောင်ကျပ်သာ ကျသင့်မည်ဖြစ်သည်ဟု ဖော်ပြထားသည်။

တပ်ဆင်မည့်အိမ်ထောင်စုများအတွက် ရုပ်မြင်သံကြားစက်တစ်လုံးမှလွဲ၍ အခြားမည်သည့်အပိုပစ္စည်းမှ ရှိရန်မလိုဘဲ ရုပ်သံလိုင်း ၁၆ လိုင်းကို ၂၄ နာရီ အဆင်ပြေစွာ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ပါဝင်မည့် ရုပ်သံလိုင်းများမှာ နှစ်ပေစလောင်းမှ အားကစားလိုင်းများဖြစ်သော Star Sport၊ Super Sport နှင့် ESPN လိုင်း၊ ရုပ်ရှင်လိုင်းများဖြစ်သော HBO၊ Star Movies၊ Hallmark နှင့် Clinemax လိုင်း၊ Discovery Channel၊ Cartoon Network နှင့် Itv၊ ၁၀ ပေ၊ ၈ ပေစလောင်းမှ မြန်မာ့အသံ၊ မြဝတီ၊ ကိုရီးယားရုပ်ရှင်လိုင်း၊ RCTI၊ Series A နှင့် MATV ရုပ်ရှင်လိုင်းတို့ ပါဝင်မည်ဟု ယင်းထုတ်ပြန်ချက်က ဆိုသည်။

လောလောဆယ်တွင် စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဝန်ဆောင်ပေးခြင်းဖြစ်၍ စမ်းချောင်းမြို့နယ်အတွင်း၌သာ အဆိုပါ ကေဘယ်လ်တီဗီစနစ်ကို တပ်ဆင်ပေးနိုင်ဦးမည် ဖြစ်သည်။

www.foreverspace.com.mm



## ဂျာမန်နည်းပညာသုံး တရုတ် CNG မော်တော်ယာဉ်များ မိတ်ဆက်

**ရန်ကုန်၊ စက်တင်ဘာ ၂**

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်အခွန်ဆောင်ထားသော နိုင်ငံခြားငွေလက်ဝယ်ရှိပြီး သွင်းကုန်ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူများအနေဖြင့် CNG အမျိုးအစားမော်တော်ယာဉ်များ တင်သွင်းခွင့်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း (သတင်းဖော်ပြပြီး၊ ခေတ်မြန်မာ Weekly Vol.2/ No. 13) ဂျာမန်နည်းပညာဖြင့် ထုတ်လုပ်ထားသော CNG / ဓာတ်ဆီ နှစ်မျိုးလုံး အသုံးပြုနိုင်သည့်ယာဉ်များကို မြန်မာနိုင်ငံသားပိုင် ON-KEE ကုမ္ပဏီက မိတ်ဆက်ပေးရန် စီစဉ်လျက်ရှိကြောင်း ကုမ္ပဏီ၏ နာယကဖြစ်သူ ဦးချာလီက ပြောကြားသည်။

အဆိုပါမော်တော်ယာဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ KEN LION INTERNATIONAL LTD. မှ ထုတ်လုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် ON-KEE ကုမ္ပဏီက ကတ်တလောက်များ ဖြန့်ချိမိတ်ဆက်ပေးခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။ ပြည်တွင်းဈေးကွက်ကြိုက် ISUZU Double Cab နှင့် ပုံစံတူသော အဆိုပါမော်တော်ယာဉ်များကို မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် အတော်များများက စိတ်ဝင်စားကြပြီး ကြိုတင်မှာယူသူ ၁၅ ဦးခန့်ရှိနေပြီဖြစ်ကြောင်း၊ မော်တော်ယာဉ်တစ်စီး၏ မြန်မာနိုင်ငံအရောက် ခန့်မှန်းခြေပေါက်ဈေးမှာ မော်ဒယ်အမျိုးအစားအလိုက် အမေရိကန်ဒေါ်လာ တစ်သောင်းငါးထောင်မှ နှစ်သောင်းဝန်းကျင်ကြား ပေါက်ဈေးရှိကြောင်း ဦးချာလီ၏အဆိုအရ သိရသည်။

ON-KEE ကုမ္ပဏီမှပြသသော လက်ကမ်းကြော်ငြာအရ NHQ 1027 QBE အမျိုးအစားမှာ ငွေရောင်၊ ပုလဲဖောက်ရောင်၊ ဘဲခေါင်းစိမ်းရောင်များ ထုတ်လုပ်ထားပြီး NHQ 1021 QBE အမျိုးအစားမှာ ဘဲခေါင်းစိမ်းရောင်နှင့် ပုလဲဖောက်ရောင်များ ထုတ်လုပ်ထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံခြားဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို အခွန်ထမ်းဆောင်ပြီးပါက CNG သုံးယာဉ်များ တင်သွင်းခွင့်လျှောက်ထားရန် ခွင့်ပြုပြီး (သတင်းဖော်ပြပြီး၊ ခေတ်မြန်မာ Weekly Vol.2/ No. 13) ဖြစ်သည်။

## ပွင့်လင်းရာသီမတိုင်မီ ဟိုတယ် Booking များလက်ခံရရှိ၊ ပြည်ပဈေးကွက်ကိုသာမက ပြည်တွင်းဈေးကွက်ကိုပါအားထား

**သတင်းဆောင်းပါး – ထားထားမြင့်**
**၈–၁၀–၂၀၀၅**

**မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ အထွတ်အထိပ်ရာသီ (Peak Season) သို့ မကြာမီရောက်ရှိလာတော့မည်ဖြစ်ရာ ရန်ကုန်မြို့ရှိ နိုင်ငံတကာဟိုတယ်ကြီးများအနေဖြင့် လာမည့်ခရီးသွားရာသီအတွက် ကြိုတင်အခန်းငှားယူမှုများ လက်ခံရရှိနေပြီဖြစ်ကြောင်း ဟိုတယ်တာဝန်ရှိသူများထံမှ သိရှိရသည်။**

"ဒီနှစ်ခရီးသွားရာသီအတွက်အခန်း Booking တွေ အများကြီးလက်ခံရပြီးပါပြီ။ ကျွန်မအထင် နိုဝင်ဘာလောက်ဆို အခန်းတွေပြည့်မတတ်ဖြစ်နေမယ်ထင်တယ်"

ဂျပန်နိုင်ငံ Nikko Company Group လက်အောက်ရှိ ရန်ကုန်မြို့ Hotel Nikko မှ ဈေးကွက်ဒါရိုက်တာ ဒေါ်မေမြတ်မွန်ဝင်းက ပြောကြားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ပထမဆုံး စတင်တည်ထောင်သည့် ဟိုတယ်ခြောက်လုံးစာရင်းဝင်ဖြစ်ပြီး ၁၉၆၂ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့သော Dusit Inya Lake ဟိုတယ်၏ အထွေထွေမန်နေဂျာ မစ္စတာအက်ဒဝပ်ကလည်း ယခုနှစ် ခရီးသွားရာသီသည် မြန်မာနိုင်ငံရှိ ဟိုတယ်များအတွက် ယမန်နှစ်ကထက် အနည်းငယ် တိုးတက်လာဖွယ်ရှိသည်ဟု ထင်မြင်မိကြောင်း ပြောကြားသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ၌ အာရှတွင် ဆူနာမီရေဘေးဒဏ်ခံခဲ့ရပြီးနောက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို ပင်မစီးပွားရေးအဖြစ် လုပ်ကိုင်နေသော ထိုင်းနိုင်ငံ၏ ဟိုတယ်ခရီးသွားလုပ်ငန်း ကျဆင်းခဲ့ရာ အိမ်နီးနားချင်း မြန်မာနိုင်ငံသည်

www.foreverspace.com.mm





Traders Hotel မြင်ကွင်း



နတ်မောက်လမ်းရှိ Nikko Hotel

လည်း အနည်းငယ် သက်ရောက်မှုရှိခဲ့သည်ဟု မစ္စတာအက်ဒဝပ်က ဆိုသည်။

"မြန်မာနိုင်ငံကို လာကြတာက ထိုင်းကနေ လာကြတာများတယ်။ ဘာပဲပြောပြော သူတို့ ထိုင်းကို အလာနည်းသွားတဲ့အခါ ဒီကိုလည်း အလာနည်းတာပေါ့"

သို့ရာတွင် Traders ဟိုတယ်မှ Food & Beverage မန်နေဂျာ Mr. Ho Kok Fai ကမူ Traders ဟိုတယ်အနေဖြင့် ထူးထူးခြားခြားပြောင်းလဲခြင်းမျိုး မရှိပါဟု ပြောကြားသည်။ Hotel Nikko မှ ဒေါ်မေမြတ်မွန်ဝင်းကလည်း–

"ဆူနာမီကြောင့် ဖူးခက်–ရန်ကုန် နှစ်ညအိပ်ခရီးစဉ်ပျက်သွားတော့ ခါတိုင်းလို ဖူးခက်ကလာတဲ့ဧည့်သည်တွေ ရန်ကုန်လာတာမျိုး မရှိတော့ဘူးပေါ့။ ဒါပေမဲ့ ဆူနာမီကြောင့် မြန်မာခရီးသွားလုပ်ငန်း နှောင့်နှေးသွားတယ်လို့မထင်ဘူး။ ဘာလို့လဲဆိုတော့ ဒီကိုလာတဲ့ ဧည့်သည်တွေက Culture Tour များတယ်။ ဆူနာမီရှိရှိ၊ မရှိရှိ ဒီကိုလာချင်လို့ကို လာတာပါ" ဟုဆိုသည်။

မည်သို့ပင်ဖြစ်စေ ရန်ကုန်ဟိုတယ်ကြီးများသည် ယခုနှစ်ပိုင်းများတွင် ပြည်ပဧည့်သည်များနည်းတူ ပြည်တွင်းဧည့်သည်များအတွက် အထူးဝန်ဆောင်မှုများ အပြိုင်အဆိုင်ပေးလာကြရာ အနည်းငယ်အေးစက်နေသည့် ကမ္ဘာလှည့်ခရီးသွားဈေးကွက်ကို ပြည်တွင်းဈေးကွက်ဖြင့် အစားထိုးဖို့ကြိုးစားလာခြင်းဖြစ်နိုင်ကြောင်း ဟိုတယ်ဈေးကွက်ကျွမ်းကျင်သူတချို့က မှတ်ချက်ပြုကြပါသည်။ Dusit Inya Lake ဟိုတယ်မှ မစ္စတာ အက်ဒဝပ်က–

"ကျွန်တော်တို့ဟိုတယ်ကို ပြည်တွင်းကလူတွေ ပိုမိုလာကြတာကို လိုချင်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာ အင်းလျားလိတ်ဟိုတယ်က ပထမဆုံးအကြိမ် မင်္ဂလာဧည့်ခံပွဲအရောင်းမြှင့်တင်ခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့ပါတယ်။ ဒါပြည်တွင်းဈေးကွက်အတွက် အထူးပြုလုပ်ခဲ့တာပါ" ဟုဆိုသည်။

Traders ဟိုတယ်မှ Mr. Ho Kok Fai ကမူ ၎င်းတို့ဟိုတယ်၏ အဓိကဈေးကွက်သည် ပြည်တွင်းဈေးကွက်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်အတွက် ရည်ရွယ်၍ Traders ဟိုတယ်၏ အထူးအရောင်းမြှင့်အစီအစဉ်များအဖြစ် လမုန့်ပွဲတော်၊ မင်္ဂလာဧည့်ခံပွဲအရောင်းမြှင့်တင်ခြင်းအစီအစဉ်၊ ခရစ္စမတ်ပွဲတော်၊ သင်္ကြန် စသည့်အစီအစဉ်များကို ပုံမှန်ပြုလုပ်ပေးလျက်ရှိသည်ဟု ပြောကြားသည်။ Hotel Nikko မှ ဒေါ်မေမြတ်မွန်ဝင်းကမူ–

"Hotel Nikko အနေနဲ့ကတော့ ပြည်ပက ၅၀၊ ပြည်တွင်းက ၅၀ ရာခိုင်နှုန်းစီပဲ နှစ်ခုစလုံးကမျှပါတယ်" ဟု ရှင်းပြသည်။

ရန်ကုန်ဟိုတယ်ကြီးများအနေဖြင့် ပြည်တွင်းဈေးကွက်ကို ဦးစားပေးလာခြင်းမှာ ပြည်တွင်းရှိ မြန်မာလူမျိုးများအနေဖြင့် ဟိုတယ်ကြီးများတွင် အသုံးပြုမှုပိုမိုများပြားလာခြင်းကြောင့်ဖြစ်သည်ဟု ဟိုတယ်တာဝန်ရှိသူများက မှတ်ချက်ပြုကြပါသည်။ ဟိုတယ်ကြီးများရှိစားသောက်ဆိုင်များ၊ အားကစားလေ့ကျင့်ရေးခန်းမများတွင် မြန်မာလူမျိုးစီးပွားရေးသမားများ ပုံမှန်လာရောက်မှု ပိုမိုတိုးတက်လာပြီး အချို့မှာ ဟိုတယ်များတွင် အနားယူသည့်အနေဖြင့် လာရောက်တည်းခိုလေ့ရှိသည်ကို တွေ့ရသည်။ နာမည်ကျော်အထူးကုဆရာဝန်ကြီးတစ်ဦးနှင့် မိသားစုမှာ ပူအိုက်သောရာသီတွင် ရန်ကုန်ဟိုတယ်ကြီးတစ်ခုသို့ မိသားစုလိုက်သွားရောက်နေထိုင်လေ့ရှိကြောင်း အဆိုပါ ဆရာဝန်ကြီးက ပြောကြားသည်။ Traders ဟိုတယ်သို့ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ကြသည်ဟု ယင်းဟိုတယ်ထံမှသိရပြီး Hotel Nikko သို့မူ ကျော်ကြားသည့် အနုပညာရှင်များ ပုံမှန်လာရောက်ကြသည်ဟု

www.foreverspace.com.mm



ဒေါ်မေမြတ်မွန်ဝင်းက ဆိုသည်။

“ပြည်တွင်းကုမ္ပဏီရဲ့ နှစ်ပတ်လည် အခမ်းအနားတွေ၊ ညစာစားပွဲတွေလည်း အရင်ကထက် ဟိုတယ်တွေမှာ ပိုလုပ်လာကြပါတယ်” ဟု သူမက ထပ်လောင်းပြောကြားသည်။

ပြည်တွင်းဈေးကွက်အတွက်ရန်ကုန်ဟိုတယ်ကြီးများမှ အပြိုင်အဆိုင်ဆွဲဆောင်မှုများပြုလုပ်ရာတွင် ဟိုတယ်အသီးသီးရှိ ကိုယ်ပိုင်ထူးခြားသော ဆွဲဆောင်မှုများဖြင့် အပြိုင်အဆိုင်အရောင်းမြှင့်တင်ရန် ကြိုးပမ်းလာကြသည်။ Dusit Inya Lake ဟိုတယ်မှ မစ္စတာအက်ဒဝပ်က “ကျွန်တော်တို့ ဟိုတယ်က အင်းလျားကန်အလှရယ်၊ ကျွန်းသစ်တွေ အများဆုံး အသုံးပြုထားတဲ့ တည်ဆောက်မှုရယ်၊ ရေကူးကန်နဲ့ ဂန္ထဝင်မင်္ဂလာဆောင်ခန်းမပါ။ ကျွန်တော် ဂျာမနီမှာ မြန်မာသံအမတ်ကြီးနဲ့တွေ့တော့ သူက အင်းလျားလိတ်ရဲ့ မင်္ဂလာခန်းမမှာ မင်္ဂလာဆောင်ခဲ့ဖူးသူတစ်ဦးလို့ ပြောပြတယ်။ ဒီအတွက် ကျွန်တော်တို့ဟိုတယ်က ဂုဏ်ယူတယ်”

Traders ဟိုတယ်မှ Mr. Ho Kok Fai ကမူ Traders ဟိုတယ်တွင် အလွန်ကျွမ်းကျင်သော Marketing Service နှင့် ဝန်ဆောင်မှုရှိကြောင်း၊ ထိုအချက်မှာ Traders ဟိုတယ်၏ အားသာချက်ပင်ဖြစ်ကြောင်း ပြောပြသည်။

Hotel Nikko မှ ဒေါ်မေမြတ်မွန်ဝင်းက Hotel Nikko ၏ ရေကူးကန်အလှမှာ ထူးခြားပြီး သီးသန့်တိတ်ဆိတ်သော ပတ်ဝန်းကျင်ကို ပိုင်ဆိုင်ထားသည့်အတွက် ဧည့်သည်များက နှစ်ခြိုက်ကြသည်ဟု ဆိုသည်။

ယခုအချိန်မှာ သီတင်းကျွတ်ရာသီနီးကပ်လာပြီဖြစ်ရာ ရန်ကုန်ဟိုတယ်များ အနေဖြင့် ပြည်တွင်းဈေးကွက်အတွက် အဓိကထားသော မင်္ဂလာဧည့်ခံပွဲအရောင်းမြှင့်တင်ပွဲများကို အသီးသီးပြုလုပ်ကျင်းပပြီးနေပြီဖြစ်သည်။ ထို့အတူ ခရီးသွားရာသီသည်လည်း မကြာမီ ရောက်ရှိတော့မည်ဖြစ်ရာ အထူးအလုပ်များကာ ပြင်ဆင်နေရသောကာလလည်းဖြစ်ကြောင်း တွေ့ရသည်။

ယခုနှစ်ပွင့်လင်းရာသီတွင် ပြည်ပခရီးသွားဈေးကွက်အပြင် ပြည်တွင်းဈေးကွက်ကိုပါ ရန်ကုန်ဟိုတယ်ကြီးများမှ ရရှိလာပြီဖြစ်ရာ ဟိုတယ်လုပ်ငန်းအတွက် အလားအလာကောင်းများဖြစ်ကြောင်း ဟိုတယ်လုပ်ငန်းကျွမ်းကျင်သူများက မှတ်ချက်ပြုကြသည်။

■

## မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် တောင်ကိုရီးယားစီစဉ်

**ရန်ကုန်၊ အောက်တိုဘာ ၄**

မြန်မာနိုင်ငံတွင် အကြီးစားစက်မှု လုပ်ငန်းများနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများ အများဆုံးလုပ်ကိုင်လျက်ရှိသည့် တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးလုပ်ငန်းများ ပိုမိုလာရောက်လုပ်ကိုင်ရန် စီစဉ်လျက်ရှိကြောင်း တောင်ကိုရီးယားသံတမန်များ၏ ပြောကြားချက်အရ သိရသည်။

ယခုလကုန်ပိုင်းတွင်လည်း မြန်မာနိုင်ငံ၌ ကုန်သွယ်ရေးလုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် စီးပွားရေးအဖွဲ့အစည်းများ လာရောက်လေ့လာရန် စိုင်းပြင်းလျက်ရှိသည်ဟု ဆိုသည်။ အတိအကျဆိုရလျှင် တောင်ကိုရီးယား အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း ၁၅ ခုမှ ကိုယ်စားလှယ်များသည် ဈေးကွက်အလားအလာရှိသော စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လာရောက်ကြမည် ဖြစ်သည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကလည်း တောင်ကိုရီးယားနိုင်ငံ အင်ချွန်းနမ်ဒန်းဂူးပြည်နယ်ရှိ အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ရေးကုမ္ပဏီ ၁၃ ခုမှ ကိုယ်စားလှယ်များ လာရောက်ခဲ့သည်ဟု အဆိုပါသံတမန်များက ဆိုသည်။ တောင်ကိုရီးယားမှ ရရှိသော စာရင်းဇယားများအရ မြန်မာ–တောင်ကိုရီးယား အပြန်အလှန်ကုန်သွယ်မှုသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၉၂ သန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် တောင်ကိုရီးယားမှ မြန်မာသို့ ပို့ကုန်ပစ္စည်းတင်ပို့မှု ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သော်လည်း မြန်မာမှ တောင်ကိုရီးယားသို့ တင်ပို့မှုမှာ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း သိရသည်။

၁၉၈၈ ခုနှစ်နှောင်းပိုင်း မြန်မာနိုင်ငံက တံခါးဖွင့်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးခဲ့ပြီးနောက် တောင်ကိုရီးယား၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၁၉၀ အထိ ရောက်ရှိခဲ့သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုတွင် စီမံကိန်းကြီး ၃၄ ခုနှင့် ပတ်သက်သော ကုမ္ပဏီစုစုပေါင်း ၁၀၀ ခန့် ပါဝင်သည်။

www.foreverspace.com.mm



## ဒီဇယ်ဆီအစားထိုး Biodiesel များဖြင့် အင်ဂျင်များကို မောင်းနှင်လည်ပတ်၊ မော်တော်ကားများကိုပါ Biodiesel ဖြင့် မောင်းနှင်နိုင်ရန် စမ်းသပ်လျက်ရှိ

**ရန်ကုန်၊ အောက်တိုဘာ ၃**

မြန်မာနိုင်ငံအလယ်ပိုင်း သဘာဝ အလေ့ကျပေါက် ဆီထွက်သီးနှံပင်များမှ အဆီအနှစ်ထုတ်ယူကာ Diesel ဆီဖြင့် အချိုးအစားကျရောစပ်၍ Biodiesel ပြုလုပ်ကာ အင်ဂျင်များကို မောင်းနှင်လည်ပတ်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ရောင်းဝယ်ရေး အင်ဂျင်နီယာဌာန၏ စမ်းသပ်ချက်များ အောင်မြင်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

အဆိုပါ Biodiesel သည် ကြက်ဆူပင်မှ အဆီအနှစ်ကို ထုတ်ယူပြီး ဒီဇယ်ဆီနှင့် ၇၅း၂၅ ဆ ရောစပ်ကာ အင်ဂျင်များအတွင်း ထည့်သွင်းလည်ပတ်နိုင်ပြီး လောလောဆယ် ရေစုပ်စက်၊ မီးစက်များကို လည်ပတ်မောင်းနှင်ရာတွင် ဒီဇယ်ဆီကဲ့သို့ စက်စွမ်းအားလျော့ကျခြင်းမရှိဘဲ မောင်းနှင်လည်ပတ်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။ ကြက်ဆူဆီသက်သက်ဖြင့်ပင် အင်ဂျင်ကို လည်ပတ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိထားပြီဟု ၎င်းက ဆိုသည်။

Biodiesel ဖြင့် မော်တော်ကားများကိုပါ မောင်းနှင်နိုင်ပြီး အနာဂတ်၌ ဒီဇယ်ဆီအစားထိုးလောင်စာဆီကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန်အတွက် မော်တော်ကားအတွင်း မောင်းနှင်မှုကို စမ်းသပ်လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါ တာဝန်ရှိသူက ထုတ်ဖော်ပြောကြားသည်။

ဒီဇယ်ဆီကို မည်သည့်ဆီထွက်သီးနှံပင်မှ ထွက်ရှိသည့်ဆီမဆို ရောစပ်အသုံးချ၍ အင်ဂျင်များကို မောင်းနှင်လည်ပတ်နိုင်ကြောင်း၊ ယခုလက်ရှိ မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှားသည့်ဒေသများ၌ ရေစုပ်စက်နှင့် ရေတင်စက်များကို စမ်းသပ်လည်ပတ်ရာ အောင်မြင်လျက်ရှိကြောင်းလည်း ၎င်း၏ပြောကြားချက်အရ သိရသည်။

## ဒေသတွင်း၌ မြန်မာ့အစေ့ထုတ်ပြောင်း တရုတ်ဈေးကွက်ဝေစုကို အများဆုံးရရှိရန် အလားအလာကောင်း

**သတင်းဆောင်းပါး –သန်းထိုက်သူ**

၃၀–၉–၂၀၀၅

**တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)၏ ၄၂.၇ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိပြီး ပို့ကုန်တန်ဖိုး၏ ၁၄.၅ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည့် မြန်မာနိုင်ငံလယ်ယာကဏ္ဍ၏ အဓိကပန်းတိုင်သီးနှံ ၁၀ မျိုးတွင်ပါဝင်သော အစေ့ထုတ်ပြောင်းသည် မကြာမီကာလအတွင်း ဒေသတွင်းနိုင်ငံများနှင့် ပြိုင်ဆိုင်ကာ တရုတ်နိုင်ငံ၏ ဈေးကွက်ဝေစုကို အများဆုံးရရှိလာနိုင်မည်ဖြစ်ကြောင်း စက်တင်ဘာလအတွင်းက မြန်မာနိုင်ငံသို့ အစေ့ထုတ်ပြောင်း စာတမ်းပြုစုရန်ရောက်ရှိလာခဲ့သူ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာဖူဂျီတာက မှတ်ချက်ပြုသည်။**

မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်းမှာ ယခင်က ပြည်တွင်းစားသုံးရန်အတွက်သာ စိုက်ပျိုးခဲ့ကြရာတွင် အထူးသဖြင့် ရှမ်းပြည်နယ် နောင်ချို၌ နီပေါနှင့် ဂေါ်ရခါးလူမျိုးများက စတင်စိုက်ပျိုးခဲ့ကြပြီး ၁၉၉၀ ခုနှစ် နှောင်းပိုင်းတွင်မှ တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုလာကြ၍ အရှိန်အဟုန်မြင့် တိုးတက်စိုက်ပျိုးလာခဲ့ခြင်းဖြစ်သည်။ အဓိကစိုက်ပျိုးသည့်ဒေသမှာ ရှမ်းပြည်နယ်ပင်ဖြစ်ပြီး တောင်ကြီး၊ ရွှေညောင်၊ ဟဲဟိုး၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုဒေသများတွင် အများအပြားစိုက်ပျိုးထုတ်လုပ်ကြသည်။ တိရစ္ဆာန်အစားအစာအဖြစ် နိုင်ငံအတော်များများက အသုံးပြုလာသည့်နောက်ပိုင်းတွင် အစေ့

www.foreverspace.com.mm





**မြန်မာ့ပြောင်းကို တရုတ်သို့ အဓိကတင်ပို့နေရသည်**

ထုတ်ပြောင်းကို ပြည်ပဝယ်လိုအားများ လာခဲ့ကြောင်း၊ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်း အရ အစိုးရက လွတ်လပ်စွာ ပြည်ပတင်ပို့ ခွင့်ပြုခဲ့သော ၁၉၉၅ ခုနှစ်တွင် အစေ့ထုတ် ပြောင်း ပြည်ပတင်ပို့မှုမှာ အရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့ကြောင်း ဝါရင့်သွင်းကုန် ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြား သည်။

ပြည်ပရှိ အဓိကဝယ်လက်မှာ တရုတ် နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှဒေသနိုင်ငံ များအတွင်းမှ တရုတ်နိုင်ငံသို့ အစေ့ထုတ် ပြောင်းတင်ပို့သောနိုင်ငံများတွင် လာအို နှင့် မြန်မာနိုင်ငံမှာ အဓိကကျသော်လည်း အစေ့ထုတ်ပြောင်းထွက်ရှိမှု မြင့်မားသော လာအိုနိုင်ငံမှာ စိုက်ပျိုးရန် လယ်ယာမြေ ကန့်သတ်ချက်ရှိနေသည်။ မြန်မာနိုင်ငံမှာ မူ စုစုပေါင်း မြေဧက ၁၆၇.၁၉ သန်း၏ လေးပုံတစ်ပုံသည် စိုက်ပျိုးနိုင်သောမြေဧက များဖြစ်၍ အများအပြားစိုက်ပျိုးထုတ်လုပ် နိုင်ခြင်းကြောင့် ရေရှည်တွင် တရုတ်နိုင်ငံ သို့ အစေ့ထုတ်ပြောင်း အများဆုံးတင်ပို့ နိုင်သည့်နိုင်ငံ ဖြစ်လာနိုင်ကြောင်း၊ လာအို နယ်စပ်မှ တရုတ်နိုင်ငံ ကူမင်းသို့ သယ်ယူ စရိတ်နှင့် မူဆယ်နယ်စပ်မှ ကူမင်းမြို့သို့ သယ်ယူစရိတ်မှာ လယ်ယာထွက်ကုန်များ အတွက် မတိမ်းမယိမ်းဖြစ်၍ အများအပြား ထုတ်လုပ်နိုင်သည့် မြန်မာနိုင်ငံသာ တရုတ်ဈေးကွက်ဝေစုကို ရရှိသွားနိုင်ကြောင်း ဒေါက်တာဖူဂျီတာက ဆိုသည်။

မြန်မာနိုင်ငံအစိုးရမှ အစေ့ထုတ် ပြောင်းကို တစ်ဧကလျှင် တင်း ၈၀ နှုန်း ထွက်ရှိရန် မျှော်မှန်းထားပြီး အဆိုပါစံချိန် ရရှိရန်အတွက် သီးနှံ၏လိုအပ်သော မြေဩဇာ ပြည့်ဝစွာအသုံးပြုရေး၊ စိုက်ပျိုး နည်းပညာ သုံးသပ်ဆောင်ရွက်ရေး၊ သီးနှံ ရောဂါပိုးမွှားနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရေးနှင့် သုတေသန ပြုလုပ်ပြီး စိုက်ပျိုးရန် သတ်မှတ်ထားသည့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် များ ပြောင်းလဲအသုံးပြုရေး စသည့်လုပ်ငန်း ဆောင်တာများကို ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း စိုက်ပျိုးရေး ပညာရှင်တစ်ဦးက သုံးသပ်သည်။

အစေ့ထုတ်ပြောင်းနှင့်ပတ်သက်၍ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများတွင် တိရစ္ဆာန်အစားအစာထုတ် လုပ်သည့်ကုမ္ပဏီများဖြစ်သော ထိုင်းနိုင်ငံ စီပီကုမ္ပဏီနှင့် အင်ဒိုနီးရှားနိုင်ငံ၏ Comfeed ကုမ္ပဏီတို့မှာ ထင်ရှားသည်။ အဓိက စိုက်ပျိုးလျက်ရှိသော အစေ့ထုတ်ပြောင်း မျိုးမှာ ထိုင်းစပ်မျိုး စီပီရှစ်သုံးလုံးနှင့် ရေဆင်း ၃ တို့ဖြစ်ပြီး လားရှိုးတွင်ထုတ် လုပ်သော ဒေသစပ်မျိုး ဆင်းရွှေလီပြောင်း (ခေါ်) ဘုံမွန်ပြောင်းကိုလည်း အနည်းငယ် စိုက်ပျိုးကြသည်။ အထွက်နှုန်းမြင့်မားခြင်း နှင့် အခြောက်လှန်းရလွယ်ကူခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်သူများသည် စီပီရှစ်သုံး လုံးကို နှစ်သက်လာကြပြီး ရှမ်းပြည်နယ် မြောက်ပိုင်းဒေသအချို့တွင် အဆိုပါမျိုးကို ပိုမိုစိုက်ပျိုးလာကြကြောင်း ဒေသခံတောင် သူတစ်ဦးက ပြောကြားသည်။

အစေ့ထုတ်ပြောင်း တရုတ်နိုင်ငံသို့ တင်ပို့မှုကို ပြန်လည်လေ့လာလျှင် ၁၉၈၉– ၁၉၉၀ ကာလများတွင် မူဆယ် ၁၀၅ မိုင် ဂိတ်၌ ၁၀ ရာခိုင်နှုန်း အခွန်ဆောင်ပြီးပါ က တင်ပို့ခွင့်ရသော်လည်း အရေအတွက် ကန့်သတ်ထား၍ အစေ့ထုတ်ပြောင်း အနည်းငယ်သာ တင်ပို့ခဲ့ရကြောင်း၊ နောက်ပိုင်း တွင် အများအပြား တင်ပို့ခွင့်ရပြီး ၂၀၀၃ ခုနှစ်တွင် တရုတ်သို့တင်ပို့သည့် လယ်ယာ ထွက်ကုန်များအတွက် ပို့ကုန်လိုင်စင်စနစ် စတင်ကျင့်သုံးခဲ့ကြောင်း၊ ထိုအချိန်တွင် အစေ့ထုတ်ပြောင်း တစ်တန်လျှင် ကိုတာ ဈေးနှုန်း ၄၀၀၀၀ ကျပ်မှ ၆၀၀၀၀ ကျပ် အထိ ရှိခဲ့ကြောင်း သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ကုန်သွယ်မှုဆိုင်ရာ မူဝါဒအပြောင်း အလဲအချို့ ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံသို့ အစေ့ထုတ်ပြောင်း တင်ပို့ ခဲ့ရသည်ဟု မိမိတို့ မကြားသိရသေးကြောင်း၊ တရုတ်နိုင်ငံ၏ ဈေးကွက်ဝေစုကိုအများဆုံး ရရှိမည်ဟူသော တွဲဖက်ပါမောက္ခ ဒေါက်တာ ဖူဂျီတာ၏ ခန့်မှန်းချက်အတိုင်း ဖြစ်လာ ရန်မှာ ကုန်သွယ်ရေးဆိုင်ရာအတားအဆီး အချို့ကို လျှော့ချရေးနှင့်ဆက်စပ်ကြောင်း၊ ထိုအခါ အမှန်တကယ် အထွက်နှုန်းမြင့်မား သောအခြေအနေနှင့် လမ်းပန်းဆက်သွယ် ရေးတို့ကြောင့် အဆိုပါခန့်မှန်းချက်အတိုင်း ဖြစ်လာနိုင်ကြောင်း မန္တလေး ကုန်စည်ဒိုင် အဖွဲ့ဝင် အစေ့ထုတ်ပြောင်းရောင်းဝယ်ရေး ကုန်သည်တစ်ဦးက ဒေါက်တာဖူဂျီတာ၏ ခန့်မှန်းချက်ကို ကိုးကား၍ သုံးသပ်ပြော ကြားသည်။ ■

www.foreverspace.com.mm



# ပြည်ပတွင် အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ကုန်ပစ္စည်းတင်သွင်းလိုပါက မြန်မာသံရုံး၏ထောက်ခံချက်လို

**ရန်ကုန်၊ အောက်တိုဘာ ၃**

ပြည်ပတွင် အလုပ်လုပ်ကိုင်ဆဲဖြစ်သော မြန်မာနိုင်ငံသားများသည် ၎င်းတို့ အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံမှနေ၍ ကုန်ပစ္စည်းများတင်သွင်းလိုပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးမှ ထောက်ခံချက်ရယူရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ယခင်က ပြည်ပတွင် အလုပ်လုပ်ကိုင်သူများသည် ၎င်းတို့၏ နိုင်ငံခြားငွေကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဘဏ် (MICB) သို့ လွှဲပြောင်းပေးပို့ပြီးနောက် ယင်းငွေကို Account Transfer နည်းလမ်းဖြင့် ကုမ္ပဏီတစ်ခုသို့ပြောင်းပြီးမှသာ တင်သွင်းခွင့်ရရှိသော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀–၉–၂၀၀၅ ရက်စွဲဖြင့် ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် တစ်ဦးချင်းစီအား သွင်းကုန်လိုင်စင်တင်သွင်းခွင့်ပြုလိုက်ပြီ ဖြစ်သည်။

ပြည်ပတွင်အလုပ်လုပ်ကိုင်သူများသည် စီးပွား/ ကူးသန်းဝန်ကြီးဌာနသို့ သွင်းကုန်လိုင်စင်လျှောက်ထားပြီး ယင်းမှ တစ်ဆင့် ကုန်သွယ်မှုမူဝါဒကောင်စီသို့ ဆက်လက်တင်ပြကာ အဆိုပါအဆုံးအဖြတ်နှင့်အညီ သွင်းကုန်ပို့ကုန်ခွင့်ပြုပေးမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

# မန္တလေးမြို့တွင် Mandalay City FM ရေဒီယိုအသံလွှင့်ဌာန မကြာမီ ဖွင့်လှစ်ဖွယ်ရှိ

**မန္တလေး၊ အောက်တိုဘာ ၅**

မြန်မာနိုင်ငံ ဒုတိယမြောက်မြို့ပြလူဦးရေအထူထပ်ဆုံး မန္တလေးမြို့တော်တွင် FM ရေဒီယိုအသံလွှင့်ဌာန တစ်ခု မကြာမီ ဖွင့်လှစ်ဖွယ်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၏အဆိုကိုကိုးကား၍ ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။ Mandalay City FM ဟုဆိုထားသည့် အဆိုပါ FM ရေဒီယိုအသံလွှင့်ဌာနသည် သတင်းကြေညာသည့် အစီအစဉ်မပါဝင်ဘဲ တေးဂီတသီချင်းများနှင့် ပြည်တွင်းစီးပွားရေးကြော်ငြာများကို အဓိကဦးစားပေး တင်ဆက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ယင်း FM ရေဒီယိုအစီအစဉ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကြေးအကုန်အကျခံကာ တည်ထောင်ပေးခြင်းဖြစ်ပြီး မန္တလေးမြို့တော်ခန်းမမှ အသံလွှင့်မည်ဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

ကြိုးနှုန်းသံစနစ် (Frequency Modulation)ခေါ် FM အသံလွှင့်စနစ်ကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၀၂ ခုနှစ်တွင် ပထမဆုံး စတင်ထုတ်လွှင့်ခဲ့သည်။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံ ရေဒီယိုအသံလှိုင်းပမာဏကို ပြုပြင်ပေးခြင်းဖြင့် လွှင့်ထုတ်သည့် အသံလွှင့်စနစ် (Amplified Modulation)ခေါ် AM ရေဒီယိုအသံလွှင့်အစီအစဉ်ကို မြန်မာ့အသံမှလည်းကောင်း၊ Yangon City FM ရေဒီယိုအသံလွှင့်အစီအစဉ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှလည်းကောင်း နေ့စဉ်ပုံမှန်ထုတ်လွှင့်ပေးလျက်ရှိသည်။ ထို့ပြင် ရုပ်သံမီဒီယာအနေဖြင့် မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့်မြဝတီရုပ်မြင်သံကြားတို့မှ နေ့စဉ်ရုပ်မြင်သံကြားအစီအစဉ်များကို တင်ဆက်ထုတ်လွှင့်လျက်ရှိသည်။ မြန်မာ့ရုပ်မြင်သံကြား (MRTV) သည် China Central Televation (CCTV)၊ Cable Networks News (CNN) နှင့် Japan Broadcasting Corporation (NHK)တို့နှင့်ပူးပေါင်းကာ ဂြိုဟ်တုသတင်းများကို ထပ်ဆင့်ထုတ်လွှင့်ပေးလျက်ရှိသည်။ မကြာသေးမီကာလကပင် ဂျာမန်ရုပ်သံမီဒီယာဖြစ်သော Deutsche Welle (DW) သည် MRTV မှတစ်ဆင့် ဂြိုဟ်တုရုပ်သံအစီအစဉ်များကို မြန်မာနိုင်ငံတွင်း ထုတ်လွှင့်ပေးရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်။

■

www.foreverspace.com.mm



# အမေရိကန် Grinell ကောလိပ်နှင့် Drake တက္ကသိုလ်တွင် တက်ရောက်ရန် ထူးချွန်မြန်မာကျောင်းသားများ အလိုရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၂**



အမေရိကန်ပြည်ထောင်စုရှိ Grinell ကောလိပ်နှင့် Drake တက္ကသိုလ်တို့တွင် တက်ရောက်ရန် သင့်တော်ထူးချွန်သည့် မြန်မာကျောင်းသားများကို အလိုရှိနေကြောင်း သက်ဆိုင်ရာတက္ကသိုလ်များ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါကြေညာချက်အရ TOEFL စာမေးပွဲ၌ ရမှတ် ၅၈၀ နှင့်အထက်ရရှိသူ ကျောင်းသားများ၊ SAT စာမေးပွဲ၌ ရမှတ် ၁၁၅၀ နှင့်အထက် ရရှိသူကျောင်းသားများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးထွက်ရှိသော မြန်မာကျောင်းသားများသည် အဆိုပါ ပညာသင်ဆုကို လျှောက်ထားနိုင်ကြောင်း သိရသည်။

အထက်ပါအရည်အချင်းနှင့် ပြည့်စုံသော မြန်မာကျောင်းသားများသည် ရန်ကုန်မြို့ တော်ဝင်လမ်းရှိ အမေရိကန်ပြန်ကြားရေးဌာနသို့ စက်တင်ဘာ ၁၉ ရက်နေ့ နောက်ဆုံးထား၍ လာရောက်တွေ့ဆုံနိုင်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

# ကိုရီးယားကုမ္ပဏီ ၁၀၀ ကျော် မြန်မာစီးပွားရေးနယ်ပယ်တွင် လုပ်ကိုင်

**ရန်ကုန်၊ စက်တင်ဘာ ၁၈**

အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်နိုင်ငံကြီးအချို့က စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်နေသည့်တိုင် မြန်မာနိုင်ငံ၏ စီးပွားရေးနယ်ပယ်တွင် အရေအတွက်အားဖြင့် ၁၀၀ ကျော်ခန့်ပမာဏရှိသည့် ကိုရီးယားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကိုရီးယားသံရုံး၏ စက်တင်ဘာလ ပထမပတ်အတွင်းထုတ်ပြန်သော သတင်းအရ သိရှိရသည်။

စက်တင်ဘာလ ၂၅ ရက်နေ့ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် မြန်မာ–ကိုရီးယားသံတမန်ဆက်သွယ်မှု နှစ်(၃၀) မြောက် ဂုဏ်ပြုပွဲမတိုင်မီ မြန်မာနိုင်ငံ ကိုရီးယားသံရုံးမှထုတ်ပြန်သောသတင်းတွင် ယင်းကဲ့သို့ ဖော်ပြထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအသီးသီးတွင် အဆိုပါ ကိုရီးယားကုမ္ပဏီများသည် ဒေါ်လာသန်း ၂၀၀ ခန့် ရင်းနှီးမြှုပ်နှံလျက် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြသည်ဟုလည်း ယင်းသတင်းက ဆိုသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်သည့် လက်ကမ်းစာစောင်တွင် ဖော်ပြချက်များအရ မြန်မာနိုင်ငံသည် ကိုရီးယားနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်း ၃၄ ခုကို ခွင့်ပြုထားခဲ့ပြီး ယင်းလုပ်ငန်း စုစုပေါင်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၁၉၁.၃၁ သန်း ရှိသည်ဟုလည်း သိရှိရသည်။

ကိုရီးယားနှင့် မြန်မာနိုင်ငံတို့အကြား အပြန်အလှန် ကုန်သွယ်မှုပမာဏမှာ ယမန်နှစ်က ဒေါ်လာ သန်း ၂၀၀ ခန့်ရှိပြီး လာမည့်နှစ်တွင် ယခုထက်ပို၍ တိုးတက်မှုများ ရရှိလာလိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း ကိုရီးယားသံရုံးထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုနှစ်အတွင်း အစိုးရက ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံ ၂၇ နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာသန်းပေါင်း ၇၇၆၀.၁၈ ရှိသည်ဟု သိရှိရသည်။

Phoenix News

www.foreverspace.com.mm



# ကိုယ်ပိုင်မီတာတစ်လုံး သုံးသောင်းကျော်ဖြင့် မြို့နယ် ခြောက်မြို့နယ်တွင် စတင်တပ်ဆင်

**ရန်ကုန်၊ စက်တင်ဘာ ၂၀**

ရန်ကုန်မြို့တော်အတွင်း ကိုယ်ပိုင်မီတာများ အသုံးပြုနိုင်ရန် စက်တင်ဘာ တတိယပတ်မှစ၍ မြို့နယ်ခြောက်မြို့နယ်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စတင်တပ်ဆင်ပေးလျက်ရှိရာ တစ်လုံးတပ်ဆင်မှုအတွက် ကျပ်သုံးသောင်းကျော် သာကုန်ကျကြောင်း ကြည့်မြင်တိုင်မြို့နယ်တွင် မီတာတပ်ဆင်ရန် လျှောက်ထားသူတစ်ဦးက ပြောကြားသည်။

အဆိုပါမြို့နယ် ခြောက်မြို့နယ်မှာ ကြည့်မြင်တိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ မရမ်းကုန်း၊ တောင်ဥက္ကလာပ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တို့ဖြစ်ပြီး တစ်ပြိုင်နက်တပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်မီတာတပ်ဆင်ရန် လျှောက်ထားရာတွင် အိမ်ထောင်စုစာရင်း၊ ရ.ယ.က ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အခန်းပိုင်ဆိုင်မှုအတွက် အထောက်အထားများကို ပူးပေါင်းတင်ပြရမည်ဖြစ်ပြီး မီတာဖိုး ကျပ်သုံးသောင်း၊ မီတာတပ်ဆင်ခ ကျပ် ၅၀၊ အာမခံ စပေါ် ကျပ် ၃၀၀၀၊ ကြိုးကြပ်ခ ၅၀၀ ကျပ်၊ ကြိုးသွယ်ခ ၅၀၀ ကျပ် ပေးသွင်းရသည့်အတွက် စုစုပေါင်း ၃၄၀၅၀ ကျပ် ပေးသွင်းရကြောင်း ၎င်းက ဆိုသည်။

လောလောဆယ်တွင် တစ်မြို့နယ် မီတာ အလုံးရေ ၅၀ စီမံချက်ဖြင့် နေ့ချင်းအပြီးတပ်ဆင်ပေးနေသည်ဟု သိရကြောင်း ၎င်းက ဆိုသည်။

ထိုသို့ တပ်ဆင်မပေးမီက မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ကိုယ်ပိုင်မီတာ လျှောက်ထားသူများထံမှ သက်ဆိုင်ရာဝန်ထမ်းအချို့က ကျပ်ငွေသုံးသိန်းခွဲမှ ခြောက်သိန်းခွဲခန့်အထိ တောင်းခံကာ မီတာရရှိအောင် လုပ်ဆောင်ပေးမည်ဟု ကမ်းလှမ်းမှုများရှိခဲ့ကြောင်း ဒဂုံမြို့သစ် မြောက်ပိုင်းတွင် နေထိုင်သူတစ်ဦးကပြောကြားသည်။ ■

# မြန်မာနှင့် ဗီယက်နမ်တွင် Business Centre များ အပြန်အလှန် တည်ဆောက်ရန် ဗီယက်နမ်ဘက်မှ အဆိုပြု

**ရန်ကုန်၊ စက်တင်ဘာ ၉**

မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ ကုန်သွယ်မှုကို မြှင့်တင်နိုင်ရေးအတွက် Business Centre များ အပြန်အလှန် တည်ဆောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Le Chnng Phung က ပြောကြားသည်။

ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ဇူလိုင်လနောက်ဆုံးပတ်တွင် လာရောက်သော ၎င်း၏ ခရီးစဉ်အတွင်း ယခုကဲ့သို့ အဆိုပြုခဲ့ခြင်းဖြစ်သည်။ Business Centre များတည်ဆောက်ရန်အတွက် ရန်ကုန်မြို့တော်နှင့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်တို့ကို နေရာရွေးချယ်လိုကြောင်း ၎င်းက ဆိုသည်။

ထို့အပြင် ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားရန် စိတ်ဝင်စားကြောင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လိုသည်ဖြစ်ရာ ဗီယက်နမ်နိုင်ငံသို့ လာရောက်လေ့လာရန် ဖိတ်ခေါ်ပါကြောင်းလည်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာနိုင်ငံမှ သစ်နှင့် ကျောက်မျက်ရတနာ (အထူးသဖြင့် ကျောက်စိမ်း) များကို တင်ပို့လျက်ရှိပြီး ဗီယက်နမ်မှ မြန်မာနိုင်ငံသို့ လျှပ်စစ်မီးချောင်း၊ ပလတ်စတစ်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အရည်အသွေးမြင့် စားသောက်ကုန်ပစ္စည်းများ တင်ပို့လျက် ရှိသည်။ ၂၀၀၂ ခုနှစ်မှ စတင်၍ ၂၀၀၄ ခုနှစ်အထိ ဗီယက်နမ်ကုန်စည်ပြပွဲများကို နှစ်စဉ်မြန်မာနိုင်ငံတွင် လာရောက်ပြုလုပ်ခဲ့သည်။ လက်ရှိအခြေအနေ၌ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ သန်း ၃၀ ကျော် (၂၀၀၃ ခုနှစ်စာရင်းများအရ ကန်ဒေါ်လာ ၃၈ သန်းဝန်းကျင်) ရှိသည်ဖြစ်ရာ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ကန်ဒေါ်လာ သန်း ၅၀ အထိ ရောက်ရှိရန် နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများက လိုလားလျက် ရှိသည်။

www.foreverspace.com.mm



## မြန်မာ - ဘင်္ဂလားဒေ့ရှ် ဗီဇာလွယ်ကူစွာရရှိရေးအတွက် နှစ်နိုင်ငံသဘောတူ

**ဒါကာ၊ စက်တင်ဘာ ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာလအတွင်း သွားရောက်ခဲ့သည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်အပြီး မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဗီဇာ အလွယ်တကူရရှိရေးနှင့် သင်္ဘောဖြင့် ကုန်ပစ္စည်းများ တင်ပို့ရေးတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီမှုရရှိထားကြောင်း ဘင်္ဂလားဒေ့ရှ်မှလာသော အေပီသတင်း တစ်ရပ်အရ သိရသည်။

အဆိုပါသဘောတူညီမှုအရ နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ကိုင်နေသူများသည် ခရီးသွားလာရေးအတွက် စာရွက်စာတမ်းများပြုလုပ်ရာတွင် လွယ်ကူချောမွေ့မည်ဖြစ်ပြီး သက်တမ်းရှည်ဗီဇာများ ရရှိနိုင်မည် ဖြစ်သည်။ ထို့ပြင် ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းများတင်ပို့ရေးကိစ္စနှင့်ပတ်သက်၍ ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် စရိတ်စကများ ပြင်ဆင်သတ်မှတ်ရန် သဘောတူညီမှုရရှိခဲ့သည်ဟု ယင်းသတင်းက ဆိုသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဘင်္ဂလားဒေ့ရှ်စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Altaf Hossain Chowdhury တို့ မြို့တော်ဒါကာတွင် စက်တင်ဘာလ ၂၅ ရက်နေ့က တွေ့ဆုံပြီး ယင်းသို့ သဘောတူညီမှုများ ရရှိခဲ့ခြင်းဖြစ်သည်။

"မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဗီဇာ အလွယ်တကူရရှိရေးကိစ္စကို မကြာမီ အကောင်အထည်ဖော်နိုင်ပါလိမ့်မယ်" ဟု ဘင်္ဂလားဒေ့ရှ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားသည်။ သို့သော် မည်သည့်နေ့ရက်တွင် စတင်မည်ကို ၎င်းက အတိအကျပြောဆိုခဲ့ခြင်း မရှိပေ။ လက်ရှိအနေအထားတွင် မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်လူမျိုး စီးပွားရေးလုပ်ကိုင်သူတို့အတွက် သုံးရက်သက်တမ်းရှိသည့်ဗီဇာများ ထုတ်ပေးလျက် ရှိသည်။

၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ် နှစ်ဝက်အထိ ဘင်္ဂလားဒေ့ရှ်သည် မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၂.၆၆ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်သွင်းခဲ့ပြီး မြန်မာနိုင်ငံသို့ ပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၄.၁၈ သန်းရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။

## ပြည်တွင်းစက္ကူထုတ်လုပ်မှု ပြည်ပကုန်ကြမ်းကို အမှီပြုရ

**သတင်းဆောင်းပါး – မိုးချာန်**

**၁၂–၉–၂၀၀၅**

**လက်ရှိ ပြည်တွင်း၌ ထုတ်လုပ်နေသော ဘားမားစက္ကူများအနက် အနည်းငယ်ဖြုပြီး ဈေးကွက်ဝင်သည့် တစ်ဖက်ချော၊ နှစ်ဖက်ချောစက္ကူများသည် အဓိကအားဖြင့် နိုင်ငံခြားသတင်းစာများ၊ နော်ဝေ၊ ဂူဖရီး ဖြတ်စများကို အဓိက မှီခိုနေရကြောင်း တောင်ဒဂုံစက်မှုဇုန်ရှိ စက္ကူလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။**

စက္ကူထုတ်လုပ်ရန်အတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရှိ စက္ကူဖြတ်စ (ကုန်ကြမ်း) ဒိုင်များတွင် အဓိကချိတ်ဆက်ထားကြရသည်ဟု၎င်းက ဆိုသည်။ ၂၀၀၅ ခုနှစ် ဩဂုတ်လလယ် ပျော့ဖတ်ဈေးမှာ တစ်ပိဿာလျှင် ၄၀၀ ကျပ် ရှိခဲ့သည်။ စက္ကူထုတ်လုပ်သူများသည် မိမိတို့၏ ပုံမှန်ပို့နေကျ ဖောက်သည်များအတွက် ကုန်ကြမ်းကိုလည်း အဓိကအားဖြင့် မပြတ်လပ်သွားအောင် ဝယ်ယူနေကြရသည်ဟု စက္ကူစက်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။ တစ်ခါတစ်ရံ၌ စက္ကူကုန်ကြမ်းပြတ်လပ်သွားတတ်ကြသည် ဖြစ်၍ ကုန်ကြမ်းဈေးတက်ပြီး စက္ကူထုတ်လုပ်သူများ များစွာအခက်တွေ့ကြရကြောင်း၊ ထို့ပြင် နိုင်ငံခြားစက္ကူ အဝင်နှောင့်နှေးခြင်းကြောင့် ပျော့ဖတ်စက္ကူများ ရှားပါးသွားတတ်ကြောင်း စက္ကူစက်လုပ်ငန်းရှင်များထံမှ သိရှိရသည်။ အလားတူကိစ္စမျိုးကို ၂၀၀၄ ခုနှစ် နှစ်လယ်ခန့်က ယခုကဲ့သို့ ဖြစ်ရပ်မျိုးရှိခဲ့ဖူးကြောင်း ပုံနှိပ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခင်ကကုန်ကြမ်းအဖြစ် ထိုင်းနိုင်ငံဘက်မှ သယ်ယူလာသော နိုင်ငံခြားသတင်းစာအပိုင်းအစများ၊ သတင်းစာအဟောင်းများကိုသာ အားကိုးကြရသည်။ ထိုကဲ့သို့သော နိုင်ငံခြားစက္ကူကို ပျော့ဖတ်အဖြစ်ကြိတ်၍ ပထမဆုံးထွက်လာသော အရည်အသွေးမျိုးသည် ပြည်တွင်းအခေါ် ဘားမားဂူဖရီး၊ ဘားမားနော်ဝေ စသဖြင့် တစ်ပတ်ရစ်အရည်အသွေးမျိုးထွက်သည်။

www.foreverspace.com.mm





**Recycleစက္ကူဖြတ်စများကို Recycleစက္ကူအဖြစ် ပြန်ထုတ်လုပ်သည်**

အဆိုပါတစ်ပတ်ရစ်အရည်အသွေးမျိုးကို ထပ်မံ၍ကြိတ်လျှင် အပြာရောင်လွှမ်းသည့် ဘားဖြူ၊ ဘားပြာ စသဖြင့် အရောင်အနည်းငယ်ပြာသည့် စက္ကူများသာထွက်ရှိသည်။ ပြည်တွင်း၌သုံးနေသည့် စက္ကူများမှာ အဓိကအားဖြင့် နိုင်ငံခြားစက္ကူကို Recycle ပြန်လုပ်ရခြင်းဖြစ်ကြောင်း၊ ပြည်ပစက္ကူအဝင်ရပ်သွားလျှင် ပျော့ဖတ်ကိစ္စ များစွာအခက်အခဲတွေ့နိုင်ကြောင်း စက္ကူထုတ်လုပ်ရောင်းဝယ်သူတစ်ဦးက ခန့်မှန်းပြောကြားသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစက္ကူလုံလောက်စွာထွက်ရှိရန်နှင့် အရည်အသွေးမြင့်စက္ကူထုတ်လုပ်နိုင်ရန် ပျော့ဖတ်ကောင်းများ လိုအပ်လျက်ရှိသည်။ ယခုအခါ ပုဂ္ဂလိက စက္ကူလုပ်ငန်းရှင်အချို့သည် တရုတ်နိုင်ငံဘက်မှ တစ်ပတ်နွမ်း (Used) စက္ကူစက်များ မြန်မာနိုင်ငံတွင်းသို့ တင်သွင်း၍ စက္ကူများ ထုတ်လုပ်လျက်ရှိသည်။ အဆိုပါစက်များသည် တစ်ပတ်နွမ်းဆိုသော်လည်း ပြည်တွင်း၌ ယခင်ရှိနှင့်ပြီးသားစက်များထက် သာလွန်သည်ကို တွေ့ရကြောင်း အဆိုပါစက္ကူစက်ဝယ်ယူမည့်သူတစ်ဦးက ပြောကြားသည်။ ထိုကဲ့သို့ စက္ကူစက်များတင်သွင်းလာသည့်အတွက် အရည်အသွေးအသင့်အတင့်ရှိနေသော စက္ကူများထွက်ရှိလာသည်။ ထိုအခါ အဓိကကုန်ကြမ်းဖြစ်သော နိုင်ငံခြားစက္ကူဖြတ်စများ ပြတ်လပ်သွားခဲ့လျှင် စက္ကူထုတ်လုပ်သူ၊ ရောင်းဝယ်သူနှင့် ပုံနှိပ်ထုတ်လုပ်သူတို့မှာ များစွာအခက်တွေ့ကြရကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ထို့ကြောင့် ပြည်တွင်း၌ စက္ကူလုံလောက်စွာထွက်ရှိစေရန်နှင့် နိုင်ငံခြားစက္ကူများကို အားမကိုးရစေရန် ပြည်တွင်းထွက် အရည်အသွေးကောင်း ပျော့ဖတ်များ ပုဂ္ဂလိကစက်များသို့ လုံလောက်စွာ ရောင်းချပေးနိုင်လျှင် ယခုကဲ့သို့ အခက်အခဲမျိုးရှိတော့မည်မဟုတ်ကြောင်း စက္ကူလောကသားအများစုက သုံးသပ်သည်။

မည်သို့ပင်ဖြစ်စေ တစ်နေ့တခြားတိုးပွားများပြားလာသော ပုံနှိပ်မီဒီယာများကြောင့် စက္ကူလိုအပ်ချက်သည်လည်း ကွဲကူးရေပါတိုးမြင့်လာမည်မှာ သေချာပါသည်။ နိုင်ငံခြားငွေဖြင့် တင်သွင်းဝယ်နေရသော တန်ဖိုးများကို တွက်ကြည့်ပါက ပြည်တွင်းတွင် အဆင့်မီစက္ကူစက်ကြီးတစ်ခုတည်ဆောက်နိုင်လောက်အောင်ရှိနေနိုင်သဖြင့် ဤကိစ္စကို အပေါင်းအနုတ်ထားစဉ်းစားသင့်နေပြီဖြစ်ကြောင်း မကြာခင်ဈေးကွက်အတွင်း စက္ကူပြတ်လပ်မှုနှင့် ကြုံတွေ့လာနိုင်ဖွယ်ရှိကြောင်း ဝါရင့်စက္ကူလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

# တိုကျို နိုင်ငံတကာ အစားအစာနှင့် အဖျော်ယမကာ Food Dex Japan ၂၀၀၆ သို့ တက်ရောက်နိုင်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Nippon Convention Centre တွင် ၂၀၀၆ ခုနှစ် မတ်လ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်မည့် (၃၁)ကြိမ်မြောက် နိုင်ငံတကာ အစားအစာနှင့် အဖျော်ယမကာကုန်စည်ပြပွဲသို့ တက်ရောက်လိုသော လုပ်ငန်းရှင်များအနေဖြင့် စက်တင်ဘာ ၂၇ ရက်နေ့နောက်ဆုံးထား၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)သို့ ဆက်သွယ်နိုင်သည်ဟု ယင်းအသင်းချုပ်၏ တရားဝင်ကြေညာချက်အရ သိရှိရသည်။

အဆိုပါပြပွဲကို နှစ်စဉ်ပြုလုပ်လေ့ရှိပြီး အာရှပစိဖိတ်ဒေသတွင် အကြီးဆုံးသော အစားအစာနှင့် အဖျော်ယမကာကုန်စည်ပြပွဲတစ်ခု ဖြစ်သည်။ ယင်းပြပွဲတွင် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များအပြင် မြန်မာလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများအတွက် ဈေးကွက်ရရှိရေး အခွင့်အလမ်းကောင်းများကို ရရှိနိုင်မည်ဖြစ်သည်ဟု UMFCCI၏ကြေညာချက်အရ သိရသည်။

■

www.foreverspace.com.mm



# မြန်မာနိုင်ငံရှိ မြေလွတ်မြေရိုင်းများကိုငှားရမ်း၍ စိုက်ပျိုးရေးလုပ်ကိုင်ရန် ဘင်္ဂလားဒေ့ရှ်ကမ်းလှမ်း

**ဒါကာ၊ စက်တင်ဘာ ၂၆**





စိုက်ပျိုးရေးကို အဓိကအခြေခံသော မြန်မာနိုင်ငံမှ စိုက်ပျိုးခြင်းမရှိသော မြေလွတ်မြေရိုင်းများကို ငှားရမ်းကာ ကောက်ပဲသီးနှံမျိုးစုံကို စီးပွားဖြစ် စိုက်ပျိုးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အဆိုပြု ကမ်းလှမ်းထားကြောင်း ဒါကာမြို့တော် အခြေစိုက် UNB သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါကိစ္စအတွက် ဘင်္ဂလား ဒေ့ရှ်စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Altaf Hossain Chowdhury သည် ဒါကာမြို့တော်သို့ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တွေ့ဆုံစဉ် အဆိုပြုကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

"တကယ်လို့ မြန်မာအစိုးရသာ လက်ခံမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ အဲဒီမှာ စိုက်ပျိုးရေးလုပ်ငန်းမျိုးစုံကို စီးပွားဖြစ် လုပ်ကိုင်လိုပါတယ်။ မြန်မာနိုင်ငံမှာ မြေလွတ်မြေရိုင်းတွေလည်း အများကြီး ရှိတယ်" ဟု မစ္စတာ Altaf က သတင်းထောက်များကို ပြောကြားသည်။ ထို့ပြင် မိမိတို့၏ အဆိုပြုချက်ကို လက်ခံသည်နှင့် တစ်ပြိုင်နက် လယ်ယာမြေငှားရမ်းခြင်း သဘောတူညီမှုစာချုပ်ချုပ်ဆိုရန် ပြင်ဆင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မိမိတို့စိုက်ပျိုးမည့်သီးနှံများကို တစ်ဖန် ဝယ်ယူသည့်စနစ်ဖြင့် ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသည် ကုန်သွယ်ရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးမြှင့်ရန်လည်း သဘောတူညီထားကြသည်။

# ပြည်တွင်းစားသုံးမှုမြင့်၍ မုန့်လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းမှုပမာဏမြင့်တက်၊ အဆင့်မီပစ္စည်းများ ပြည်တွင်း၌ အစားထိုးထုတ်လုပ်ရန် အခက်အခဲရှိနေသေး

**သတင်းဆောင်းပါး – လင်းသစ်**

၂၄–၁၀–၂၀၀၅

**မြန်မာနိုင်ငံ၌ မုန့်ဖုတ်လုပ်ငန်းဈေးကွက် ကြီးမားကျယ်ပြန့်လာသည်နှင့်အမျှ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်းများကို တစ်လုံးတစ်ခဲတည်း တင်သွင်းလျက်ရှိရာတွင် ယခုနှစ်အတွင်း မာဂျရင်း တန်ချိန်ပေါင်း ၁၀၀၀ နီးပါး တင်သွင်းခဲ့ရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိကြီးတစ်ဦးက ပြောကြားသည်။**

ထို့အတူ အသားညှပ်မုန့်များတွင် သုံးစွဲသည့် Shortening ကို တန်ချိန် ၇၀၀ နီးပါးနှင့် Bakery Fat ကို တန်ချိန် ၅၀၀ ကျော်တင်သွင်းခဲ့ရပြီး သီတင်းကျွတ်လကဲ့သို့ မုန့်အများဆုံးရောင်းချရသည့် ပွဲတော်ရက်ကာလနီးလျှင် နာမည်ကျော်ဆိုင်တိုင်းလိုလို ဝယ်ယူစုဆောင်းမှု ပိုမိုများပြားလာကြောင်း ၎င်းကပြောကြားသည်။

ပြည်ပမှ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရသဖြင့် ဈေးနှုန်းမြင့်မားပြီး အထူးသဖြင့် နယူးဇီလန်၊ အင်ဒိုနီးရှား စသည့်နိုင်ငံများမှ မာဂျရင်းကို အသုံးပြုရသဖြင့် အရသာကောင်းသော်လည်း ဈေးနှုန်းမြင့်မားကြောင်း နာမည်ကျော်မုန့်ဆိုင်တစ်ဆိုင်မှ မုန့်ဆရာတစ်ဦးဖြစ်သူ ဦးဇော်လတ်က ပြောကြားသည်။

ဟိုတယ်ကြီးများအနေဖြင့် နိုင်ငံခြားမှ မာဂျရင်းကို အသုံးပြုမုန့်ဖုတ်ကြသဖြင့် အရသာကောင်းကြောင်း၊ မိမိတို့ဆိုင်များအနေဖြင့် ဟိုတယ်ကြီးများမှ မုန့်မျိုးစုံ၏အရသာကို မီနိုင်ရန် နိုင်ငံခြားဖြစ်ပစ္စည်းများကို အသုံးပြုကြရကြောင်း၊ ပြည်တွင်း၌ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်းများမှာ အဆင့်မီမီမထွက်ရှိနိုင်သေးကြောင်း

www.foreverspace.com.mm





**ပြည်ပမှ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်းများ**




Margarine **ဘူးများ**

ငင်းက ပြောကြားသည်။

လက်ရှိအခြေအနေမှာ ပြည်တွင်းကုမ္ပဏီတစ်ခုမှ မာဂျရင်းကို ထုတ်လုပ်ရောင်းချခဲ့သော်လည်း နိုင်ငံခြားမှလာသောပစ္စည်းများ၏ အရည်အသွေးကို မမီသေးကြောင်း ငင်းက ဆိုသည်။

နိုင်ငံခြားဖြစ် မာဂျရင်းနှင့် Shortening များကို အသုံးပြုခြင်းဖြင့် ဈေးနှုန်းကြီးမြင့်သော်လည်း စားသုံးသူများကို အခိုင်အမာဆွဲဆောင်နိုင်ကြောင်း စမ်းချောင်းမြို့နယ်အတွင်း၌ ဖွင့်လှစ်ထားသော နာမည်ကျော် စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်လုပ်ငန်းရှင် ဦးအောင်ထိုက်က ပြောကြားသည်။

လက်ရှိအနေအထား၌ နိုင်ငံခြားဖြစ်ပစ္စည်းများကို အသုံးပြုသော မုန့်များရောင်းအားကောင်းသကဲ့သို့ ပြည်တွင်းဖြစ်ထောပတ်ဖြင့်ပြုလုပ်ထားသော မုန့်များသည်လည်း ရောင်းအားကောင်းလျက်ရှိကြောင်း ပြည်တွင်းဖြစ်ပစ္စည်းများဖြင့် ပြုလုပ် အစားအစာရောင်းချသူများက ဆိုသည်။

ပြည်တွင်းဖြစ်ပစ္စည်းများကို အသုံးပြုသည့်အတွက်ကြောင့် ပူတင်းပေါင်မုန့်အရွယ်မုန့်များကို ကျပ် ၁၀၀ နှုန်းဖြင့်ရောင်းချနိုင်ကြောင်း၊ တစ်နေ့လျှင် ခြောက်သောင်း ခုနစ်သောင်းကျော်ခန့် ရောင်းချရကြောင်း မုန့်ကားဖြင့် နယ်လှည့်ရောင်းချနေသူတစ်ဦးက ပြောကြားသည်။

ပြည်တွင်းဖြစ်ထောပတ်ပစ္စည်းများဖြင့် ပူတင်းပေါင်မုန့်အရွယ် မုန့်တစ်ခုလျှင် လက်လီဈေး ကျပ် ၅၀ ဖြင့်ရောင်းချနိုင်သဖြင့် ဈေးနှုန်းသက်သာမှုကြောင့် ဖြန့်အားရှိကြောင်း မုန့်ဖုတ်လုပ်ငန်းရှင် ဦးကျော်နိုင်က ပြောကြားသည်။

မုန့်လုပ်ငန်းတွင်သုံးရန် နိုင်ငံခြားဖြစ် မာဂျရင်းကဲ့သို့ အရည်အသွေးပြည့်မီသော မုန့်ဖုတ်ထောပတ်များကို အစားထိုး ထုတ်လုပ်ရန်အတွက် ပြည်တွင်းမုန့်လုပ်ငန်းရှင်များအနေဖြင့် အာရုံစိုက်သင့်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက ပြောကြားသည်။

မြန်မာမုန့်ဈေးကွက်၌ ဟိုတယ်ကြီးများနှင့် ရွှေပုစွန်ကဲ့သို့သော ဆိုင်ကြီးများ၏ မုန့်မျိုးစုံများအား လူအများကြိုက်နှစ်သက်စွာ စားသုံးနေကြသကဲ့သို့ပင် အဆာပြေမုန့်များကိုလည်း နှစ်သက်စွာစားသုံးနေကြသည့်အတွက် အဆိုပါဈေးကွက်အင်အားကြီးထွားမှုကို သတိပြုသင့်ကြောင်း ငင်းက အကြံပြုပြောကြားသည်။

လက်ရှိတွင် မြန်မာစားသုံးသူများသည် Bakery အမျိုးအစားမုန့်များ၊ ကွတ်ကီးများ၊ Puff များကို နှစ်ခြိုက်စွာစားသုံးသည်ကို တွေ့ရှိရပြီး နိုင်ငံခြားဖြစ်ပစ္စည်းများကို အသုံးပြုထားသောမုန့်များကို အမြဲတစေ အမီလိုက်စားသုံးနိုင်ခြင်းမရှိသေးကြောင်း ငင်းက ဖြည့်စွက်ပြောကြားသည်။

ထို့ကြောင့် မုန့်ဖုတ်လုပ်ငန်း၌ နိုင်ငံခြားဖြစ်ပစ္စည်းများ လျှော့ချပြီး ပြည်တွင်းဖြစ် မုန့်အရသာကောင်းစေမည့် ပစ္စည်းများကို အရည်အသွေးမြင့်မြင့်ဖြင့် ထပ်မံထုတ်လုပ်လျှင် မုန့်ဈေးကွက်သည် ယခုထက်ပို၍ ကျယ်ပြန့်လာနိုင်ဖွယ်ရှိကြောင်း ငင်းကပြောကြားသည်။

မုန့်တစ်ခု အရသာကောင်းစေရန်အတွက်မှာ Bakery Fat၊ မာဂျရင်းနှင့် Shortening များကို မသုံးမဖြစ်အသုံးပြုရမည်ဖြစ်ကြောင်း၊ ဟိုတယ်ကြီးများမှ မုန့်များ အရသာကောင်းသည်ဆိုသည်မှာ မာဂျရင်းနှင့် ဂျုံကို အချိုးအစားညီမျှစွာ ထည့်သွင်းပြုလုပ်ထားမှုကြောင့် ဖြစ်

www.foreverspace.com.mm



ကြောင်း၊ ထို့ကြောင့် အဓိကပစ္စည်းများဖြစ်သည့်ဂျုံကဲ့သို့ပင် ပြည်တွင်း၌ မာဂျရင်းပေါပေါများများရရှိနိုင်ရန် လိုအပ်ကြောင်း၊ သို့အတွက် ပြည်တွင်း၌ မာဂျရင်းအရည်အသွေးကောင်းကို စနစ်တကျသုတေသနပြုထုတ်လုပ်ပေးနိုင်မှသာ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း မုန့်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မကြာမီကာလအတွင်း အဆင့်မီမုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်လာနိုင်ပါက နိုင်ငံခြားငွေများစွာ သက်သာသွားနိုင်သည့်အပြင် နိုင်ငံတကာအရည်အသွေးမီ မုန့်မျိုးစုံကိုလည်း မြန်မာစားသုံးသူများ အဖိုးနှုန်းသက်သာစွာ စားသောက်နိုင်ကြမည်ဖြစ်ကြောင်း ဝါရင့်မုန့်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

# e-Passport အသစ် ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းကို တရားဝင်ရပ်ဆိုင်း

**ရန်ကုန်၊ စက်တင်ဘာ ၆**



မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ (မနလ)သည် ပြီးခဲ့သည့် ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ e-Passport အသစ် ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းတို့ကို တရားဝင် ရပ်ဆိုင်းလိုက်ပြီဖြစ်၍ ယင်းကိစ္စရပ်ကို ဆောင်ရွက်ပေးခြင်းမပြုတော့ကြောင်း ပန်းဆိုးတန်းလမ်းရှိ မနလရုံး စတုတ္ထထပ်တွင် တရားဝင်အသိပေး ထုတ်ပြန်ထားသည်ကို တွေ့ရသည်။

e-Passport အမျိုးအစား နိုင်ငံကူးလက်မှတ်များ အသစ်ထုတ်ပေးတော့မည်မဟုတ်ကြောင်းကို ယခုနှစ် မေလအတွင်း ခေတ်မြန်မာ Weekly နှင့် တွေ့ဆုံစဉ် မနလမှ ဌာနခွဲမှူး ရဲမှူးစိုးဝင်းက အတည်ပြုပြောကြားထားပြီး (သတင်းဖော်ပြပြီး ခေတ်မြန်မာ Weekly အတွဲ ၂၊ အမှတ်–၁) ဖြစ်သည်။ အဆိုပါ အသိပေးထုတ်ပြန်ချက်တွင် ဖော်ပြချက်များအရ လက်ရှိ e-Passport ကိုင်ဆောင်ထားသူများအနေဖြင့် ခွင့်ပြုသက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်အသုံးပြုသွားနိုင်မည်ဟုလည်း သိရသည်။

သက်တမ်းသုံးနှစ် ခွင့်ပြုထားသော e-Passport ကို ၂၀၀၃ ခုနှစ်အတွင်းက စတင်၍ စမ်းသပ်ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး၊ e-Passport ရယူထားသူများသည် ပြည်ပထွက်ခွာလိုသည့်အချိန်တွင် ရုံးဌာနများသို့သွားရန်မလိုဘဲ အလိုအလျောက်ဂိတ်မှ စစ်ဆေးဖြတ်သန်းသွားနိုင်ရန်အတွက် စီစဉ်မှုများပါရှိခဲ့သည်။

ယခုနှစ် မေလအတွင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ တရားဝင်ပြောကြားချက်များအရ e-Passport ကိုင်ဆောင်ထားသူ စီးပွားရေးလုပ်ငန်းရှင်များသည် သက်တမ်းတိုးရာတွင် Business အမျိုးအစား နိုင်ငံကူးလက်မှတ်ပြောင်းလဲလျှောက်ထားရမည် (သတင်းဖော်ပြပြီး ခေတ်မြန်မာ Weekly အတွဲ ၂၊ အမှတ်–၁ ) ဟု လည်း သိရှိရသည်။

Phoenix News

# ဂျပန်ခရီးသွားများ လူမှုရေးကူညီမှုအတွက် အဓိက လာရောက်

**ရန်ကုန်၊ ဩဂုတ် ၃၁**

မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်အဝင်နည်းပါးသည့် မိုးရာသီကာလများတွင်ပင် လာရောက်လေ့ရှိသည့် ဂျပန်ခရီးသွားများအနက် လူမှုရေးကူညီမှုများကို လာရောက်လေ့လာသည့် ခရီးသွားများမှာ အများစုဖြစ်ကြောင်း ဂျပန်ဧည့်လမ်းညွှန်တစ်ဦးဖြစ်သည့် ဒေါ်လှကြည်ထွေးက ဩဂုတ်လနောက်ဆုံးပတ်တွင် ပြောကြားသည်။

ခရီးသွားကုမ္ပဏီများက အဆိုပါ ဂျပန်ခရီးသည်များကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ မိဘမဲ့လူငယ်သင်တန်းကျောင်းများသို့ လေ့လာရန် အများဆုံးပို့ဆောင်ပေးရသည်ဟု ၎င်းက ဆိုသည်။

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ စစ်မြေပြင်တွင် တိုက်ပွဲဝင်ခဲ့ဖူးသည့် ဂျပန်စစ်သားဟောင်းကြီးများ ယခင်က မြန်မာနိုင်ငံသို့ မကြာခဏလာရောက်လည်ပတ်လေ့ရှိသော်လည်း ယခုအချိန်တွင် အလွန်အမင်းအသက်အရွယ်ကြီးနေပြီဖြစ်သဖြင့် ယခင်ကဲ့သို့ လာရောက်လည်ပတ်နိုင်ခြင်းမရှိတော့ဟု Myanmar POLESTAR ခရီးသွားကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းထင်က ပြောကြားသည်။

ဂျပန်ခရီးသွားကုမ္ပဏီများ၏ ပြောကြားချက်အရ မြန်မာနိုင်ငံသို့ တစ်နှစ်လျှင် ဂျပန်ခရီးသွားဦးရေ နှစ်သောင်းခန့် လာရောက်လည်ပတ်လေ့ရှိကြောင်း သိရသည်။

■

www.foreverspace.com.mm

# မြန်မာနိုင်ငံတွင် စက်မှုဇုန်တည်ဆောက်ရေးအတွက် လုပ်ငန်းသုံးခုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ခွင့်ပြု

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံတွင် စက်မှုဇုန်တည်ဆောက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် နိုင်ငံခြားကုမ္ပဏီသုံးခုကို အမေရိကန်ဒေါ်လာ ၁၉၃.၁၁ သန်းပမာဏရှိ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအနေဖြင့် ယခုနှစ်အတွင်း ခွင့်ပြုခဲ့ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးခွင့်ပြုထားသောကဏ္ဍမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဖြစ်ပြီး စုစုပေါင်းလုပ်ငန်းအရေအတွက် ၆၈ ခုနှင့် ဒေါ်လာသန်းပေါင်း ၂၆၁၀.၀၂ သန်းဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရန်ကုန်တိုင်း သီလဝါဆိပ်ကမ်းအနီးတွင် စက်မှုဖွံ့ဖြိုးရေးကို တည်ဆောက်ရန် ယခုနှစ်ဦးပိုင်း တရုတ်နိုင်ငံ ရှန်ဟဲကုမ္ပဏီများသည် လေ့လာမှုများပြုလုပ်ခဲ့ပြီး စက်မှုဇုန်တွင် တရုတ်နိုင်ငံမှ စက်ရုံများ တည်ဆောက်သွားရန်ရှိကြောင်း ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇူလိုင်လ တရုတ်နိုင်ငံခရီးစဉ်တွင် ထုတ်ဖော်ပြောကြားမှုကို ဇူလိုင် ၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

Phoenix News

# စိုက်ပျိုးရေးကုမ္ပဏီများ ဒေသခံကျွမ်းကျင်သူများနှင့် တွဲဖက်လုပ်ကိုင်သင့်

**သတင်းဆောင်းပါး – သန်းထူး**

၃–၁၀–၂၀၀၅

**ပုဂ္ဂလိကပိုင် စိုက်ပျိုးရေးကုမ္ပဏီများအနေဖြင့် နေရာဒေသတစ်ခုတွင် သီးနှံတစ်မျိုးမျိုးစိုက်ပျိုးတော့မည်ဆိုပါက ထိုဒေသ၏ ရေခံ၊ မြေခံ အနေအထား၊ ထိုဒေသနှင့်ကိုက်ညီမည့် သီးနှံများ၊ မျိုးကွဲမျိုးစိတ်များအကြောင်းကို စိုက်ပျိုးရေးပညာရှင်များထံမှ အကြံဉာဏ်များရယူသင့်ပြီး ထိုဒေသ၏ နောက်ခံသမိုင်း၊ တွေ့ကြုံရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များအကြောင်းနှင့် ရာသီဥတုဆိုင်ရာအယူအဆများ၊ ဖြစ်ရိုးဖြစ်စဉ်များအကြောင်းတို့ကို အချိန်မီသိရှိစေရန်အတွက် ဒေသခံ တောင်သူဦးကြီးများနှင့် သဟဇာတဖြစ်စွာ ဆက်ဆံ၍ တွဲဖက်လုပ်ကိုင်သင့်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးတင်နွဲ့က ပြောကြားသည်။**

စိုက်ပျိုးရေးကုမ္ပဏီများသည် ငွေအင်အား၊ လူအင်အား၊ နည်းပညာအင်အားများ အသုံးပြုကာ စိုက်ပျိုးရေးလုပ်ငန်းများကို အချိန်တိုအတွင်း၌ပင် အင်တိုက်အားတိုက် ဆောင်ရွက်လာကြသကဲ့သို့ တစ်ဖက်တွင်လည်း ကျွမ်းကျင်သောစိုက်ပျိုးရေးပညာရှင်များထံမှ အကြံဉာဏ်များတောင်းယူလက်ခံမှု နည်းပါးခြင်း၊ ဒေသခံလုပ်သက်ရင့် တောင်သူဦးကြီးများနှင့် သဟဇာတမဖြစ်ဘဲ အတွေ့အကြုံဖလှယ်မှုနည်းပါးခြင်းတို့ကြောင့် မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ကာ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း အဆိုပါကုမ္ပဏီများအသိုင်းအဝိုင်းမှ သိရှိရသည်။

"ကုမ္ပဏီတွေ အတော်များများက စိုက်ပျိုးရေးလုပ်ငန်းကို လွယ်လွယ်လေးလို့ပဲ အောက်မေ့ပြီး အထင်သေးနေကြတယ်။ သူတို့စိတ်မှာ ဒီနေ့စိုက်လိုက်ရင် နောင်တစ်နေ့ရမယ်လို့ အလွယ်တွေးကြတယ်။ အဲဒီ အတွေးနဲ့ပဲ ဆုံးရှုံးမှုတွေ အမြောက်အမြား ခံစားလိုက်ရတယ်။ တကယ်တော့ သူတို့အနေနဲ့ စိုက်ပျိုးရေးပညာရှင်တွေကိုမှ မဟုတ်ဘူး၊ ဒေသခံတွေနဲ့လည်း ရင်းနှီးမှုရယူပြီး လေ့လာသင့်တယ်၊ အကြံဉာဏ်တောင်းသင့်တယ်။ ဒါမှ အဲဒီဒေသရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝဘေးအန္တရာယ်တွေ၊ ပိုးမွှားဖျက်ဆီးမှုတွေ၊ ရာသီဥတုအခြေအနေတွေကို ကြိုတင်သိရှိရပြီး ဆုံးရှုံးပျက်စီးမှုတွေကိုလည်း ကြိုတင်ကာကွယ်နိုင်မှာ ဖြစ်တယ်" ဟု ဦးတင်နွဲ့က အကြံပြုပြောကြားသည်။

သက်ဆိုင်ရာမှ တရားဝင်ထုတ်ပြန်သော စာရင်းဇယားများအရ စိုက်ပျိုးရန်အတွက် မြေယာလုပ်ပိုင်ခွင့်ရယူထားသော ကုမ္ပဏီ၊ အဖွဲ့အစည်းပေါင်း ၁၃၀ နီးပါး ရှိနေပြီး ရယူလုပ်ကိုင်သည့် မြေဧကစုစုပေါင်း

www.foreverspace.com.mm





အောင်မြင်သော ပျိုးခင်းတစ်ခု

မှာ ၂,၀၄၆,၀၆၆ ဧကဖြစ်ကာ ဖော်ထုတ်ပြီးစီးသော မြေဧက ၄၄၁,၅၁၀ ရှိ၍ ၁၉၇,၁၀၆ ဧကကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

၂၀၀၃-၂၀၀၄ ခုနှစ် ပလပ်မြေ၊ မြေရိုင်းစာရင်းအရ ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် ပလပ်မြေ ၁,၂၇၇,၈၁၅ ဧကရှိပြီး အသုံးမပြုရသေးသော မြေရိုင်းဧက ၁၆,၂၄၅,၀၆၆ ဧကရှိနေရာ မြန်မာတစ်နိုင်ငံလုံးတွင် ထပ်မံဖော်ထုတ်လုပ်ကိုင်နိုင်သော မြေလွတ်မြေရိုင်းဧက ၁၇ သန်းကျော်ကျန်ရှိနေသေးကြောင်း တွေ့ရှိရသည်။

ပုဂ္ဂလိကပိုင် စိုက်ပျိုးရေးကုမ္ပဏီများ၏ မြေယာရယူထားမှုမှာ တနင်္သာရီတိုင်းတစ်ခုတည်း၌ပင် ၁,၄၃၆,၆၁၉ ဧကရှိရာ အများဆုံးဖြစ်ပြီး စုစုပေါင်းရယူထားမှု၏ ၅၀ ရာခိုင်နှုန်းနီးပါး ရှိနေသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ တနင်္သာရီတိုင်းတွင် မြေလွတ်မြေရိုင်းဧက အများအပြားရှိနေခြင်းနှင့် ဆီအုန်း၊ ရော်ဘာကဲ့သို့ နှစ်ရှည်ပင်သီးနှံများစိုက်ပျိုးရန် အခြေအနေကောင်းများရှိနေခြင်းတို့ကြောင့်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အရာထမ်းတစ်ဦးက ပြောကြားသည်။

စိုက်ပျိုးရေးကုမ္ပဏီအများစုသည် ကာလတိုသီးနှံများထက် နှစ်ရှည်ပင် သီးနှံများ စိုက်ပျိုးခြင်းကို ပိုမိုပြီး စိတ်ဝင်စားကြကြောင်း၊ ၎င်းတို့တွင် ရင်းနှီးမြှုပ်နှံထားစရာငွေအရင်းအနှီးများရှိနေခြင်း၊ ကာလတိုသီးနှံကဲ့သို့ အသေးစိတ်ပြုလုပ်စရာ မလိုအပ်ခြင်း၊ လက်ငင်း အကျိုးထက် ရေရှည်အကျိုးအမြတ်ရရှိမည့် ရင်းနှီးမြှုပ်နှံမှုမျိုးကို ပို၍စိတ်ဝင်စားခြင်းတို့ကြောင့်ဖြစ်ကြောင်း အဆိုပါအရာထမ်းက ဆက်လက်ပြောကြားသည်။

ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော ပလပ်မြေများ၊ ဖော်ထုတ်လုပ်ကိုင်နိုင်ခြင်း မရှိသော မြေရိုင်းများကို ငွေကြေးတတ်နိုင်သော ကုမ္ပဏီများ၊ အဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံကာ ဝင်ရောက်လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် အင်အားတစ်ရပ်အဖြစ် ပါဝင်လာကာ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရန်အတွက်လည်း အရည်အသွေးမီသီးနှံများ ပိုပြီးထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအတွက်ပါ ဦးဆောင်ဦးရွက်ပြုရာရောက်ကြောင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးဌာနစိတ်မှ မန်နေဂျာ ဦးဝင်းမောင်က ပြောကြားသည်။ ပုဂ္ဂလိကကုမ္ပဏီများအတွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ပါက ပြည်ပသို့ တင်ပို့နိုင်သည်ဟူသော အခွင့်အရေးတစ်ရပ်ကိုလည်း အစိုးရက ချမှတ်ပေးထားရာ ကုမ္ပဏီများအနေဖြင့် ရေချိုငါးမွေးမြူရေးကန်များ ဖော်ထုတ်ခြင်း၊ စပါးစိုက်ပျိုးခြင်းလုပ်ငန်းများအတွက် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် မြေယာ စုစုပေါင်း ၂၄၇,၂၄၃ ဧကကို ရယူထားကာ မိုးစပါးစိုက်ဧက ၃၃,၀၉၂ ဧက၊ ၁၃.၃၈ ရာခိုင်နှုန်းကိုလည်းကောင်း၊ နှမ်း၊ ဂုန်လျှော်၊ ကြံ၊ သီဟိုဠ်၊ ရော်ဘာနှင့် အခြားသီးနှံများ အပါအဝင် စုစုပေါင်း ၃၈၀၂၉ ဧက၊ ၁၅.၃၈ ရာခိုင်နှုန်းကိုလည်းကောင်း ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့သည်။

ယင်းကဲ့သို့ပင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် ဝါသီးနှံများ အဓိကစိုက်ပျိုးသော မကွေးတိုင်းတွင်လည်း ပဲမျိုးစုံ စိုက်ဧက ၇၄၂၂၊ ဆီထွက်သီးနှံ ၁၁၉၆၇ ဧက၊ ဝါသီးနှံ ၈၁၆၂ ဧကနှင့် အခြားသီးနှံများ အပါအဝင် စုစုပေါင်းသီးနှံစုံစိုက်ဧက ၃၈,၆၉၉ ဧက စိုက်ပျိုးထားပြီး စုစုပေါင်း ရယူထားသည့် မြေဧရိယာ ၁၆၃၆၁၉ ဧက၏ ၁၈.၇၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း တရားဝင်စာရင်းများအရ သိရသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများ၏ မြေယာ ဖော်ထုတ်ပြီးစီးမှုမှာ ၂၁.၅၈ ရာခိုင်နှုန်းရှိပြီး သီးနှံအားလုံး စိုက်ပျိုးပြီးစီးမှုသည် ၉.၆၃ ရာခိုင်နှုန်းသာရှိသေးသောကြောင့် ကုမ္ပဏီ၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုကို ယေဘုယျအားဖြင့် အထနှေးသည်ဟု ဆိုနိုင်သော်လည်း ကုမ္ပဏီများသည် မြေယာဖော်ထုတ်ခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် ရာသီချိန်အမီ သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိနေသောကြောင့် တဖြည်းဖြည်းသာလျှင် တိုးချဲ့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း တနင်္သာရီတိုင်းရှိ ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးက ရှင်းပြသည်။ ■

www.foreverspace.com.mm



## ၂၀၀၅ -၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ချင်း(ဂျင်း) တင်ပို့မှုမှ ကန်ဒေါ်လာ ၃.၁၇ သန်း ရရှိခဲ့ပြီးဖြစ်

**ရန်ကုန်၊ အောက်တိုဘာ ၇**

မြန်မာ့ရိုးရာ ဆေးဖက်ဝင် မီးဖိုချောင်သီးနှံတစ်ခုဖြစ်သည့် ချင်း (ဂျင်း) ကို ၂၀၀၅–၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ စုစုပေါင်းမက်ထရစ်တန်ချိန် ၇၈၉၅.၃၀ တင်ပို့နိုင်ခဲ့ခြင်းကြောင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃.၁၇ သန်း ရရှိခဲ့ကြောင်း ဈေးကွက်သတင်းအချက်အလက်သုတေသနအဖွဲ့ (MIRT) ထံမှ စုံစမ်းသိရှိရသည်။

အဆိုပါပမာဏမှာ ဧပြီလ ၁ ရက်နေ့မှ ဩဂုတ်လကုန်အတွင်း တင်ပို့ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ချင်းမက်ထရစ်တန်ချိန် ၉၆၀၁.၃ ကန်ဒေါ်လာ ၄.၀၀ သန်းနီးပါးရရှိခဲ့ကြောင်း MIRT ၏ တရားဝင်စာရင်းများအရ သိရသည်။

ချင်းကို ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် အများအပြားစိုက်ပျိုးလျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း MIRT ၏စာရင်းများအရ သိရှိရသည်။ ချင်းစိုက်ပျိုးဧကများလည်း တိုးတက်လာဖွယ်ရှိပြီး ယခုလက်ရှိ ချင်းတစ်တန်လျှင် ကန်ဒေါ်လာ ၄၀၀ နီးပါး ပေါက်ဈေးရှိကြောင်း ဟင်္သာတမြို့နယ်မှ တောင်သူဦးသိန်းဝင်းက ဆိုသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ချင်း (ဂျင်း) ကို ရိုးရာဆေးဝါးများ ဖော်စပ်ရာတွင် အဓိကအသုံးပြုသည်။

## ပထဝီပညာရှင်များအသင်း ဖွဲ့စည်း

**ရန်ကုန်၊ အောက်တိုဘာ ၄**

ပထဝီဝင်ပညာရပ် တိုးတက်ပြန့်ပွားရန်အလို့ငှာ အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်း (NGO)တစ်ခုအဖြစ် ပထဝီပညာရှင်များအသင်းကို ၂၀၀၅ ခုနှစ် စက်တင်ဘာလအတွင်းက တရားဝင်ဖွဲ့စည်းလိုက်ကြောင်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပထဝီဌာနမှ ကထိကဒေါ်နီနီအေးက ပြောကြားသည်။

အဆိုပါအသင်း၏ ဥက္ကဋ္ဌအဖြစ် ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးမောင်မောင်အေးက ဆောင်ရွက်မည်ဖြစ်ပြီး တက္ကသိုလ် ကောလိပ်အသီးသီးမှ အငြိမ်းစားနှင့် တာဝန်ထမ်းဆောင်ဆဲ ပထဝီဆရာဆရာမများ၊ ပထဝီဝင်ဘာသာရပ်ဖြင့် ဘွဲ့ရရှိထားသည့် ပြင်ပလုပ်ငန်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ပထဝီကျောင်းသားဟောင်းများ ပါဝင်ကြကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဝါဏိဇ္ဇဘွဲ့ရများအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးလုပ်ငန်းပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ဝေဒသုတေသီအဖွဲ့ စသည်ဖြင့် ပညာရပ်ဆိုင်ရာနယ်ပယ်အလိုက် အစိုးရမဟုတ်သည့်အသင်းအဖွဲ့များ အသီးသီး ဖွဲ့စည်းထားပြီးဖြစ်သည်။

## ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ပြီးမှသာ ကုန်ပစ္စည်း ထုတ်လုပ်ရမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံအတွင်း စက်မှုလုပ်ငန်းများလုပ်ကိုင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တည်ဆဲဥပဒေများအရ စက်မှုလုပ်ငန်းမှတ်ပုံတင်ခွင့်ပြုပြီးမှသာ ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရမည်ဖြစ်ကြောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ပုဂ္ဂလိက စက်မှုလုပ်ငန်း လုပ်ကိုင်သူများအား အသိပေးကြေညာချက်တစ်ရပ်ကို စက်တင်ဘာလလယ်ပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

ဥပဒေအရ မှတ်ပုံတင်ရမည့်လုပ်ငန်းများတွင် မြင်းကောင်ရေအား သုံးကောင်နှင့်အထက်၊ လုပ်ခစားအလုပ်သမား ၁၀ ဦးနှင့်အထက်ဖြင့် လုပ်ကိုင်၍ ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းအားလုံး အကျုံးဝင်ကြောင်း၊ တည်ဆဲဥပဒေများကိုလိုက်နာခြင်းမရှိပါကယင်းဥပဒေများနှင့်အညီ အပြစ်ပေးအရေးယူခံရမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ■

www.foreverspace.com.mm



# မြိတ်ကျွန်းစုဒေသ ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လျက်ရှိ

သတင်းဆောင်းပါး – ထိုက်အောင်

၅–၁၀–၂၀၀၅

**မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီကမ်းရိုးတန်းဒေသရှိ မြိတ်ကျွန်းစုများသည် ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းသောအခြေအနေများကြောင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လျက်ရှိရာ ယခုလာမည့် ခရီးသွားရာသီတွင် ဟိုတယ်သစ်များနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ပေါ်ထွန်းလာမည်ဖြစ်သည်ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက အောက်တိုဘာလဆန်းပိုင်းတွင် ပြောကြားခဲ့သည်။**



**သဘာဝပတ်ဝန်းကျင်ကောင်းနေသေးသောကြောင့် ခရီးသွားများလာရောက်ခြင်းဖြစ်သည်**

ကျွန်းစုပေါင်း ၈၀၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် မြိတ်ကျွန်းစုဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှု နှစ်စဉ်တိုးတက်လျက်ရှိရာ ဟိုတယ်လုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြစ်သည်ဟု အဆိုပါပုဂ္ဂိုလ်ကဆိုသည်။ ယခု ခရီးသွားရာသီတွင် စတင်ဖွင့်လှစ်မည့် ဟိုတယ်သစ်များအနက် ခရင်းခွကျွန်းရှိ Myanmar Adaman Resort ကို အောက်တိုဘာလပထမပတ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြီးခဲ့သည့် ဇွန်လဆန်းပိုင်းက တွေ့ဆုံစဉ် ပြောကြားသည်။ အဆိုပါ Resort သည် နိုင်ငံသားပိုင်ဟိုတယ်တစ်ခုဖြစ်ပြီး A1ဆောက်လုပ်ရေးကုမ္ပဏီ၊ စကားဝါဟိုတယ် (ပါဝါ)၊ Panorama ဟိုတယ်၊ ကော့သောင်းမိုတယ်နှင့် Tour Mandalay ခရီးသွားကုမ္ပဏီများက အစုရှယ်ယာထည့်ဝင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အလားတူ Victorial Entertainment Resort Club Ltd. နှင့် မြန်မာ–စင်ကာပူ ဖက်စပ်လုပ်ကိုင်မည့် ရတနာကျွန်းပေါ်ရှိ ရတနာကျွန်း Resort ကို အောက်တိုဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု myanmarvisa.com. Website တွင် ဖော်ပြထားသည်။ ယင်း ရတနာကျွန်း Resort တွင် Deluxe အခန်း ၁၀ ခန်းနှင့် Superior အခန်း ၄၂ ခန်း ပါရှိမည်ဖြစ်သည်ဟု ၎င်းတို့အဆိုအရ သိရှိရသည်။ အထူးသဖြင့် အဆိုပါ ရတနာကျွန်းသည် ကော့သောင်းမြို့နှင့် ထိုင်းနိုင်ငံ ရနောင်းမြို့ကြား တည်ရှိပြီး လူဝင်မှုကြီးကြပ်ရေးရုံးတစ်ခုပါတည်ရှိသောကြောင့် နိုင်ငံခြားသားခရီးသွားများအပြင် ပြည်တွင်းခရီးသွားများအတွက် တစ်ဖက်နိုင်ငံရှိ ရနောင်းမြို့သို့ နေ့ချင်းပြန်ခရီးစဉ်များအတွက် အဆင်ပြေနိုင်သည်။ ရေရှည်၌ ဧက ၁၀၀ အကျယ်အဝန်းတွင် ကြယ်ငါးပွင့်ဟိုတယ်အဆင့်သို့ တည်ဆောက်သွားရန် စီစဉ်ထားရှိသည်ဟုလည်း ၎င်းတို့အဆိုအရ သိရှိရသည်။ အလားတူ မျောက်နီကျွန်းပေါ်ရှိ မျောက်နီ Resort ကို နိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် ရှန်ဘဲလားကုမ္ပဏီမှ တည်ဆောက်လျက်ရှိရာတွင် ယခုလာမည့် နိုဝင်ဘာလတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါ Website တွင် ဖော်ပြပါရှိသည်။ မျောက်နီ Resort သည် သက်ကယ်မိုး၍ သစ်ဝါးအသုံးပြုတည်ဆောက်ထားသည့် ဘန်ဂလိုပုံစံများဖြစ်ကြောင်း၊ ယခုလက်ရှိ ဘန်ဂလိုခြောက်လုံး တည်ဆောက်မှုမှာ ၅၀ ရာခိုင်နှုန်းပြီးစီးခဲ့ပြီဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ အထွေထွေမန်နေဂျာဖြစ်သူ၏ ပြောကြားချက်အရ သိရှိရသည်။

ထို့အတူ ပြည်တွင်းပြည်ပ ခရီးသွားများနှင့် Adventure Tour များအတွက်

www.foreverspace.com.mm



MERGUI- Princess အမည်ဖြင့် အပျော်စီးစင်းလုံးငှားသင်္ဘောခရီးစဉ်များကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှ စတင်၍ ပြေးဆွဲခဲ့ရာ ယခုနှစ်ရာသီချိန်တွင် တိုးပွားလာသည့် ခရီးသွားအခြေအနေကြောင့် MERGUI-Princess သင်္ဘောအမှတ် (၂) ကို ထပ်မံတည်ဆောက်၍ ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါခရီးသွားလုပ်ငန်း၏ အဖွဲ့ဝင် ဦးစိုးသူရထွန်းက ပြောကြားသည်။ အဆိုပါမြိတ်ကျွန်းစုဒေသတွင်း အပျော်စီးခရီးစဉ်များအတွက် မြန်မာ့ခရီးသွားလုပ်ငန်း သမအသင်း (Tourism Myanmar Co-Op) အမည်ဖြင့် ကော့သောင်းမြို့တွင် အခြေစိုက်လုပ်ကိုင်လျက်ရှိကြောင်း ၎င်းထံမှ သိရှိရသည်။ ထိုခရီးစဉ်လုပ်ငန်းများအတွက် Myanmar Tourex၊ Myanmar Voyages၊ DPS (Design & Printing Services) အပါအဝင် အခြားရှယ်ယာဝင်နှစ်ဦးတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ကျွန်းစုပေါင်း ၈၀၀ ကျော်ဖြင့်ဖွဲ့စည်းထားသော မြိတ်ကျွန်းစုဒေသသည် လူသူအရောက်အပေါက်နည်းပါးခဲ့သည့် ဒေသကြီးတစ်ခုဖြစ်ရာ အဏ္ဏဝါခရီးသွားလုပ်ငန်းအတွက် အလားအလာ အထူးကောင်းမွန်သောဒေသတစ်ခုဖြစ်သည်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုများ တစ်စထက်တစ်စ တိုးပွားလာခြင်းဖြစ်သည်ဟု ခရီးသွားလုပ်ငန်းဆိုင်ရာ လေ့လာအကဲခတ်သူတစ်ဦးက ဆိုသည်။ အထူးသဖြင့် ယင်းဒေသသည် ပြည်တွင်းခရီးသွားများအတွက် အခြားသော ခရီးစဉ်ဒေသများကဲ့သို့ ရင်းနှီးကျွမ်းဝင်မှု မရှိသေးသည့် နေရာသစ်တစ်ခုပင်ဖြစ်သည်။

မြိတ်ကျွန်းစုဒေသသို့ ခရီးသည်ဝင်ရောက်ရာတွင် အဓိကအားဖြင့် ထိုင်းနိုင်ငံဖူးခက်မှတစ်ဆင့် စက်တပ်ရွက်လှေများဖြင့် အဓိကဝင်ရောက်လည်ပတ်လျက်ရှိသော်လည်း၊ ယခုအခါ ပြည်တွင်း လေကြောင်းလိုင်းတစ်ခုဖြစ်သည့် Air Bagan မှ တစ်ပတ်လျှင်သုံးကြိမ် ရန်ကုန်–ကော့သောင်း ခရီးစဉ်များ တိုးချဲ့ပျံသန်းလာခြင်းကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများအနေဖြင့် ပြည်တွင်းမှတစ်ဆင့် သွားရောက်လည်ပတ်ရန် ပိုမိုအဆင်ပြေတော့မည်ဖြစ်သည်ဟု ယုံကြည်ရပေသည်။ ထို့ကြောင့် မြိတ်ကျွန်းစုဒေသ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရန် အခြေအနေကောင်းများနှင့်အတူ ရင်းနှီးမြှုပ်နှံသူများ ယခုထက်ပိုမို တိုးပွားလာဖွယ်ရာ ရှိပေသည်။ ■

# သင်္ဘောသားများ အလုပ်အကိုင်ရရှိရေး အာမခံချက်ပေးနိုင်သောကုမ္ပဏီ ၁၃၉ ခုကို ထုတ်ပြန်ကြေညာ

**ရန်ကုန်၊ ဩဂုတ် ၁၂**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အလုပ်အကိုင်ရရှိရေးအတွက် အာမခံချက်ပေးနိုင်သော သင်္ဘောသားအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ ၁၃၉ ခုကိုရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

အဆိုပါသင်္ဘောကုမ္ပဏီ ၁၃၉ ခုမှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သင်္ဘောသားအလုပ်အကိုင် ကြီးကြပ်ရေးဌာနခွဲနှင့် စာချုပ်ချုပ်ဆိုပြီး လက်ရှိလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသောကုမ္ပဏီများဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီများနှင့် ဆောင်ရွက်ခြင်းမပြုဘဲ စာချုပ်ချုပ်ဆိုထားခြင်းမရှိသော ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသောပြဿနာများကို ဌာနအနေဖြင့် ဖြေရှင်းပေးမည်မဟုတ်ကြောင်း ယင်းကြေညာချက်အရ သိရသည်။

ဆက်သွယ်ဆောင်ရွက်ရမည့် သင်္ဘောကုမ္ပဏီများကို တရားဝင်ထုတ်ပြန်ပေးထားခြင်းကြောင့် သင်္ဘောသားများအနေဖြင့် မိမိနှင့်ဆက်သွယ်ထားသောကုမ္ပဏီကို တိုက်ဆိုင်စစ်ဆေးနိုင်ခြင်း၊ ကြေညာထားသည့်ကုမ္ပဏီ၏ ခိုင်မာမှုကို အလွယ်တကူ စုံစမ်းမေးမြန်းနိုင်ခြင်းတို့ကြောင့် များစွာအကျိုးရှိစေကြောင်း ဝါရင့်သင်္ဘောသားတစ်ဦးက ပြောကြားသည်။

ယခင်က သင်္ဘောကုမ္ပဏီနှင့် သင်္ဘောကိုယ်စားလှယ် (Agent) တို့၏ ခိုင်မာမှုကို အလွယ်တကူစုံစမ်းမရနိုင်သည့်အပြင် သင်္ဘောသား အတော်များများသည် တာဝန်ထမ်းဆောင်ရမည့်နိုင်ငံသို့ ရောက်ရှိသော်လည်း သင်္ဘောတက်ရောက်ခွင့်မရခြင်းကြောင့် ပြည်တော်ပြန်ရကြောင်း၊ အလုပ်ဝင်ပြီး လပိုင်းအကြာတွင် သင်္ဘောရောင်းချလိုက်၍ အလုပ်လက်မဲ့ဖြစ်ရကြောင်း အဆိုပါသင်္ဘောသားက ထပ်လောင်း ပြောကြားသည်။

www.foreverspace.com.mm



# မင်္ဂလာဈေးဆေးဆိုင်များတွင် နယ်စပ်မှဝင်ရောက်သော အမျိုးသားအားဆေးများ စစ်ဆေး

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လူသုံးကုန်၊ အထည်အလိပ်နှင့် ဆေးဝါးများကို လက်လီလက်ကား ဖြန့်ချိရောင်းချပေးနေသော အဆင့်မြင့်မင်္ဂလာဈေးအတွင်းရှိ ဆေးဆိုင်များတွင် နယ်စပ်ဒေသမှ တရားမဝင်ရောက်ရှိလာသည့် အမျိုးသားများသောက်သုံးသော အားဆေးသစ်တစ်မျိုးကို စက်တင်ဘာလ ၂၄ ရက်နေ့က လိုက်လံစစ်ဆေးခဲ့သည်ဟု မင်္ဂလာဈေးဆေးအရောင်းဆိုင်မှ ဦးဝင်းကိုက ပြောကြားသည်။

နယ်စပ်မှ ဝင်ရောက်လာသည့် အဆိုပါအမျိုးသားသုံးအားဆေးမှာ ပင်ပန်းနွမ်းလျမှုကို အားအင်ဖြည့်ဆည်းပေးသောဆေးမျိုးမဟုတ်ဘဲ စိတ်ဓာတ်တက်ကြွစေသည့် စိတ်ကြွဆေးများဖြင့် ရောနှောဓာတ်ပြုအသုံးပြုထားခြင်းကြောင့် ရှာဖွေသိမ်းဆည်းရန် လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဆေးဝါးမှာ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိဘဲ နယ်စပ်မှ တင်သွင်းလာပြီး ဈေးကွက်အတွင်း ပြတ်လပ်သွားသော ဆေးဝါးနေရာတွင် အာနိသင်တူသည်ဟု ထင်ရသောကြောင့် အစားထိုးသုံးစွဲနေကြခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆင့်မြင့်မင်္ဂလာဈေးရှိ ဆေးအရောင်းဆိုင်များ၌ အမျိုးသားအားဆေးများကို စစ်ဆေးရာတွင် ဆေးအရောင်းဆိုင်အများစု၌ ရောင်းချခြင်းမရှိကြောင်း၊ အဆိုပါအားဆေးမှာ ဆေးတောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း နိုင်ငံပိုင်သတင်းစာများတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် အကိုက်အခဲပျောက်ဆေးအချို့နှင့် အားဆေးအချို့ကို သက်ဆိုင်ရာတွင် မှတ်ပုံတင်ထားမှုမရှိသဖြင့် အရည်အသွေးစံချိန်မပြည့်မီကြောင်း ထုတ်ပြန်ခဲ့ (သတင်းဖော်ပြပြီး ခေတ်မြန်မာ Weekly Vol.2/No.16) သည်။

လက်ရှိမြန်မာနိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆေးဝါးတင်သွင်းခွင့်ပြုထားသည့် ဆေးဝါးအမျိုးအစားပေါင်း ၇၈၄၀ ရှိသည်။

# ကွန်ပျူတာပညာဒါနသင်တန်း အပတ်စဉ် (၁၅)သို့ ရောက်ရှိနေ၊ ဘာသာပြန် ပညာဒါနသင်တန်း တိုးချဲ့လက်ခံဖွင့်လှစ်

**သတင်းဆောင်းပါး – ကျော်နိုင်**

**၂–၁၀–၂၀၀၅**

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကွန်ပျူတာပညာရှင်လူငယ်များစုစည်း၍ IT² Group အမည်ဖြင့် တည်ထောင်ခဲ့ပြီး ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝံသမေဒနီစာသင်တိုက်အတွင်း ဖွင့်လှစ်ပို့ချသင်ကြားလျက်ရှိသည့် ကွန်ပျူတာပညာဒါနသင်တန်းသည် ယခုအခါ အပတ်စဉ် (၁၅)သို့ ရောက်ရှိနေပြီဖြစ်ပြီး အောက်တိုဘာလ ၉ ရက်မှစတင်၍ ဘာသာပြန်ပညာဒါနသင်တန်းကို ပထမဦးဆုံးအကြိမ်အဖြစ် တိုးချဲ့လက်ခံဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း အဆိုပါသင်တန်း၏နာယက ဦးသဇ္ဇနက အောက်တိုဘာလဆန်းတွင် ပြောကြားသည်။**

အဆိုပါကွန်ပျူတာပညာဒါနသင်တန်းကို ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် လူငယ်တစ်စုက ကမကထပြု၍ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်လူငယ်အချို့နှင့် ကွန်ပျူတာပညာရှင်အချို့ စုစည်းပြီး ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းဆုံအနီး၌ တည်ထောင်ဖွင့်လှစ်ပို့ချသင်ကြားခဲ့ကာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် အဆိုပါ ဝံသမေဒနီစာသင်တိုက်နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပို့ချသင်ကြားခဲ့ခြင်းဖြစ်ကြောင်း IT² Group ကိုတည်ထောင်သူအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးမျိုးမြင့်က ရှင်းပြသည်။

"ကျွန်တော်တို့ ပြည်ပရောက်နေတုန်းက ကွန်ပျူတာနည်းပညာနဲ့ ပတ်သက်လို့

www.foreverspace.com.mm





**သင်တန်းစစဉ်က ကွန်ပျူတာတစ်လုံးသာရှိခဲ့သည်**

အခက်အခဲတွေရင်ဆိုင်ရတဲ့အခါမှာ အချင်းချင်း တစ်ဦးနဲ့တစ်ဦး ဝိုင်းဝန်းကူညီဖြေရှင်းပေးတဲ့ အလေ့အထကလေးရှိခဲ့တယ်။ အခန်းတစ်ခန်းငှားပြီးတော့ စုဆုံကြရင်း တတ်တဲ့သူက ကူညီရှင်းပြပေးတာ။ ကျွန်တော်တို့ မြန်မာနိုင်ငံကို ပြန်ရောက်လာကြပြီး ပြန်ဆုံကြတဲ့အခါ အဲဒီအလေ့အထကလေးကို ဆက်လုပ်ရင်း ငွေကြေးအခက်အခဲကြောင့် ကွန်ပျူတာသင်တန်း မတက်နိုင်တဲ့သူတွေအတွက်ပါရည်ရွယ်ပြီး ဒီအခမဲ့ ကွန်ပျူတာပညာဒါနသင်တန်းကို ဖွင့်ဖြစ်သွားတာပဲ။ ကျွန်တော်တို့အထဲက တစ်ယောက်က သူပိုင်တဲ့အခန်းကလေးကို စိုက်ပေးတယ်။ ၂၀၀၂ ခုနှစ်ထဲရောက်တော့ အဲဒီအခန်းက မအားတော့ဘူးဖြစ်သွားတယ်။ ရန်ကုန်က မိတ်ဆွေတွေရဲ့အကူအညီနဲ့ လိုက်စုံစမ်းရင်း ကိုးထပ်ကြီးဘုရားဝင်းထဲက ဒီ ဝံသမေဒနီစာသင်တိုက်မှာ ဖွင့်ခွင့်ရလိုက်တယ်။ ၂၀၀၂ ခုနှစ် နိုဝင်ဘာလလောက်မှာပေါ့။ သင်တန်းပြန်စဖြစ်တာကတော့ ၂၀၀၃ ဇန်နဝါရီလဆန်းမှာပါ" ဟု သင်တန်းစတင်ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ ၎င်းက ရှင်းပြသည်။

"ကျွန်တော်တို့ စတင်တည်ထောင်ခါစမှာ ကျွန်တော်တို့အဖွဲ့ထဲကပဲ ကွန်ပျူတာတစ်လုံးနဲ့စခဲ့ကြတာ။ ဘုန်းကြီးကျောင်းကို ပြောင်းရွှေ့ပြီးတဲ့နောက်ပိုင်းမှာ ဂျပန်က ကွန်ပျူတာတစ်လုံးလှူတယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေလည်း တစ်လုံးထပ်စုဝယ်တယ်။ စုစုပေါင်းနှစ်လုံးနဲ့ ဒီမှာစခဲ့တာ အခုဆို ကွန်ပျူတာလေးလုံးရှိနေပြီ" ဟု ၎င်းက ဆိုသည်။

သင်တန်းတွင် Windows အခြေခံနှင့် Graphic ကို ဦးအေးမြင့်ဦး၊ Hardware ကို ဦးဖိုးနိုင်ဝင်း၊ Microsoft Excel ကို ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ကထိက ဒေါ်လှလှ၊ D.T.P ကို ဤသင်တန်းမှပင် သင်တန်းဆင်းပြီးသွားသူ လူငယ်တစ်ဦး၊ အင်္ဂလိပ်စာကို ဦးကျော်မြင့်နှင့် ဂျပန်ဘာသာစကားကို ဦးချိုကြီးတို့က စေတနာ့ဝန်ထမ်း သင်ကြားပို့ချပေးကြပြီး အပတ်စဉ် တစ်သုတ်လျှင် သင်တန်းကာလမှာ သုံးလခန့်ကြာမြင့်တတ်ကြောင်း သိရသည်။

"ဒီသုံးလသင်တန်းကလေးထဲမှာ ကွန်ပျူတာနဲ့ပတ်သက်လို့ Graphic ရော၊ Basic ရော၊ Hardware ရော၊ Excel ရော လေးမျိုးစလုံးပါတယ်။ တစ်ပတ်ကို တနင်္ဂနွေနေ့ တစ်နေ့ထဲ တစ်နေရာထဲမှာ တစ်ခါတည်းနဲ့ အကုန်ပေးနေတာ။ အကုန်ရသွားနိုင်တယ်" ဟု ဦးမျိုးမြင့်က ပြောပြသည်။

သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ ဦးသဇ္ဇနက ငွေကြေးချို့တဲ့၍ ကွန်ပျူတာသင်တန်းမတက်ရောက်နိုင်သူများအတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်သော်လည်း စိတ်ပါဝင်စားပြီး သင်တန်းတက်ရောက်လိုသူ မည်သူမဆိုလက်ခံကြောင်း၊ သင်တန်းဝင်လျှောက်ချင်း မှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊ သာသနာ့နယ်မြေဖြစ်၍ သရုပ်ပျက်ဝတ်စားဆင်ယင်မှုကိုမူ ခွင့်မပြုကြောင်း ရှင်းပြသည်။

"အချို့ဆို သင်တန်းပြီးသွားလည်း ဒီမှာ လာဆက်တက်နေကြတာပဲ။ အချို့ဒီကနေ သင်တန်းတက်သွားပြီး ကွန်ပျူတာကောလိပ် ဆက်တက်နေကြတာ ဒုတိယနှစ်တောင်ရောက်နေတယ်" ဟု ၎င်းကဆိုသည်။

"ဦးပဉ္ဇင်းတို့က ကလေးတွေရော သံဃာတွေပါ IT နည်းပညာနဲ့ပတ်သက်ပြီး ဗဟုသုတရပါစေဆိုပြီး ဒီသင်တန်းကို ဒီကျောင်းမှာ လက်ခံခွင့်ပြုခဲ့တာပါ။ မြန်မာနိုင်ငံမှာက နေရာတော်တော်များများမှာ IT နည်းပညာနဲ့အလှမ်းဝေးနေကြသေးတယ်။ အပြင်မှာ သင်တန်းတွေသွားတက်မယ်ဆိုရင်လည်း အနည်းဆုံး ၁၀၀၀၀ လောက်ရှိတယ်။ ကွန်ပျူတာကို မြင်ဖူးနှိပ်ဖူးတယ်ဆိုရုံလေးရသွားပါစေဆိုတဲ့ ရည်ရွယ်ချက်ကလေးနဲ့ ဒီသင်တန်းကို စခဲ့ကြပြီး ဒီ့ထက်အဆင့်မြင့်လာအောင် ကြိုးပမ်းသွားမယ်လို့ ရည်ရွယ်ထားတယ်" ဟု ဦးသဇ္ဇနက သင်တန်းလက်ခံဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ မြွက်ကြားတော်မူသည်။

သင်တန်းတွင် သင်တန်းသားများထံမှ အခကြေးငွေ တစ်ပြားတစ်ချပ်မျှမယူဘဲ သင်ပေးကြောင်း၊ အချို့သော သင်တန်းသားများမှာ ပညာကို လိုလိုချင်ချင်နှင့် ကျကျနနကြိုးစားသင်ယူကြသကဲ့သို့ အချို့မှာမူ အလကားသင်ရသည့်သင်တန်းဟူ၍ ပေါ့ပေါ့တန်တန်သဘောထားကြသည်ကို တွေ့ရကြောင်း၊ အလကားဆိုသည့်သဘောနှင့် အခမဲ့ဆိုသည့်သဘောကို မကွဲပြားကြကြောင်း၊ အခမဲ့စီစဉ်ပေးခြင်းသာဖြစ်ပြီး

www.foreverspace.com.mm

အလကားစီစဉ်ပေးခြင်းမျိုးမဟုတ်ကြောင်း ထပ်လောင်းရှင်းပြသည်။

သင်တန်းသားဦးရေ၊ သင်တန်းချိန်တို့နှင့် ပတ်သက်ပြီး ၎င်းက "သင်တန်းသားဦးရေကို မကန့်သတ်ထားပါဘူး။ တစ်ယောက်စီကို စက်တစ်လုံးစီမပေးနိုင်တော့ တနင်္ဂနွေနေ့မှာ Lecture ချိန်အနေနဲ့ ကွန်ပျူတာလေ့လာပုံနည်းစနစ်ပိုင်းတွေကို စာတွေ့သင်ကြားပို့ချပေးတယ်။ ကြားရက်တွေမှာတော့ မနက် ၉း၀၀ နာရီကနေ ၁၂း၀၀ နာရီတစ်ချိန်၊ ညနေ ၅း၀၀ နာရီကနေ ၆း၀၀ နာရီအတွင်းတစ်ချိန် တစ်နေ့နှစ်ကြိမ်နှုန်းနဲ့ အပြင်မှာလေ့ကျင့်ဖို့အခက်အခဲရှိတဲ့ကလေးတွေကို လာပြီးလေ့ကျင့်နိုင်အောင် စီစဉ်ပေးထားတယ်" ဟု ဆိုသည်။

ဝံသမေဒနီစာသင်တိုက်ကို မြန်မာသက္ကရာဇ် ၁၃၂၂ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး စာသင်စာချသံဃာအပါးရေ ၂၀၀ ခန့်နှင့် ကျောင်းတိုက်၌ လက်ခံဖွင့်လှစ်ထားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ တောင်တန်းဒေသများမှ လာရောက်ပညာဆည်းပူးနေကြသော ကျောင်းသား ၁၀၀ ဦးကျော် ရှိကြသည်။

"သံဃာတွေကို လောကီရေးရာနဲ့ ပတ်သက်ပြီး ပြောပြရရင် အခုအချိန်မှာ ကွန်ပျူတာနဲ့လက်တွေ့ချပြတာက ပိုပြီး အဆင်ပြေတယ်။ ဘက်ပေါင်းစုံက လွယ်လွယ်ကူကူချပြလို့ရတယ်။ ကျောင်းမှာရှိတဲ့ ဦးပဉ္ဇင်းတွေ၊ ကိုရင်တွေ၊ ကျောင်းသားတွေအားလုံး ထိုက်သင့်တဲ့ ဗဟုသုတရတယ်။ လုံးလုံးကျွမ်းကျင်တဲ့အဆင့်မဟုတ်ပေမယ့် ဒီနည်းပညာနဲ့ထိတွေ့ခွင့်ရတယ်။ ဗဟုသုတရတယ်။ ချို့တဲ့တဲ့ကလေးတွေလည်း IT နည်းပညာကို လေ့လာနိုင်ခွင့်ရတယ်" ဟု ဦးသဇ္ဈနက ဆိုပြန်သည်။

"သင်တန်းက ကွန်ပျူတာအခြေခံဆိုပေမယ့် Windows စနစ်အကြောင်း နှိုက်နှိုက်ချွတ်ချွတ် စေတနာပါပါ သင်ကြားပေးတာတွေ့ရတယ်။ Software Install လုပ်ပုံ၊ Data တွေ Back-up လုပ်ပုံ၊ တော်ရုံတန်ရုံပြဿနာတွေ အဖြေဘယ်လိုရှာမလဲကအစ Hardware ပိုင်းနည်းပညာ ရပ်ဆိုင်ရာ ဗဟုသုတတွေပါ စုံလင်အောင် ခြုံငုံပြီး သင်ကြားပေးတယ်။ သင်တန်းအပတ်စဉ်တစ်ခုကို ကျကျနန ဂရုတစိုက် မှန်မှန်တက်ပြီး ကြိုးစားလေ့လာမယ်ဆိုရင် အဲဒီ သုံးလတက်ခဲ့တဲ့ကျောင်းသားတစ်ယောက်ဟာ ကွန်ပျူတာကို နယ်မှာသုံးရရင်တောင်မှ မြို့ပြန်မေးစရာမလိုဘူး" ဟု ၎င်းက စေတနာ့ဝန်ထမ်း သင်တန်းနည်းပြများ၏ သင်ကြားပြသပုံနှင့် ပတ်သက်၍ ပြောပြသည်။

အဆိုပါသင်တန်းတွင်ပင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် အခမဲ့ပညာဒါန ဖွင့်လှစ်ပို့ချမည့် ဘာသာပြန်သင်တန်းတစ်ရပ်ကို အောက်တိုဘာလ ၉ ရက်နေ့မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ပို့ချသွားမည်ဟု သိရသည်။ "လူငယ်တွေ ဒီပညာကိုယူတတ်အောင်၊ တွေးတတ်အောင်၊ အီဒီယံတွေကို နားလည်အောင်၊ တကယ်ဝါသနာပါတဲ့သူတွေအဖို့ အခုလိုဂျာနယ်တွေ များများစားစားထွက်နေတဲ့ အချိန်မှာ ဘာသာပြန်နယ်ထဲဝင်နိုင်အောင် ရည်ရွယ်ပါတယ်။ အခုလောလောဆယ် ဘာသာပြန်တာကို သင်သွားမယ်။ နောက်ပိုင်းကျရင် ဘွဲ့လွန်သုတေသနပြုလုပ်နည်း၊ ကျမ်းရေးနည်းတွေအထိနဲ့ ကိုယ့်ဟာကိုယ် ဝတ္ထုတစ်ပုဒ်ရေးနိုင် ပြန်နိုင်တဲ့အဆင့်ထိရောက်အောင် သင်ကြားပေးသွားဖို့ရည်ရွယ်ပါတယ်" ဟု သင်တန်းပို့ချမည့် ဘာသာပြန်စာရေးဆရာ ကြည်မင်းက သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းပြသည်။ "အင်္ဂလိပ်စာ တကယ်ဝါသနာပါပြီး ဘွဲ့ရထားတဲ့သူဆို ပိုသင့်တော်ပါတယ်" ဟု ၎င်းသင်တန်းဝင်ခွင့်အရည်အချင်းနှင့်ပတ်သက်၍ ရှင်းပြသည်။

အဆိုပါ ပညာဒါနသင်တန်း၌ လာရောက်သင်ကြားပို့ချပေးကြသူများသည် ၎င်းတို့၏ အားလပ်ရက် တနင်္ဂနွေနေ့တစ်ရက်ကို မငဲ့ကွက်ဘဲ ကြိုးစားပမ်းစား လာရောက်သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းရေရှည်တည်တံ့အောင် မြင်ဖြစ်ထွန်းရေးအတွက် ကွန်ပျူတာ၊ စာအုပ်စာတမ်း၊ နည်းပညာ Software စသည့် သင်ထောက်ကူပစ္စည်းများ လိုအပ်နေသေးလျက်ရှိရာ ဆန္ဒရှိသူများအနေဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ အချိန်မရွေး အဆိုပါသင်တန်းကျောင်းသို့ လာရောက်လှူဒါန်းနိုင်ကြကြောင်း စီစဉ်သူများက ဆိုသည်။ ■

# ထီဆိုင်အချို့ ရောင်းအားအနည်းငယ်ကျ

**ရန်ကုန်၊ အောက်တိုဘာ ၅**

ရန်ကုန်မြို့တော်ရှိ နာမည်ရထီဆိုင်များ အပါအဝင် ထီဆိုင်အချို့မှာ အောက်တိုဘာလဆန်းပိုင်းမှစ၍ နေ့စဉ်ပုံမှန်ရောင်းနေကျ ရောင်းအားထက် အနည်းငယ် ကျဆင်းလာကြောင်း ထီကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ယင်းသို့ အရောင်းအဝယ်အနည်းငယ်ကျဆင်းလာခြင်းမှာ ပုံမှန်ထီထိုးကံစမ်းလေ့ရှိသူအချို့အပါအဝင် ထီဝါသနာရှင်အချို့မှာ မကြာမီ ရောင်းချတော့မည့်ဆုငွေ သိန်း ၅၀၀တန် ထီလက်မှတ်များကို အားပါးတရကံစမ်းနိုင်ရန်အတွက် ယခုကဲ့သို့ ကံစမ်းနေခြင်းကို အခိုက်အတန့်ရပ်တန့်လိုက်ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အောင်ဘာလေသိန်းဆုဌာနသည် ဆုငွေသိန်း ၅၀၀ တန် ထီလက်မှတ်များကို တစ်စောင်လျှင် ၁၀၀ ကျပ်နှုန်းဖြင့် နိုဝင်ဘာလ၁ ရက်နေ့ (၂၀၃)ကြိမ်မြောက်တွင် စတင်ရောင်းချမည် ဖြစ်သည်။

Phoenix News

www.foreverspace.com.mm

## ကျောင်းသားများအတွက် ရန်ကုန်မြို့တွင်း ဘုရားဖူးခရီးစဉ်များ မြန်မာ့ခရီးသွားလုပ်ငန်း စီစဉ်ပေး

**ရန်ကုန်၊ စက်တင်ဘာ ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ခရီးသွားလုပ်ငန်းသည် ကျောင်းသားကျောင်းသူများ၊ မိသားစုလိုက် ဘုရားဖူးထွက်လိုသူများအတွက် ရန်ကုန်မြို့တွင်း ဘုရားဖူးခရီးစဉ်များ စီစဉ်ပေးနေပြီဖြစ်ကြောင်း အဆိုပါဌာနမှ စုံစမ်းသိရှိရသည်။

ခရီးစဉ်ကို နေ့စဉ်နံနက် ၇ နာရီခွဲ အချိန်တွင် ဆူးလေဘုရားခြေရင်းမှ ကားစတင်ထွက်ခွာရန် စီစဉ်ထားပြီး ဗိုလ်တထောင်ဘုရား၊ ရွှေဘုန်းပွင့်ဘုရားနှင့် ကျိုက္ကဆံဘုရားတို့ကို ဖူးမြော်၍ နေ့လယ်၌ ကန်တော်ကြီးဥယျာဉ်တွင် ထမင်းစား အပန်းဖြေအနားယူမည်ဖြစ်သည်။ ထို့နောက် ရွှေတိဂုံဘုရား၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ မယ်လမုစေတီနှင့် ကမ္ဘာအေးစေတီတော်တို့ကို ဖူးမြော်ကြည်ညိုမည်ဖြစ်ပြီး ညနေ ၅နာရီတွင် ဆူးလေစေတီသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ဘုရားဖူးလိုက်ပါမည့်သူများကို တစ်ဦးလျှင် ၂၅၀၀ ကျပ်နှုန်း သတ်မှတ်ထားပြီး ၁၀ ဦးနှင့်အထက် လူဦးရေရှိလျှင် ကားများထွက်ခွာမည်ဟု အဆိုပါဌာနမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။


ခရီးသွားကုမ္ပဏီများအနေဖြင့် လုပ်ငန်းကြီးများ လုပ်ကိုင်နေ၍ အဆိုပါ ဘုရားဖူးခရီးစဉ်မျိုး မစီစဉ်ပေးနိုင်တော့သဖြင့် ကျောင်းပိတ်ရက်များပြားလာတော့မည့် ဝါကျွတ်ကာလများတွင် ဘုရားဖူးထွက်လိုကြသူများအတွက် အသုံးဝင်ကြောင်း ပုဇွန်တောင်မြို့နယ်မှ ကျောင်းဆရာမတစ်ဦးက သုံးသပ်ပြောကြားသည်။

## ၂၀၀၄-၂၀၀၅ ခုနှစ် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုသည် မြန်မာနိုင်ငံ စုစုပေါင်းကုန်သွယ်မှု၏ ၁၆.၃ ရာခိုင်နှုန်းရှိ

**သတင်းဆောင်းပါး – သောင်းထိုက်ကို**

**၈–၁၀–၂၀၀၅**

**၂၀၀၄–၂၀၀၅ ခုနှစ်တွင် မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် မြန်မာနိုင်ငံ စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၁၆.၃ ရာခိုင်နှုန်းနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပမာဏသည် မြန်မာနိုင်ငံနယ်စပ်ကုန်သွယ်မှုပမာဏ၏ ၅၄.၂ ရာခိုင်နှုန်းရှိသောကြောင့် မြန်မာ–တရုတ်နှစ်နိုင်ငံကုန်သွယ်ရေးသည် များစွာအရေးကြီးကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ Website တွင် ဖော်ပြထားသည်။**





မြန်မာ–တရုတ်ကုန်သွယ်ရေးကို ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံသို့ ရောက်ရှိရေး ရည်မှန်းဆောင်ရွက်ခဲ့သော်လည်း ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ နှစ်နိုင်ငံကုန်သွယ်ရေးသည် အမေရိကန်ဒေါ်လာ ၇၈၀.၅၅ သန်းခန့်သာရှိသေးသောကြောင့် ရည်မှန်းချက်၏ ထက်ဝက်ကျော်သာရှိသေးသည်ဟု ဆိုရမည်ဖြစ်သည်။ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုကို ဇယား (က) အတိုင်း တွေ့ရှိရပေသည်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင်လည်း မူဆယ်၊ လွယ်ဂျယ်၊ လိုင်ဇာ၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးစခန်းများ ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ကုန်သွယ်မှုပမာဏကို ဇယား(ခ) အတိုင်း တွေ့ရှိရပေသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိရာတွင် ပြီးခဲ့သည့်ဇူလိုင်လအတွင်းက တရုတ်နိုင်ငံ ကူမင်းမြို့တွင် ပြုလုပ်ခဲ့သော မဟာမဲခေါင်စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေး (GMS- Business Forum) တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MoU) နှင့် အရောင်းပဋိညာဉ်စာချုပ် (Sales Con-

**ဇယား (က) ငါးနှစ်တာကာလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ (အမေရိကန်ဒေါ်လာသန်း)**

| ခုနှစ် | ပို့ကုန် | သွင်းကုန် | စုစုပေါင်းကုန်သွယ်မှုတန်ဖိုး | ပိုငွေ/လိုငွေ |
|---|---|---|---|---|
| ၂၀၀၀–၀၁ | ၁၁၁.၇၉ | ၂၇၀.၆၂ | ၃၈၂.၄၁ | (–) ၁၅၈.၈၃ |
| ၂၀၀၁–၀၂ | ၂၂၉.၄၀ | ၃၀၇.၉၁ | ၅၃၇.၃၁ | (–) ၇၈.၅၁ |
| ၂၀၀၂–၀၃ | ၄၇၂.၂၃ | ၃၆၂.၈၉ | ၈၃၅.၁၂ | (+) ၁၀၉.၃၄ |
| ၂၀၀၃–၀၄ | ၂၂၄.၈၇ | ၄၇၁.၂၃ | ၆၉၆.၁၀ | (–) ၂၄၆.၃၆ |
| ၂၀၀၄–၀၅ | ၂၉၀.၉၀ | ၄၈၉.၆၅ | ၇၈၀.၅၅ | (–) ၁၉၈.၇၅ |

**Source – ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ဇယား (ခ) နယ်စပ်ကုန်သွယ်မှုပမာဏ (အမေရိကန်ဒေါ်လာသန်းပေါင်း)**

| ခုနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ပိုငွေ/လိုငွေ |
|---|---|---|---|---|
| ၂၀၀၀–၀၁ | ၁၂၄.၃၈ | ၁၀၀.၁၀ | ၂၂၄.၄၈ | (+) ၂၄.၂၈ |
| ၂၀၀၁–၀၂ | ၁၃၃.၁၂ | ၁၁၅.၈၅ | ၂၄၈.၉၆ | (+) ၁၇.၂၇ |
| ၂၀၀၂–၀၃ | ၁၅၈.၁၇ | ၁၃၂.၅၇ | ၂၉၀.၇၄ | (+) ၂၅.၆၀ |
| ၂၀၀၃–၀၄ | ၁၇၇.၂၆ | ၁၆၃.၈၄ | ၃၄၁.၁၀ | (+) ၁၃.၄၂ |
| ၂၀၀၄–၀၅ | ၂၄၆.၄၆ | ၁၇၆.၃၇ | ၄၂၂.၈၃ | (+) ၇၀.၀၉ |

**Source – ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

tracts) များ ချုပ်ဆိုနိုင်ခဲ့ကြသည်။

ယင်းစာချုပ်များအနက် ရေလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်၊ ပဲမျိုးစုံအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်၊ သစ်အရောင်းအဝယ်လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ဖိုးရှိစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါအစည်းအဝေးကာလအတွင်း မြန်မာကုန်သည်ကြီးများသည် ဒေါ်လာ သန်း ၂၉၀ ရှိ မြန်မာပို့ကုန်များကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ တင်ပို့ရန်အတွက် အမေရိကန်ဒေါ်လာ ၁၇၆ သန်းဖိုးကို အရောင်းအဝယ်စာချုပ်ဖြင့်လည်းကောင်း၊ ဒေါ်လာ ၁၁၄ သန်းဖိုးကို နားလည်မှုစာချွန်လွှာ (MoU) ဖြင့်လည်းကောင်း ချုပ်ဆိုနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့မှစတင်၍ နှစ်နိုင်ငံသံတမန်ဆက်သွယ်ခဲ့သည့်နောက်ပိုင်းတွင် နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ကုန်သွယ်ရေးသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ရာ–

(က) ၁၉–၁၁–၁၉၇၁ တွင် ဘေဂျင်းမြို့၌ လက်မှတ်ရေးထိုးခဲ့သော နှစ်နိုင်ငံအထွေထွေကုန်သွယ်ရေး သဘောတူစာချုပ် (General Trade Agreement)၊

(ခ) ၅–၈–၁၉၈၈ ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးခဲ့သည့် နယ်စပ်ကုန်သွယ်ရေးသဘောတူစာချုပ် (ကော်ပိုရေးရှင်းအဆင့်)၊

(ဂ) ၁၃–၈–၁၉၉၄ ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးခဲ့သည့် အစိုးရအဆင့် နယ်စပ်ကုန်သွယ်ရေးနားလည်မှုစာချွန်လွှာ၊

(ဃ) ၂၅–၃–၁၉၉၇ ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးခဲ့သော မြန်မာ–တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်၊

(င) ၂၄–၃–၂၀၀၄ ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးခဲ့သော နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ ဖြစ်သည်။

မြန်မာနိုင်ငံသည် နှစ်နိုင်ငံကုန်သွယ်မှုပမာဏရည်မှန်းချက်သို့ရောက်ရှိရန် ကြိုးပမ်းလျက်ရှိရာ ယခုအခါ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းခြင်းကဲ့သို့ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းဆိုင်ရာမှသည် ပြည်ပပို့ကုန် တိုးတက်ရေးအတွက် လယ်ယာထွက်ကုန်ကဏ္ဍဆိုင်ရာလုပ်ငန်းများ အားပေးလုပ်ဆောင်ခြင်းဖြင့် မြန်မာ–တရုတ်နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်လာဖွယ်ရာရှိပေသည်။

■



www.foreverspace.com.mm

www.foreverspace.com.mm



## ကြယ်ငါးပွင့်သင်္ဘောပေါ်မှ ကြက်သားပေါက်များ ဖျက်ဆီးအရေးယူ

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ ပင်လယ်ရေကြောင်း ဆိပ်ကမ်းမြို့တစ်ခုဖြစ်သည့် ကော့သောင်းမှတစ်ဆင့် ကြယ်ငါးပွင့်တောင်ကြီးသင်္ဘောဖြင့် တစ်ဖက်နိုင်ငံမှ တရားမဝင်သယ်ဆောင်လာသည့် ကြက်သားပေါက်ကောင်ရေ ၂၀၀၀ ကျော်ကို စစ်ဆေးတွေ့ရှိရသည့်အတွက် စက်တင်ဘာလအတွင်း မြိတ်မြို့တွင် ဖျက်ဆီးအရေးယူခဲ့ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု မြန်မာနိုင်ငံသို့ ကူးစက်မလာနိုင်စေရန် ရည်ရွယ်၍ ကြက်သားပေါက်များ တင်သွင်းခွင့်ကို ရပ်ဆိုင်းထားပြီး ရောဂါဖြစ်ပွားနေသောနိုင်ငံများမှတစ်ဆင့် တင်သွင်းလာသော ကြက်သားပေါက်များကိုလည်း နယ်စပ်ဖြတ်ကျော်ဂိတ်များတွင် စစ်ဆေး၍ အရေးယူလျက်ရှိကြောင်း၊ တွေ့ရှိပါက ကြက်သားပေါက်များကို ဖျက်ဆီးသည့်အပြင် သယ်ယူလာသည့် ကုန်သည်များကိုလည်း အရေးယူကြောင်း ညွှန်ကြားရေးမှူးက ရှင်းပြသည်။

ကြက်သားပေါက်များ တင်သွင်းရန်အတွက် တင်သွင်းမည့်နိုင်ငံမှ ရောဂါကင်းရှင်းကြောင်း ကြေညာ၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE)၏ အတည်ပြုချက် ရယူပြီးမှ တင်သွင်းခွင့်ရှိကြောင်း၊ ရောဂါဖြစ်ပွားသောနိုင်ငံများမှ တင်သွင်းလာခြင်းကို လက်ခံခွင့်ပြုမည်မဟုတ်ကြောင်း ညွှန်ကြားရေးမှူးက ဆက်လက် ရှင်းပြသည်။

## Online Based TOEFL ပုံစံသစ် ဖြေဆိုသူများ သတိထားရန်လို

**ရန်ကုန်၊ အောက်တိုဘာ ၈**

ယခင်က စာရွက်ပေါ်တွင်ရေးသားဖြေဆိုရသော Paper Based Test TOEFL စာမေးပွဲကို Internet Based Test (iBT) ခေါ် Online အခြေခံစာမေးပွဲပုံစံနစ်သို့ မကြာခင် ပြောင်းလဲတော့မည်ဖြစ်သဖြင့် မြန်မာနိုင်ငံမှ TOEFL စာမေးပွဲဝင်ရောက်ဖြေဆိုမည့်ကျောင်းသားများသည် စာမေးပွဲပုံစံနစ်နှစ်ခု၏ ကွာခြားချက်ကို အထူးသတိထားပြင်ဆင်သင့်ကြောင်း ရန်ကုန်မြို့ အမေရိကန်ပြန်ကြားရေးဌာန၌ စက်တင်ဘာလ ၇ ရက်နေ့ကကျင်းပပြုလုပ်ခဲ့သော The Online TOEFL (iBT) စာမေးပွဲမိတ်ဆက်ရှင်းပြခြင်း အခမ်းအနားတွင် အင်္ဂလိပ်စာနည်းပြ Mr. Tony Hayes က ပြောကြားသွားသည်။

ပြောင်းလဲသွားသော စာမေးပွဲပုံစံနစ်အသစ်တွင် အင်္ဂလိပ်စာ ကျွမ်းကျင်မှုကြား၊ ဖတ်၊ ရေး၊ ပြော ပုံစံလေးခုစလုံး ပါဝင်မည်ဖြစ်ပြီး ယခင် Paper Based TOEFL နှင့် Computer Based TOEFL စာမေးပွဲများကဲ့သို့ အင်္ဂလိပ်စာ သဒ္ဒါကို အထူးပြုမှုပါဝင်မည်မဟုတ်ဘဲ ယင်းနေရာတွင် Speaking Test ပါဝင်လာမည်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသွားသည်။

ထို့ပြင် ယခု TOEFL စာမေးပွဲပုံစံသစ်တွင် စာမေးပွဲဖြေဆိုချိန် လေးနာရီကြာမြင့်မည်ဖြစ်ပြီး မိမိ၏ အရည်အသွေးများကို ပေါင်းစပ်ဖြေဆိုမှုပုံစံ Integrated Test နှင့် မှတ်စုထုတ်ရေးသားဖြေဆိုရမည့်ပုံစံ Note Taking တို့ ပါဝင်သွားမည်ဟု Mr. Tony က ဆိုသည်။

ယခင်စာမေးပွဲပုံစံများတွင် မပါဝင်ဘဲ ယခု iBT TOEFL စာမေးပွဲပုံစံသစ်တွင် ပါဝင်လာမည့် စကားပြောစစ်ဆေးခြင်းသည် ဖြေဆိုချိန်မိနစ် ၂၀ ကြာမြင့်မည်ဖြစ်ပြီး မိမိရင်းနှီးရာခေါင်းစဉ်တစ်ခုအပေါ် မိမိအထင်အမြင်ကို ပြောကြားရသော သီးခြားဖြေဆိုမှုပုံစံ Independent Test ပုံစံနှစ်ခုနှင့် ရေးသားထားသည့်စာနှင့် နားထောင်မှုအပေါ်အခြေခံပြောကြားဖြေဆိုရမည့် Integrated Test ပုံစံလေးမျိုးပါဝင်မည်ဖြစ်သည်။

iBT TOEFL စာမေးပွဲဝင်ကြေးမှာမူ အမေရိကန်ဒေါ်လာ ၁၄၀ ကျသင့်မည်ဖြစ်ပြီး စာမေးပွဲဖြေဆိုရန် Online မှသာ လျှောက်ထားရမည်ဖြစ်ကြောင်း၊ အသေးစိတ်အချက်အလက်များကို www.est.org.toefl.nextgen ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်ဟု Mr. Tony Hayes က ဆိုသည်။

စာမေးပွဲဖြေပြီးပါက ရရှိသော TOEFL ရမှတ်များကိုလည်း ဖြေဆိုပြီး ၁၅ ရက်အကြာတွင် Online မှ တစ်ဆင့် ကြည့်ရှုနိုင်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံခြားတက္ကသိုလ်များ အထူး

www.foreverspace.com.mm

သဖြင့် အမေရိကန်တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိရန် အရည်အချင်းတစ်ခုဖြစ်သည့် TOEFL စာမေးပွဲကို ယခုနှစ် စက်တင်ဘာလ၌ အမေရိကန်နိုင်ငံ စာစစ်ဌာနများတွင် Online Based အဖြစ်စတင်ပြောင်းလဲဖြေဆို၍ရနေပြီဖြစ်ပြီး အောက်တိုဘာလတွင် ကနေဒါနှင့် ဥရောပ၊ ၂၀၀၆ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးပုံစံပြောင်းလဲသွားမည်ဟု TOEFL စာမေးပွဲစစ်ဆေးသည့်အဖွဲ့ဖြစ်သည့် ETS က ဆိုသည်။

မြန်မာနိုင်ငံတွင်မူ Online Based iBT TOEFL စာမေးပွဲပုံစံဖြေဆိုရန် ETS မှ သတ်မှတ်ထားသော စာစစ်ဌာန လောလောဆယ်မရှိသေးသဖြင့် မြန်မာနိုင်ငံမှ TOEFL ဖြေဆိုသူများသည် ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများသို့ သွားရောက်ဖြေဆိုရမည်ဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံမှ ပုဂ္ဂလိကကျောင်းအချို့သည် ETS ထံသို့စာဖြေဌာနများအနေဖြင့် ခွင့်ပြုရန်လျှောက်ထားနေကြပြီး၊ ETS တာဝန်ရှိသူများက လာရောက်စစ်ဆေးပြီး ခွင့်ပြုပါက Online Based TOEFL စာမေးပွဲများကို မြန်မာနိုင်ငံတွင်ပင် ဖြေဆို၍ ရနိုင်ဖွယ်ရှိကြောင်း ရန်ကုန်မြို့ အမေရိကန်ပြန်ကြားရေးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

Paper Based TOEFL စာမေးပွဲပုံစံဟောင်းများကို မြန်မာနိုင်ငံတွင် ပုံမှန်ကျင်းပပေးခဲ့ရာ နောက်ဆုံးဖြေခဲ့သော စာမေးပွဲတွင် ရန်ကုန်မြို့ အမေရိကန်ပြန်ကြားရေးဌာနအပါအဝင် TOEFL စာစစ်ဌာနသုံးခု၌ ဖြေဆိုခဲ့သူ ၃၀၀ ကျော်ရှိခဲ့သည်။

အမေရိကန်တက္ကသိုလ်များအပါအဝင် နိုင်ငံခြားတက္ကသိုလ်များကို ဝင်ခွင့်ရရှိရန်အတွက် သတ်မှတ်ထားသော TOEFL ရမှတ်မှာ ၅၈၀ ဖြစ်ပြီး မြန်မာနိုင်ငံမှ TOEFL ဖြေဆိုကြသော ကျောင်းသားများ၏ အရည်အချင်းသည် အရှေ့တောင်အာရှတွင် စတုတ္ထအဆင့်ရရှိကြောင်း Online သတင်းတစ်ပုဒ်အရ သိရသည်။

## မြန်မာကမ်းရိုးတန်းဒေသများတွင် FM ရေဒီယိုစခန်း ၁၂ ခုခန့် လိုအပ်

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

အလျားမိုင် ၁၄၀၀ နီးပါး ရှည်လျားသော မြန်မာကမ်းရိုးတန်းဒေသများတွင် ဆူနာမီရေလှိုင်းသတိပေးချက်အပါအဝင် အရေးပေါ် မိုးလေဝသသတင်းများကို ဒေသခံများ သတိပြုမိစေရန်အတွက် မိုးလေဝသသတင်းများ ထုတ်လွှင့်ပေးမည့် FM ရေဒီယိုစခန်း ၁၂ ခုခန့် လိုအပ်နေပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က စက်တင်ဘာလ ဒုတိယပတ်တွင် ပြောကြားသည်။

မြန်မာကမ်းရိုးတန်းဒေသတွင် FM ရေဒီယိုစခန်းများ တည်ထောင်သွားရန်အတွက် မြန်မာနိုင်ငံက UNESCO အဖွဲ့နှင့် IOC ကို အကူအညီတောင်းထားကြောင်း ၎င်းက ဆိုသည်။ လက်ရှိအခြေအနေတွင် မြန်မာ့အသံမှ မိုးလေဝသသတင်းများ ထုတ်လွှင့်ပေးနေသော်လည်း ၂၄ နာရီ ထုတ်လွှင့်နိုင်ခြင်းမရှိ၍ အချိန်နှင့် တစ်ပြေးညီမသိရှိနိုင်ကြောင်း၊ ထို့ကြောင့် ဆက်သွယ်ရေးခက်ခဲသော ဒေသများတွင် အရေးပေါ်မိုးလေဝသသတင်းများကို ဒေသခံများအချိန်မီသိရှိရန်အတွက် FM ရေဒီယိုစခန်းများ တည်ထောင်ရန် မိုး/ဇလ ဦးစီးဌာနက ကြိုးပမ်းနေကြောင်း ဦးထွန်းလွင်က ရှင်းပြသည်။

## မြိုင်ကြီးငူမှ မျက်စိဝေဒနာရှင် နှစ်ထောင်ကျော်ကို BDA ကုသပေး

**ရန်ကုန်၊ စက်တင်ဘာ ၂၉**

နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (BDA) က ကရင်ပြည်နယ် မြိုင်ကြီးငူဒေသတွင် မျက်စိရောဂါရှင်များအပါအဝင် လူနာ ၂၀၀၀ ကျော်အား ခွဲစိတ်ကုသပေးခဲ့ကြောင်း အသင်း၏ပြောရေးဆိုခွင့်ရှိသူ ဦးကျော်လှိုင်က ယခုလ နောက်ဆုံးပတ်အတွင်း ပြောကြားသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဝင် အထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်ဆရာဝန်ကြီးများပါဝင်သော အဖွဲ့ဝင် ၂၅ ဦးဖြင့် အဆိုပါမြိုင်ကြီးငူဒေသ၌ ယခုလ ၂၄ ရက်နှင့် ၂၅ ရက်နေ့က သွားရောက်ကုသပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းအဖွဲ့သည် မျက်စိရောဂါရှင် ၂၀၀၀ ကျော်အား အခမဲ့စမ်းသပ်ပေးခြင်း၊ မျက်မှန်များ အခမဲ့တပ်ဆင်ပေးခြင်းအပါအဝင် သွားရောဂါ၊ အရေပြားရောဂါ၊ အူရောင်ရောဂါ၊ အူကျရောဂါ၊ မီးယပ်ရောဂါများအား ကုသပေးခဲ့သည့်အပြင် ၄က်ဖျားပျောက်ဆေးနှင့် အားဆေးများကိုလည်း လှူဒါန်းခဲ့ကြောင်း ဦးကျော်လှိုင်၏ အဆိုအရ သိရသည်။

Phoenix News

# ဩစတြေးလျသံရုံးမှ ကနေဒါဗီဇာရရှိရေး ကူညီ

**ရန်ကုန်၊ စက်တင်ဘာ ၁၃**



**ရန်ကုန်မြို့တော်ရှိ ဩစတြေးလျသံရုံး(ပုံကြီး)နှင့် ကနေဒါနိုင်ငံ တိုရန်တိုမြို့(ပုံသေး)**

ရန်ကုန်မြို့တော်ရှိ ဩစတြေးလျနိုင်ငံဆိုင်ရာသံရုံးမှနေ၍ ကနေဒါဗီဇာရရှိရေးအတွက် ကူညီလုပ်ဆောင်ပေးမှုအချို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါသံရုံး ပထမအတွင်းဝန်က စက်တင်ဘာလ ဒုတိယပတ်တွင် ပြောကြားသည်။

ရန်ကုန်မြို့တော်၌ ကနေဒါသံရုံး မရှိသည့်အတွက် ဩစတြေးလျသံရုံးမှ ကနေဒါဗီဇာဖောင်များကို ထုတ်ပေးလျက်ရှိပြီး ယင်းဗီဇာလျှောက်လွှာကို ဘန်ကောက်ရှိ ကနေဒါသံရုံးသို့ပို့၍ ဘန်ကောက်သံရုံးမှ ဗီဇာထုတ်ပေးခြင်းကို ကြားနေဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ယခင်က ကနေဒါဗီဇာလျှောက်ထားသူများသည် ဘန်ကောက်သို့ သွားရောက်ပြုလုပ်ရသည့်အတွက် အချိန်ပေးနေထိုင်ရခြင်းအပါအဝင် အခက်အခဲများရှိကြောင်း၊ ယခုကဲ့သို့ ဩစတြေးလျသံရုံး၏ ကြားဝင်ဆောင်ရွက်ပေးမှုကြောင့် အဆင်ပြေကြောင်း ကိုယ်တိုင်ဆောင်ရွက်သူတစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

ကနေဒါသံရုံးကိုယ်စား ဩစတြေးလျသံရုံးအနေဖြင့် ကနေဒါနိုင်ငံသားများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးလေ့ရှိကြောင်း၊ ဘန်ကောက်ရှိ ကနေဒါသံရုံးနှင့် ဆက်သွယ်ပေးခြင်းဖြစ်ကြောင်း အဆိုပါသံရုံး ပထမအတွင်းဝန်က ပြောကြားသည်။

# ဆယ်ကျော်သက် ကျားနှင့် မ HIV/AIDS ကူးစက်မှုနှုန်း တူညီ

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံတွင် ၁၅ နှစ်မှ ၁၉ နှစ်အရွယ် ဆယ်ကျော်သက်များသည် အခြားအရွယ်များနှင့် နှိုင်းစာလျှင် ကျားနှင့် မ HIV/AIDS ကူးစက်မှုနှုန်း အချိုးအစား အတူတူပင်ဖြစ်နေသည်ကို တွေ့ရကြောင်း အမျိုးသား HIV/AIDS ရောဂါတိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာမင်းသွယ်က ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင် စက်မှုလက်မှုလုပ်ငန်းများ၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ဆယ်ကျော်သက် ကူးစက်မှုနှုန်းထားအတူတူဖြစ်နေရခြင်းမှာ ဆယ်ကျော်သက်များသည် ကျန်းမာရေးဗဟုသုတနည်းပါးကြောင်း၊ ထို့ပြင် ၁၅ နှစ်မှ ၁၉ နှစ်အရွယ် ဆယ်ကျော်သက်လေးများကို မိဘများက ကလေးဟု ယူဆထားသည့်အတွက် ခေတ်ရေစီးကြောင်းတွင် မျောပါပြီး အန္တရာယ်ရှိသည့် အပြုအမူပိုင်းဆိုင်ရာအုပ်စုတွင် ပါဝင်နေသည့်အတွက် မျက်ခြည်မပြတ်စောင့်ကြည့်ရန်လိုအပ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ၁၉၉၁ ခုနှစ်မှစပြီး AIDS ဝေဒနာသည်တစ်ဦးကို စတင်တွေ့ရှိကာ ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်ကုန်အထိ ဆေးရုံအတွင်း လူနာများနှင့် သွေးလှူရှင်များထဲ၌ ရောဂါပိုးရှိသူ ၅၉၈၇၇ ဦးရှိသည်ကို တွေ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားသောစာရင်းများအရ သိရသည်။

■



www.foreverspace.com.mm

www.foreverspace.com.mm



## သင်္ဘောသားအေးဂျင့် ကုမ္ပဏီနှစ်ခု ယာယီရပ်ဆိုင်း

**ရန်ကုန်၊ ဩဂုတ် ၂၅**

သင်္ဘောသားအလုပ်အကိုင်ရှာဖွေရေး အေးဂျင့်ကုမ္ပဏီနှစ်ခုဖြစ်သော TAI TIN SHIPPING PTE., LTD. နှင့် SITAR SHIPPING CO., LTD. အား လက်ရှိ လုပ်ကိုင်လျက်ရှိသည့်လုပ်ငန်းဆောင်ရွက်ခွင့်များ ရပ်ဆိုင်းထားကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သင်္ဘောသား အလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ထုတ်ပြန်ကြေညာသည်။

အဆိုပါသင်္ဘောကုမ္ပဏီနှစ်ခုမှာ သင်္ဘောသားထံမှ ကိုယ်စားလှယ်က ငွေကြေးရယူလိုမှုအတွက်ကြောင့် စုံစမ်းစစ်ဆေးရန်ရှိ၍ ယာယီရပ်ဆိုင်းရခြင်းဖြစ်ကြောင်း ကြေညာချက်အရသိရပြီး TAI TIN SHIPPING PTE., LTD. ကို ဩဂုတ်လ ၁၆ ရက်နေ့တွင်လည်းကောင်း၊ SITAR SHIPPING ကုမ္ပဏီအား ဩဂုတ်လ ၈ ရက်နေ့တွင်လည်းကောင်း လုပ်ငန်းဆောင်ရွက်ခွင့်များ ယာယီရပ်ဆိုင်းရန် ကြေညာခဲ့ခြင်း ဖြစ်သည်။

ပြည်ပဈေးကွက်မှ မျက်စိကျလာသော မြန်မာသင်္ဘောသားများနှင့် ပြည်ပကုမ္ပဏီများအကြား ဝန်ဆောင်မှုပေးနေသော ကြားနေကုမ္ပဏီများ၏ ညံ့ဖျင်းသောဝန်ဆောင်မှုများကြောင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ပြင်းထန်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း (The Voice Weekly Vol.1, No. 34 တွင်သတင်းဖော်ပြပြီး) ကြေညာချက် ထုတ်ပြန်ထားပြီးဖြစ်သည်။

## ပြည်မြန်မာကုန်တိုက်အောက် မိုဘိုင်းလ်ဖုန်းခေါ်မရ

**ရန်ကုန်၊ အောက်တိုဘာ ၄**

ပြည်မြန်မာကုန်တိုက်အတွင်းသို့ မိုဘိုင်းလ်ဖုန်းကိုင်ဆောင်၍ ဈေးဝယ်လာသူအများစုသည် မိမိတို့၏ မိုဘိုင်းလ်ဖုန်းဖြင့် ပြင်ပသို့ခေါ်ဆိုလျှင် ဖုန်းလိုင်းများ ပြတ်တောက်ခြင်းနှင့် လိုင်းပြုတ်ကျခြင်းတို့ မကြာခဏ ကြုံတွေ့ရသည်ဟု ဈေးဝယ်ရန် လာရောက်သူတစ်ဦးက ပြောကြားသည်။

ဖုန်းလိုင်းပြတ်ခြင်းနှင့် လိုင်းပြုတ်ကျရခြင်းမှာ ပြည်မြန်မာကုန်တိုက်ကြီး၏ ပတ်လည်တွင် မှန်နှင့် အလူမီနီယံများ ပတ်လည်ကာရံထားခြင်းကြောင့် အသံလှိုင်းအဝင်အထွက်ကို အတားအဆီး အနှောင့်အယှက်ဖြစ်နိုင်၍ ခေါ်ဆိုရန် အခက်အခဲများ ရင်ဆိုင်ရခြင်းဖြစ်သည်ဟု မိုဘိုင်းလ်ဖုန်း ကိုင်ဆောင်ထားသူများမှ ခန့်မှန်းပြောဆိုနေကြကြောင်း အဆိုပါ ဈေးဝယ်သူမှ ထပ်လောင်းပြောကြားသည်။

## ၂၀၀၅-၂၀၀၆ မှစတင်၍ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲများ ပြည်ပသို့ တိုးတက်တင်ပို့မည်

**ရန်ကုန်၊ အောက်တိုဘာ ၂**

မြန်မာနိုင်ငံသည် ၂၀၀၅–၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်စဉ် ကျွဲ၊ နွားလေးသောင်းမှ ကိုးသောင်း၊ သိုး၊ ဆိတ် ခြောက်သောင်းမှ ၁.၈ သိန်း၊ ဝက် ငါးသောင်းမှ လေးသိန်း၊ ကြက်၊ ဘဲ သုံးသိန်းမှ ရှစ်သိန်းအထိ ပြည်ပသို့ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် တိရစ္ဆာန်အစာလိုအပ်မှုစာတမ်းတွင် ဖော်ပြပါရှိသည်။

အဆိုပါစာတမ်းတွင် မြန်မာနိုင်ငံသည် ၁၉၉၉–၂၀၀၀ နှင့် ၂၀၀၀–၂၀၀၁ ခုနှစ်အတွင်း နွားနှင့် ဆိတ်အရှင်များ မလေးရှားနိုင်ငံသို့ တင်ပို့ခဲ့ပြီး တိရစ္ဆာန်ထွက်ပစ္စည်း (သားရေ)ကို ပြည်ပသို့ နှစ်စဉ်ပုံမှန်တင်ပို့လျက်ရှိသည်ဟု ဖော်ပြထားသည်။

ပြည်ပမှတင်သွင်းမှုတွင် နေ့စဉ်စားသောက်ကုန်၊ အသားနှင့် ဥတင်သွင်းမှုများမရှိဘဲ၊ မိဘမျိုးရိုးကြက်နှင့် မျိုးကြက်ဥများ တင်သွင်းမှုရှိကြောင်း၊ ထို့ပြင် နို့မှုန့်၊ နို့ဆီ၊ နို့စိမ်း တန် ၁.၅ သောင်းခန့်နှင့် တိရစ္ဆာန်ဆေးဝါးနှင့် တိရစ္ဆာန်ဖြည့်စွက်စာများ တင်သွင်းမှုရှိကြောင်း အဆိုပါစာတမ်းအရ သိရသည်။

မွေးမြူရေးလုပ်ငန်းသည် စနစ်တကျ ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ပါက နိုင်ငံခြားဝင်ငွေများစွာ ရှာဖွေပေးနိုင်သော နယ်ပယ်တစ်ရပ်ဖြစ်သည့်အတွက် ယခုထက် ပိုမို၍ ထပ်မံတိုးချဲ့သင့်ကြောင်း မွေးမြူရေးလောကသားအချို့က သုံးသပ်သည်။

■

www.foreverspace.com.mm



## ဓာတ်အားခပေးဆောင်ရန် ပျက်ကွက်သောအိမ်များကို မီတာပုံးဖြုတ်သိမ်း

**ရန်ကုန်၊ အောက်တိုဘာ ၁**

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားအသုံးပြုသောသူများမှ ဓာတ်အားခပေးဆောင်ရန် ပျက်ကွက်ခြင်း၊ ကြွေးကျန်ထားရှိခြင်းများကို သက်ဆိုင်ရာက မီတာပုံးများ ဖြုတ်သိမ်းခြင်းဖြင့် အရေးယူလျက်ရှိသည်ဟု တာမွေမြို့နယ် ကျောက်မြောင်းတွင်နေထိုင်သူတစ်ဦးက ပြောကြားသည်။

တာမွေမြို့နယ် ကျောက်မြောင်းရပ်တွင် ဓာတ်အားခပေးဆောင်ရန် ပျက်ကွက်ခြင်းကြောင့် မကြာသေးခင်က မီတာပုံးများ ဖြုတ်ယူသိမ်းဆည်းခြင်းခံရသည်များရှိခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

သတ်မှတ်ရက်အတွင်း ဓာတ်အားခပေးဆောင်ရန် ပျက်ကွက်ပါက မီးဖြတ်ခံရမည်ဖြစ်ကြောင်း ဓာတ်အားခတောင်းခံလွှာတွင် အတိအလင်း ဖော်ပြထားသည်။

Phoenix News

## ကန်တော်ကြီးဥယျာဉ်ရှိ ပုပ္ပားတောင်ကလပ်ကို ကန်တော်ကြီးကျောက်တောင်ဟု အမည်ပြောင်းလဲဖွယ်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၆**



**ပုပ္ပားတောင်ကလပ်ဟု အမည်ပေးလျှင် အခက်အခဲများဖြစ်လာနိုင်ဖွယ်ရှိ၍ အမည်ပြောင်းရန် စဉ်းစားခြင်းဖြစ်သည်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်လျက်ရှိသော ကန်တော်ကြီးအပန်းဖြေဥယျာဉ်အတွင်းရှိ 'ပုပ္ပားတောင်ကလပ်' ကို 'ကန်တော်ကြီးကျောက်တောင်' ဟု အမည်ပြောင်းလဲဖွယ်ရှိသည်ဟု သတင်းများဖြစ်ပေါ်နေကြောင်း အဆိုပါကျောက်တောင်တွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချရန် ပြင်ဆင်နေသူအချို့ထံမှ သတင်းရရှိသည်။

မူလ ပုပ္ပားတောင်မှာ ဝိဇ္ဇာဓိုရ်ရှိတို့ကြီးစိုးရာနယ်မြေဖြစ်ပြီး လွန်စွာနတ်ကြီးသည်ဟု အယူရှိ၍ ကန်တော်ကြီးအပန်းဖြေဥယျာဉ်တွင် တည်ဆောက်နေသည့် ပုပ္ပားတောင်ကလပ် ပုံစံတူတောင်ကလပ်မှာလည်း တန်ခိုးကြီးဖွယ်ရှိကြောင်း၊ အဆိုပါတောင်ကလပ်တွင် စားသောက်ဆိုင်များနှင့် ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခွင့်ပြုမည်ဖြစ်၍ 'ပုပ္ပားတောင်ကလပ်' အမည်ပေးထားပါက စားသောက်ဆိုင်များကြောင့် အခက်အခဲတချို့ရှိနိုင်၍ 'ကန်တော်ကြီးကျောက်တောင်' ဟု အမည်ပြောင်းလဲဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

ကန်တော်ကြီးအပန်းဖြေဥယျာဉ်တွင် တည်ဆောက်လျက်ရှိသော 'ပုပ္ပားတောင်ကလပ်' ကို ငါးထပ်အဆောက်အအုံ ပုပ္ပားတောင်ကလပ်ပုံစံ တည်ဆောက်နေခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စားသောက်ဆိုင်များနှင့် ပစ္စည်းအရောင်းဆိုင်များ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။

www.foreverspace.com.mm



# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ Trade Facilitation အလုပ်ရုံဆွေးနွေးပွဲ လာရောက်ပြုလုပ်

**ရန်ကုန်၊ စက်တင်ဘာ ၇**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အတွင်းရေးမှူးရုံးရှိ Trade Facilitation ဌာနမှ Mrs. Nora Neu Feld သည် စက်တင်ဘာ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ လာရောက်ပို့ချသွားကြောင်း အဆိုပါဝန်ကြီးဌာနရှိ ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့ (MIRT) မှ သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲတွင် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် သွင်းကုန်ထုတ်ကုန်လုပ်ငန်းများတွင် စာရွက်စာတမ်းများ အသုံးပြုမှုလျှော့ချရေး၊ ကုန်သွယ်ရေးစည်းမျဉ်းများကို ပြည်သူများသိစေရန် အချိန်မီကြေညာပေးရေး၊ သွင်းကုန်ထုတ်ကုန်ပိုင်းဆိုင်ရာပေးချေရမည့် ကုန်ကျစရိတ်လျှော့ချရေး၊ အကောက်ခွန် မဟုတ်သော အတားအဆီးများကို လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် တစ်ဆင့်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့မှုဆိုင်ရာကိစ္စရပ်များကို လာရောက်ဆွေးနွေးပို့ချခဲ့ကြောင်း MIRT မှ သတင်းရရှိသည်။

# ဟိုတယ်အဆောက်အအုံများဆောက်လျှင် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုချက်တောင်းရမည်

**ရန်ကုန်၊ အောက်တိုဘာ ၄**

ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်း ဆောင်ရွက်လိုသူများသည် အဆောက်အအုံမဆောက်မီ လိုအပ်သည့်စာရွက်စာတမ်းများကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့တင်ပြ၍ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်ဟု သက်ဆိုင်ရာက ညွှန်ကြားထားကြောင်း ရန်ကုန်မြို့ရှိ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထပ်မံ၍ ဟိုတယ်အသစ်ဆောက်လုပ်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းတို့ ကန့်သတ်မည့် အဆောက်အအုံနှင့်ပတ်သက်၍ ညွှန်ကြားရခြင်းမှာ ဟိုတယ်နှင့် ရိပ်သာဆောက်လုပ်ရာတွင် အခန်းအရေအတွက်နှင့် ဈေးနှုန်းဟန်ချက်ညီစေရန်နှင့် ဟိုတယ်နှင့် ရိပ်သာဆောက်လုပ်ရာတွင် စည်းမျဉ်းစည်းကမ်းများ ကိုက်ညီစေရန် အထူးကြပ်မတ်သွားမည့်အပြင် လက်ရှိလည်ပတ်နေသော ဟိုတယ်နှင့် တည်းခိုခန်းများအနေဖြင့် ဟိုတယ်ဝန်ဆောင်မှုမဟုတ်သည့် အခြားအပန်းဖြေဝန်ဆောင်မှုများဆောင်ရွက်နေခြင်းနှင့် အခန်းအရေအတွက်နည်းပြီး ဈေးနှုန်းနှင့် ဝန်ဆောင်မှုအဆင့်အတန်းနိမ့်ခြင်းကို တွေ့ရှိလျှင် လုပ်ငန်းလိုင်စင်ရုပ်သိမ်းမည်ဖြစ်ကြောင်း ၎င်းညွှန်ကြားချက်တွင် ဖော်ပြထားသည်။

# ဆိပ်ကမ်းအဆင့်မြှင့်တင်ရေး စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများ ဂျပန်နိုင်ငံမှ လာရောက်ပြုလုပ်ရန်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံတွင် Port Facility Life Cycle Management Seminar နှင့် Port Security Workshop များကို ဂျပန်နိုင်ငံမှ လာရောက်ပြုလုပ်ရန်ရှိကြောင်း ဂျပန်သံရုံးမှ စုံစမ်းသိရှိရသည်။ အဆိုပါ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန် ဂျပန်နိုင်ငံမှ အဆင့်မြင့်အရာရှိခုနစ်ဦးသည် ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်းနှင့် စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲကို နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဂျပန်သံရုံးမှ သိရသည်။ ယင်းဆွေးနွေးပွဲများကဲ့သို့ပင် ဆိပ်ကမ်းလုံခြုံရေး (Port Security)၊ သင်္ဘောလုံခြုံရေး (Ship Security) တို့နှင့် သက်ဆိုင်သော ပင်လယ်ပြင်လုံခြုံရေး (Maritime Security) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO- International Maritime Organization) မှ ပညာရှင်များ ယခုနှစ် မတ်လနှင့် ဧပြီလများတွင် လာရောက်ပို့ချသွားခဲ့ (The Voice Weekly Vol-1, No-33 တွင် သတင်းဖော်ပြပြီး) သည်။

အဆိုပါဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့် ဂျပန်နိုင်ငံအပြင် အခြားနိုင်ငံများနှင့် ပတ်သက်သော ဆိပ်ကမ်းသာယာလုပရေး၊ ဆိပ်ကမ်းလုံခြုံရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို အလွယ်တကူ လေ့လာသိရှိနိုင်မည်ဖြစ်၍ အကျိုးကျေးဇူးများစွာရှိကြောင်း ရေကြောင်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။ ■

www.foreverspace.com.mm



## စက္ကူဈေးနှုန်းကြောင့် စောင်ရေလျှော့ကျ

**ရန်ကုန်၊ နိုဝင်ဘာ ၄**

နိုင်ငံခြားဖြစ်စက္ကူဖြင့် ထုတ်ဝေသည့် နာမည်ကျော်ဂျာနယ်၊ မဂ္ဂဇင်းများသည် စက္ကူဈေးနှုန်းအပြောင်းအလဲကြောင့် သတင်းအရည်အသွေးထက် ထုတ်ဝေသည့်စောင်ရေလျှော့ချရန် စဉ်းစားနေကြသည်ဟု ဂျာနယ်၊ မဂ္ဂဇင်းလောကမှလာသည့် သတင်းများအရ သိရသည်။

နိုင်ငံခြားဖြစ် စက္ကူအရွက် ၅၀၀ ပါ ဆိုဒ်ကြီးတစ်ထုပ်လျှင် ပြီးခဲ့သည့် စက်တင်ဘာလတွင် ကျပ်သုံးသောင်းတစ်ထောင်မှ ယခုလတွင် လေးသောင်းတစ်ထောင်ကျော်အထိ ဈေးနှုန်းပြောင်းလဲသွားသည်။ ယခုဈေးနှုန်းအပြောင်းအလဲသည် မြန်မာနိုင်ငံ၏ စာအုပ်ထုတ်ဝေမှုသမိုင်းတစ်လျှောက်တွင် ဈေးနှုန်းအမြင့်ဆုံးအပြောင်းအလဲဖြစ်ပြီး ပြည်တွင်းဖြစ်စက္ကူဖြင့် ထုတ်လုပ်သည့် ဂျာနယ်၊ မဂ္ဂဇင်းများ ထိခိုက်မှုမရှိသေးကြောင်း ဂျာနယ်၊ မဂ္ဂဇင်းဈေးကွက်များမှလာသော သတင်းများအရ သိရသည်။

## ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်သို့ ဂျပန်နိုင်ငံ ကူညီထောက်ပံ့

**ရန်ကုန်၊ စက်တင်ဘာ ၁၆**



ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ၈၈၁၄၀ လှူဒါန်းသည်

ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင် သွားဘက်ဆိုင်ရာကုသမှုများ တိုးချဲ့လုပ်ကိုင်သွားရန်နှင့် လိုအပ်သောဆေးဘက်ဆိုင်ရာ အသုံးအဆောင်ကိရိယာများဝယ်ယူရန် Japan's Grassroots Grant Assistance Scheme အစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရမှ အလှူငွေ အမေရိကန်ဒေါ်လာ ၈၈,၁၄၀ ကို ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးက စက်တင်ဘာလ ၁၆ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သည် မြန်မာနိုင်ငံတွင် သွားဘက်ဆိုင်ရာဆေးပညာကို ပထမဦးဆုံး သင်ကြားပို့ချပေးခဲ့သည့် ဆေးတက္ကသိုလ်ဖြစ်ပြီး နှစ်စဉ်ဆေးကုသရန် အခကြေးငွေမတတ်နိုင်သော လူနာ ၈၀၀၀ ခန့်အား အလုပ်သင်ဆရာဝန်များက အခမဲ့ကုသပေးနေသောနေရာ ဖြစ်သည်။ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့ လာရောက်ကြသည့် လူနာအများစုမှာ အခြေခံလူတန်းစားများဖြစ်ပြီး ဆေးတက္ကသိုလ်၏ငင်းတို့အပေါ် ဆေးကုသမှုများ ပိုမိုတိုးချဲ့ကုသပေးနိုင်ရန် ဂျပန်အစိုးရက ထောက်ပံ့ကူညီပေးခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်အရ သိရသည်။ ဂျပန်အစိုးရထံမှ လှူဒါန်းငွေဖြင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၏ လူနာများအတွက် သွားဘက်ဆိုင်ရာ ဆရာဝန်သုံး ကုလားထိုင် ၂၂ လုံးနှင့် အခြားလိုအပ်သော ဆေးဘက်ဆိုင်ရာ ကိရိယာများကို ဝယ်ယူသွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်သို့ ဂျပန်နိုင်ငံအစိုးရမှ အဆိုပါအလှူငွေပေးအပ်မည့် သဘောတူစာချုပ်ကို စက်တင်ဘာ ၁၆ ရက်နေ့၌ ဂျပန်နိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr.Hiroshi Kawamura နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာဘမြင့်တို့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ဂျပန်သံရုံးမှ တရားဝင်သတင်းထုတ်ထားသည်။ ■

www.foreverspace.com.mm



# ကျွန်းစိုက်ခင်းများအတွင်း ပြည်ပပို့ကုန်သီးနှံများ သီးညှပ်အဖြစ် စိုက်ပျိုးလျက်ရှိ

**ရန်ကုန်၊ အောက်တိုဘာ ၄**

မြန်မာနိုင်ငံ ဒေသအသီးသီးရှိ ကျွန်းစိုက်ခင်းများတွင် ပြည်ပပို့ကုန်သီးနှံများအား သီးညှပ်အဖြစ် စိုက်ပျိုးမှုကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့ (MIRT) မှ သိရှိရသည်။

အဆိုပါ သီးညှပ်စိုက်ပျိုးမည့် ကျွန်းစိုက်ခင်းများမှာ အထက်ပါဝန်ကြီးဌာနနှစ်ခုပိုင်စိုက်ခင်းများဖြစ်ပြီး ပြည်ပပို့ကုန်သီးညှပ်များစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေးကုမ္ပဏီများအား ဆောင်ရွက်စေခြင်းဖြစ်ကြောင်း MIRT က ဆိုသည်။ သီးညှပ်စိုက်ဧရိယာကို ကျွန်းစိုက်ခင်းအဖြစ် သတ်မှတ်ထားသော ကြိုးဝိုင်းအတွင်းရှိ လစ်လပ်နေသော မြေနေရာများအပြင် ကျွန်းပင်များ၏ အောက်ခြေများတွင် ဖော်ထုတ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိ ကျွန်းစိုက်ခင်းများအတွင်း သီးညှပ်ဧက ၆၅၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း MIRT ၏အဆိုအရ သိရသည်။

သီးညှပ်စိုက်ပျိုးသည့်သီးနှံများမှာ ပြည်ပဝယ်လိုအားရှိသော နှမ်း၊ ပြောင်း၊ ပဲတီစိမ်း၊ နေကြာ၊ ကြက်ဆူ၊ မြေပဲ၊ ပဲစင်းငုံ စသည့်သီးနှံအများစုဖြစ်ပြီး ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်ဒေသအသီးသီးရှိ ကျွန်းစိုက်ခင်းများအတွင်း စိုက်ပျိုးလျက်ရှိကြောင်း MIRT ထံမှ စုံစမ်းသိရှိရသည်။ သီးညှပ်စိုက်ပျိုးလိုသူများအနေဖြင့်လည်း အဆိုပါဝန်ကြီးဌာနနှစ်ခုသို့ တင်ပြချက်များပေးပို့၍ စိုက်ဧကများတောင်းခံစိုက်ပျိုးနိုင်ကြောင်း၊ အဆိုပါ သီးညှပ်စိုက်ခင်းများမှ ထွက်ရှိလာသောသီးနှံများကို ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိဖွယ်ရှိကြောင်း MIRT က ထပ်လောင်းပြောကြားသည်။

# အင်တာနက်အခြေခံ TOEFL စာမေးပွဲစင်တာများအဖြစ် ရန်ကုန်ပညာသင်ကျောင်းများ လျှောက်ထား

**ရန်ကုန်၊ စက်တင်ဘာ ၇**

TOEFL စာမေးပွဲစစ်ဆေးရာတွင် ပုံစံသစ်ဖြစ်သော IBT ခေါ် အင်တာနက်အခြေခံ TOEFL စာမေးပွဲစနစ်သို့ ၂၀၀၆ ခုနှစ်၌ ကမ္ဘာတစ်ဝန်းလုံး ပြောင်းလဲသွားမည်ဖြစ်သဖြင့် IBT စာမေးပွဲစင်တာများအဖြစ် ရန်ကုန်ပညာသင်ကျောင်းများမှ ETS ခေါ် TOEFL ပညာရေး စာမေးပွဲဘုတ်အဖွဲ့သို့ လျှောက်ထားနေပြီဖြစ်ကြောင်း ရန်ကုန်မြို့ရှိ အမေရိကန်ပြန်ကြားရေးဌာနထံမှ သိရသည်။

IBT စာမေးပွဲစင်တာများအတွက် လျှောက်ထားသောကျောင်းများကို အရည်အချင်းကိုက်ညီမှုရှိမရှိ ETS မှ လာရောက်စစ်ဆေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိမှသာ IBT စာမေးပွဲစင်တာအဖြစ် အသိအမှတ်ပြုမည်ဖြစ်သည်။

အင်တာနက်အခြေခံ TOEFL စာမေးပွဲပုံစံသစ်တွင် အင်တာနက်အသုံးပြု၍ စာမေးပွဲဖြေဆိုချိန် လေးနာရီကြာမည်ဖြစ်ပြီး ယခင် TOEFL စာမေးပွဲများကဲ့သို့ သဒ္ဒါတည်ဆောက်ပုံ မေးခွန်းပါဝင်မည်မဟုတ်ဘဲ စကားပြောကိုသာ ထည့်သွင်းထားကြောင်း အမေရိကန်သံရုံးပြန်ကြားရေးဌာနမှ နည်းပြ Mr.Tony Hayes က စက်တင်ဘာ ၇ ရက်နေ့တွင် အမေရိကန်စင်တာ၌ ပြုလုပ်သော TOEFL စာမေးပွဲပုံစံသစ်အကြောင်း ဟောပြောပွဲအခမ်းအနားတွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်ရှိ Paper Based TOEFL စာမေးပွဲပုံစံဖြင့် စစ်ဆေးနေသော TOEFL စာမေးပွဲစင်တာသုံးခုရှိပြီး ယခုနောက်ဆုံး စစ်ဆေးခဲ့သော TOEFL စာမေးပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသား ၃၀၀ ဦးခန့် ဝင်ရောက်ဖြေဆိုခဲ့ကြောင်း အမေရိကန်ပြန်ကြားရေးဌာနမှ သိရသည်။

TOEFL စာမေးပွဲများ၌ မြန်မာကျောင်းသားများ၏ အမြင့်ဆုံးရမှတ်မှာ ၆၇၀ ရှိပြီး ကျောင်းသူမိန်းကလေးက ရရှိကြောင်း Mr. Tony Hayes က ပြောကြားသည်။ ■

www.foreverspace.com.mm



# ရခိုင်ကမ်းလွန်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်း၌ စပ်တူလုပ်ကိုင်ရန် နိုင်ငံခြားကုမ္ပဏီသုံးခုနှင့် ဒေဝူးလက်မှတ်ရေးထိုး

**ဆိုးလ်၊ အောက်တိုဘာ ၄**

သဘာဝဓာတ်ငွေ့ပမာဏ မြောက်မြားစွာထွက်ရှိသော မြန်မာ့ကမ်းလွန်တွင် ဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ဒေဝူးနိုင်ငံတကာကော်ပိုရေးရှင်း (Daewoo International Corporation) သည် ရခိုင်ကမ်းလွန်ဒေသမှ လုပ်ကွက်အမှတ် A3 တွင် ဓာတ်ငွေ့တူးဖော်ရေးကို စပ်တူလုပ်ကိုင်ရန် ကုမ္ပဏီသုံးခုနှင့် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဒေဝူးအင်တာနေရှင်နယ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

A3 လုပ်ကွက်တွင် ဒေဝူးနှင့် တွဲဖက်လုပ်ကိုင်မည့်သူများမှာ အိန္ဒိယအစိုးရပိုင် ONGC၊ GAIL နှင့် ကိုရီးယားဓာတ်ငွေ့တူးဖော်ရေးကော်ပိုရေးရှင်းတို့ဖြစ်သည်။ "A3 လုပ်ကွက်မှ သဘာဝဓာတ်ငွေ့တူးဖော်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ လောက် ကုန်ကျလိမ့်မယ်။ ကုန်ကျစရိတ်ကို ဒေဝူးနဲ့ ရှယ်ယာပါတဲ့ ကုမ္ပဏီတွေက မျှခံရမှာဖြစ်ပါတယ်" ဟု ဒေဝူးကော်ပိုရေးရှင်းမှ ပြောခွင့်ရပုဂ္ဂိုလ်က ဆိုသည်။

ထို့ပြင် အဆိုပါ A3 လုပ်ကွက်၌ ဓာတ်ငွေ့တူးဖော်ခြင်းလုပ်ငန်းကို လာမည့် ဒီဇင်ဘာလမှစ၍ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ လောလောဆယ် ကနဦးစမ်းသပ်ထုတ်လုပ်မှုများအရ A3မှ သဘာဝဓာတ်ငွေ့ကုဗပေ ၃ ထရီလီယံမှ ၁၀ ထရီလီယံအထိ ထွက်ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။ ၂၀၀၄ ခုနှစ်တွင် ဒေဝူးကော်ပိုရေးရှင်းသည် A3 လုပ်ကွက်၏မြောက်ဘက်တွင်တည်ရှိသော A1 လုပ်ကွက်၌ စမ်းသပ်တူးဖော်ရာ သဘာဝဓာတ်ငွေ့ ကုဗပေ ၁၈ ထရီလီယံခန့် ထွက်ရှိခဲ့သည်။ အဆိုပါ A1 လုပ်ကွက်၌ ဓာတ်ငွေ့တူးဖော်ခြင်းအားဖြင့် ဒေဝူးသည် ၂၀၁၀ ပြည့်နှစ်မှစကာ နှစ်စဉ် အသားတင် အမြတ်ငွေ ဒေါ်လာသန်း ၁၀၀ ခန့် ရရှိဖွယ်ရှိသည်။

# မြန်မာ့ပဲတီစိမ်းအကြောင်း အာရှဒေသ အပင်မျိုးပွားများမူပိုင်ခွင့်နှင့် ကာကွယ်ရေးဆိုင်ရာအစည်းအဝေးတွင် ဆွေးနွေးမည်

**ရန်ကုန်၊ အောက်တိုဘာ ၅**

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် ပဲမျိုးစုံထဲမှ အဓိကပဲတစ်မျိုးဖြစ်သော ပဲတီစိမ်း၏ မျိုးရိုးဗီဇနှင့် ရုပ်သွင်လက္ခဏာအခြေအနေများကို လာမည့် (၇) ကြိမ်မြောက် အာရှဒေသအပင်မျိုးပွားများမူပိုင်ခွင့်ကာကွယ်ရေးဆိုင်ရာ အစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာလအတွင်းကျင်းပပြီးစီးခဲ့သော (၆) ကြိမ်မြောက်အစည်းအဝေး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ (၆)ကြိမ်မြောက် အစည်းအဝေးကို ယခုနှစ် ဩဂုတ်လ ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်နေ့အထိ စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖြစ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဦးအောင်ကျော်ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဦးအောင်ကျော်ဦး၏ တင်ပြချက်များအရ (၇)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခွင့်ရှိကြောင်း၊ ပဲတီစိမ်း၏ ရုပ်သွင်လက္ခဏာများရေးဆွဲရန်အတွက် မျိုးရိုးဗီဇများ ထပ်မံဖြည့်စွက်ပေးရန် လိုအပ်သေးကြောင်း၊ အခြားဓာတ်ပုံနှင့် အချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မျိုးစေ့ဥပဒေကို အချောသတ်ရေးဆွဲထားပြီး အတည်ပြုရန်သာကျန်ရှိသေးကြောင်း၊ လက်ရှိတွင် မျိုးစေ့မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်မှုဆပ်ကော်မတီ (TSC) နှင့် ဗဟိုမျိုးစေ့ကော်မတီ (NSC) တို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးပညာရှင်များထံမှ သိရှိရသည်။

ကျင်းပပြီးစီးခဲ့သော(၆)ကြိမ်မြောက်အစည်းအဝေးတွင် UPOV အဖွဲ့ဝင် ငါးနိုင်ငံဖြစ်သော တရုတ်၊ ဂျာမနီ၊ ဂျပန်၊ နယ်သာလန်၊ တောင်ကိုရီးယားနိုင်ငံများနှင့် အဖွဲ့ဝင်မဟုတ်သည့် အာရှဒေသမှ နိုင်ငံပေါင်း ၁၄ နိုင်ငံတို့အပြင် နိုင်ငံတကာအဖွဲ့အစည်းခြောက်ခုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ ■

www.foreverspace.com.mm



# မြစ်ကြီးနား-ပန်ဝါ မြေသားလမ်းကို မကြာမီ နိုင်လွန်ကတ္တရာခင်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၅**



**မိုးရာသီတွင် ဤသို့ခက်ခက်ခဲခဲ သွားလာမောင်းနှင်ကြရသည်**

မြန်မာနိုင်ငံ မြစ်ကြီးနားမြို့မှ တရုတ်နိုင်ငံနယ်စပ်မြို့တစ်မြို့ဖြစ်သော ပန်ဝါမြို့အထိဖောက်လုပ်ပြီးဖြစ်သော မြေသားလမ်းကို မကြာမီတွင် တရုတ်နိုင်ငံဘက်မှနေ၍ နိုင်လွန်ကတ္တရာ ခင်းကျင်းပေးသွားမည်ဟု သိရှိရကြောင်း မြစ်ကြီးနားမြို့အခြေစိုက် လက်ဖက်ခြောက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံသည် အဆိုပါ မြစ်ကြီးနား–ပန်ဝါမြေသားလမ်းကို လာမည့်ပွင့်လင်းရာသီတွင် နိုင်လွန်ကတ္တရာလမ်းခင်းကျင်းပေးသွားမည်ဖြစ်ပြီး လတ်တလောတွင် ရာသီဥတုအခြေအနေကြောင့် အဆိုပါမြေသားလမ်းမှာ သွားရေးလာရေးခက်ခဲလျက်ရှိသော်လည်း ကတ္တရာခင်းပြီးပါက နှစ်ဖက်ကုန်စည်စီးဆင်းမှုကို ပိုမိုအဆင်ပြေစေမည်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်း၍ တရုတ်နိုင်ငံက စက်မှုဇုန်ကြီးတစ်ခုကို တည်ဆောက်ရန် စီစဉ်လျက်ရှိရာ အဆိုပါစက်မှုဇုန်ကြီးမှာ မကြာမီ နိုင်လွန်ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်မည့် မြစ်ကြီးနား–ပန်ဝါလမ်းမကြီးပေါ်တွင် ပေါ်ပေါက်လာဖွယ်ရှိသည်ဟု ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက ခန့်မှန်းနေကြကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ မြစ်ကြီးနား–ပန်ဝါ မြေသားလမ်းကို အဆင့်မြှင့်ပြီးပါက ကမ္ဘာကျော် လီဒိုလမ်းမကြီးနှင့်လည်း တစ်စိတ်တစ်ပိုင်းချိတ်ဆက်မိသွားဖွယ်ရှိကြောင်းလည်း ၎င်းက ဆိုသည်။

Phoenix News

# အင်းတော်ကြီးကန်၌ ငှက်မျိုးစိတ် ၃၃၀ ကျော် တွေ့ရှိမှတ်တမ်းတင်ခဲ့

**ရန်ကုန်၊ အောက်တိုဘာ ၉**

မြန်မာနိုင်ငံ၏ အကြီးဆုံးရေကန်ဖြစ်ပြီး ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ တည်ရှိသည့် အင်းတော်ကြီးကန်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်၌ ငှက်မျိုးစိတ်စုစုပေါင်း ၃၃၆ မျိုး ရှာဖွေတွေ့ရှိခဲ့ကြောင်း အဆိုပါဒေသ၌ ခြောက်နှစ်တာ သုတေသနပြုလုပ်ခဲ့သူ နယ်သာလန်နိုင်ငံသား ငှက်ကြည့်သုတေသီ Dr. Joost Van Der Van က အောက်တိုဘာလ ၉ ရက်နေ့တွင် ပြောကြားသည်။

ထိုနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်ခန်းမ၌ မြန်မာငှက်ဝါသနာရှင်အသင်းက စီစဉ်ကျင်းပသည့် သုတေသနစာတမ်းဖတ်ပွဲ၌ 'Bird Observation in Indawgyi Wildlife wetland Sanctuary' ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြရင်း ၎င်းကပြောကြားခြင်းဖြစ်သည်။

မြန်မာငှက်ဝါသနာရှင်အသင်းနှင့် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ တာဝန်ရှိသူများ၏ ပူးပေါင်းကူညီမှုဖြင့် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၀၅ ခုနှစ် စက်တင်ဘာလအတွင်း အင်းတော်ကြီးကန်၊ အင်းတော်ကြီးချောင်း (ချောင်းဝကျေးရွာအထိ) နှင့် ပတ်ဝန်းကျင်သစ်တောကြိုးဝိုင်းများ၌ ၁၁ ကြိမ်တိုင် သွားရောက်လေ့လာသုတေသနပြုခဲ့ရာမှ ယင်းကဲ့သို့ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့အနက် ဌာနေငှက်မျိုးစိတ် (Resident Bird) ၁၉၀ မျိုးခန့်နှင့် ရာသီပြောင်းဆောင်းခိုငှက်မျိုးစိတ် (Migatry Bird) ၁၀၀ မျိုးခန့်ပါဝင်ကြောင်း ၎င်းကဆိုသည်။ ■

www.foreverspace.com.mm



## မြန်မာစာအဖွဲ့၏ စာတမ်းဖတ်ပွဲများ ခြောက်လတစ်ကြိမ် ကျင်းပရန်စီစဉ်

**ရန်ကုန်၊ စက်တင်ဘာ ၃၁**

မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနက ပညာရှင်များ ရေးသားပြုစုသည့် မြန်မာစာနှင့် သက်ဆိုင်သော ပညာရပ်ဆိုင်ရာစာတမ်းများကို စက်တင်ဘာလ ၂၉ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် စာတမ်းဖတ်ပွဲနောက်ပိုင်းမှစ၍ ခြောက်လတစ်ကြိမ် ပုံမှန်ကျင်းပသွားနိုင်ရန် စီစဉ်နေကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

မြန်မာစာအဖွဲ့ဦးစီးဌာန၏ ဒုတိယအကြိမ် စာတမ်းဖတ်ပွဲတွင် ပညာရှင်ခြောက်ဦးက ယခင်ပြုစုထုတ်ဝေခဲ့သည့်အဘိဓာန်များ၊ သဒ္ဒါကျမ်းများနှင့် ကျောက်စာများကိုအခြေခံ၍ သဒ္ဒါရှုထောင့်၊ လူမှုရေးနှင့် စာပေရှုထောင့်တို့မှ အမြင်အမျိုးမျိုးဖြင့် သုံးသပ်တင်ပြထားသော စာတမ်းများကို ဖတ်ကြားသွားခဲ့သည်။ အဆိုပါစာတမ်းများမှာ ဦးတင့်လွင်၏ 'သက္ကတတစေ့တစောင်း'၊ ဦးကြည်ဆွေ၏ 'မက္ခရာမင်းသားကြီးနှင့် ချားလ်လိန်းတို့ပြုစုသော A Dictionary in English and Burmese လေ့လာချက်မှ အဘိဓာန်အင်္ဂလိပ်စာနှင့် မြန်မာဘာသာလေ့လာခြင်း စာတမ်း(၁)(၂)'၊ ဒေါ်မြင့်ရီ၏ 'မြန်မာနှင့် စကားပုံ၊ ဆိုရိုးစကားစာတမ်းအကျဉ်း' နှင့် ဦးအောင်မြတ်မိုး၏ 'ကျွန်တော်၏ ဝေါဟာရအနက်ဖွင့် အတွေ့အကြုံစာတမ်းအကျဉ်း' တို့ ဖြစ်သည်။

မြန်မာစာအဖွဲ့ဦးစီးဌာနသည် ၁၉၇၁ ခုနှစ်တွင် မြန်မာစာကော်မရှင်အနေဖြင့် ရပ်တည်ခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် မြန်မာစာအဖွဲ့အဖြစ် ပြောင်းလဲခဲ့သည်။ လက်ရှိတွင် မြန်မာစာအဖွဲ့ဝင် ၁၀ ဦးရှိပြီး အဘိဓာန်အမျိုးမျိုးပြုစုခြင်းနှင့် သဒ္ဒါကျမ်းများနှင့် စာလုံးပေါင်းသတ်ပုံကျမ်းဆိုင်ရာ ကိစ္စရပ်များကို အဓိကလုပ်ဆောင်နေကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

■

## ဩဂုတ်ဒုတိယပတ်အတွင်း မူဆယ်နယ်စပ်မှ တရုတ်သို့ ကန်ဒေါ်လာ သုံးသန်းဖိုး တင်ပို့

**ရန်ကုန်၊ စက်တင်ဘာ ၂**



မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ရှုခင်းမှာ သိသာခြားနားလှသည်

ပြီးခဲ့သည့် ဩဂုတ်လ ဒုတိယပတ်အတွင်း မူဆယ်နယ်စပ်မှ LC/TT စနစ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုသည် ကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့(MIRT)မှ သတင်းရရှိသည်။

အဆိုပါတင်ပို့မှုကို ရန်ကုန်မြို့ရှိ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနသို့ လိုင်စင်တင်ပို့လျှောက်ထားခဲ့ခြင်းဖြစ်ပြီး ရေထွက်ပစ္စည်း ၂၅၅.၇၅ တန်၊ တန်ဖိုးကန်ဒေါ်လာ ၂.၃၈၆၈ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်း ၁၁၈၂.၈ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀.၄၆၁၉ သန်း၊ သစ်တောထွက်ပစ္စည်း ၆၀၆.၁၁ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀.၆၇၈၄ သန်းနှင့် အခြားပစ္စည်း ၀.၀၀၀၇ သန်းဖိုး တင်ပို့ခဲ့ကြောင်း MIRT မှ စုံစမ်းသိရှိရသည်။ အဆိုပါတင်ပို့မှုမှာ ယခင်အပတ်ကထက် ကန်ဒေါ်လာ ၀.၃၅ ပိုမိုတင်ပို့ခြင်းဖြစ်သည်။ မူဆယ်မြို့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရာ အဓိကတံခါးပေါက် ဖြစ်သည်။

www.foreverspace.com.mm



## ငှက်ကြည့်အဖွဲ့များ ကြက်ငှက်တုပ်ကွေး သတိထားရန်လို

**ရန်ကုန်၊ စက်တင်ဘာ ၁၇**

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသော တောရိုင်းငှက်များမှ တစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်သဖြင့် ငှက်ကြည့်အဖွဲ့များ သတိထားလေ့လာရန် လိုအပ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည်မှာ ၂ နှစ်ရှိပြီဖြစ်သော်လည်း မြန်မာနိုင်ငံသို့ ကူးစက်ပြန့်ပွားခြင်း မရှိခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသည့် တောရိုင်းငှက်များမှာ ရောဂါဖြစ်ပွားနေခြင်း ရှိ၊ မရှိကို မသိရှိနိုင်ခြင်းကြောင့် အဆိုပါငှက်များနှင့် နီးကပ်စွာ နေထိုင်ခြင်းသည် ရောဂါကူးစက်နိုင်ခြေရှိသဖြင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် သတိထားလေ့လာသင့်သည်ဟု အကြံပေးလိုကြောင်း ၎င်းက ဆိုသည်။

ကမ္ဘာ့မြောက်ပိုင်းဒေသများမှ ဆောင်းခိုငှက်များ မြန်မာနိုင်ငံသို့ ဝင်ရောက်လေ့ရှိသော်လည်း ဆောင်းခိုငှက်များမှာ အေးသောနေရာ၌သာ နေထိုင်ကြောင်း၊ မြန်မာနိုင်ငံရှိ သစ်တောအများစုမှာ ရွက်ကြွေသစ်တောများပြီး နွေကာလ ရေမရှိသော တောင်ပေါ်သစ်တောများဖြစ်၍ ဆောင်းခိုငှက်များမှာ နှစ်ပေါက်အောင် အသိုက်အမြုံဖွဲ့ နေထိုင်နိုင်စွမ်းမရှိကြောင်း၊ အင်းတော်ကြီးတွင် ဆောင်းခိုငှက်အချို့ လာရောက်လေ့ရှိသော်လည်း သင်းကွဲအုပ်စု အနည်းငယ်သာဖြစ်ပြီး ထူးခြားသော ရောဂါဖြစ်စဉ်မရှိကြောင်း ဒေါက်တာအောင်ကြီးက ထပ်လောင်းပြောကြားသည်။

## အာလူးဈေးကွက် ပြည်တွင်းကိုသာ အဓိကဦးတည်

**ရန်ကုန်၊ စက်တင်ဘာ ၃၀**

အာလူးကို နှစ်ပေါင်းများစွာ ပြည်တွင်းတွင်သာ စားသုံးမှုသာရှိခဲ့ရာမှ ပြည်ပဈေးကွက်သို့ တင်ပို့ရန် ကြိုးစားခဲ့သော်လည်း အအေးခန်းလိုအပ်ချက်၊ စိုက်ပျိုးသည့်နည်းပညာ၊ မပုပ်ပွစေရန် ထိန်းသိမ်းသည့်နည်းလမ်း စသည့် နည်းပညာလိုအပ်ချက်များ မပြည့်စုံသေး၍ ပြည်ပမတင်ပို့ဖြစ်ဘဲ ဘုရင့်နောင်ဈေးအတွင်းသို့သာ လိမ့်ဝင်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် အခြေစိုက်ပို့ကုန်လုပ်ငန်းရှင်ကြီးတစ်ဦးက စက်တင်ဘာလကုန်ပိုင်းတွင် ပြောကြားသည်။

ဘုရင့်နောင်ဈေးအတွင်းသို့ ဟဲဟိုးနှင့် အောင်ပန်းသီးများဝင်လာလျက်ရှိပြီး ယခုလတွင် မုန်တိုင်းရှိ၍ မိုးရွာနေခြင်းကြောင့် မိုးထိသောအာလူးမှာ သိုလှောင်ချိန် အနည်းငယ်အတွင်းမှာပင် ပုပ်ကုန်များဖြစ်သွားခြင်းကြောင့် လိုအပ်လျှင် ဈေးလျှော့ချ၍ ထုတ်ရောင်းပစ်ရကြောင်း၊ ပစ္စည်းထားသိုသည့်နည်းပညာနှင့် ထိန်းသိမ်းနည်းများ၊ စိုက်ပျိုးနည်းများလိုအပ်ချက်ရှိနေခြင်းကြောင့် ပြည်တွင်းတွင်ပင် အထားမခံသောအာလူးကို ပြည်ပတင်ပို့နိုင်ရန် အတွက် အချိန်ယူ၍ ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်က ပြောကြားသည်။

ဘုရင့်နောင်ဈေးအတွင်း လက်ရှိ အာလူးပေါက်ဈေးမှာ တစ်ပိဿာလျှင် ၁၂၅ ကျပ်မှ ၂၀၀ ကျပ်အထိ ရှိသည်။

## ဝါးခယ်မတွင် အော်တိုတယ်လီဖုန်းတပ်ဆင်မည်

**ရန်ကုန်၊ စက်တင်ဘာ ၂၉**

နာမည်ကျော်တေးပြုစာဆိုများ၏ ဇာတိမြို့ဖြစ်သော ဧရာဝတီတိုင်း ဝါးခယ်မမြို့တွင် အော်တိုတယ်လီဖုန်းများ ပြောင်းလဲတပ်ဆင်ပေးတော့မည်ဟု ဆက်သွယ်ရေးဝန်ထမ်းများက လာရောက်အသိပေးထားပြီဖြစ်ကြောင်း ဝါးခယ်မမြို့တွင်နေထိုင်သော ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါအော်တိုတယ်လီဖုန်း စတင်ပြောင်းလဲတပ်ဆင်ခြင်းအတွက် ကျပ်ငွေလေးသိန်းကျော် ကုန်ကျဖွယ်ရှိကြောင်းနှင့် လာမည့်ပွင့်လင်းရာသီတွင် တပ်ဆင်ပေးလိမ့်မည်ဟု ယူဆရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လောလောဆယ်တွင် အော်တိုတယ်လီဖုန်းတပ်ဆင်ခွင့်ရရှိရန်အတွက် လျှောက်လွှာများ တင်ထားပြီးဖြစ်ကြောင်း၊ လျှောက်ထားသူ ဦးရေများသည့်အတွက် ဖုန်းအရေအတွက်လည်း အများအပြားရရှိနိုင်ဖွယ်ရှိကြောင်း ဒေသခံအချို့၏ပြောကြားချက်အရ သိရသည်။

Phoenix News

www.foreverspace.com.mm



မြန်မာနိုင်ငံသည် ကိုလိုနီခေတ်က ဆန်တင်ပို့ရောင်းချမှု အမြင့်ဆုံးအဖြစ် ဆန်တန်ချိန် သုံးသန်းကျော်အထိ တင်ပို့ခဲ့ပြီး ၁၉၂၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း ကမ္ဘာ့ဆန်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ခဲ့သော်လည်း ယင်းနောက်တွင် တဖြည်းဖြည်းကျဆင်းခဲ့ရာ ၁၉၉၄–၁၉၉၅ ခုနှစ်တွင် ဆန်တန်ချိန် တစ်သန်းကျော် ပြန်လည်တင်ပို့နိုင်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏စာရင်းများအရ သိရသည်။

၂၀၀၃–၂၀၀၄ ခုနှစ်စာရင်းများအရ မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၄ သန်း၊ နွေစပါးစိုက်ဧကလေးသန်း စုစုပေါင်း စိုက်ဧက ၁၈ သန်းရှိခဲ့ပြီး နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုဖြစ်စဉ်၌ အမြင့်မားဆုံးအဖြစ် စပါးတင်းပေါင်း ၁၁၄၈ သန်းကို ထုတ်လုပ်နိုင်ခဲ့သည်။

Phoenix News

# ဆားငန်ရေဒဏ်ခံနိုင်သော စပါးမျိုးဖော်ထုတ်ရန်စမ်းသပ်

**ရန်ကုန်၊ စက်တင်ဘာ ၈**

ဆားငန်ရေဒဏ်ခံနိုင်သော စပ်မျိုးစပါးဖော်ထုတ်နိုင်ရန်အတွက် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနတွင် စမ်းသပ်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဌာန စက်မှုကုန်ကြမ်းနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာစိန်လှမိုလ်က ပြောကြားသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ဆားပေါက်သောမြေတွင် စိုက်ပျိုးရန်အတွက် ရေငတ်ခံပြီး ဆားငန်ဒဏ်ခံနိုင်သော 'ယာ ၂ ထွန်း'စပါးမျိုးကို ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့ရာ ယခုစမ်းသပ်လျက်ရှိသော ဆားငန်ရေဒဏ်ခံနိုင်သည့် စပါးမျိုးကိုလည်း အောင်မြင်စွာ ဖော်ထုတ်နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါစပ်မျိုးစပါးကို နှစ်စဉ် ဆားငန်ရေဝင်လေ့ရှိသည့် ရန်ကုန်တိုင်း သန်လျင်၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်ကဲ့သို့သော ကမ်းရိုးတန်းပင်လယ်ရေငန်ဝင်ရာဒေသများ စိုက်ပျိုးရန် ရည်ရွယ်ထားကြောင်း ၎င်း၏ အဆိုအရ သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ဆားငန်ရေ(ဒီရေ) ဝင်ရောက်သဖြင့် စိုက်ပျိုး၍မရသော မြေဧကပေါင်း သိန်းဂဏန်းအထိ ရှိပြီး ယခုစမ်းသပ်သော စပ်မျိုးစပါးသည်လည်း တစ်ဧကအတွက်နှုန်း တင်း ၅၀ ခန့် ရှိမည်ဖြစ်ရာ ယင်းစပ်မျိုးစပါး စမ်းသပ်ဖော်ထုတ်မှု အောင်မြင်ပါက မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် စပါးတင်းရေ သန်းဂဏန်းအထိ တိုးတက်ထုတ်လုပ်ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

# ဒေသခံအာဏာပိုင်များအစီအစဉ်ဖြင့် မြေယာသစ်များ ဖော်ထုတ်စိုက်ပျိုးလျက်ရှိ

**ရန်ကုန်၊ အောက်တိုဘာ ၄**

ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့တင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြေယာသစ်များ ဖော်ထုတ်စိုက်ပျိုးလျက်ရှိသလို ဒေသခံအာဏာပိုင်များ အစီအစဉ်ဖြင့်လည်း မြေယာသစ်ဖော်ထုတ်ကာ စိုက်ပျိုးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးကွက်သတင်းအချက်အလက်နှင့်သုတေသနအဖွဲ့ (MIRT) ထံမှ သိရှိရသည်။

ဒေသခံအာဏာပိုင်များအစီအစဉ်ဖြင့် ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း ပြည်ပပို့ကုန်သီးနှံဧကနှစ်သောင်းကျော် စိုက်ပျိုးရန် လျာထားခဲ့ပြီး မိုးသီးနှံအဖြစ် ဧက ၁၄၀၀၀ ခန့် ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စုစုပေါင်းစိုက်ဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရှိရသည်။ ယင်းအစီအစဉ်တွင် ဒေသခံအာဏာပိုင်များမှ မြေယာသစ်များ ဖော်ထုတ်၍ စိုက်ပျိုးလိုသည့်ကုမ္ပဏီများသို့ တိုက်ရိုက်ချပေး၍ ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့်လည်း စိုက်ပျိုးရေးကုမ္ပဏီတစ်ခုလျှင် ဧကထောင်နှင့်ချီယူ၍ စိုက်ပျိုးလျက်ရှိကြောင်း MIRT က ဆိုသည်။

ဒေသခံအာဏာပိုင်များအနေဖြင့် အဆိုပါမြေယာသစ်များမှ ထွက်ရှိလာသည့် သီးနှံပမာဏနှင့် မြေယာသစ်မှ ထွက်ရှိခြင်းဖြစ်ကြောင်း ထောက်ခံချက်များလည်း ထုတ်ပေးလျက်ရှိပြီး ကုမ္ပဏီ ပြည်ပတင်ပို့ရန် လိုင်စင်လျှောက်ထားရာတွင် ၎င်းထောက်ခံစာကို ပူးတွဲတင်ပြရကြောင်း MIRT က ဆိုသည်။ ယခုကဲ့သို့ မြေယာသစ်များမှ ပြည်ပပို့ကုန်သီးနှံများ စိုက်ပျိုးရာတွင် ပြည်ပပို့ကုန် တိုးမြှင့်လာနိုင်ခြင်း၊ နယ်မြေဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေခြင်းနှင့် ပြည်တွင်းစားသုံးမှုကို ထိခိုက်မှုမရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ■

www.foreverspace.com.mm



# မြန်မာ့ပင်လယ်ပြင်တွင် ရေနံယိုဖိတ်မှု ကာကွယ်တားဆီးရေး Japan Association of Marine Safety ကူညီမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၄**

မြန်မာ့ပင်လယ်ပြင်တွင် ရေနံယိုဖိတ်မှု ကာကွယ်တားဆီးရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ရန်နှင့် ကုန်ကျစရိတ်များကို ဂျပန်နိုင်ငံ Nippon Foundation ၏ ပံ့ပိုးမှုဖြင့် Japan Association of Marine Safety က အကူအညီပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံမှလာသော သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါအကူအညီပေးမှုတွင် မတော်တဆရေနံယိုဖိတ်မှုများ ဖြစ်ပေါ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များ ပျက်စီးမှုကို ကာကွယ်ရန်နှင့် ရေထုညစ်ညမ်းမှုများကို ကာကွယ်ရန် အချိန်တိုအတွင်း လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ရေနံယိုဖိတ်မှုကာကွယ်တားဆီးရေး ဆောင်ရွက်ရာတွင် အသေးစိတ်လေ့ကျင့်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးဆောင်ရွက်ရာတွင်ပင် ဆက်သွယ်ရေးအထောက်အကူပြု ကြိုးမဲ့လမ်းလျှောက်စကားပြောစက် (Walkie Talkie)၊CCTV၊ TV ၊ နာရီ၊ သင်္ဘောပုံစံငယ်များ၊ ပင်မထိန်းချုပ်ခန်း၊ ဒေသထိန်းချုပ်ခန်း စသည်ဖြင့် အခန်းများစွာ ပါဝင်မည်ဖြစ်ကြောင်း၊ လေ့ကျင့်မည့်ပင်လယ်ရေပြင်ကို မြန်မာ့ပင်လယ်ပြင်ရှိ ကမ်းသာယာကမ်းရိုးတန်းနှင့် ကျိုက္ခမီစက်စဲကမ်းရိုးတန်းတို့ကို ယာယီရွေးချယ်ထားကြောင်း၊ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် အကူအညီပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းသတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းရေပိုင်နက်အတွင်းတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ လှုပ်ရှားသွားလာနေခြင်းကြောင့် ရေနံယိုဖိတ်မှုအများအပြား ဖြစ်ပေါ်နိုင်သည်ဟု ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

---

# စကားပြောလေ့ကျင့်ရန်အတွက် ဧည့်လမ်းညွှန်မသိအောင် နိုင်ငံခြားသားဧည့်သည်များအား ခေါ်ထုတ်မှုများရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၉**

ပုဂံနှင့် မန္တလေးမြို့များတွင် ဒေသခံကျောင်းသားလူငယ်အချို့သည် အင်္ဂလိပ်စကားပြောလေ့ကျင့်ရန်အတွက် နိုင်ငံခြားသားဧည့်သည်များကို ညဘက်ပိုင်းအချိန်များတွင် ဧည့်လမ်းညွှန်မသိအောင် ခေါ်ထုတ်မှုများရှိနေကြောင်း စက်တင်ဘာ ၁၉ ရက်နေ့က ကန်တော်ကြီး Royal Garden စားသောက်ဆိုင်၌ ပြုလုပ်သော ဧည့်လမ်းညွှန်များ၏ မိတ်ဆုံစားပွဲတစ်ခုတွင် ဧည့်လမ်းညွှန်အများစုက ထုတ်ဖော်ပြောကြားသွားသည်။

ပြင်သစ်ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဦးမင်းမင်းက ပြောကြားရာတွင် ကျောင်းသားငယ်များနည်းတူ ဈေးသည်လေးများကလည်း ဧည့်သည်များအား ညပိုင်းအချိန်တွင် ဈေးရောင်းချရန် ဧည့်လမ်းညွှန်မသိအောင် လာရောက်ခေါ်ထုတ်တတ်ကြောင်း၊ ဧည့်လမ်းညွှန်ကို ကြိုတင်အကြောင်းကြားခွင့်တောင်းလျှင် မိမိဧည့်သည်လက်ခံပါက လွတ်လပ်စွာ ပြောဆိုဆွေးနွေးစေခဲ့ကြောင်း သိရသည်။

သို့ရာတွင် ညပိုင်းအချိန်များ၌ နိုင်ငံခြားဧည့်သည်များကို လာရောက်ခေါ်သူအချို့တွင် မသမာသူများလည်းရှိကြောင်း၊ ညကြီးအချိန်မတော် ဧည့်လမ်းညွှန်မပါဘဲ အပြင်သို့ ထွက်သွားသော ဧည့်သည်မှာ ဘာသာစကားကို ရေလည်စွာမပြောတတ်သောကြောင့် ဟိုတယ်သို့မပြန်တတ်ဘဲ ရှိနေကြောင်း၊ နှလုံး၊ သွေးတိုး၊ ဝက်ရူးပြန်ရောဂါရှိသူတို့မှာလည်း လိုအပ်သောဆေးဝါးကူညီမှု အချိန်မီမပေးနိုင်သောကြောင့် အသက်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့သည့် သာဓကအချို့ရှိခဲ့ကြောင်း ဧည့်လမ်းညွှန်များက ပြောကြားသည်။

မန္တလေးရှိ ကျောင်းသားလူငယ်အချို့မှာ မန္တလေးတောင် နေဝင်ဆည်းဆာအလှကို ကြည့်ရှုနေသော နိုင်ငံခြားဧည့်သည်များကို နိုင်ငံခြားဘာသာစကားပြောလေ့ကျင့်ရန်အတွက် အများဆုံးလာရောက်တွေ့ဆုံကြသည်ဟု ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဒေါ်ခင်ဖြူဖြူထိုက်က ပြောကြားသည်။ ■

www.foreverspace.com.mm



# နက္ခတ်တာရာပြခန်း ပြစက်သစ်ပြောင်းလဲတပ်ဆင်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၈**

ရန်ကုန်မြို့ အလုံလမ်းရှိ နက္ခတ်တာရာပြခန်း၌ လက်ရှိအသုံးပြုနေသော နက္ခတ်တာရာပြစက် (Optical Projector) ကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ အစီအစဉ်ဖြင့် မကြာမီ အသစ်လဲလှယ်တပ်ဆင်သွားမည်ဖြစ်ကြောင်း ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိအသုံးပြုနေသည့် နက္ခတ်တာရာပြစက်မှာ အဆိုပါပြခန်း စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၈၇ ခုနှစ်ကတည်းက အသုံးပြုခဲ့သဖြင့် ပြစက်၏အရည်အသွေးနှင့် ပါဝင်သော ပြကွက်များမှာ ခေတ်မမီတော့ကြောင်း၊ ပြကွက်သစ်များပါဝင်သည့် ပြစက်အသစ်ကို ပြောင်းလဲတပ်ဆင်ရန်အတွက် JICA မှ တာဝန်ရှိသူများပါဝင်သော တစ်ဖွဲ့သည် ဧပြီလအတွင်း လာရောက်လေ့လာသွားခဲ့ကြောင်း ၎င်းက ဆိုသည်။

နက္ခတ်တာရာပြခန်းကို မြန်မာ–ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်ရေး အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံအစိုးရက ရန်ကုန်သုနာပြုတက္ကသိုလ် အဆောက်အအုံနှင့်အတူ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၁၉၈၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ယခုအခါ အများပြည်သူနှင့် သီးခြားလေ့လာကြည့်ရှုလိုသည့် မိသားစုနှင့် အဖွဲ့အစည်းများကို တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ဖွင့်လှစ်ပြသလျက်ရှိသည်။

# မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှု ပုံမှန်တိုးတက်

**ရန်ကုန်၊ စက်တင်ဘာ ၆**

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံနယ်စပ်စခန်းများရှိ ကုန်သွယ်မှုများ ပုံမှန်တိုးတက်လျက်ရှိကြောင်း ရိဒ်နယ်စပ်အခြေစိုက် ဝါရင့်ကုန်သည်ကြီးတစ်ဦးဖြစ်သူ ဦးအောင်ကျော်က စက်တင်ဘာလ ပထမပတ်အတွင်း ပြောကြားသည်။

ရိဒ်နှင့် တမူးနယ်စပ်စခန်းများမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ကွမ်းသီး၊ ဝက်အရှင် စသည်တို့ကို အဓိကတင်ပို့လျက်ရှိရာမှ ၂၀၀၅ ခုနှစ်အတွင်း မြန်မာ့ထုတ်ကုန် စပျစ်ဝိုင်၊ လန်ဒန်စီးကရက်၊ ခြင်ဆေးခွေ၊ ဆပ်ပြာမှုန့်၊ Myanmar Beer အစရှိသည့် ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း ဦးအောင်ကျော်၏အဆိုအရ သိရသည်။ ထို့ပြင် တရုတ်နှင့် ထိုင်းနိုင်ငံထွက်လူသုံးကုန်ပစ္စည်းများကို ထပ်ဆင့်တင်ပို့ခြင်းလုပ်ငန်းများလည်း အများအပြားဆောင်ရွက်ခဲ့ကြောင်း ၎င်း၏အဆိုအရ သိရသည်။ ထိုသို့ ပို့ကုန်တင်ပို့ရာတွင် အများစုမှာ အိန္ဒိယနိုင်ငံနယ်စပ်ဒေသများအတွက် ဒေသသုံးပစ္စည်းများအဖြစ်သာ တင်ပို့ခဲ့ပြီး အိန္ဒိယရှိ အဓိကပြည်နယ်များသို့ တင်ပို့ရာတွင် ကြားခံကိုယ်စားလှယ်ကုမ္ပဏီများမှတစ်ဆင့် ဝန်ဆောင်ခပေး၍ တင်ပို့ရလျက်ရှိရာ ဘဏ်လုပ်ငန်းစနစ်များ (Normal Trade)ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါက ဈေးကွက်ချဲ့ထွင်နိုင်ရန်မျှော်မှန်းနိုင်ကြောင်း ဦးအောင်ကျော်က ဆိုသည်။

မြန်မာ–အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းများကို ၂၀၀၄ ခုနှစ်မှ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုများဆောင်ရွက်ခဲ့ရာ ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ကန်ဒေါ်လာ ၁၀ သန်းကျော် တင်ပို့ခဲ့ကြောင်း တရားဝင်ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။ ■

# ဗဟိုစံပြငါးဈေးကြီးတွင် လိုင်းခွဲတယ်လီဖုန်းများ တပ်ဆင်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဗဟိုစံပြငါးဈေးကြီးနှင့် အခြားဈေးများတွင် လိုင်းခွဲတယ်လီဖုန်းများကို မကြာမီတပ်ဆင်ပေးသွားမည်ဖြစ်ရာ သုံးစွဲလိုသူများအနေဖြင့် ဈေးတာဝန်ခံရုံးတွင် လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်တစ်ရပ်ကို ဗဟိုစံပြငါးဈေးကြီး၏ ဈေးတာဝန်ခံရုံးတွင် တရားဝင်ထုတ်ပြန်ထားသည်။

တယ်လီဖုန်းတပ်ဆင်အသုံးပြုလိုသူများသည် ဩဂုတ်လ ၃၀ ရက်နေ့မှစ၍ ဈေးတာဝန်ခံရုံးခန်းတွင် လျှောက်ထားနိုင်ပြီး တယ်လီဖုန်းတစ်လုံးအတွက် ကျသင့်ငွေမှာ သုံးသိန်းရှစ်သောင်းငါးထောင်ကျပ်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

တယ်လီဖုန်းတပ်ဆင်အသုံးပြုရန်အတွက် ကျသင့်ငွေကို အရစ်ခွဲ၍ပေးသွင်းနိုင်ပြီး ပထမအရစ်အနေဖြင့် ကျပ်ငွေတစ်သိန်းခွဲကို စက်တင်ဘာလ ၁၀ ရက်နေ့မတိုင်မီ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ဒုတိယအရစ်ပေးသွင်းရမည့် ကျပ်ငွေတစ်သိန်းခွဲကို တယ်လီဖုန်းလိုင်းများ စတင်သွယ်တန်းချိန်တွင် ပေးသွင်းရမည်ဖြစ်ကြောင်း၊ ကျန်ငွေများကို တတိယအရစ်အဖြစ် တယ်လီဖုန်းစတင် ဆက်သွယ်နိုင်ချိန်တွင် အကျေပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာချက်တွင် ဖော်ပြပါရှိသည်။

Phoenix News

www.foreverspace.com.mm



# ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း နှမ်းတင်းပေါင်း ၅၀၀၀ NDCG တင်ပို့မည်

**ရန်ကုန်၊ စက်တင်ဘာ ၂၉**



မြန်မာနိုင်ငံ၌ ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် (NDCG) ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုန်သွယ်မှုလုပ်ငန်းလီမိတက် (NDTL) သည် လာမည့် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း နှမ်းတင်းပေါင်း ၅၀၀၀ တန်ချိန် ၁၂၀ ခန့်ကို ပြည်ပသို့တင်ပို့ရောင်းချရန် လျာထားကြောင်း အဆိုပါကုမ္ပဏီဒါရိုက်တာအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

NDCG သည် ပြည်ပပို့ကုန်သီးနှံဖြစ်သည့်နှမ်းကို မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ဘရုံချောင်းဒေသ၌ ၂၀၀၅ ခုနှစ် မိုးရာသီအတွင်း မြေဧက ၂၇၀၀ အား စိုက်ပျိုးလုပ်ကိုင်ခွင့်ရခဲ့ရာ မြေဧက ၅၀၀ ၌ နှမ်းစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်က ဆိုသည်။

# တောင်ကြီး၌ အင်တာနက်အခြေခံ သင်တန်းဖွင့်

**ရန်ကုန်၊ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ပေါ်၌ ပထမဦးဆုံးအကြိမ်ပေါ်ထွန်းလာမည့် Dynamic Internet Access Link အမည်ရှိ အင်တာနက်နှင့် အီးမေးလ် အခြေခံသင်တန်းကို အောက်တိုဘာလ တတိယပတ်အတွင်း တောင်ကြီးမြို့ မြို့မအားကစားကွင်းအရှေ့ဘက်ခြမ်းတွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း အဆိုပါသင်တန်းကို စီစဉ်သူ Service+ Computer Networking & Service အဖွဲ့အစည်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲထွန်းအောင်က Living Color သို့ ပြောကြားသည်။

iPSTAR ဂြိုဟ်တုဆက်သွယ်ရေးစနစ်သုံးအင်တာနက်ကို အသုံးပြု၍ ဖွင့်လှစ်မည့် အဆိုပါအင်တာနက်နှင့် အီးမေးလ်အသုံးပြုနည်း အခြေခံရက်တိုသင်တန်းမှာ သင်တန်းကာလ တစ်ပတ်ကြာမြင့်မည်ဟု ၎င်းက ဆိုသည်။

Service+ အဖွဲ့အစည်းသည် ၂၀၀၄ ခုနှစ် နိုဝင်ဘာလမှစ၍ အဆိုပါ အင်တာနက်နှင့် အီးမေးလ်အသုံးပြုနည်း အခြေခံရက်တိုသင်တန်းကို ရန်ကုန်မြို့တော်တွင် သုံးနေရာနှင့် မန္တလေးမြို့တော်နှင့် မုံရွာမြို့တို့တွင် တန်းခွဲများ ဖွင့်လှစ်ပို့ချလျက်ရှိသည်။ ■

# စစ်ကိုင်းတိုင်းမှ နွေနှမ်း ရှစ်သိန်းနှင့် ဆောင်းနေကြာ ၁၆.၅ သိန်း ထုတ်လုပ်ရန်လျာထား

**ရန်ကုန်၊ အောက်တိုဘာ ၃**

မြန်မာနိုင်ငံ၏ စားသုံးဆီ အဓိက ထုတ်လုပ်သော ဒေသတစ်ခုဖြစ်သည့် စစ်ကိုင်းတိုင်းမှ နွေနှမ်းတင်းပေါင်း ရှစ်သိန်းနှင့် ဆောင်းနေကြာ တင်းပေါင်း ၁၆.၅ သိန်း ထုတ်လုပ်ရန်လျာထားကြောင်း ယင်းတိုင်း၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဒေသခံလုပ်ငန်းရှင်ဦးအောင်ကြီးက ပြောကြားသည်။

စစ်ကိုင်းတိုင်း စိုက်ပျိုးရေးမန်နေဂျာရုံးအနေဖြင့် လာမည့်ဆောင်းရာသီတွင် ဆောင်းနေကြာတစ်ဧကအထွက်နှုန်း တင်း ၅၀ ဖြင့် ဧက ၃၃၀၀၀ ကိုလည်းကောင်း၊ နွေနှမ်းတစ်ဧက တင်း ၂၀ နှုန်းဖြင့် ဧကပေါင်း လေးသောင်းကိုလည်းကောင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဦးအောင်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါအထူးစိုက်ခင်းများကို စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ကသာခရိုင်နှင့် ကလေးခရိုင်တို့တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်တွင် ပါရှိကြောင်း ဦးအောင်ကြီးက ရှင်းပြသည်။

Phoenix News

www.foreverspace.com.mm



# ခြေလျင်နှင့်တောင်တက်အဖွဲ့ မဒွယ်ရေခဲတောင်တက်မည်

**ရန်ကုန်၊ အောက်တိုဘာ ၄**

မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် တက္ကသိုလ်နှင့် ကောလိပ်အသီးသီးမှ ကျောင်းသားကျောင်းသူအများစုပါဝင်သည့် ခြေလျင်နှင့်တောင်တက်အဖွဲ့သည် နိုဝင်ဘာလဆန်းအတွင်း ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ အမြင့်ပေ ၁၅၁၇၇ ပေမြင့်သော မဒွယ်ရာဇီရေခဲတောင်သို့ တက်ရောက်ကြမည်ဖြစ်ကြောင်း အဆိုပါတောင်တက်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါမည့် ထားဝယ်တက္ကသိုလ် ဘူမိဗေဒနောက်ဆုံးနှစ်ကျောင်းသား ကိုကျော်ကျော်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ တက္ကသိုလ်နှင့် ကောလိပ်အသီးသီးမှ ကျောင်းသားကျောင်းသူများ စုစုပေါင်း အဖွဲ့ဝင် ၃၅ ဦးပါဝင်သည့် အဆိုပါလက်ရွေးစင် ခြေလျင်နှင့် တောင်တက်အဖွဲ့သည် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ လေယာဉ်ဖြင့် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ထွက်ခွာကြမည်ဖြစ်ပြီး နိုဝင်ဘာလ ၃ ရက်နေ့တွင် မဒွယ်ရာဇီတောင်ထိပ်သို့ တက်ရောက်ကြမည်ဖြစ်ကာ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မဒွယ်ရေခဲတောင်ထိပ်သို့တက်ရောက်နိုင်ရန်အတွက် အဆိုပါခြေလျင်နှင့်တောင်တက်အဖွဲ့သည် ချင်းပြည်နယ်တောင်ပိုင်းရှိ ဝိတိုရိယတောင်(ခ)နတ်မတောင်၊ မန္တလေးတိုင်းအတွင်းရှိ ပုပ္ပားတောင်နှင့် မန္တလေးတောင်၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဆင်တောင်၊ မြင်းမထိတောင် အရှေ့မြင်အနောက်မြင်တောင်များသို့ လေ့ကျင့်တက်ရောက်ခဲ့ကြပြီး လက်ရွေးစင် တောင်တက်အဖွဲ့ဝင်များကို စိစစ်ရွေးချယ်ခဲ့ကြောင်း၎င်းကထပ်လောင်းပြောကြားသည်။

# အရည်အသွေးမြင့် ခရီးဆောင်အိတ် အမှတ်တံဆိပ်တစ်မျိုး ဈေးကွက်အတွင်းဝင်ရောက်

**ရန်ကုန်၊ စက်တင်ဘာ ၂၉**

ပြည်တွင်းတွင် အသုံးပြုနေသော ခရီးဆောင်အိတ်ဈေးကွက်အတွင်းသို့ ထိုင်းနိုင်ငံမှထုတ်လုပ်သည့် CAGGIONI အမှတ်တံဆိပ် အရည်အသွေးမြင့် ခရီးဆောင်အိတ်များ မကြာသေးမီက ဝင်ရောက်လာကြောင်း ရန်ကုန်မြို့၌ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများကို အဓိကဖြန့်ဖြူးရောင်းချလျက်ရှိသည့် Blazon Department Store မှ မန်နေဂျာ ဦးညီညီခိုင်က Living Color သို့ ပြောကြားသည်။

အဆိုပါအမှတ်တံဆိပ်အရည်အသွေးမြင့် ခရီးဆောင်အိတ်များကို Creation Myanmar Co., Ltd. က တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းခြင်းဖြစ်ပြီး ပြည်တွင်းဈေးကွက်အတွင်း နာမည်ရအရည်အသွေးမြင့် ခရီးဆောင်အိတ်များနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းချိုသာကြောင်း ၎င်းကဆိုသည်။

Creation Myanmar Co., Ltd. သည် အမေရိကန်နိုင်ငံမှ Giordano အမှတ်တံဆိပ် ဖက်ရှင်အဝတ်အထည်များ၊ ထိုင်းနိုင်ငံမှ Tipco အမှတ်တံဆိပ် သစ်သီးဖျော်ရည်များ၊ စင်ကာပူနိုင်ငံမှ Charles & Kerth အမှတ်တံဆိပ် အမျိုးသမီးစီးဖိနပ်အမျိုးမျိုး၊ ထိုင်းနိုင်ငံမှ Dapper အမှတ်တံဆိပ်အမျိုးသားဝတ် ဖက်ရှင်အဝတ်အထည်များနှင့် ESPADA အမှတ်တံဆိပ် အဆင်မြင့်အမျိုးသမီးအဝတ်အထည်များ၊ ဂျပန်နိုင်ငံမှ Kokuyo အမှတ်တံဆိပ် စာရေးကိရိယာပစ္စည်းများ စသည်တို့ကို တစ်ဦးတည်းကိုယ်စားလှယ်ရယူက ပြည်တွင်းဈေးကွက်အတွင်း တင်သွင်းဖြန့်ချိလျက်ရှိသည့်ကုမ္ပဏီဖြစ်သည်။

■

# မြန်မာဘီယာ ကံစမ်းမဲ သုံးလတာကာလအတွင်း ပုလင်းပေါင်း ၃,၁၂၅,၀၀၀ ရောင်းချခဲ့ရ

**ရန်ကုန်၊ အောက်တိုဘာ ၇**

မြန်မာနိုင်ငံ ဘီယာဈေးကွက်အတွင်း ပြိုင်ဘက်များအပေါ် အပြတ်အသတ်အနိုင်ရရှိကာ ဈေးကွက်အုပ်စီးလျက်ရှိနေသော မြန်မာဘီယာ၏ကံစမ်းမဲပွဲတော် သုံးလတာကာလအတွင်း မြန်မာဘီယာပုလင်းပေါင်း ၃,၁၂၅,၀၀၀ ရောင်းချခဲ့ရကြောင်း ယခုနှစ်အောက်တိုဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့ ကရဝိတ်နန်းတော်ခန်းမတွင် ကျင်းပပြုလုပ်သော ကံစမ်းမဲဆုရွေးချယ်ပွဲတွင် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကံစမ်းမဲပွဲတော်ကာလကို ၂၀၀၅ ခုနှစ် မေလမှ ဇူလိုင်လအထိ သတ်မှတ်ထားခဲ့ပြီး တစ်နိုင်ငံလုံးမှ မရေ

www.foreverspace.com.mm



တွက်နိုင်လောက်အောင် ကံစမ်းမဲဖြေဆိုသူများစွာ ဖြေဆိုခဲ့ကြကြောင်း၊ ကံစမ်းမဲကို သက်ဆိုင်ရာမြို့နယ်များရှိ မြန်မာဘီယာဆိုင်ခွဲများတွင် သတ်မှတ်ပုံစံစာအိတ်များတောင်းယူ၍ Lucky Draw ပါ ဘီယာပုလင်းဖုံးငါးခု ထည့်သွင်း၍ ကံစမ်းခြင်းဖြစ်ကြောင်း မြန်မာဘီယာ Brand မန်နေဂျာ ဒေါ်မြစိမ်းရည်က ပြောကြားသည်။

ဘီယာပုလင်းပေါင်း သုံးသန်းကျော် ရောင်းချခဲ့ရသည့် အဆိုပါ ကံစမ်းပွဲတွင် ကံထူးသူငါးဦးကို ယခုလ ၇ ရက်နေ့တွင် အခမ်းအနားဖြင့် ရွေးချယ်ခဲ့ပြီး Olympus Tour ဖြင့် ရန်ကုန်၊ မန္တလေး၊ ငပလီ၊ အင်းလေး နှစ်သက်ရာခရီးစဉ်တစ်ခုခုကို ယခင်သတ်မှတ်ထားသော စည်းကမ်းအတိုင်း မဲပေါက်သူတစ်ဦးနှင့် အဖော်သုံးဦး သွားရောက်ခွင့်ပေးမည်ဖြစ်ကြောင်း၊ မဲပေါက်သူမလိုက်ပါဘဲ အခြားသူလေးဦးဖြင့် အစားထိုးခြင်းကို လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း ဒေါ်မြစိမ်းရည်က ထပ်လောင်းပြောကြားသည်။

# သတိပဌာန်ပွဲစားတန်း ဧရိယာတိုးချဲ့

**ရန်ကုန်၊ အောက်တိုဘာ ၁**

ရန်ကုန်မြို့တော်တွင် အောက်ကားအများစု အရောင်းအဝယ်ပြုလုပ်ရာ တာမွေမြို့နယ် ကျောက်မြောင်း သတိပဌာန်လမ်းမပေါ်မှ ကားပွဲစားတန်းကို မူလအရောင်းအဝယ်ပြုလုပ်ရာနေရာအပြင် ဧရိယာသစ်တိုးချဲ့လာသည်ဟု ပွဲစားတန်းအနီး မဂ္ဂင်လမ်းတွင် နေထိုင်သူတစ်ဦးက စက်တင်ဘာလကုန်ပိုင်းတွင် ပြောကြားသည်။

ယင်းသို့ ထပ်မံတိုးချဲ့လာသည့် ယာဉ်အရောင်းအဝယ်ပြုလုပ်ရာနေရာမှာ နိဂြောဓလမ်းနှင့် မဂ္ဂင်လမ်းကြား၊ စိတ္တသုခလမ်းအပေါ်ဘက်ခြမ်းတွင် ဖြစ်သည်။ ထို့ပြင် နိဂြောဓလမ်းတွင်လည်းကောင်း၊ မဂ္ဂင်လမ်းတွင်လည်းကောင်း အရောင်းအဝယ်ပြုလုပ်မည့် ယာဉ်အမြောက်အမြားကို ရပ်နားထားကြသည်။

သတိပဌာန်ပွဲစားတန်းမှ ပွဲစားကြီးတစ်ဦးက ယင်းဧရိယာသစ်တွင် အရောင်းအဝယ်ပြုလုပ်ခြင်း၊ ယာဉ်ရပ်နားခြင်းများမှာ စနေ၊ တနင်္ဂနွေနေ့များတွင် အများဆုံးဖြစ်ကြောင်း၊ ထိုနေ့များတွင် အရောင်းအဝယ်ပြုလုပ်မည့်ယာဉ်အမြောက်အမြားလာရောက်ကြသည်ဖြစ်ရာ သတိပဌာန်လမ်းမပေါ်တွင် ယာဉ်ရပ်နားရန်နေရာမရှိသလောက်ဖြစ်နေသဖြင့် ယခုကဲ့သို့ နေရာသစ်တွင် ရပ်နားကာ အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်သည်ဟု ပြောဆိုသည်။

အဆိုပါသတိပဌာန်ပွဲစားတန်းသည် သက်ဆိုင်ရာက တရားဝင်ခွင့်ပြုထားသော ပွဲစားတန်းမဟုတ်သော်လည်း တရားဝင်ခွင့်ပြုချက်ရ ပွဲစားတန်းကြီးပမာ ဖြစ်နေသည်ဟု လူများ၊ ကားများကိုကြည့်၍ ကျားကွက်သစ်ရပ်ကွက်မှ အငြိမ်းစားအရာထမ်းတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့် တရားမဝင်ယာဉ်အရောင်းအဝယ်ပြုလုပ်ရာနေရာများတွင် သတိပဌာန်ပွဲစားတန်းလည်း ပါဝင်ပြီး သတိပေးတားမြစ်ချက်ဆိုင်းဘုတ်ပေါင်းများစွာကို ချိတ်ဆွဲထားသော ပွဲစားတန်း ဖြစ်သည်။

Phoenix News

# ကျပ်သိန်း ၅၀၀ တန်လုံးချင်းတိုက် ၇၁ လုံးပါ အိမ်ရာသစ် တည်ဆောက်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁**

တစ်လုံးလျှင် ကာလပေါက်ဈေး ကျပ်ငွေသိန်း ၅၀၀ တန်ဖိုးရှိ လုံးချင်းတိုက် ၇၁ လုံးပါဝင်မည်ဖြစ်သော အိမ်ရာစီမံကိန်းတစ်ခုကို ရန်ကုန်မြို့တော်ဥက္ကလာပမြို့နယ်၌ များမကြာမီ စတင်တည်ဆောက်နိုင်ရန်အတွက် မြေတိုင်းတာမှုလုပ်ငန်းများကို လုပ်ဆောင်ပြီးစီးသွားပြီဖြစ်ကြောင်း အဆိုပါတိုင်းတာမှုတွင် ပါဝင်ခဲ့သူ မြေတိုင်းအင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

အဆိုပါအိမ်ရာစီမံကိန်းကို တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်၊ ကျိုက္ကဆံချောင်းဘေးရှိ မြေနိမ့်ကွင်း(ယခင်သောက်ရေကန်)တွင် တည်ဆောက်မည်ဖြစ်ကြောင်း၊ မြေနိမ့်ကွင်းတွင် တည်ဆောက်မည်ဖြစ်၍ သဲဖို့ခြင်းလုပ်ငန်း၌ပင် စရိတ်များစွာ ကုန်ကျဖွယ်ရှိနေကြောင်း၊ ယင်းစီမံကိန်းကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီတစ်ခုခုနှင့် ပူးပေါင်းလုပ်ကိုင်ဖွယ်ရှိကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါအိမ်ရာစီမံကိန်းသည် ကျပ်ငွေသန်းပေါင်း ၃၅၅၀ ခန့် တန်ကြေးရှိသော စီမံကိန်းဖြစ်ပြီး စီမံကိန်းကာလမှာ အနိမ့်ဆုံး ၂ နှစ်ခန့် ကြာမြင့်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ■

www.foreverspace.com.mm



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှုတွင် Bank Draft ပမာဏတိုးမြှင့်

**ရန်ကုန်၊ စက်တင်ဘာ ၁၃**

မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် ၁၉၉၈ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ကတည်းက အသုံးပြုလာသော Bank Draft တန်ဖိုး အမေရိကန်ဒေါ်လာ ၅၀၀၀ သာ သတ်မှတ်၍ အသုံးပြုသည့်စနစ်အစား ဩဂုတ်လ ၂၆ ရက်နေ့မှစတင်၍ ဒေါ်လာ ၁၀၀၀၀ ပမာဏအထိ တိုးမြှင့်လိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိကြီးတစ်ဦးက ပြောကြားသည်။

Bank Draft စနစ်အသုံးပြု၍ နှစ်နိုင်ငံကုန်သွယ်ခြင်းကို နယ်စပ်ကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ SONALI BANK အကြား ဆောင်ရွက်လျက်ရှိပြီး အဆိုပါစနစ်သည် မိမိနိုင်ငံရှိဘဏ်တွင် ငွေသွင်းထားကြောင်း အထောက်အထားဖြင့် တစ်ဖက်မှ ကုန်စည်ကို ဝယ်ယူနိုင်ပြီး တစ်ဖက်ကုန်စည်က ယင်းနိုင်ငံရှိ သက်ဆိုင်ရာဘဏ်တွင် ငွေထုတ်ယူနိုင်သောစနစ် ဖြစ်သည်။

ယခုအခါတွင် Bank Draft ပမာဏတိုးမြှင့်လိုက်သည့်အတွက် ကန်ဒေါ်လာ ၅၀၀၀ ကျော်လျှင် နှစ်ကြိမ်ခွဲ၍ ကုန်သွယ်ရောင်းဝယ်ရသည့် အခက်အခဲများ ပြေလည်သွားပြီဖြစ်ကြောင်း၊ အပြန်အလှန်ကုန်သွယ်မှုပမာဏလည်း တိုးတက်လာဖွယ်ရှိကြောင်း နယ်စပ်ကုန်သွယ်ရေးကျွမ်းကျင်သူကုန်သည်ကြီးအချို့က ပြောကြားသည်။

# ချင်းမိုင်တွင် တရားမဝင်အလုပ်လုပ်ကိုင်သူ မြန်မာလူမျိုး ၂၀၀ ကျော်ဖမ်းဆီးခံရ

**ချင်းမိုင်၊ စက်တင်ဘာ ၃**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့တွင် တရားမဝင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမား ၂၀၀ ကျော်ခန့်ကို ထိုင်းရဲများက ဖမ်းဆီးခဲ့ကြောင်း ထိုင်းသတင်းအေဂျင်စီ (TNA) ၏ ရေးသားချက်အရ သိရသည်။ မြန်မာအလုပ်သမားများနှင့်အတူ ထိုင်းလူမျိုးအလုပ်သမားအေးဂျင့်တစ်ဦးနှင့် အလုပ်ရှင်တစ်ဦးကိုပါ ဖမ်းဆီးခဲ့သည်ဟု ယင်းသတင်းက ဆိုသည်။ ထိုင်းရဲတပ်ဖွဲ့ဝင် ၅၀၀ ကျော်ခန့်က ချင်းမိုင်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ ဘတ်စကားမှတ်တိုင်များနှင့် အခြားအသေးစား စက်ရုံအလုပ်ရုံများအတွင်း ဝင်ရောက်ရှာဖွေပြီးနောက် ထိုသို့ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ထိုင်းရဲတပ်ဖွဲ့ဝင်များ၏ အဆိုအရ ဖမ်းမိသော မြန်မာအလုပ်သမား ၂၀၀ ကျော်မှာ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ပါမစ်မရှိကြောင်း၊ ၎င်းတို့ကို တရားဥပဒေအရ အရေးယူပြီးနောက် မြန်မာနိုင်ငံသို့ ပြန်ပို့မည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်လဆန်းပိုင်းတွင် ထိုင်းအလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ ထိုင်းနိုင်ငံ၌ တရားမဝင်အလုပ်လုပ်ကိုင်လျက်ရှိသူ မြန်မာလူမျိုး ၃၅၀,၀၀၀ ခန့်ရှိကြောင်း သိရသည်။

# ဆန်စပါး အထူးစိုက်ပျိုးရေးဇုန်ကြီးတစ်ခု UMFCCI တည်ထောင်ရန် စီစဉ်

**ရန်ကုန်၊ စက်တင်ဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဆန်စပါးလုပ်ငန်းနှင့် ပတ်သက်သည့် အထူးစိုက်ပျိုးရေးဇုန်တစ်ခု တည်ထောင်သွားရန် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)က တင်ပြထားကြောင်း အဆိုပါအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ပြောကြားသည်။

တည်ထောင်မည့် အထူးစိုက်ပျိုးဇုန်သည် အကျယ်အဝန်းပမာဏ စုစုပေါင်း ဧကကိုးသိန်းမှ ၁၈ သိန်းအထိ ရှိမည်ဖြစ်ကြောင်း၊ ယင်းဇုန်ကြီးအတွက် ဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်း၍ သက်ဆိုင်ရာအစိုးရအရာထမ်းများ၊ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်သူများ ပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်း၍ အုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အထူးစိုက်ပျိုးဇုန်တွင် မြေဌာနရမ်းမှုကိစ္စ၊ ဇုန်မှထွက်ရှိသော ဆန်များအတွက် မက်လုံးပေးခွင့်ပြုရန် ကိစ္စရပ်များအပြင် အထူးစိုက်ပျိုးရေးဇုန်မှထွက်ရှိသောဆန်ကို ပြည်ပတင်ပို့ခြင်းကိစ္စရပ်များ၊ ဇုန်တည်ထောင်ခြင်းကြောင့် နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုနှင့် ဈေးကွက်တွင် အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ အဆိုပြုချက်များကို တင်ပြထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm



## မန္တလေး မင်္ဂလာလုပျိုဖြူရွေးချယ်ပွဲ ပထမဆု ကျပ် ၁၂ သိန်း ချီးမြှင့်မည်

**ရန်ကုန်၊ အောက်တိုဘာ ၅**

ပြည်တွင်း၌ ခေတ်မီပရိဘောဂနှင့် မင်္ဂလာခန်းဝင်ပစ္စည်းများ အရည်အသွေးမီ ထုတ်လုပ်ဖြန့်ချိလျက်ရှိသည့် Sweety Home Industry Co., Ltd. ၏ (၁၀) နှစ်ပြည့်အထိမ်းအမှတ် မန္တလေးမြို့တော်၌ ပထမဦးဆုံးအကြိမ်အဖြစ် လာမည့်ဒီဇင်ဘာလအတွင်း ကျင်းပမည့် မင်္ဂလာလုပျိုဖြူရွေးချယ်ပွဲတွင် ပထမဆုရရှိသူကို ဆုငွေကျပ် ၁၂ သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းနှင့် အိမ်ထောင်မရှိသူ အမျိုးသမီးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပထမဆု ကျပ် ၁၂ သိန်း၊ ဒုတိယဆု ကျပ်ကိုးသိန်းနှင့် တတိယဆု ကျပ်ခြောက်သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ထို့အပြင် Miss Photogenic, Miss Popular, Miss Body Fitness, Miss Personality, Miss Talent, Miss Congeniality, Miss Beautiful Face, Miss Healthy Hair, Miss Smile, Miss Costume စသည့် ခေါင်းစဉ်များဖြင့်လည်း ထပ်မံရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရပ်ရပ်မှ ပြိုင်ပွဲဝင်သူများ ဆန်ခါတင်ရွေးချယ်ခံရပါက စခန်းသွင်းလေ့ကျင့်မှုအတွက် ပြိုင်ပွဲကျင်းပရေးကော်မတီက အကုန်အကျခံမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။

## မန္တလေးဘောလုံးအကယ်ဒမီ ဆောက်ရန် FIFA ၏ ထောက်ပံ့ငွေ ဒေါ်လာတစ်သန်းရရှိ

**ရန်ကုန်၊ အောက်တိုဘာ ၇**

ယခင်က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် တည်ဆောက်ရန်ရည်ရွယ်ခဲ့သော်လည်း ယခုအခါ မန္တလေးမြို့တွင် ပြောင်းရွှေ့ဆောက်လုပ်မည့် မြန်မာနိုင်ငံ၏ ပထမဆုံးဘောလုံးအကယ်ဒမီသင်တန်းကျောင်း တည်ဆောက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ တစ်သန်းရရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အောက်တိုဘာ ၄ ရက်နေ့စွဲဖြင့်ထုတ်ပြန်သော သတင်းများအရ သိရသည်။

အဆိုပါ ဘောလုံးအကယ်ဒမီသင်တန်းကျောင်းတည်ဆောက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ ဖွံ့ဖြိုးမှုဆိုင်ရာအရာရှိ Mr. Windsor Paul သည် အောက်တိုဘာလ ၃ ရက်နေ့က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် လာရောက်ဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးမှုများအပြီးတွင် မြန်မာနိုင်ငံဘက်မှ သတင်းထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

မန္တလေးတွင်တည်ဆောက်မည့် ယင်းသင်တန်းကျောင်း ဆောက်လုပ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံ၏ စီးပွားရေးအင်အားကြီးကုမ္ပဏီတစ်ခုဖြစ်သည့် ထူးထရေးဒင်းကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဟုလည်း အဆိုပါသတင်းထုတ်ပြန်ချက်က ဆိုသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် ဘောလုံးအကယ်ဒမီသင်တန်းကျောင်း တည်ဆောက်ရေးအတွက် ယခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် Goal Project II အမည်ဖြင့် လက်မှတ်ရေးထိုးသဘောတူခဲ့ခြင်းဖြစ်သည်။

Phoenix News

■

## အစာဆိုးဆေးအဖြစ် ဆီထွက်သီးနှံမျိုးစိတ်ဝင် ဆူးပန်းပင် တိုးချဲ့စိုက်ပျိုးရန်လို

**ရန်ကုန်၊ အောက်တိုဘာ ၇**

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရန်အတွက်သော်လည်းကောင်း၊ အစာဆိုးဆေးများ ထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုနိုင်သည့်အတွက် ဆူးပန်း (Satflower၊ Carthamus Tinctorius) ကို တိုးချဲ့စိုက်ပျိုးသင့်သည်ဟု သိမ်ကြီးဈေးတွင် အစာဆိုးဆေးရောင်းချနေသော ဦးမြတ်ခိုင်က ပြောကြားသည်။

ဆူးပန်းပင်ကို အပူချိန် ၂၄°C မှ ၃၂°C အကြားနှင့် မိုးရေချိန် ၂၅ လက်မဝန်းကျင်တွင် စိုက်ပျိုးနိုင်ပြီး မိုးရာသီတွင် မိုးရေချိန် ၄၀ လက်မထက် မများသောဒေသများတွင် စိုက်ပျိုးနိုင်ကြောင်း သုတေသီအချို့ကဆိုသည်။ ဆူးပန်းသည် နေကြာမျိုးနွယ်တွင်ပါဝင်သဖြင့် မိုးရာသီနှင့် ဆောင်းရာသီတွင်ပါ စိုက်ပျိုးနိုင်ပြီး မိုးဦးရာသီ၌ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်း

www.foreverspace.com.mm



တိုင်းအောက်ပိုင်း ယာမြေတို့တွင် စိုက်ပျိုးနိုင်သော နိုင်ငံခြားဈေးကွက်ဝင် အပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆူးပန်းပင်အစေ့တစ်တင်းလျှင် ပျမ်းမျှဆီ သုံးပိဿာ ငါးဆယ်သားခန့်ထွက်ပြီး နေလှမ်း၍ မြန်မာကြိတ်ဆုံဖြင့် အခွံချွတ်ပြီး ဆီကြိတ်လျှင် ဆီပိုမိုသန့်ပြီး ဆီထွက်ပိုမိုကောင်းမွန်နိုင်သည်။ အပွင့်ကို အစာဆိုးဆေးအဖြစ် ထုတ်လုပ်ပြီး လတ်တလောအသုံးပြုနေသည့် ဂုံကမံအစား အသုံးပြုနိုင်ရုံသာမက ဈေးနှုန်းများစွာ သက်သာလာနိုင်ဖွယ်ရှိကြောင်း ဦးမြတ်ခိုင်က ပြောကြားသည်။

ဆူးပန်းပင်ကို လွန်ခဲ့သော ၂၅ နှစ်မှစ၍ အာရှတိုက်တွင် စားသုံးဆီအတွက် စိုက်ပျိုးပြီး မြန်မာနိုင်ငံ၌ ၁၉၇၅ ခုနှစ်တွင် ဆူးပန်းပင်မှ စားသုံးဆီထုတ်လုပ်နိုင်ကြောင်း စိုက်ပျိုးရေးသုတေသနမှ လေ့လာတွေ့ရှိသည်။

# မြန်မာကန်ထရိုက် လယ်ယာစနစ်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစိတ်ဝင်စား တိုင်းရင်းသားလုပ်ငန်းရှင်များကို ဦးစားပေးမည်

**ရန်ကုန်၊ အောက်တိုဘာ ၇**

မြန်မာ့ကန်ထရိုက်လယ်ယာစနစ်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားလျက်ရှိသော်လည်း တိုင်းရင်းသားလုပ်ငန်းရှင်များကို ဦးစားပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၌ အောက်တိုဘာလ ၇ ရက်က ကျင်းပပြုလုပ်သော အစိုးရ တာဝန်ရှိသူများနှင့် UMFCCI တာဝန်ရှိသူများ တွေ့ဆုံပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပြောကြားသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ လယ်ယာထွက်ကုန်ပစ္စည်းတိုးတက်နိုင်ရန်အတွက် အစိုးရအနေဖြင့် တိုင်းရင်းသားကုမ္ပဏီများကို ပိုမိုရင်းနှီးမြှုပ်နှံစေလိုကြောင်း ဝန်ကြီးက ပြောကြားသွားသည်။

အကယ်၍ မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေယာအဖြစ် ဖော်ယူပြီး တိုင်းရင်းသားကုမ္ပဏီများ အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို စဉ်းစားဆုံးဖြတ်မည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြောကြားသည်။

# ယာဉ်စီးခပိုမိုတောင်းခံမှု ထောင်ဒဏ်တစ်လနှင့် ဒဏ်ငွေ ၃၁၅၀၀ ကျပ်သတ်မှတ်

**ရန်ကုန်၊ စက်တင်ဘာ ၂၄**

သတ်မှတ်ထားသော ယာဉ်စီးခထက် ပိုမိုကောက်ခံသူများကို ထောင် ဒဏ်တစ်လနှင့် ဒဏ်ငွေ ၃၁၅၀၀ ကျပ်အထိ ပေးဆောင်ရန်တိုးမြှင့်လိုက်ကြောင်း ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးက စက်တင်ဘာလ တတိယပတ်အတွင်း ပြောကြားသည်။

ယခင်ယာဉ်စီးခပိုမိုကောက်ခံသူများကို ထောင်ဒဏ်တစ်လနှင့် ဒဏ်ငွေ ၆၅၀၀ ကျပ် ပေးဆောင်စေရာမှ ဒဏ်ငွေကိုတိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း၊ အဆိုပါစည်းမျဉ်းကို စက်တင်ဘာလ ၂၃ ရက်တွင် ပြုလုပ်သော လမ်း/ချော အစည်းအဝေးမှ သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း အဆိုပါယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သိရသည်။ စက်တင်ဘာလ ၁၆ ရက်နေ့မှစတင်၍ CNG ဓာတ်ငွေ့သုံးယာဉ်လိုင်း ၅၀ ကို ယာဉ်စီးခတိုးမြှင့်ကောက်ခံခွင့်ပြုခဲ့ရာ သက်ဆိုင်ရာမှ ယာဉ်လိုင်းတစ်လိုင်းလုံး CNG ဓာတ်ငွေ့ပြောင်းပြီးယာဉ်လိုင်းများသာ ယာဉ်စီးခတိုးမြှင့်ကောက်ခံစေခြင်းဖြစ်ကြောင်း၊ ထိုသို့ ပြောင်းလဲလိုက်သော ယာဉ်များတွင်လည်း ယာဉ်စီးခဈေးနှုန်းများ ထင်ရှားစွာဖော်ပြထားကြောင်း၊ သို့ဖြစ်၍ သတ်မှတ်ထားသောယာဉ်များမှ ယာဉ်စီးခ ပိုမိုတောင်းခံသူများကို ယခုကဲ့သို့ ပြစ်ဒဏ်များ ချမှတ်မည်ဖြစ်ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးက ဆိုသည်။ယာဉ်စီးခ ပိုမိုတောင်းခံပါက ယာဉ်ပေါ်တွင်ပါရှိသော တယ်လီဖုန်းနံပါတ်များသို့ ချက်ချင်းတိုင်ကြားနိုင်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးက အသိပေးပြောကြားသည်။

## ပြင်ဆင်ချက်

၂၀၀၅ ခုနှစ် အောက်တိုဘာလထုတ် Living Color မဂ္ဂဇင်း အမှတ်(၁၂၃) တွေ့ဆုံခြင်းကဏ္ဍ ပါမောက္ခဒေါက်တာဒေါ်နုနုယဉ်နှင့် တွေ့ဆုံခြင်း စာမျက်နှာ ၁၀၅ ဒုတိယကော်လံ ပထမစာကြောင်းပါ 'ဘယ်အလုပ်ကိုမဆို Getting think thank though people' အစား 'ဘယ်အလုပ်ကိုမဆို Getting thinks done through people' ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (အယ်ဒီတာ)

www.foreverspace.com.mm



# မြန်မာနိုင်ငံအတွင်း ဘိန်းထုတ်လုပ်မှု ၅၄ ရာခိုင်နှုန်းကျဆင်းသည်ဆိုသည်မှာ UNODC ၏ တရားဝင် ထုတ်ပြန်ချက်ဖြစ်

**ရန်ကုန်၊ စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး UNODC အဖွဲ့အစည်းနှင့် နယ်မြေခံရဲတပ်ဖွဲ့၊ မူးယစ်အဖွဲ့များနှင့် ပူးပေါင်း၍ နှစ်စဉ် ကွင်းဆင်းလေ့လာခဲ့ကြောင်း၊ ကွင်းဆင်းတိုင်းတာတွက်ချက်မှုများအရ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ နှိုင်းယှဉ်သည့်အခါ စိုက်ပျိုးမှုမှာ ၂၉ ရာခိုင်နှုန်းကျကြောင်း၊ ထုတ်လုပ်မှုမှာ ၅၄ ရာခိုင်နှုန်းကျကြောင်း၊ ထိုသို့ကျဆင်းမှုများကို UNODC က ကမ္ဘာသို့ တရားဝင်ထုတ်ပြန်ခဲ့ကြောင်းဖြင့် သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၅) တွင် သတင်းထောက်တစ်ဦး၏ မေးမြန်းချက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီက ဖြေကြားရာ၌ ထည့်သွင်းပြောကြားသွားခဲ့သည်။

အက်ဖက်တမင်းခေါ် စိတ်ကြွဆေးပြားအန္တရာယ်နှင့် ပတ်သက်၍ ရဲချုပ်က ပြောကြားရာတွင် မိမိတို့နိုင်ငံ၌ ဒုတိယရဲချုပ် ဦးစီးသည့် ဓာတုဗေဒထိန်းချုပ်ရေးကော်မတီဖွဲ့စည်းထားကြောင်း၊ အက်ဖက်တမင်းဆေးပြားကို မြန်မာနိုင်ငံတွင် ချက်၍မရကြောင်း၊ ဘာကြောင့်ဆိုလျှင် ယင်းဆေးပြားချက်လုပ်ရန်လိုအပ်သော Precursor Chemical ပစ္စည်းမထွက်သည့်အတွက်ဖြစ်ကြောင်း၊ ယင်း ဓာတုဗေဒပစ္စည်းများသည် မူးယစ်ဆေးဝါးတွင် အသုံးပြုနိုင်သလို ဆေးဝါးထုတ်လုပ်ရေးတွင်လည်း အသုံးပြုနိုင်ပါကြောင်း၊ သုံးသင့်သည့်နေရာသုံးပြီး မသုံးသင့်သည့်နေရာ မသုံးရအောင် အသိပညာပေးလုပ်ငန်းများကို မူးယစ်ဗဟိုက ဦးစီးပြီး Workshop များကို ရန်ကုန်မြို့၌ ငါးကြိမ်၊ မန္တလေး၌ နှစ်ကြိမ်ပြုလုပ်ပြီးစီးပါကြောင်း ပြောကြားသွားခဲ့သည်။ ထို့ပြင် Precursor Chemical များကို အိမ်နီးချင်းနိုင်ငံများမှ ဝင်မလာစေရန် ယင်းနိုင်ငံများနှင့် Bilateral Agreement များချုပ်ပြီး ဓာတုဗေဒ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း ဆက်လက်ရှင်းလင်းသွားခဲ့သည်။

LIVING COLOR MAGAZINE

526302 , 504496 , 4412163

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm

www.foreverspace.com.mm



# လူငယ်များ၏အိပ်မက်

မျိုးမင်းဌေးနှင့် အယ်ဒီတာတစ်ဦး

လူငယ်များကို အိပ်မက်မက်ကြစမ်းပါဟု ဝါရင့်သတင်းစာဆရာကြီးတစ်ဦးက ၎င်း၏ဆောင်းပါးများတွင် မကြာခဏ တိုက်တွန်းနေခဲ့သည်ကို ဖတ်ခဲ့ရဖူးပါသည်။ ဆိုလိုသည်မှာ လူငယ်များကို Vision ခေါ် ရည်မှန်းချက်များထားရှိရန် တိုက်တွန်းခြင်းပင် ဖြစ်ပေသည်။ Vision ဆိုသည်မှာ ရည်မှန်းချက်ပန်းတိုင်ကို ဆိုလိုခြင်းဖြစ်ပြီး Mission ဆိုသည်မှာ အဆိုပါရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ဦးတည်ကြိုးပမ်းသည့်နည်းလမ်းများကို ဆိုလိုပါသည်။ ဤသို့ဆိုလျှင် Vision မရှိသောလူငယ်များတွင် Mission လည်းမရှိနိုင်တော့ဟု ပြောရမည်ဖြစ်ပေသည်။

(၁)

Living Color အနေဖြင့် အနာဂတ် မြန်မာနိုင်ငံ၏ ခေါင်းဆောင်များဖြစ်လာကြမည့်လူငယ်များ၏ Vision ခေါ် ရည်မှန်းချက်ခေါ် အိပ်မက်များကို များစွာစိတ်ဝင်စားသည့်အားလျော်စွာ မန္တလေးမြို့တော်ရှိ ပုဂ္ဂလိသင်တန်းအချို့မှ လူငယ်အချို့ကို စစ်တမ်းငယ်တစ်ခု ပြုလုပ်ခဲ့ပါသည်။ မေးခွန်းများတွင် Yes၊ No မေးခွန်းများ ပါဝင်သကဲ့သို့ ၎င်းတို့၏သဘောထားကို သိလို၍ မှတ်ချက်ပြုနိုင်သော မေးခွန်းအများစု ထည့်သွင်းထားခဲ့ပါသည်။ အဓိကထား၍ မေးမြန်းခဲ့သောမေးခွန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁။ ဘဝရည်မှန်းချက် ခေါ် အိပ်မက်များနှင့်ပတ်သက်၍**

(က) ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ခြင်းရှိ/ မရှိ၊ အကောင်အထည်ဖော်ရန် အခြေအနေ ပေး/ မပေး၊

(ခ) လူထုနှင့်ပတ်သက်၍ အကျိုးပြုလိုသော ရည်မှန်းချက် ရှိ မရှိ၊

(ဂ) ပညာနှင့်ပတ်သက်သော သဘောထား၊ စိတ်ဝင်စားသော ဘာသာရပ်၊

(ဃ) ဘဝတူလူငယ်အများစု၏ အနာဂတ်ရည်မှန်းချက်များနှင့် ပတ်သက်သောအမြင်၊

**၂။ ရည်မှန်းချက်များအကောင်အထည်ဖော်ရန် မဖြစ်မနေ လိုအပ်သောအချက်များနှင့် ပတ်သက်၍**

(က) ကွန်ပျူတာနှင့် အကျွမ်းတဝင်ရှိ မရှိနှင့် သဘောထား၊

(ခ) အင်တာနက်ကို စိတ်ဝင်စားခြင်းရှိ မရှိနှင့် သဘောထား၊

(ဂ) e-mail အသုံးပြုခြင်းရှိ မရှိနှင့် သဘောထား၊

(၂)

အဓိကမေးခွန်းဖြစ်သော ရည်မှန်းချက်များနှင့် ပတ်သက်သောအပိုင်းတွင် ဖြေဆိုခဲ့သော လူငယ် ၁၀၀ ရာခိုင်နှုန်းက ၎င်းတို့တွင် အိပ်မက်ကိုယ်စီရှိကြောင်း ဖြေကြားခဲ့သည်ကို တွေ့ရပါသည်။ သို့သော် ဖြေဆိုခဲ့ကြသည့် လူငယ်အများစုသည် ၎င်းတို့၏အိပ်မက်များအပေါ်တွင် သံသယရှိကြသည်ကို တွေ့ရပေသည်။


မေးခွန်းများတွင် ကာယကံရှင်တစ်ဦးချင်း၏ အနာဂတ်နှင့်ပတ်သက်သောမေးခွန်းများကိုသာမက ကာယကံရှင်တစ်ဦးချင်းစီအပါအဝင်ဖြစ်သော လူငယ်များ၏အနာဂတ်နှင့်ပတ်သက်၍ အမြင်ကို အဖွင့်မေးခွန်းသဖွယ် သဘောထားမှတ်ချက် မေးမြန်းကြည့်ရာတွင် မှတ်သားဖွယ်အဖြေအချို့ကိုလည်း တွေ့ရပါသည်။

မန္တလေး ၇၇× ၇၈ လမ်း၊ ၃၃လမ်း နှင့် ၃၄ လမ်းအတွင်း နေထိုင်သည့် မျိုးဇော်ထွန်းသည် LCCI သင်တန်းသားတစ်ဦး ဖြစ်ပြီး သူနှင့်လူငယ်များ၏ အနာဂတ်နှင့် ပတ်သက်၍ အောက်ပါအတိုင်းမှတ်ချက်ပြုသည်။

"ဒီနေ့ ကိုယ်ဟာ ဘာကလေးဆိုတာထက် နောင်အနာဂတ်မှာ ဘာကြီးဖြစ်လာရမယ်ဆိုတဲ့စိတ်ဓာတ်ရှိသော လူငယ်တွေအတွက်တော့ အနာဂတ်တွေဟာ လှပမှာပါ" ဟု မျိုးဇော်ထွန်းက ၎င်း၏အမြင်ကို ရေးသားခဲ့သည်။ ၎င်းသည် LCCI နှင့် MAM သင်တန်းနှစ်မျိုး တက်နေသည်ဟုဆိုသည်။ သို့သော် ၎င်းကိုယ်တိုင်၏ ရည်မှန်းချက်များဖြစ်နိုင်ဖို့ ဝေးနေသေးတယ်လို့ ထင်ပါတယ်ဟု ဖွင့်ဟထားခဲ့သည်ကို တွေ့ရသည်။

LCCI Level III တက်ရောက်နေသည့် ဟေမာလှိုင်ဝင်းကမူ လူငယ်တွေအတွက် ကိုယ်ပိုင်ဖန်တီးနိုင်မည့် အနာဂတ်ရှိသည်ဟု ယုံကြည်ကြောင်း၊ ကိုယ်ဖြစ်ချင်တဲ့ အနာဂတ်တစ်ခုကို ဘာလဲဆိုတာ တိတိကျကျသိဖို့ လိုအပ်ကြောင်း၊ ကံ၊ ဉာဏ်၊ ဝီရိယ သုံးခုထည့်ပေါင်း၍ ကြိုးစားရင် လူငယ်အားလုံးတွင် ကောင်းမွန်သောအနာဂတ်ရှိသည်ဟု ယုံကြည်ကြောင်း ရေးသားခဲ့ပါသည်။

မန္တလေးမြို့ ကန်သာယာမြို့သစ်မှ မေဇင်ကိုကမူ လူငယ်





www.foreverspace.com.mm

www.foreverspace.com.mm



များတွင် တကယ်ကြိုးစားသူတွေ နည်းနေသေးသည်ဟုထင်ကြောင်း ဖြေဆိုခဲ့သည်။

ကာယကံရှင်တစ်ဦးချင်း၏ ရည်မှန်းချက်ခေါ် Vision များကို တိုက်ရိုက်မေးမြန်းရန်မသင့်ဟု ယူဆသောကြောင့် လူငယ်တစ်ဦးချင်းအား ၎င်းတို့၏ရည်မှန်းချက်သည် လူထုကို တစ်စုံတစ်ရာအကျိုးပြုရန် ပါဝင်ခြင်းရှိ မရှိ မေးမြန်းထားရာတွင် ၄၀ ရာခိုင်နှုန်းမှာ မိဘကိုအလုပ်အကျွေးပြုမည်ဟု ဖြေဆိုခဲ့ကြပြီး ထူးထူးခြားခြား ကြီးမားသောရည်မှန်းချက်များကို မတွေ့ခဲ့ရပေ။


မန္တလေးမြို့ စိန်ပန်းရပ်မှ MAM သင်တန်းသူ ဖြူစင်အိကနှစ်စဉ်နှစ်တိုင်း ချို့တဲ့သောကလေး ၁၀၀ ကို ကွန်ပျူတာပညာအခမဲ့သင်ကြားပေးမည်ဟု ဆုံးဖြတ်ထားကြောင်း ရေးသားခဲ့သည်။

မန္တလေးမြို့ ၈၁ လမ်းမှ ကျော်ဝင်းကမူ အခမဲ့ပညာသင်ကျောင်းတွေဖွင့်မယ်၊ ကြိုးစားတဲ့လူငယ်တွေကို အခွင့်အရေးပေးမယ်ဟု ရေးသားခဲ့သည်။

အသက် ၂၂ နှစ်အောက် လူငယ်များကို မေးမြန်းထားခြင်းဖြစ်၍ ၎င်းတို့၏ရည်မှန်းချက်များသည် လူထုနှင့်ဆက်စပ်မှု မရှိသေးဟု ဆိုနိုင်ဖွယ်ရာရှိသော်လည်း ၎င်းတို့၏အဖြေများသည် နိုင်ငံတကာမှ လူငယ်များနှင့် နှိုင်းစာလျှင် ကျေနပ်ဖွယ်ရာမရှိဟုဆိုရမည် ဖြစ်ပေသည်။

လူငယ်များအနေဖြင့် ၎င်းတို့၏ ရည်မှန်းချက်ကို အထောက်အကူပြုနိုင်ရန်အတွက် မည်သို့သောဘာသာရပ်ကို စိတ်ဝင်တစား သင်ယူလိုသနည်းဟု မေးမြန်းရာတွင် ၆၀ရာခိုင်နှုန်းက စီးပွားရေးဘာသာရပ်ကို ရွေးချယ်ခဲ့ကြပြီး ၂၀ ရာခိုင်နှုန်းက စီးပွားရေးနှင့် ကွန်ပျူတာဟုလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းက ကွန်ပျူတာပညာဟုလည်းကောင်း ရေးသားခဲ့သည်ကို တွေ့ရသည်။ ဈေးကွက်စီးပွားရေးခေတ်ဖြစ်သည်နှင့်အညီ လူငယ်များက စီးပွားရေးကိုသာ အထူးစိတ်ဝင်စားသည်မှာ များစွာထင်ရှားသည်ကို တွေ့ရသည်။

အဖြေများကိုခြုံ၍ ဝေဖန်ရလျှင် လူငယ်များတွင် အိပ်မက်ကိုယ်စီရှိကြသော်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းပါးလုသည်မှာ သိသာလွန်းလှသည်။ ၎င်းတို့၏ လက်ရှိ အခြေအနေသည် အိပ်မက်များကို အကောင်အထည်ဖော်ရန် အဆင်မပြေဟုယူဆသူ ၁၀၀ ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရသည်။ ၎င်းတို့၏ရည်မှန်းချက်များမှာလည်း လူထုနှင့်ဆက်စပ်မှုမရှိသလောက်သေးငယ်ပြီး၊ သေးငယ်သော Vision များ ဖြစ်နေသည်ကို တွေ့ရသည်။ သို့သော် ဘဝရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရန်အတွက် ပညာဆည်းပူးရန် လိုအပ်သည်ဟု အားလုံးကယုံကြည်ထားကြသည်ကို တွေ့ရပါသည်။ ထူးဆန်းစွာပင် လူငယ်အများစုက စီးပွားရေးဘာသာရပ်ကို စိတ်ဝင်စားနေခဲ့ကြခြင်းဖြစ်ပါသည်။



ကမ္ဘာကျော်သတင်းစာဆရာ Thomas Friedman က Birth Lottery ခေါ် ဘယ်နိုင်ငံတွင် လူဖြစ်ချင်သနည်းဆိုသည့် အမေးနှင့်ပတ်သက်၍ ၎င်း၏နောက်ဆုံးထုတ် The World is Flat တွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

"အရင်တုန်းက အမေရိကန်ပြည်ထောင်စုမှာမွေးဖွားတဲ့ သာမန်လူငယ်တစ်ယောက်ဘဝနဲ့ အိန္ဒိယနိုင်ငံမှာ မွေးဖွားတဲ့ လူစွမ်းကောင်း (Genius) လူငယ်တစ်ယောက် ဘယ်သင်းကို ရွေးမလဲဆိုရင် အားလုံးက အမေရိကန်မှာ မွေးဖွားကြီးပြင်းရတဲ့ သာမန်လူငယ်တစ်ယောက်ရဲ့ဘဝကို ရွေးကြပါလိမ့်မယ်။ ဒီကနေ့မှာတော့ အိန္ဒိယမှာ မွေးဖွားကြီးပြင်းရတဲ့ လူတော်၊ လူစွမ်းကောင်းတစ်ယောက်ရဲ့ဘဝကို ရွေး

www.foreverspace.com.mm





ချယ်ကြပါလိမ့်မယ်”

ယခင်က လူတော်များအတွက်ပင် နေရာမရှိသော အိန္ဒိယတွင် ယနေ့လူတော်များအတွက် ကြီးစွာသောအခွင့်အလမ်းများ ရှိနေပါသည်။ ထိုသူတို့၏ဘဝသည် အမေရိကန်ပြည်ထောင်စုမှ သာမန်လူငယ်တစ်ယောက်၏ဘဝထက် များစွာ သာလွန်ကောင်းမွန်သောအခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါလိမ့်မည်။ သာမန်ဉာဏ်ရည်၊ သာမန်ကြိုးစားနေသော လူငယ်တစ်ယောက်၏ဘဝသည် မက်လုံးများမရှိသော်လည်း ကြိုးစားနိုးကြားသောလူငယ်များအတွက် ယနေ့အခွင့်အလမ်းမျိုးစုံ ရှိနေသည်မှာ အသေအချာပင်ဖြစ်ရာ အရာရာမိမိပေါ်တွင်သာ မူတည်ကြောင်း ပြောလိုပါသည်။ သာမန်ကြိုးစားအားထုတ်မှုသာရှိသော သာမန်လူငယ်များ၏ဘဝမှာမူ နိုင်ငံအကြီးအကျယ်ဖွံ့ဖြိုးချိန်ရောက်မှသာ အလွယ်တကူ အချောင်နိုင်ပေလိမ့်မည် ဖြစ်သည်။

(၃)

နည်းပညာသည် ယနေ့ကမ္ဘာကြီးတွင် အဓိကကဏ္ဍ၌ ပါဝင်လာခြင်းကြောင့် လူငယ်များ၏ အမြန်ကမ္ဘာနှင့် အဆက်အစပ်ကို သိရှိလိုသည်ဖြစ်၍ မေးခွန်းများ၏ အပိုင်း (၂) တွင် ကွန်ပျူတာနှင့် အကျွမ်းတဝင်ရှိ မရှိ၊ အင်တာနက်နှင့် ယှဉ်ပါးခြင်းရှိ မရှိ၊ e-mail အသုံးပြုခြင်းရှိ မရှိ စသောမေးခွန်းများ မေးမြန်းထားခဲ့ပါသည်။

များစွာထူးခြားသောအချက်မှာ ၈၀ ရာခိုင်နှုန်းသောလူငယ်များက အင်တာနက်ကို အသုံးပြုတတ်သော်လည်း ၎င်းတို့အတွက် တစ်စုံတစ်ရာအကျိုးပြုနိုင်သည့်အခြေအနေကို မရောက်ရှိသေးသည့်အချက်ပင် ဖြစ်ပေသည်။ အများစုသည် Internet Explorer ကို ဖွင့်သုံးတတ်ရုံသာရှိပြီး Chat Room များနှင့်ယှဉ်ပါးသူ ၅၀ ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရသည်။ ခြုံ၍ပြောရလျှင် အင်တာနက်နည်းပညာသည် အဆိုပါလူငယ်များ၏ဘဝထဲသို့ မရောက်ရှိသေးသည့်အကြောင်းပင် ဖြစ်ပါသည်။ ဖြေဆိုသူ ၁၀၀ တွင် အင်တာနက်ကို များစွာယှဉ်ပါး၍ ကောင်းစွာအသုံးချနိုင်သူ တစ်ဦးသာတွေ့ရပြီး ကျန်လူငယ်များမှ အင်တာနက်ကို အဖြစ်သဘောသာ သင်ယူထားကြသည်ကို တွေ့ရသည်။ အင်တာနက်ကို သင့်ဘဝအတွက် မည်သို့အကျိုးရှိစွာ အသုံးချနေသနည်းဆိုသော မေးခွန်းမျိုးအတွက် ကျေနပ်လောက်သောအဖြေကို မည်သူကမျှ မပေးနိုင်ခဲ့ကြပါ။ ဤအချက်သည် သင်တန်းများ၏အားနည်းချက်ကိုလည်း ဖော်ပြနေသည်ဟု ယူဆဖွယ်ရာ ဖြစ်ပါသည်။ လူငယ်တိုင်းတွင် စိတ်ဝင်စားသောအရာတစ်ခုခုရှိနေမည်မှာ အသေအချာပင်ဖြစ်ရာ ထိုစိတ်ဝင်စားမှုကို အင်တာနက်ထဲမှ ဆွဲထုတ်နိုင်ရန် သင်ကြားပေးနိုင်သောသင်တန်းများ နည်းပါးနေသည်ဟူသောသဘောလည်း ဖြစ်ပေသည်။

မေးခွန်းအားလုံးကို အင်္ဂလိပ်ဘာသာဖြင့်ဖြေဆိုခဲ့ပြီး ဖြေဆိုသူအမည် တပ်မထားသည့် အဖြေလွှာရှင်သည် မိန်းကလေးတစ်ဦးဖြစ်ပြီး MAM Accounting သင်ကြားနေသူဖြစ်သည်ဟု ဖော်ပြထားသည်။ အဆိုပါ မိန်းကလေးက သူအကြိုက်ဆုံး Website မှာ www. wikipedia.org ဖြစ်သည်ဟု ဆိုသည်။ သို့သော် အဆိုပါမိန်းကလေးက သူ့ထံတွင် e-mail မရှိပါဟု ဆိုသည်။

အဆိုပါမိန်းကလေးက အင်တာနက်ပေါ်မှရရှိသော အကျိုးကျေးဇူးနှင့်ပတ်သက်၍ အောက်ပါအတိုင်း အင်္ဂလိပ်ဘာသာဖြင့် မှတ်ချက်ရေးခဲ့သည်။

“Because of watching internet, I accept the phrase

**လူငယ်များ၏အိပ်မက်သည် အနာဂတ် လူ့အဖွဲ့အစည်း၏အိပ်မက် ဖြစ်ပါသည်။ လူငယ်များ အိပ်မက်ကြီးကြီးမက်ကြလျှင် အနာဂတ် လူ့အဖွဲ့အစည်း၏ အဆင့်အတန်းဂုဏ်ရှိန် ကြီးကြယ်ထွန်းပြောင်မည် ဖြစ်သည်။**

www.foreverspace.com.mm



which says "the world is getting smaller"ဟု ရေးသားသည်။

အဆိုပါမိန်းကလေးက ၎င်း၏ရည်မှန်းချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားခဲ့ရာ ရည်မှန်းချက်ပန်းတိုင်သို့ မုချ ရောက်ရှိမည့်သူဖြစ်ကြောင်း ဟောကိန်းထုတ်လိုက်ပါသည်။

"To be a chief accountant who can earn both ends meet and to be a philanthropist"

အင်တာနက်ကို "သိပ်လည်း ထူးမနေပါဘူး။ အချိန်ကုန်တာ သက်သက်ပါပဲ" ဟု မှတ်ချက်ရေးသူ နှစ်ဦးကိုလည်း တွေ့ခဲ့ရ သည်။

အင်္ဂလိပ်စာအခက်အခဲကြောင့်လော မသိပါ။ e-mail ကိုမူ လူငယ်အားလုံးလိုလိုက စိတ်ဝင်စားမှုမရှိကြသည်ကို တွေ့ရ သည်။

ခြုံ၍ပြောရလျှင် ယနေ့ ၂၁ ရာစု 'အ' သုံးလုံးဖြစ်သော အင်္ဂလိပ်စာ၊ အိုင်တီ၊ အင်တာနက် စသည်များကို လူပြောများ၍ အဖြစ်သင်ယူထားသည့်သဘောကို လူငယ်အများစုတွင် တွေ့ရ ပြီး ၎င်းတို့၏ နေ့စဉ်ဘဝထဲသို့ နက်ရှိုင်းစွာထိုးဖောက်နေရာယူ နိုင်ခြင်းမရှိသေးသည်ကို တွေ့ရခြင်းပင် ဖြစ်သည်။ အိုင်တီနှင့် အင်တာနက်တို့သည် သီးခြားကုန်ကျစရိတ်များရှိနေသော သဘော သဘာဝများပါရှိနေရာ လူငယ်များနှင့် အလှမ်းကွာသကဲ့သို့ ဖြစ် နေသည်မှာ မဆန်းပါ။ လူငယ်များ၏ အင်္ဂလိပ်စာချို့တဲ့မှုသည် လည်း ဤခေတ်ပေါ်ဝန်ဆောင်မှုများနှင့် ပိုမိုအလှမ်းကွာစေခဲ့ သည်ဟု ယူဆပါသည်။

မည်သို့ပင်ဖြစ်စေ ယနေ့ကမ္ဘာလုံးဆိုင်ရာ အမြန်လမ်းမကြီးပေါ် သို့ တစ်ခုတည်းသော သွားရာလမ်းသည် အင်တာနက်ဟိုင်းဝေး ဖြစ်ပေရာ ထိုဝန်ဆောင်မှုများ၏ အသုံးချတန်ဖိုးကို သဘော မပေါက်မချင်း ရာစုသစ်တွင် ပီပြင်သောလူသားအရင်းအမြစ် မဖြစ်နိုင်ဆိုသောအချက်ကို လူငယ်များအား သတိပေးလိုပါသည်။



## (၄)

မေးခွန်းများကို ဖြေဆိုခဲ့သူ လူငယ်များသည် မန္တလေး မြို့တော်မှ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးမြို့ ရှိ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများတွင် ပညာကို လိုလားစွာ သင်ယူနေသော အဆိုပါလူငယ်များ၏အဖြေတွင် တူညီနေသောအချက်အချို့ကို ဆွဲထုတ်ကြည့်ရာ အောက်ပါတို့ကို တွေ့ရပါသည်။

(က) မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုနည်းခြင်း၊

(ခ) ရည်မှန်းချက်များနှင့်ပတ်သက်၍ ကြိုတင်လက်လျှော့ထား သည့်သဘောကို တွေ့ရခြင်း၊

(ဂ) လူထုနှင့်ပတ်သက်သော ရည်မှန်းချက်၊ စိတ်ဝင်စားမှု မရှိ သလောက်ဖြစ်ခြင်း၊

(ဃ) စီးပွားရေးဘာသာရပ်ကို အထူးစိတ်ဝင်စားကြခြင်း၊

(င) ကွန်ပျူတာ၊ အင်တာနက်နှင့် အီးမေးလ် စသည်များကို အကျွမ်း တဝင်စနစ်တကျ အသုံးမပြုနိုင်သေးခြင်း စသည်များ ဖြစ် ပေသည်။

ဖော်ပြပါလူငယ်များ၏ သဘောထားအမြင်တို့မှာ ကောက်ယူ ထားသောနယ်ပယ်နှင့် အရေအတွက်အရပြောရလျှင် များစွာ ယေဘုယျသဘောဆောင်ပါသည်။ သည့်ထက် ပိုမိုကျယ်ပြန့်စွာ ကောက်ယူနိုင်ပါက ယခုထက် ပို၍ ခြုံငုံမိမည်ဖြစ်သော်လည်း လက်ရှိဖြေဆိုထားသလောက်နှင့်ပင် မန္တလေးမြို့တော် အပါအဝင် မြန်မာနိုင်ငံတစ်ခုလုံး၏ လူငယ်များ၏အခြေအနေကို အကြမ်းဖျင်း သုံးသပ်နိုင်ပါသည်။ လူငယ်များတွင် မျက်မှောက်ကမ္ဘာကြီး၏ အခြေအနေကို ရိပ်ဖမ်းသံဖမ်း နားလည်သဘောပေါက်နေသည့် သွင်ပြင်လက္ခဏာရပ်များ တွေ့မြင်ရခြင်းမှာ အားတက်ဖွယ်ရာ

www.foreverspace.com.mm





အခြေအနေတစ်ရပ် ဖြစ်ပါသည်။ ယင်းလက္ခဏာတို့မှာ အင်္ဂလိပ်စာ၊ အင်တာနက်နှင့် အိုင်တီတို့သည် မရှိမဖြစ်အရေးပါလာမည်ကို သိနေခြင်း၊ မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှုရှိရန်လိုအပ်ခြင်း၊ အနာဂတ်တွင် မိမိ၏ လက်ရှိအခြေအနေထက် မြင့်မားတိုးတက်လိုစိတ်ရှိခြင်း၊ ဖြေဆိုထားချက်များအရ အခြေခံအားဖြင့် စိတ်ကောင်းနှလုံးကောင်းရှိသူများ ဖြစ်နေခြင်းတို့ပင် ဖြစ်ပါသည်။

(၅)

လောက၏ နိယာမသဘောနှင့် လူနှင့်လူ့ပတ်ဝန်းကျင်တို့ ဆက်စပ်ပတ်သက်သည့် ထုံးတမ်းစဉ်လာအရ နေရာတိုင်းတွင် အကျိုးနှင့်အကြောင်း သဘောတရားရှိပါသည်။ ယနေ့ မန္တလေးလူငယ်များ၏ သဘောထားခံယူချက်တို့ကို အကျိုးတရားဟုဆိုပါက ထိုသို့ဖြစ်လာရန် အကြောင်းတရားများစွာက စေ့ဆော်ဖန်တီးပေးပါသည်။ ထိုအကြောင်းတရားများကို အနှစ်ချုပ်ရလျှင် ပတ်ဝန်းကျင်ဟုဆိုလျှင် ရကောင်း၏။ သို့ဆိုလျှင် မန္တလေး လူငယ်များတွင်သာမက လူငယ်အားလုံး လက်ရှိခံစားပိုင်ဆိုင်နေသော အကျိုးတရားများသည်လည်း လူမှုစီးပွား အသိပညာ ပတ်ဝန်းကျင်အကြောင်းတရားများ၏ ခြယ်မှုန်းမှုကြောင့်ပင် မဟုတ်ပါလော။ သို့ဆိုလျှင် ယနေ့ခေတ်လူငယ်များ၏ အနာဂတ်ရည်မှန်းချက် ပြတ်သားခိုင်မာရန် ဖွဲ့ လုံ့လ ဝီရိယထက်သန်ရန်၊ ကြိုးစားအားထုတ်လိုစိတ်ပြင်းပြရန်၊ လူထုတစ်ရပ်လုံးအတွက်ဟူသော ခံယူချက်မျိုးရှိစေရန်၊ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုရှိစေရန်၊ အသိပညာ၊ အတတ်ပညာရေချိန်ကို အဆုံးအစမရှိ မြှင့်တင်လိုစိတ် ပေါက်ဖွားလာစေရန် မည်သို့သောအကြောင်းတရားများနှင့် ပံ့ပိုးကူထောက်ပေးကြမည်နည်း။ ရှင်းပါသည်။ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဖော်ဆောင်ပေးရေးပင် ဖြစ်ပါသည်။ လူငယ်များ၏ အုပ်ထိန်းသူနေရာတွင်ရှိသူ၊ သင်ကြားပြသသည့် ဆရာနေရာတွင်ရောက်နေသူတို့က ပတ်ဝန်းကျင်ကောင်းများကို တစ်စိတ်တစ်ပိုင်း ဖန်တီးပေးနိုင်ပါသည်။ ထို့ထက်ကျယ်ပြန့်သော ပတ်ဝန်းကျင်ကောင်းကိုမူ လူမှုအသိုင်းအဝိုင်းတစ်ခုလုံး သို့မဟုတ် ဒေသတိုင်းနိုင်ငံတစ်ခုလုံးတို့၏ စီမံခန့်ခွဲဆုံးဖြတ်ပေးနိုင်သူတို့ကသာ စွမ်းနိုင်ကြပါသည်။ မိမိ၏ လူ့ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းတစ်ခု၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်မြင်တွေ့လိုသူ၊ မိမိ၏ အနာဂတ်လူ့အဖွဲ့အစည်း၏ အဆင့်အတန်းကို မလိမ်မညာစတမ်း မြင့်မားစေလိုသူ၊ ထိုဆန္ဒတို့ ပြင်းပြင်းပြပြရှိနေသူများ သေချာပေါက် ဖော်ဆောင်နိုင်ပါသည်။

များစွာအရေးကြီးသည်မှာ ထိုသို့ ဖော်ဆောင်နိုင်စွမ်းရှိသူများအနေဖြင့် လူငယ်များ၏အိပ်မက်သည် အနာဂတ်လူ့အဖွဲ့အစည်း၏ ရပ်တည်မှုအဆင့်အတန်းဆိုသည်ကို ရှင်းလင်းစွာ သဘောပေါက်နားလည်ထားဖို့ပင် ဖြစ်ပါသည်။ သို့ဆိုရလျှင် လူငယ်များ၏အိပ်မက်သည် အနာဂတ်လူ့အဖွဲ့အစည်း၏ အိပ်မက် ဖြစ်ပါသည်။ လူငယ်များ အိပ်မက်ကြီးကြီးမက်ကြလျှင် အနာဂတ်လူ့အဖွဲ့အစည်း၏ အဆင့်အတန်းဂုဏ်ရှိန် ကြီးကြယ်ထွန်းပြောင်မည်ဖြစ်သည်။ လူငယ်များကို အိပ်မက်ကြီးကြီး မက်ကြပါစေ။ လူငယ်များ အိပ်မက်ကြီးကြီး မက်နိုင်ကြပါစေ။

**မျိုးမင်းဋ္ဌေးနှင့် အယ်ဒီတာတစ်ဦး**

■

www.foreverspace.com.mm



ဤကဏ္ဍတွင်.......

၄၂ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဧည့်လမ်းညွှန်များ၏ အခန်းကဏ္ဍ
၄၆ အကျိုးတူပူးပေါင်းမှုဖြင့် အလားအလာကောင်းသို့ ဦးတည်လာသော စားသောက်ဆိုင်လုပ်ငန်းများ
၅၂ ပတ်ဝန်းကျင်ကိုအကျိုးပြုနေသော အလှဆင်အပင်ကြီးများ
၅၆ သုတေသနစီးပွား
၆၀ မြန်မာ့လယ်ယာကဏ္ဍနှင့် လယ်ယာလုပ်သားများ ရွှေ့လျားစီးဆင်းမှု
၆၄ ရန်ကုန်ကုန်စည်ဈေးကွက်

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဧည့်လမ်းညွှန်များ၏အခန်းကဏ္ဍ

ထားထားမြင့်

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်ခုအတွက် ကုန်ကျစရိတ်အနည်းဆုံးဖြင့် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သော မီးခိုးမဲ့စက်ရုံများဖြစ်သည်ဟု ညွှန်းဆိုလေ့ရှိကြသည်။ မှန်ပါသည်။ ဒေသတွင်း နိုင်ငံအချို့ဆိုလျှင် ဤကဏ္ဍမှဝင်ငွေသည် တိုင်းပြည်၏ GDP တွင် ထိပ်တန်းနေရာမှ ရပ်တည်နေလျက် ရှိကြသည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာကောင်းများစွာရှိနေသည့် မြန်မာနိုင်ငံသည်လည်း အနာဂတ်တွင် ယခုထက်မက ကမ္ဘာလှည့်ခရီးသွားတို့ လာရောက်လည်ပတ်နိုင်ရန် အလို့ငှာ ဧည့်သည်များနှင့် အများဆုံးထိတွေ့ကြမည့် ဧည့်လမ်းညွှန်များ၏ အရည်အချင်းနှင့်ခံယူချက်တို့ကလည်း များစွာအရေးကြီးပါသည်။ ဧည့်လမ်းညွှန်များအပေါ် ခရီးသည်များ၏အမြင် သုံးသပ်ချက်သည် နိုင်ငံတစ်ခုလုံး၊ တစ်မျိုးသားလုံးအပေါ် ရှိသည့်သဘောထားနှင့် တိုက်ရိုက်အချိုးကျနေပါသည်။ သို့ဆိုလျှင် ယနေ့ဧည့်လမ်းညွှန်များ၏ ခံယူချက်သဘောထားအမြင်တို့ကရော မည်သို့ရှိနေပါသနည်း။ လက်တွေ့လုပ်ကိုင်နေသော နယ်ပယ်အတွင်းမှ ဧည့်လမ်းညွှန်တို့၏အသံမှာ များစွာစိတ်ဝင်စားဖွယ်ကောင်းပါသည်။



ရွှေတိဂုံဘုရားပေါ်မှ ကမ္ဘာလှည့်ခရီးသည်များ

ဧည့်လမ်းညွှန် ကိုစံမြင့်တို့ကားလေး မန္တလေးတောင်ခြေနှင့် နီးကပ်လာချိန်မှာ ကားနောက်ခန်းမှာထိုင်နေသောနိုင်ငံခြားသား ဧည့်သည်ကို ကိုစံမြင့် ငဲ့စောင်းကြည့်လိုက်ပါသည်။ တီရှပ်လက်တိုနှင့် ပေါင်လယ်ရောက်ဘောင်းဘီတိုကို ဝတ်ဆင်ထားသော ကိုရွှေဧည့်သည်ကမူ ပတ်ဝန်းကျင်ကိုစူးစမ်းစွာ ငေးမောနေပါသည်။ မြန်မာဘုရားကျောင်းကန်တွေမှာ ဒီလိုအဂါရဝဖြစ်စေသော ဝတ်စားဆင်ယင်မှုတွေကို ခွင့်မပြုတဲ့အကြောင်း အာပေါက်မတတ် ရှင်းပြထားပြီးဖြစ်ပါလျက်နှင့် ပူအိုက်တာကို အကြောင်း

www.foreverspace.com.mm



ပြပြီး ဝတ်ဆင်လာသည့်အတွက် ကိုစံမြင့်စိတ်တိုမိ၏။ သို့သော်လည်း ကားပေါ်မှ ခပ်သုတ်သုတ်ဆင်းကာ မန္တလေးတောင်ခြေ အနီးအနားက ဈေးဆိုင်တွေဆီမှာ ပုဆိုးသစ်တစ်ထည်ကို ဖုန်ထူထူနေပူပူမှာ အလျင်အမြန်အပြေးအလွှား လိုက်ရှာဖွေငှားရပါသည်။ နောက်ဆုံး ဝမ်းတွင်း သဲတောပုဆိုးသစ်တစ်ထည်ကို ခါးပတ်ပတ်ဝတ်ဆင်ပြီး ဧည့်သည်က မန္တလေးတောင်ပေါ်သို့ ဂုဏ်ယူဝင့်ကြွားစွာ တက်သွားသောအချိန်မှာတော့ ဧည့်လမ်းညွှန်ကိုစံမြင့်တစ်ယောက် နဖူးမှ ချွေးကိုသုတ်ကာ ဧည့်သည်နောက်မှ လိုက်ခဲ့ရပါသည်။

"ဘေးပတ်ဝန်းကျင်အမြင်အရ ဧည့်လမ်းညွှန်ဆိုတာဟာ နိုင်ငံခြားဧည့်သည်နဲ့အတူ အမြဲဇိမ်ခံကားတွေစီး၊ ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်တွေမှာ ကောင်းကောင်းစားနဲ့ ဇိမ်ကျနေတာပဲလို့ ထင်စရာရှိပေမယ့် အဲဒီနောက်ကွယ်မှာ ဧည့်လမ်းညွှန်တိုင်း မလွဲမသွေကြုံရတဲ့ အခက်အခဲတွေ အများကြီးရှိပါတယ်"ဟု ခရီးသွားဧည့်လမ်းညွှန် လုပ်သက် ရှစ်နှစ်ရှိပြီဖြစ်သော အီတလီ၊ စပိန်ဧည့်လမ်းညွှန် ကိုစံမြင့်က ပြောကြားခြင်းဖြစ်သည်။

## မြန်မာဧည့်လမ်းညွှန်များ


၁၉၆၀ ခုနှစ်က စတင်ခဲ့သော မြန်မာ့ခရီးသွားလုပ်ငန်းသည် တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သောမြန်မာဧည့်လမ်းညွှန်ဦးရေမှာလည်း တစ်နေ့တခြား တိုးပွားလာရာ တရားဝင်စာရင်းများအရ မြန်မာနိုင်ငံတွင် ခရီးသွားဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်နေကြသူပေါင်း ၅၀၀ ခန့် ရှိကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည့် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်အများစု လာရောက်ကြသော ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုဂံ၊ တောင်ကြီး၊ အင်းလေး စသောဒေသများတွင် နိုင်ငံခြားဘာသာစကားကိုကျွမ်းကျင်စွာပြောဆိုပြီး နိုင်ငံခြားသားဧည့်သည်များကို ရှင်းပြနေသော ဧည့်လမ်းညွှန်များကို လူတိုင်းလိုလို မြင်ဖူးကြပေမည်။ ဝင်ငွေကောင်းသူများဟုလည်း အများက မှတ်ယူထားတတ်ကြသည်မှာလည်း ဧည့်လမ်းညွှန်များပင် ဖြစ်၏။ စပိန်ဘာသာဧည့်လမ်းညွှန်တစ်ဦးဖြစ်သော မခင်သီတာအေးက "ကျွန်မငယ်ငယ်တုန်းက မြန်မာ့ခရီးသွားလုပ်ငန်းက ဧည့်လမ်းညွှန်တွေကို မြင်ရတဲ့အခါ အားကျပြီး သူတို့လို ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ အဖေက ခွင့်မပြုခဲ့လို့ ကျောင်းပြီးတဲ့အခါမှာ ဆရာမဝင်လုပ်ခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်မှာ အဖေလည်းဆုံးရော ကျွန်မလည်း ဧည့်လမ်းညွှန်ဖြစ်အောင် ကြိုးစားတော့တာပဲ" ဟု သူမ၏ အတွေ့အကြုံကို ပြန်ပြောင်း ပြောပြသည်။ ပြင်သစ်ဘာသာဧည့်လမ်းညွှန် မချောချောကြေးမုံကမူ ပြင်သစ်ဧည့်လမ်းညွှန်တစ်ဦးဖြစ်သော ဖခင်ကြောင့် ဧည့်လမ်းညွှန်တစ်ယောက်ဖြစ်လာရသည်ဟုဆိုသည်။

## ဧည့်လမ်းညွှန်အရည်အချင်း

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သတ်မှတ်ထားချက်များအရ ဧည့်လမ်းညွှန်တစ်ဦးသည် ဘွဲ့ရရှိရန်လိုအပ်ပြီး အင်္ဂလိပ်ဘာသာစကားနှင့် အခြားဘာသာစကားတစ်မျိုးကိုပါ ကျွမ်းကျင်စွာ တတ်မြောက်ဖို့လိုပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ဧည့်လမ်းညွှန်သင်တန်းကျောင်းတွင် သုံးလကြာသင်တန်းတက်ရောက်ပြီး အောင်မြင်မှသာ ဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်ခွင့်လိုင်စင် ရရှိခြင်းဖြစ်သည်။

သို့သော် ယနေ့ခေတ် ဧည့်လမ်းညွှန်တစ်ဦးအတွက် ဘာသာစကားကျွမ်းကျင်မှုသာမကဘဲ အခြားခေတ်နှင့်အညီ ရှိသင့်ရှိထိုက်သော အရည်အချင်းများလည်း ရှိဖို့လိုအပ်နေပြီဖြစ်ကြောင်း စပိန်ဧည့်လမ်းညွှန် ကိုစံမြင့်က ပြောကြားသည်။



**ရန်ကုန်မြို့ ကန်တော်ကြီးနဖူးရှိ**
Hotel Nikko

၎င်းက ဆက်လက်၍ "Tourist Guide တစ်ယောက်ဟာ သမိုင်းအကြောင်းလည်း သိရမယ်။ အင်တာနက်လည်း သုံးတတ်ရမယ်။ ခရီးသွားသတင်းတွေလည်း သိရမယ်။ တစ်ခါတလေ ဘောလုံးပြိုင်ပွဲ၊ ကားပြိုင်ပွဲတွေကိုတောင် ဧည့်သည်တွေက မေးတတ်တာမို့ အဲဒါတွေလည်း သိဖို့လိုအပ်တယ်။ အမြဲတမ်း ခေတ်နဲ့အညီ လေ့လာနေရပါတယ်"ဟု ရှင်းပြသည်။ ထို့အပြင် ဧည့်သည်ကို လိမ္မာပါးနပ်စွာ ခရီးစဉ်ကို ပြသနိုင်သည့်အရည်အသွေးနှင့် ဆက်ဆံရေးကောင်းမွန်ခြင်းသည်လည်း ဧည့်လမ်းညွှန်တစ်ဦး၏ အရည်အချင်းဖြစ်ကြောင်း ဧည့်လမ်းညွှန်အများစုက မှတ်ချက်ပေးပါသည်။

ခရီးသွားဧည့်လမ်းညွှန်ဦးရေ ၅၀၀ ခန့်ရှိသော မြန်မာနိုင်ငံတွင် ဧည့်လမ်းညွှန်အများစုသည် အင်္ဂလိပ်ဘာသာဧည့်လမ်းညွှန်များဖြစ်ပြီး သက်ဆိုင်ရာဘာသာစကားကျွမ်းကျင်မှုအလိုက် ဧည့်လမ်းညွှန်တို့၏ဝင်ငွေမှာ ကွာခြားမှုရှိသည်ဟု ဧည့်လမ်းညွှန်များထံမှ သိရသည်။

"စပိန်၊ ပြင်သစ်၊ ဂျာမန် စတဲ့ ဘာသာစကားတွေ ပြောနိုင်တဲ့ ဧည့်လမ်းညွှန်တွေက တခြားဧည့်လမ်းညွှန်တွေထက် ဝင်

www.foreverspace.com.mm



ငွေကောင်းပါတယ်”ဟု ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ မခင်ဖြူဖြူထိုက်က ရှင်းပြသည်။ ဧည့်လမ်းညွှန်များ၏ ရရှိသော ဝင်ငွေပမာဏအလိုက် သက်ဆိုင်ရာကို အမြတ်ခွန်ပေးဆောင်ရလေ့ရှိကြောင်းလည်း သူမက ရှင်းပြသည်။

## ဧည့်လမ်းညွှန်များ၏အခက်အခဲ

နိုင်ငံခြားသားနှင့် ရင်းနှီးပတ်သက်ရသူများအဖြစ် အများအထင် ကြီးမှုကိုခံယူရသော ဧည့်လမ်းညွှန်များတွင် အများမသိသော အခက်အခဲ၊ ဒုက္ခများစွာရှိနေတတ်ကြောင်း ဧည့်လမ်းညွှန်အများစုက ပြောတတ်ကြပါသည်။

ပြင်သစ်ဧည့်လမ်းညွှန် မချောချောကြေးမုံက “ဧည့်သည် လေယာဉ်ကွင်းကိုရောက်လာတဲ့အချိန်ကစပြီး လေယာဉ်ပေါ်ပြန်တက်တဲ့အထိ ကြုံတွေ့တတ်တဲ့ အခက်အခဲတွေက အများကြီးပါ”ဟု ဆိုသည်။

ဧည့်လမ်းညွှန်၏ ပေါ့လျော့မှုကြောင့် လေယာဉ်၊ ရထား၊ ခရီးစဉ်များ လွဲချော်ခြင်း၊ လေယာဉ်လက်မှတ်ပျောက်ခြင်းမျိုး ကြုံတွေ့ရပါက အလျော်အစားကြီးမားပြီး မျက်နှာပန်းမလှဖြစ်တတ်ကြောင်း သူမက သုံးသပ်ပြပါသည်။ ဧည့်လမ်းညွှန်များက ဆောင်ရန်၊ရှောင်ရန်များအား ပြောဆိုရှင်းလင်းပြီးသားဖြစ်သော်လည်း မတော်တဆအမှားများလုပ်မိသော ဧည့်သည်များ၊ ခေါင်းမာသောဧည့်သည်များနှင့် ကြုံတွေ့လျှင် ဒေသခံမြန်မာလူမျိုးများ အထင်မလွဲအောင် မိမိဧည့်သည်ကိုယ်စား ဧည့်လမ်းညွှန်များက တောင်းပန်ခဲ့ရသည့်အဖြစ်အပျက်များရှိကြောင်း ဧည့်လမ်းညွှန်ကိုမင်းမင်းက ဆိုသည်။

“နောက်တစ်ခုက ကျန်းမာရေးပြဿနာတွေပါ။ ဧည့်သည်တွေအရွယ်စုံ၊ လူမျိုးစုံပါလာတော့ သူတို့တွေ ကျန်းမာရေးပြဿနာတစ်စုံတစ်ရာ ဒီမှာဖြစ်လာရင် ဧည့်လမ်းညွှန်တွေအတွက် သိပ်စိတ်ရှုပ်ရပါတယ်”ဟု ပြင်သစ်ဧည့်လမ်းညွှန်တစ်ဦးက ရှင်းပြသည်။




**ဧည့်လမ်းညွှန်များ မွေးထုတ်ပေးသည့် သင်တန်းကျောင်း**

## အဝေဖန်ခံနိုင်မှုစွမ်းရည်

သို့ရာတွင် မကြာခဏဆိုသလို စာနယ်ဇင်းများတွင် ဧည့်လမ်းညွှန်များအပေါ် ဝေဖန်ပြောဆိုရေးသားချက်များ တွေ့ရလေ့ရှိသည်။ အဆိုပါရေးသား ဖော်ပြချက်များအရ ဧည့်လမ်းညွှန်များမှ ၎င်းတို့ဧည့်သည်များကို မြန်မာလက်မှုအနုပညာပစ္စည်းအရောင်းဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ခေါ်သွားသည့်အခါ ရရှိသည့် ကော်မရှင်ခအပေါ် ဝေဖန်ပြောကြားမှုများရှိနေကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အီတလီဧည့်လမ်းညွှန် ကိုစံမြင့်က “ဒီ ကော်မရှင်ယူတာက ထုံးစံပါ။ နိုင်ငံခြားမှာဆို ရာခိုင်နှုန်းနဲ့တောင် ယူကြလေ့ရှိတယ်”ဟု ဆိုသည်။ ဂျပန်ဧည့်လမ်းညွှန် မလှကြည်ထွေး ကမူ ဂျပန်ဧည့်သည်အချို့သည် အင်္ဂလိပ်စကားမပြောတတ်ကြောင်း၊ ထို့ကြောင့် အရောင်းအဝယ်အစအဆုံး ဂျပန်ဘာသာဖြင့် ဧည့်လမ်းညွှန်က ရှင်းပြပေးရသဖြင့် အချို့ဈေးဆိုင်များက ကော်မရှင်ကို ကြည်ဖြူစွာ ပေးအပ်ခြင်းဖြစ်သည်ဟုဆိုသည်။ ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးကမူ “ဈေးသည်တွေက သူတို့ပစ္စည်းကို မဝယ်ဖြစ်ရင် တစ်မျိုးထင်ကြတယ်။ ဧည့်လမ်းညွှန်က ကော်မရှင်မရလို့ မဝယ်နဲ့ပြောလိုက်တာလို့ ထင်ကြတယ်။ မဟုတ်ပါဘူး။ တကယ်ဆို ကိုယ်က အရည်အသွေးကောင်းအောင်လုပ်ရင် ဘယ်သူမဆို ဝယ်မှာပါ၊ ဧည့်လမ်းညွှန် မလိုပါဘူး”ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

သို့သော်လည်း ဧည့်လမ်းညွှန်များအပေါ် ဝေဖန်ပြောကြားမှုများ ဆက်လက်ရှိနေသေးသဖြင့် ချင့်ချင့်ချိန်ချိန်သုံးသပ်လိုသူ ခရီးသွားလုပ်ငန်းကုမ္ပဏီအကြီးအကဲတစ်ဦးက “စုန်းပြူးဆိုတာ ဘယ်နေရာမဆို ရှိနေတာပဲ။ အများကောင်းပေမယ့် ဆိုးတဲ့ဧည့်လမ်းညွှန်တွေ၊ ဆိုးတဲ့ဆိုင်ရှင်တွေရှိနေလို့ ဒီသတင်းတွေ ကြားနေရတာဖြစ်တယ်”ဟု ဝေဖန်ပြောကြားပါသည်။

ရန်ကုန်မြို့ Hotel Nikko မှ ဈေးကွက်ဒါရိုက်တာ ဒေါ်မေမြတ်မွန်ဝင်းကမူ ဟိုတယ်များအနေနှင့် ဧည့်လမ်းညွှန်များအပေါ် ကော်မရှင်ခပေးရခြင်းများမရှိကြောင်း၊ ခရီးသွားကုမ္ပဏီနှင့်သာ တိုက်ရိုက်ဆက်ဆံရလေ့ရှိသဖြင့် အဆိုပါပြဿနာများ ကင်းရှင်းကြောင်း ပြောကြားသည်။ Hotel Nikko သည် ဧည့်လမ်းညွှန်များအတွက် ဧည့်လမ်းညွှန်နေ့(Tourist Guide Day) ကို နှစ်စဉ်စုစည်းကျင်းပပေးလေ့ရှိပါသည်။

“ဧည့်လမ်းညွှန်တွေဟာ ကျွန်မတို့

www.foreverspace.com.mm



ဟိုတယ်တွေနဲ့ အမြဲတစေ ပတ်သက်နေရသူတွေပါ။ ခရီးသွားရာသီတစ်ခုလုံး သူတို့နဲ့ ဆက်ဆံနေရပေမယ့် အဲဒီအချိန်မှာ သူလည်း အလုပ်များ၊ ကိုယ်လည်းအလုပ်များမို့ အလုပ်ပါးတဲ့ မိုးရာသီမှာ သူတို့အတွက် အထိမ်းအမှတ်နေ့ ကျင်းပပေးတာ ဖြစ်ပါတယ်"ဟု ဒေါ်မေမြတ်မွန်ဝင်းက ရှင်းပြပါသည်။

စုန်းပြူးပါသည်ဖြစ်စေ၊ ကြည်ဖြူစွာပေး၍ ကော်မရှင်ခယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ လူမှုပတ်ဝန်းကျင်၏ အခြေခံသဘောအရ ဝေဖန်မှုနှင့်တော့ မလွတ်နိုင်ပါ။ မိမိက လိပ်ပြာသန့်လျှင်၊ မိမိရရှိသော ဝင်ငွေသည် သန့်ရှင်းသည်ဟု ယူဆလျှင် ဝေဖန်မှုများကို အမှုထားရန် မလိုပါ။ ဝေဖန်ခြင်းမှ သင်ခန်းစာယူတတ်လျှင်တောင် ရနိုင်ပါသည်။

ဧည့်လမ်းညွှန်များ၏ အခြားအခက်အခဲတစ်ခုမှာ လက်ရှိ မြန်မာကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအများစု ကြုံတွေ့ရလေ့ရှိသောအခက်အခဲများလည်း ပါဝင်သည်ဟု အင်္ဂလိပ်စကားပြောဧည့်လမ်းညွှန် ကိုတင်မောင်မောင်က ဆိုသည်။ မန္တလေး၊ ပုဂံစသည့် ခရီးသွားနယ်မြေများတွင် သက်ဆိုင်ရာဇုန်ကြေးများကို ဧည့်သည်များက ပေးပြီးပါလျက် ဝင်ရောက်ရာဘုရားမှ ထပ်ဆင့်ကောက်ခံနေခြင်းမျိုးသည် ဧည့်လမ်းညွှန်များအတွက် ဧည့်သည်ကို ရှင်းပြရခက်သောကိစ္စမျိုးဖြစ်သည်ဟု ၎င်းက ရှင်းပြသည်။

ယင်းနှင့်ပတ်သက်၍ ပြင်သစ်ဧည့်လမ်းညွှန် မချောချောက "ဧည့်သည်တွေက တစ်ခါတည်း များများပေးလိုက်ရတာကို မနှမြောပေမယ့် ထပ်ခါထပ်ခါတောင်းနေတာမျိုးကိုတော့ မကြိုက်ကြဘူး"ဟု ဆိုပါသည်။

ထို့ပြင် ပုဂံဘုရားများတွင် ရှေးဟောင်းပစ္စည်းအတုများကို ဧည့်သည်များအား လိမ်ညာရောင်းချခြင်း၊ မန္တလေး၊ ပုဂံမြို့များတွင် ကျောင်းသားငယ်များက အင်္ဂလိပ်စကားလေ့ကျင့်ရန်အတွက် ဧည့်သည်ကို ဧည့်လမ်းညွှန်မသိအောင် ခေါ်ထုတ်သွားခြင်း၊ ဧည့်သည်များကို အတင်းအဓမ္မ ဈေးရောင်းချခြင်းတို့သည်လည်း ဧည့်လမ်းညွှန်များကို အကျပ်ရိုက်စေသောကိစ္စများဖြစ်သည်ဟု ဧည့်လမ်းညွှန်များက ပြောလေ့ရှိကြသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားလာရန်အတွက် Tourism Industry ရှိ ဟိုတယ်၊ ဧည့်လမ်းညွှန်၊ စားသောက်ဆိုင်များက ပူးပေါင်းဆောင်ရွက်နေရာတွင် ဧည့်လမ်းညွှန်အချို့၏ အားနည်းချက်များလည်းရှိကြောင်း ဧည့်လမ်းညွှန် ကိုတင်မောင်မောင်က ထုတ်ဖော်ပြောကြားသည်။

"တစ်ခါက ဧည့်လမ်းညွှန်တွေပါလျက်နဲ့ ပုဂံဘုရားတစ်ဆူပေါ်မှာ ဧည့်သည်တွေက Cocktail Party ပေးသွားတယ်လို့ကြားတယ်။ ဧည့်လမ်းညွှန်တွေမှာ ဒါမျိုးမဖြစ်အောင် တားရမယ့်တာဝန်ရှိပါတယ်"ဟု ကိုတင်မောင်မောင်က ဆိုသည်။

မည်သို့သောအခက်အခဲများနှင့် ကြုံတွေ့ရသည်ဖြစ်စေ မြန်မာဧည့်လမ်းညွှန်အများစုမှာ မိမိတို့ဘဝကို နှစ်ခြိုက်ကျေနပ်ကြသည်ကို တွေ့ရသည်။ ပြင်သစ်ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ မချောချောကြေးမုံက မိမိမှာ ဧည့်လမ်းညွှန်တစ်ဦးဖြစ်လာပြီးမှ တိုင်းပြည်၏ သယံဇာတကြွယ်ဝမှုအပေါ် လက်တွေ့ကျကျ အလွန်အထင်ကြီးလေးစား ဂုဏ်ယူမိသည်ဟု သူမ၏ခံယူချက်ကို ရှင်းပြသည်။

ပြင်သစ်ဧည့်လမ်းညွှန် ဒေါ်ခင်ဖြူဖြူထိုက်ကမူ "သူတို့က မြန်မာပုဆိုး၊ ထဘီတွေလိုက်ဝတ်၊ သနပ်ခါးလိမ်းတဲ့ ဧည့်သည်မျိုးတွေ၊ မတူညီတဲ့ယဉ်ကျေးမှုကို တလေးတစားလေ့လာတဲ့ ဧည့်သည်မျိုးတွေနဲ့ ကြုံရတဲ့အခါ ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ဆိုသည်။

ကလေးနှစ်ယောက်မိခင် စပိန်ဧည့်လမ်းညွှန် ဒေါ်ခင်သီတာအေးက "တစ်ခါတုန်းက စပိန်အုပ်စုတွေနဲ့ ခရီးထွက်ဖို့ လုပ်နေတုန်း ကလေးတစ်ယောက်က သွေးလွန်တုပ်ကွေးနဲ့ ဆေးရုံတင်ရတယ်။ လူစား လဲစရာလည်းမရှိဘူး။ ကလေးကို ဆေးရုံတင်ပြီး ဧည့်သည်တွေနောက်လိုက်ခဲ့ရတာ။ တစ်လမ်းလုံး ပြုံးနေရပေမယ့် ရင်မှာ ကြိမ်မီးအုံးမတတ်ခံစားရပါတယ်"ဟု သူမ၏ မတူညီသောအတွေ့အကြုံကို ရှင်းပြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများစွာရှိသော နိုင်ငံတစ်ခုဖြစ်သည်ဟု ဧည့်လမ်းညွှန်များက မှတ်ချက်ချပါသည်။ ထို့ကြောင့် တိုင်းပြည်၏ ဘဏ္ဍာငွေတိုးပွားစေမည့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရာတွင် မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းကို ကမ္ဘာကသိအောင် ညွှန်ကြားပြသပေးနိုင်သော ဧည့်လမ်းညွှန်များသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ထို့ကြောင့် ဟိုတယ်၊ လက်မှုပညာပစ္စည်း၊ စားသောက်ဆိုင်၊ ဧည့်လမ်းညွှန်များသည် တစ်စည်းတစ်လုံးတည်း ပူးပေါင်းဆောင်ရွက်မှသာလျှင် မြန်မာခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း Hotel Nikko မှ ဈေးကွက်ဒါရိုက်တာ ဒေါ်မေမြတ်မွန်ဝင်းက မှတ်ချက်ချပါသည်။

ထို့အတူ ဧည့်လမ်းညွှန်များအနေဖြင့် မိမိဘက်က ဖြည့်ဆည်းထားသင့်သည်များလည်း ပြည့်နေဖို့လိုပါသည်။ သက်ဆိုင်ရာခရီးသွားနယ်မြေတစ်ခုရောက်လျှင် ပိုင်ပိုင်နိုင်နိုင် ဂဏသေချာစွာရှင်းပြနိုင်ရန်၊ ကမ္ဘာလှည့်ခရီးသည်များ၏ လေးစားအထင်ကြီးမှုရရှိရန်မှာမူ ဧည့်လမ်းညွှန်များ၏ ခံယူချက်နှင့် အရည်အချင်းများအပေါ်တွင် မူတည်နေပါသည်။ ခရီးသွားနယ်ပယ်တစ်ခုတည်းဖွံ့ဖြိုးရေးသာမက နိုင်ငံ၏ ပုံရိပ်တစ်ခုလုံးအတွက်ပါ အကျိုးဝင်လျက်ရှိနေသောကြောင့် ဖြစ်ပါသည်။

**ထားထားမြင့်**

■

www.foreverspace.com.mm



# အကျိုးတူပူးပေါင်းမှုဖြင့် အလားအလာကောင်းသို့ ဦးတည်လာသော စားသောက်ဆိုင်လုပ်ငန်းများ

ကေခိုင်ကျော်

**လူအများစုအား ညီတူညီမျှ ချမ်းသာပြည့်စုံမှုရရှိအောင် မဖြည့်ဆည်းပေးနိုင်သောစနစ်ဟု ဘောဂဗေဒပညာရှင်အချို့က သတ်မှတ်ကြသော်လည်း ငွေကြေးချမ်းသာသူများ ပိုမိုချမ်းသာလာသကဲ့သို့ မပြည့်စုံသူများ၏ အခြေအနေမှာလည်း ယခင်ထက်များစွာ တိုးတက်မှုရရှိစေသည်မှာ ဈေးကွက်စီးပွားရေးစနစ်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ဈေးကွက်စီးပွားရေးစနစ် ၁၀ နှစ်ကျော်ကြာမြင့်လာချိန်တွင် အရင်းအနှီးများစွာ အကုန်အကျမခံနိုင်သူများပင် လုပ်ငန်းရှင်များအဖြစ် အဆင့်အတန်းမီ လုပ်ကိုင်နိုင်မည့်အခြေအနေများ ပေါ်ထွန်းလာသည်ကို စားသောက်ဆိုင်လုပ်ငန်းနယ်ပယ်တွင် တွေ့မြင်လာရပြီဖြစ်သည်။**



**ပလာဇာတစ်ခုအတွင်းရှိ စားသောက်ဆိုင်တစ်ခု၏ အပြင်အဆင်အခင်းအကျင်း**

မြန်မာနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်း နယ်ပယ်အတွင်း၌ ဈေးကွက်တောင်းဆိုမှုအရ ကြီးကျယ်ခမ်းနားသော အခင်းအကျင်းနှင့် စုံလင်ကောင်းမွန်သော အရည်အသွေးများဖြင့် အပြိုင်အဆိုင် လုပ်ကိုင်လာနေကြသည်ကို တွေ့ရသည်။ ယင်းသို့ ပြိုင်ဆိုင်မှုကြီးမားလာသည်နှင့်အမျှ ဈေးကွက်တွင် နေရာတစ်နေရာရရှိရေးမှာ အင်အားတောင့်တင်းရန်လိုအပ်သည့်အားလျော်စွာ အရင်းအနှီး၊ ကျွမ်းကျင်မှု စသော လိုအပ်ချက်များ အားနည်းသည့်လုပ်ငန်းများ နေရာမရနိုင်သောအခြေအနေ ဖြစ်ခဲ့သည်။ သို့သော် မကြာသေးခင်က စားသောက်ဆိုင်လုပ်ငန်းနယ်ပယ်တွင် ပြောင်းလဲဖြစ်တည်လာသော အကျိုးတူပူးပေါင်းလုပ်ကိုင်သည့်ပုံစံက အင်အားနည်းသူတို့အား စုစည်း၍ အင်အားကောင်းသော လုပ်ငန်းပုံစံတစ်ခုအဖြစ် အသွင်ပြောင်းလဲကာ အလားအလာကောင်းဆီ ဦးလှည့်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

လက်ရှိစားသောက်ဆိုင်လုပ်ငန်းနယ်ပယ်၌ အမျိုးအစားတစ်မျိုးတည်းသာ ရောင်းချသောလုပ်ငန်း (သို့) ဆိုင်ငယ်များကို တစ်မိုးတည်းအောက်တွင် စုစည်း၍ အစားအသောက်အမျိုးအစားစုံလင်စွာ ရရှိနိုင်သော စားသောက်ဆိုင်လုပ်ငန်းကြီးများအသွင်ဖြင့် လုပ်ကိုင်နေသော အကျိုးတူလုပ်ငန်းများကို တွေ့မြင်နေရပြီဖြစ်သည်။ အကျိုးတူ ပုံစံဖြင့် လုပ်ကိုင်လာခြင်းကြောင့် အစားအသောက်ချက်ပြုတ်ရောင်းချလိုသည့် လုပ်ငန်းငယ်များအတွက် အရင်းအနှီးနည်းနည်းနှင့် အဆင်အပြင်ခမ်းနား၍ အချက်အချာကျသော နေရာများတွင် မိမိတို့၏ ရောင်းကုန်များကို အဆင့်အတန်းမြင့်မြင့် ရောင်းချနိုင်သကဲ့သို့ ယင်းလုပ်ငန်းငယ်များကို စုစည်း၍ လိုအပ်သော ဝန်ဆောင်မှုများကိုပေးကာ အကျိုးအမြတ် ခွဲဝေလုပ်ကိုင်လာကြသူများလည်း ပေါ်ပေါက်လာသည်။ လွယ်လင့်တကူ အဆင်သင့်ဝယ်ယူ စား

www.foreverspace.com.mm



သောက်နိုင်ရန် အစားအသောက် အမယ်မျိုးစုံကို အထွေထွေသော လက်ရာတို့ဖြင့် ချက်ပြုတ်ရောင်းချပြီး စားသောက်ဆိုင်ငယ်များကို တစ်နေရာတည်းတွင် စုစည်းထားသော ဝန်ဆောင်မှုပုံစံသစ်ဖြင့် စားသုံးသူ၏ လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးထားခြင်းဖြစ်သည်။

## လုပ်ငန်းသဘောသဘာဝ

လုပ်ငန်းသဘာဝမှာ ပြည်တွင်းဈေးကွက်ကိုအခြေပြု၍ စားသုံးသူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အလို့ငှာ ဖန်တီးပေးထားခြင်းဖြစ်ပြီး တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံမှုပမာဏများစွာမထည့်ဝင်နိုင်သည့် အလုပ်လုပ်ကိုင်လိုသူများကို သင့်လျော်ကိုက်ညီမည့် လုပ်ငန်းခွင်သို့ နေရာချထားပေးနိုင်သည့် အကျိုးတူဝန်ဆောင်ပေးသော လုပ်ငန်းလည်းဖြစ်သည်။ အဆိုပါ အကျိုးတူပုံစံသစ်ဖြင့် လုပ်ကိုင်ခြင်းသည် မိမိ၏အရင်းအနှီးမြှုပ်နှံမှုများအတွက် စွန့်စားရမှုနည်းပါးခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သင့်လျော်ကောင်းမွန်သောစနစ်တစ်ရပ် ဖြစ်ပေသည်။ အကျိုးတူလုပ်ကိုင်ခြင်းဆိုရာမှာ ရောင်းကုန်မတူသော အမယ်မျိုးစုံရောင်းချရန်အတွက် အရောင်းဆိုင်ငယ် ၁၅ ဆိုင်ခန့်ဖြင့် ပါဝင်စုစည်းထားသော ဈေးတန်းတစ်ခုအသွင် ဖြစ်သည်။ လမ်းဘေးတွင် ရောင်းချနေသောအဆင့်မှ စုရပ်တစ်ခုတစ်နေရာတည်းတွင် နေရာထိုင်ခင်းအတည်တကျဖြင့် အဆင့်မြင့်မြင့် အရည်အသွေးကောင်းမွန်စွာ ရောင်းချနိုင်ရေးအတွက် ဆိုင်နေရာအခင်းအကျင်း ဝန်ထမ်းခန့်အပ်သည်အထိ ကူညီပံ့ပိုးပေးထားသော အကျိုးတူစီးပွားရေးတစ်ခုဖြစ်ပြီး တည်ထောင်လုပ်ကိုင်သူလုပ်ငန်းရှင်က အကျိုးအမြတ်ဝေစု တစ်စုံတစ်ရာအတွက် မိမိသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း ဝန်ဆောင်မှုပုံစံသစ်စနစ်အား အခြားသော လုပ်ငန်း



ယုဇနပလာဇာရှိ စုပေါင်းစားသောက်ဆိုင်

ငယ်များကို အကျိုးတူတွဲဖက် လုပ်ကိုင်ခွင့်ပေးခြင်းဖြစ်သည်။

အကျိုးတူစနစ်သည် သာမန် မြေနေရာငှားရမ်းခြင်းဖြင့် လုပ်ကိုင်စေသော လုပ်ငန်းမျိုးမဟုတ်ဘဲ ဝန်ဆောင်မှုအားသာချက်များရှိ၏။ သာမန်မြေနေရာ အငှားချပေးထားခြင်းလုပ်ငန်းမှာ အခကြေးငွေဖြင့် ငှားရမ်း၍ အဆိုပါလုပ်ငန်းနှင့် ဆက်နွှယ်သည့် ဝန်ဆောင်မှုများကို လုပ်ကိုင်ဆောင်ရွက်ပေးရန် တာဝန်ယူမှုမရှိပေ။ အကျိုးတူစနစ်အရ မြေနေရာသုံးစွဲခွင့်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများ၌ ဆက်နွှယ်ပါဝင်နေသော ရေမီတာ၊ လျှပ်စစ်မီတာသုံးစွဲခ၊ ဝန်ထမ်းစရိတ်နှင့် လုပ်ငန်းတွင် အသုံးပြုသော အသုံးအဆောင်များကိုပါ ထောက်ပံ့ပေးထားခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုကို များစွာ လျော့နည်းသက်သာစေသည်။

'ကျော်' စီးပွားရေးအုပ်စု၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော Food Centre တစ်ခုကို ၁၉၉၉ ခုနှစ်မှစတင်၍ ရန်ကုန်မြို့လယ်ရှိ လူစည်ကားရာ ပန်းဆိုးတန်းလမ်းတွင် ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံအတွင်းတွင် ဈေးကွက်စီးပွားရေး စတင်အကောင်အထည်ပေါ်လာချိန်မှစ၍ အကျိုးတူစနစ်ပုံသဏ္ဍာန်ဖြင့် လည်ပတ်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများ တဖြည်းဖြည်းတိုးပွားလာသည်။ နိုင်ငံ၏ နေရာအနှံ့အပြားတွင် စားဝတ်နေရေးအတွက် ရန်းကန်လှုပ်ရှားနေကြရပြီး လုပ်ငန်း ခွင်များသို့ ဝင်ရောက်နေကြရသဖြင့် ချက်ရေးပြုတ်ရေးအတွက် အချိန်ပေးနိုင်မှုနည်းပါးလာကြောင်း၊ Food Centre များကဲ့သို့ အစားအသောက်စုံလင်စွာရရှိနိုင်သော စားသောက်ဆိုင်ကြီးများကို ရန်ကုန်မြို့၏ လူစည်ကားရာ အချက်အချာကျသောနေရာမျိုးတွင် အလုပ်သမားဖောက်

www.foreverspace.com.mm

သည်များကို အဓိကပစ်မှတ်ထား၍ နံနက်ခင်း၊ နေ့လယ်ခင်း၊ ညနေခင်းနှင့် ညခင်းဟူ၍ အချိန်ပိုင်းအလိုက် အစားအသောက်မျိုးစုံကို တစ်နေရာတည်းတွင် စားသုံးနိုင်ရန် စားသုံးသူ၏ လိုအပ်ချက်နှင့်အညီ လိုက်လျောညီထွေစွာ ရောင်းချလာခြင်းဖြစ်ကြောင်း 'ကျော်' စီးပွားရေးအုပ်စု၏ Food Centre မှ မန်နေဂျာ ဦးညဏ်ထူးအောင်က ဆိုသည်။ အဆိုပါ လုပ်ငန်းမျိုးသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသည့် နိုင်ငံတိုင်းလိုလိုတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေကြသော လုပ်ငန်းအမျိုးအစားတစ်ရပ်ဖြစ်ပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသော မြန်မာနိုင်ငံ၌လည်း လိုအပ်သောလုပ်ငန်းတစ်ရပ်ဖြစ်သည်ဟု ၎င်းက သုံးသပ်သည်။

"အကျိုးတူဖွင့်တာကတော့ ဆိုင်ဖွင့်ချင်တယ်၊ အရင်းအနှီးမရှိဘူးဆိုရင် ရောင်းချမယ့်ရောင်းကုန်အတွက် တစ်နေ့တာအရင်းအနှီးလေးနဲ့ လက်တင်ဖွင့်လို့ရအောင် ဆိုင်နေရာအခင်း အကျင်း၊ သန့်ရှင်းရေးမှအစ စားပွဲထိုးအဆုံး ဝန်ဆောင်ပေးထားပါတယ်။ အဓိက,ကတော့ စားသုံးသူကိုတစ်နေရာတည်းမှာ အမယ်စုံသုံးဆောင်နိုင်ဖို့နဲ့၊ တစ်ဖက်ကလည်း လမ်းဘေးဈေးသည်တွေအနေနဲ့ အရင်းအနှီးနည်းနည်းနဲ့ အဆင့်မြင့်မြင့် ဆိုင်တစ်ဆိုင်ဖွင့်ဖြစ်သွားနိုင်ဖို့ဆိုတဲ့ သဘောပါ။ လက်ရာကောင်းပြီး Customer စိတ်ကျေနပ်တယ်ဆိုရင် အကျိုးတူဆောင်ရွက်လို့ ရပါတယ်။ အဲဒီအတွက် ရောင်းကုန်မတူဘူးဆိုရင် လက်ခံပါတယ်" ဟု ဦးညဏ်ထူးအောင်က ဆက်လက်၍ ရှင်းပြပါသည်။

ယုဇနပလာဇာရှိ ကော်ဖီဆိုင်တစ်ခု




## အကျိုးတူစနစ်နှင့် ကူပွန်စနစ်

ရန်ကုန်မြို့တော်ရှိ လူစည်ကားရာနေရာအချို့အပြင် ရပ်ကွက်များတွင် လုပ်ကိုင်လာကြသည့် Food Centre များတွင် ကြိုက်နှစ်သက်ရာအမယ်မျိုးစုံကို ရွေးချယ်စားသုံးနိုင်ရန်အတွက် အမယ်မျိုးစုံအရောင်းဆိုင် ၁၀ ဆိုင်မှ ၁၅ ဆိုင်အထိ ပါဝင်ဖွဲ့စည်းထားပြီး ကူပွန်စနစ်ဖြင့် ကျင့်သုံးထားခြင်းဖြစ်သည်။ Food Centre တစ်ခုတွင် စားသုံးသူနှင့် အရောင်းဆိုင်ခွဲများအကြားတွင် ငွေသိမ်းကောင်တာတစ်ခုမှ ကြားခံဆက်သွယ်ပေးထားပြီး အရောင်းဆိုင်ခွဲများမှာ စားသုံးသူနှင့် တိုက်ရိုက်ရောင်းချပေးခြင်းမဟုတ်ဘဲ ကူပွန်စနစ်ဖြင့် ရောင်းချပေးခြင်းမျိုး ဖြစ်သည်။ စားသုံးသူထံမှ စားသုံးမည့် အမယ်မျိုးစုံအတွက် သက်ဆိုင်ရာအရောင်းဆိုင်တွင် တိုက်ရိုက်ဝယ်ယူစားသုံးနိုင်ခြင်းမဟုတ်ဘဲ ငွေသိမ်းကောင်တာတွင် ငွေစက္ကူနှင့် ကူပွန်ကိုလဲလှယ်၍ အရောင်းဆိုင်များတွင် ပြန်လည်ဝယ်ယူစားသုံးရကြောင်း၊ အရောင်းဆိုင်ခွဲများသည်လည်း မိမိ၏ တစ်နေ့တာရောင်းရသော အကျိုးအမြတ်အတွက် ကူပွန်အရေအတွက် သတ်မှတ်နှုန်းထားအတိုင်း ကောင်တာမှ ပြန်လည်လဲယူရသည်။ စားသုံးသူမှာ တိုက်ရိုက်ကူပွန်လဲယူရသည့်စနစ်ကို Shopping Centre များရှိ Food Centre များတွင် ကျင့်သုံးလျက်ရှိပြီး ယခုအခါ စားသုံးသူများကို

www.foreverspace.com.mm



ဝန်ဆောင်မှုပေးသည့်အနေဖြင့် ကူပွန်ကို စားသုံးသူ ကိုယ်တိုင်လဲလှယ်ယူရန် မလိုအပ်ဘဲ စားပွဲထိုးမှတစ်ဆင့် စားသုံးသူ၏မှာကြားမှုကို ကောင်တာတွင် ကူပွန်လဲယူ၍ အရောင်းဆိုင်များသို့ ပေးအပ်ပေးခြင်းဖြစ်သည်။

**လက်ရှိစားသောက်ဆိုင်လုပ်ငန်းနယ်ပယ်၌ အမျိုးအစားတစ်မျိုးတည်းသာ ရောင်းချသောလုပ်ငန်း (သို့) ဆိုင်ငယ်များကို တစ်မိုးတည်းအောက်တွင် စုစည်း၍ အစားအသောက် အမျိုးအစားစုံလင်စွာ ရရှိနိုင်သော စားသောက်ဆိုင်လုပ်ငန်းကြီးများအသွင်ဖြင့် လုပ်ကိုင်နေသော အကျိုးတူလုပ်ငန်းများကို တွေ့မြင်နေရပြီ ဖြစ်သည်။**

## ခံစားခွင့်ခွဲဝေမှု

အကျိုးတူဆောင်ရွက်သော ဆိုင်များအနေနှင့် ဝန်ဆောင်မှုစရိတ် စုစုပေါင်းကို တစ်နေ့တာရောင်းရသော အမြတ်အပေါ် ဝေပုံကျ ခွဲဝေထည့်ဝင်ခြင်းဖြစ်သည်။ အကျိုးတူအရောင်းဆိုင်အတွက် ရောင်းရငွေကို ကော်မရှင်စားအနေဖြင့် ခွဲဝေ၍ အကျိုးအမြတ်အတွက် ခံစားစေခြင်းပင်ဖြစ်သည်။

"အရောင်းဆိုင်တွေကို ကော်မရှင်နဲ့တွက်ပြီး အမြတ်ခွဲဝေတယ်။ တစ်ရက်ကို ဘယ်လောက်ရောင်းရတယ်၊ ဘယ်လောက်ရသလဲဆိုတာကို တွက်ချက်ပြီး ရောင်းရငွေရဲ့ ၃၀ ရာခိုင်နှုန်းကို အကျိုးတူဆောင်ရွက်တဲ့ဝန်ဆောင်မှုစရိတ်အနေနဲ့ ခွဲဝေဖြတ်ယူတဲ့သဘောပါ...။ အရောင်းဆိုင်ခွဲတစ်ဆိုင်နဲ့ တစ်ဆိုင်အတွက် ခွဲဝေဖြတ်ယူတဲ့ ကော်မရှင်ကတော့ မတူပါဘူး။ ရှမ်းခေါက်ဆွဲတစ်ပွဲ ၃၀၀ ကျပ်ကို ကော်မရှင်ခ ၃၀ ဖြတ်ယူလို့ရပါတယ်။ ဘိန်းမုန့်တစ်ပွဲအတွက်တော့ ကော်မရှင်ခ ၃၀ ဖြတ်ယူလို့ မရပါဘူး။ အစားအသောက်ကိုလိုက်ပြီး ကော်မရှင်ကို သတ်မှတ်ပေးထားပါတယ်" ဟု တာမွေမြို့နယ် ဝမ်းဝမ်းစားရိပ်မြုံမှ ဦးသူရက ဆိုသည်။

"အရင်းအနှီးအသင့်အတင့်ရှိမယ်၊ လက်ရာကောင်းတယ်ဆိုရင် ကျန်တဲ့ လုပ်ငန်းပိုင်းအားလုံးကို လုပ်ငန်းရှင်ဘက်က ပံ့ပိုးပေးပါတယ်။ အဲဒီအတွက် ကော်မရှင်ခ ဖြတ်ယူရတာပါ။ ကော်မရှင်ခ ဖြတ်တယ်ဆိုတာကလည်း အများကြီး မသတ်မှတ်ပေးထားပါဘူး။ အရောင်းဆိုင်တွေရဲ့ အရင်းအနှီးနဲ့ အမြတ်ငွေကို တွက်ချက်ပြီးမှ ကိုက်ညီနိုင်တဲ့ နှုန်းထားအရ သတ်မှတ်တာပါ။ အဲဒီသတ်မှတ်ချက်ကိုလည်း အရောင်းဆိုင်တွေရဲ့ သဘောတူညီချက်နဲ့ လုပ်ကိုင်ကြတာပါ" ဟု ဦးညဏ်ထူးအောင်က ပြောကြားသည်။

အကျိုးတူအရောင်းဆိုင်များအတွက် ဆိုင်နေရာရွေးချယ်မှု၊ ဝန်ထမ်းခန့်အပ်မှုနှင့် စားသုံးသူအတွက် အရည်အသွေးထိန်းသိမ်းမှု စသည့် ဝန်ဆောင်မှုများကို အလေးပေးဆောင်ရွက်ပေးထားသည့်အပြင် အရောင်းဆိုင်အတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများဖြစ်သော အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း စသည့် လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးထားခြင်းဖြစ်ကြောင်း အဆိုပါအသုံးဆောင်ပစ္စည်းများသုံးစွဲခြင်းအတွက် ငှားရမ်းခ ပေးအပ်စရာမလိုအပ်ဘဲ အကျိုးတူဆောင်ရွက်နေသောအချိန်ထိ အသုံးပြုနိုင်ပြီး လုပ်ငန်းဆက်လက်၍ လုပ်ကိုင်ခြင်းမရှိပါက အဆိုပါအသုံးဆောင်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း၊ အခင်းအကျင်းနဲ့ လက်ရာကောင်းမွန်ရုံသာမက အစားအသောက်များ၏ အရည်အသွေးထိန်းသိမ်းမှုသည်လည်း အဓိကကျသော ဝန်ဆောင်မှုတစ်ခုဖြစ်ကြောင်း ဦးသူရက ဆိုသည်။

"ကျွန်တော်တို့က ကိုယ့်ဝန်ထမ်း ကိုယ့်ပစ္စည်းတွေနဲ့ လိုအပ်တာတွေကို ဖြည့်ဆည်းပေးထားပါတယ်။ ရောင်းကုန်အတွက် အရင်းအနှီးကို တစ်နေ့စာအတွက် စိုက်ထုတ်ရင်းနှီးရတာပါ။ အစားအသောက်တွေကို စားသုံးသူက လက်ခံကျေနပ်မှုရှိမယ်၊ အရောင်းဆိုင်အနေနဲ့လည်း တွက်ခြေကိုက်မယ်လို့ ယူဆရင် ဒီလုပ်ငန်းကို ဆက်လုပ်နိုင်ပါတယ်။ မဖွင့်ချင်တော့ဘူးဆိုလည်း ရပါတယ်။ အဲဒီအတွက် အရောင်းဆိုင်တွေကို စာချုပ်ချုပ်ဆိုထားခြင်းမရှိပါဘူး" ဟု ၎င်းက ဆိုသည်။

စားသုံးသူ၏ ဝန်ဆောင်မှုအပိုင်းနှင့်ပတ်သက်ပြီး ဦးညဏ်ထူးအောင်က "ကျွန်တော်တို့ဆီမှာ Customer တွေ စိတ်ကျေနပ်အောင် အမြဲဆောင်ရွက်ပေးပါတယ်။ တရုတ်အစားအစာကို စားသုံးဖို့ လာပေမယ့် ရှမ်းအစားအစာတွေကိုပါ သုံးဆောင်နိုင်အောင်လို့ အမယ်စုံကို ရောင်းချပေးတာပါ။ Customer တွေ လာစားတဲ့အခါ စိတ်အေးချမ်းသာစွာ အနားယူနိုင်ဖို့အတွက် အစားအသောက်သာမက သန့်ရှင်းသပ်ရပ်မှုကိုပါ ဝန်ဆောင်မှုပေးအပ်ဖို့အတွက် ကျွမ်းကျင်တဲ့ဝန်ထမ်းတွေကို ရွေးချယ်ခန့်အပ်ပေးထားပါတယ်။ ဆိုင်တွေမှာ Air con; တပ်ပေးတယ်။ စားသုံးသူတွေကို ဆွဲဆောင်တဲ့အနေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကိုလည်း အခါအားလျော်စွာ ထည့်ပေးထားပြီး ဝန်ဆောင်ပေးပါတယ်" ဟု ရှင်းပြသည်။

စားသောက်ဆိုင်ငယ်များကို အစားအသောက်ကဏ္ဍအသီးသီးအတွက် အရင်းအနှီးအနည်းငယ်ဖြင့် လုပ်ကိုင်နိုင်ရန် အဆိုပါ ဝန်ဆောင်ပေးမှုများကြောင့် ဝန်ဆောင်မှုစရိတ်များကာမိစေရန် အစားအသောက်များ၏ဈေးနှုန်းကို အနည်းငယ်

www.foreverspace.com.mm



တိုးမြှင့်သတ်မှတ်ပေးထားကြောင်း၊ ပြင်ပဈေးထက် ကွာဟမှုရှိသော်လည်း Customer များမှာ ဈေးနှုန်းထက် အစားအစာများ၏ အရည်အသွေးကိုသာ ဦးစားပေး စားသုံးကြကြောင်း၊ အရောင်းဆိုင်များမှာ သတ်မှတ်ပေးသောဈေးနှုန်းကိုသာ ရောင်းချခွင့်ရှိကြောင်း စသဖြင့် ရှင်းပြခဲ့ပါသည်။

ယုဇနပလာဇာနှင့် Blazon Shopping Centre များတွင် ဖွင့်လှစ်ထားသော Food Centre များမှာ အခြားသော အကျိုးတူဆောင်ရွက်သည့်လုပ်ငန်းများနှင့် လုပ်ငန်းလုပ်ကိုင်သောမူဝါဒမှာ တူညီမှုမရှိကြောင်း၊ အကျိုးတူဖွင့်လှစ်လုပ်ကိုင်သောဆိုင်များကို ကော်မရှင်ဖြင့် ဖြတ်ယူသည့်အပြင် ဆိုင်ခန်းခ၊ လျှပ်စစ်မီတာ သုံးစွဲခများကိုပါပေးဆောင်ရပြီး တစ်နေ့တာရောင်းရသောအမြတ်ငွေကို အရောင်းဆိုင်များသို့ နေ့ချင်းရှင်းပေးခြင်းမဟုတ်ဘဲ နောက်တစ်ရက်အကြာမှ ပြန်လည်ရှင်းပေးခြင်းကြောင့် အဆိုပါ အရောင်းဆိုင်များသည် ရောင်းကုန်အတွက် ရင်းနှီးမှုကို တစ်ရက်စာအပိုရှိနေရသည်ဟု ယုဇနပလာဇာစတုတ္ထထပ်ရှိ Food Centre တွင် ဖွင့်လှစ်ရောင်းချနေသော အရောင်းဆိုင်ရှင် ဦးရာဇာကဆိုသည်။

"အစပိုင်းမှာ လုပ်ငန်းအောင်မြင်တယ်လို့ ပြောလို့ရပေမယ့် နောက်ပိုင်းမှာ ရောင်းကုန်တူဆိုင်တွေ ဖွင့်လာတော့ အရောင်းအဝယ်ပါးလာတယ်။ တချို့ဆိုရင် နီးစပ်ရာထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ စားပွဲထိုးတွေက ကြုံသလို နီးတဲ့ဆိုင်ကမှာကြတယ်။ အဲဒီတော့ ရောင်းကုန်တူတဲ့အတွက် မသင့်မြတ်တာတွေ့ရတယ်။ အဲဒီစနစ်နဲ့ စဖွင့်ကာစက ရောင်းအားကောင်းပါတယ်။ အခုမှ အရောင်းအေးလာတယ်။ စနေ၊ တနင်္ဂနွေနေ့မျိုးကိုသာ အဓိကထား ရောင်းရသလိုမျိုး ဖြစ်လာတယ်" ဟု ဦးရာဇာက ဆိုသည်။

ယုဇနပလာဇာတွင် ရောင်းကုန်တူအရောင်းဆိုင်များ တူညီစွာဖွင့်လှစ်




**ဝမ်းဝမ်းစားသောက်ဆိုင်**

လုပ်ကိုင်လာခြင်းကြောင့် ဈေးကွက်ဝေစုကိုခွဲဝေပေးလိုက်ကြရပြီး အရောင်းဆိုင်များ သိသိသာသာ ရောင်းအားကျဆင်းလာသည်ဟု ၎င်းက ပြောကြားသည်။

## နိဂုံး

မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာ၌ပင် ဖော်ပြခဲ့ပါ အကျိုးတူပူးပေါင်းလုပ်ကိုင်မှုများသည် ပြိုင်ဆိုင်မှုကြီးမားသောဈေးကွက်၌ လိုအပ်ချက်နှင့်အညီ လိုက်လျောညီထွေဖြစ်တည်နေပေသည်။ ယင်းကဲ့သို့ ပူးပေါင်းလုပ်ဆောင်မှုများသည် စီးပွားရေးလုပ်ငန်းများ၌ အရင်းအနှီးပမာဏ များစွာထည့်ဝင်နိုင်သေးခြင်းမရှိသူများကို ဈေးကွက်ဝင်လုပ်ကိုင်လာနိုင်စေရန် တွန်းအားပေးနိုင်သည့်နည်းတူ နိုင်ငံ၏ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် အများပြည်သူ၏ ငွေကြေးအရင်းအနှီးများ စနစ်တကျပါဝင်လာရေးအတွက်လည်း များစွာအကျိုးပြုသော လုပ်ငန်းပုံစံပင်ဖြစ်သည်။ နိုင်ငံသားတို့၏ ငွေကြေးဓနဥစ္စာတို့သည် နိုင်ငံ၏ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု၌ ပါဝင်မှုနည်းပါးလျှင်သော်လည်းကောင်း၊ ဘဏ်များတွင် စုဆောင်းခြင်းနှင့် ဘွန်းနှင့် စတော့ရှယ်ယာများ၌ မြှုပ်နှံခြင်းတို့မပြုနိုင်လျှင်သော်လည်းကောင်း နိုင်ငံ၏ စီးပွားရေးအတွက် များစွာနစ်နာရပေမည်။ ယခုကဲ့သို့သော ပူးပေါင်းလုပ်ကိုင်မှုစနစ်များ ကျယ်ပြန့်လာသည်နှင့်အမျှ အများပြည်သူ၏ ငွေကြေးဓနကို ရင်းနှီးမြှုပ်နှံမှု၌ တစ်စတစ်စ ပိုမိုထည့်ဝင်လာနိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏ အနာဂတ်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်ရေး၌ တစ်ခန်းတစ်ကဏ္ဍမှ အရေးပါသော အဆိုပါ ပူးပေါင်းလုပ်ကိုင်မှုစနစ်ကို အံဝင်နိုင်သော အခြားလုပ်ငန်းအမျိုးအစား၌လည်း ကျင့်သုံးလုပ်ဆောင်နိုင်ရန် တိုက်တွန်းလိုပါသည်။

**ကေခိုင်ကျော်**

■

www.foreverspace.com.mm





# ပတ်ဝန်းကျင်ကိုအကျိုးပြုနေသော အလှဆင်အပင်ကြီးများ

နွေးအိငြိမ့်

**ပြောင်း လဲလာသည့် လူနေမှုအဆင့်အတန်းနှင့်အတူ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ကို သစ်ပင်များဖြင့် အလှဆင်၍ စိတ်အပန်းဖြေစရာနည်းတစ်ခုအဖြစ် အသုံးပြုလာကြသည်။ သစ်ပင်များဖြင့် ဖန်တီးထားသော မြင်ကွင်းသည် စိတ်ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေသည့်အပြင် မျက်စိကို ပသာဒဖြစ်စေသည်။ တစ်သက်လုံးပျော်ချင်လျှင် သစ်ပင်စိုက်ဟူသော ဆိုရိုးစကားကို ကြည့်ခြင်းအားဖြင့် သစ်ပင်များနှင့် လူသားတို့၏ နေထိုင်မှုဘဝ မည်မျှဆက်စပ်မှုရှိကြောင်း သိနိုင်သည်။**

မိမိနေထိုင်ရာပတ်ဝန်းကျင်တွင် အပင်များကို ဖြစ်သလိုစိုက်ပျိုးထားမည်ဆိုပါက မျက်စိကို အပန်းမပြေစေနိုင်သည့်အပြင် စိတ်ရှုပ်ထွေးမှုကိုပါ ဖြစ်ပေါ်လာစေသည်။ ထို့ကြောင့် Landscaping Service ဟုခေါ်သော မြေယာရှုခင်းပြုပြင်ဖန်တီးခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာသည်။ သစ်ပင်များဟုဆိုရာတွင်လည်း အရိပ်ရပင် (သို့) အပင်ကြီးများကို အလှဆင်ပင်အဖြစ်ရော ပတ်ဝန်းကျင်ကို အကျိုးပြုသည့်အပင်များအဖြစ်ပါ အသုံးပြုလာကြသည်။

## မျိုးစေ့၊ ပျိုးပင်နှင့် အရွယ်ရောက်ပင်

အလှဆင်အပင်ကြီးများစိုက်ပျိုးမှုတွင် မျိုးစေ့ကို ကိုယ်တိုင်စိုက်ပျိုးခြင်းနှင့် ပျိုးပင်ကို စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိသည်။ အချို့နေရာများတွင်မူ အပင်တစ်ပင်လုံးကို ရွှေ့ပြောင်းစိုက်ပျိုးရခြင်းများလည်းရှိသည်။ မျိုးစေ့အများစုကို ထိုင်းနိုင်ငံမှ တင်သွင်းပြီး ကိုယ်တိုင်ပြန်လည်ပြုစုစိုက်ပျိုးလိုပါက အပင်ပေါက် (သို့) အပင်ငယ်များကို တင်သွင်းလေ့ရှိကြောင်း Green Villa မှ ဦးသိန်းမင်းအောင်က ဆိုသည်။ တော်ဝင်နှင်းဆီမှ ဦးစိုးညွန့်ကမူ ယခုအခါ ပြည်တွင်း၌ပင် အလွယ်တကူ မျိုးပွားနိုင်သောကြောင့် ယခင်ကကဲ့သို့ ပြည်ပမှတင်သွင်းရမှု နည်းပါးသွားကြောင်း ရှင်းပြသည်။ မျိုးစေ့များတင်သွင်းလာပြီး ကိုယ်တိုင်ပြုစုပျိုးထောင်ရခြင်းသည် အချို့အပင်မျိုးများအတွက် သင့်လျော်သော်လည်း အပင်ပေါက်ကို စိုက်ပျိုးမှ အောင်မြင်ရန် သေချာသည့်အမျိုးအစားများလည်းရှိကြောင်း စိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

Landscaping တာဝန်ခံဆောင်ရွက်သူများအနေဖြင့် ပြုပြင်မည့်မြေနေရာ အနေအထားအရ အချို့နေရာများတွင် အပင်လိုက်ရွှေ့စိုက်၍ အလှဆင်ကြရသည်။

www.foreverspace.com.mm



ဥပမာအားဖြင့် Royal Palm ခေါ်ကျူးဘားအုန်းပင်ကြီးများ၊ ထန်းအနွယ်ဝင်အပင်ကြီးများ အစရှိသည်တို့ဖြစ်ကြသည်။ အဆိုပါအပင်ကြီးများကို ရွှေ့ပြောင်းစိုက်ပျိုးလိုပါက အပင်တည်ရှိရာနေရာနှင့်ရာသီဥတုသည် ကရိန်းကားဝင်၍ရသည့်အခြေအနေတွင်ရှိရမည်ဖြစ်ကြောင်း၊ ရွှေ့စိုက်ရမည့်အချိန်မှာလည်း မနက်စောစောသို့မဟုတ် ညနေအချိန်တွင် ဖြစ်ရန်လိုကြောင်း၊ ကရိန်းဖြင့် နိုင်နိုင်နင်းနင်းသယ်မရန်လိုပြီး အပင်နှင့်အတူပါလာသည့်မြေလုံးမကွဲစေရန်၊ ခေါင်ညွှန့်မကျိုးစေရန်ဂရုစိုက်၍ သယ်ယူရမည်ဖြစ်ကြောင်းဦးစိုးညွှန့်က ရှင်းပြသည်။ ထို့ပြင် လေတိုက်ပါက လှုပ်ရှားမှုမရှိစေရန် ထောက်တိုင်များအသုံးပြုရမည်ဖြစ်ပြီး အပင်၏အမြစ်အားကောင်းစေရန်အတွက် အမြစ်အားတိုးဆေးများ တိုက်ကျွေးရမည်ဖြစ်ကြောင်းလည်း ၎င်းကထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် လူကြိုက်များသောအပင်အမျိုးအစားများမှာ ကျူးဘား၊ မနီလာ၊ မြေခွေးမြီး (Foxtill)၊ ငါးမြီး (Fishtill)၊ ထန်းအနွယ်ဝင်အပင်များ ကွမ်းနီ၊ အုန်းမွှား၊ မုန်တိုင်၊ ရှန်ပိန် အစရှိသည့်အပင်များဖြစ်ကြောင်း ကိုယ်တိုင်စိုက်ပျိုးသူများထံမှ သိရှိရသည်။

## Landscaping လုပ်ငန်းအပ်နှံခြင်း

ပြောင်းလဲခေတ်မီလာသော ခေတ်အခြေအနေများနှင့် အမြင်များအရ အိမ်တစ်လုံး စတင်တည်ဆောက်လုပ်မည်ဆိုကတည်းက Landscaping အတွက် ကုန်ကျမှုပမာဏ မည်မျှသုံးစွဲမည်ကို ထည့်သွင်းတွက်ချက်လာကြသည်။ အိမ်တစ်အိမ်၏လူနေမှုအဆင့်အတန်းကို ထိုအိမ်တွင်မြင်တွေ့ရသည့် မြေယာရှုခင်းအပြင်အဆင်ကိုကြည့်ခြင်းဖြင့် အကဲဖြတ်လာကြသည်။ Landscaping Service ဆောင်ရွက်သူအများစုကလည်း လုပ်ငန်းအပ်နှံသူ၏သုံးစွဲနိုင်မည့် ပမာဏကိုမူတည်ပြီး ဒီဇိုင်း



အရွယ်ရောက် ထန်းအနွယ်ဝင်အပင်တစ်မျိုး

ရေးဆွဲခြင်း၊ အသုံးပြုမည့်အပင်ရွေးချယ်ခြင်းများကို ညှိနှိုင်း၍ ပြုလုပ်ကြသည်။ စိုက်ပျိုးမည့်အပင်များကို ရွေးချယ်ရာတွင်ဒေသနှင့်ကိုက်ညီသော အပင်မျိုးဖြစ်ရန်လိုကြောင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှ မိမိစိုက်ပျိုးသောအပင်များ ရှင်သန်ကြီးထွားမည်ဖြစ်ကြောင်း ဦးစိုးညွှန့်က ဆိုသည်။ မိမိတို့ထံတွင် လုပ်ငန်းလာရောက်အပ်နှံပါက ပြုပြင်၍အလှဆင်ရမည့် မြေနေရာအနေအထားကို သွားရောက်ကြည့်ရှုပြီးမှ ပုံကြမ်းထုတ်ပေးခြင်း၊ ခန့်မှန်းဈေးနှုန်းတွက်ချက်ခြင်း စသည့် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်လေ့ရှိကြောင်းဦးသိန်းမင်းအောင်က လုပ်ငန်းသဘာဝကိုရှင်းပြသည်။

## စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်

အလှဆင်အပင်ကြီးများကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် စိုက်ပျိုးလေ့ရှိကြသည်။ အချို့က မိမိနေအိမ်တွင် အရိပ်ရစေရန်နှင့်မျက်စိပသာဒဖြစ်စေရန်၊ အချို့လုပ်ငန်းများ (အထူးသဖြင့် ဟိုတယ်များ)က ကားပါကင်တွင် စိုက်ပျိုးခြင်းဖြင့် ရပ်နားထားသောကားများ အရိပ်ရစေရန်၊ ခြံစည်းရိုးတွင် စိုက်ပျိုးခြင်းဖြင့် တစ်ဖက်နှင့်တစ်ဖက်လုံခြုံမှုရှိစေရန်၊ ကားလမ်းမကြီးများ၏ ဘေးဝဲယာတွင် စိုက်ပျိုးခြင်းဖြင့်စိမ်းလန်းစိုပြည်လှပနေစေရန် စသည့်ရည်ရွယ်ချက်များဖြစ်သည်။ ထိုသို့စိုက်ပျိုးရာတွင် သတိထားရမည့် အချက်တစ်ချက်အနေဖြင့် ကားပါကင်တွင် စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ဦးစိုးညွှန့်က "အဓိက,က ကားရပ်တဲ့နေရာတွေမှာ အသီးတွေ ကြွေမကျစေဖို့ပဲ။ အုန်းလက်တွေဆိုရင် ကျိုးကျနိုင်တဲ့အတွက် ကိုင်းတွေကျိုးမကျနိုင်တဲ့အပင်မျိုးဖြစ်ဖို့ ဂရုစိုက်ရမယ်။ အရိပ်လိုလို့စိုက်တာဖြစ်တဲ့အတွက် Ever Green ပင်မျိုးတွေဖြစ်ရမယ်" ဟု ရှင်းပြပြောဆိုသည်။

လမ်းဘေးဝဲယာတွင် သစ်ပင်များစိုက်ပျိုးကြရာ၌ ကြီးထွားလွယ်သောအပင်မျိုးကို အဓိကရွေးချယ်စိုက်ပျိုးလေ့ရှိကြကြောင်း၊ ထိုသို့စိုက်ပျိုးသည့်အတွက်ရေပေါက်ကျသော အပင်များဖြစ်ပါကလမ်းပျက်စီးစေနိုင်ကြောင်း၊ အရိပ်ရသော်လည်း မြင့်မားမှုမရှိခြင်းကြောင့် လမ်းသွားလမ်းလာများကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း Landscaping လုပ်ငန်းရှင်တစ်ဦးက သူ၏အမြင်ကို သုံးသပ်ပြောကြားသည်။ ကားလမ်းနံဘေးတွင် စိုက်ပျိုးမည့်အပင်များကို ရွေးချယ်ရာ၌ အရွက်သေးငယ်ခြင်း၊ ကြီးထွားမှုလျင်မြန်ခြင်း၊ ပုံပန်းသဏ္ဍာန်လှပခြင်း၊ အပွင့်လှခြင်း၊ အတော်အသင့်မြင့်မားခြင်း၊ လေပြင်းဒဏ်ကိုခံနိုင်ခြင်း၊ နွေကာလတစ်လျှောက်လုံးရွက်အုပ်အပြည့်ရှိခြင်း စသည့် အခြေခံအချက်များနှင့် ပြည့်စုံရမည်ဖြစ်ကြောင်းစာပေဗိမာန်မှ ထုတ်ဝေသော သစ်ပင်စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်သည့် စာအုပ်တစ်အုပ်တွင် ဖော်ပြထားသည်။ လမ်းမကြီးများအလယ်ရှိ လမ်းလယ်ကျွန်းများတွင် အောက်ခြေရှင်းပြီး အတန်အသင့်မြင့်သော အပင်အမျိုးအစားများသာစိုက်ပျိုးသင့်ကြောင်း၊ အသောကကဲ့သို့သော အပင်မျိုးကို တစ်ပင်နှင့်တစ်ပင်နီးကပ်စွာစိုက်ပျိုးထားပါက တစ်ဖက်ယာဉ်ကြောကို မမြင်နိုင်ခြင်း၊ အပင်အကွယ်မှလမ်းဖြတ်ကူးသူများကို ကြိုတင်မမြင်တွေ့

www.foreverspace.com.mm





ကျူးဘားအုန်းပျိုးပင်များ



ရှန်ပိန်ဟုခေါ်သည့် အလှဆင်အပင်တစ်မျိုး

နိုင်ခြင်းတို့ကြောင့် မလိုလားအပ်သော ယာဉ်အန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်း City Taxi ယာဉ်မောင်းတစ်ဦးက သူ၏ အမြင်ကို ထုတ်ဖော်ပြောဆိုသည်။

## စိုက်ပျိုးပြီးအပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

"ကျွန်တော်တို့ ဒီမှာတွေ့ရတဲ့ အဆိုးဝါးဆုံး Problem က Maintenance ပဲ" ဟု Green Villa မှ ဦးသိန်းမင်းအောင်က သူ၏ အတွေ့အကြုံကို ပြောပြသည်။ ထို့ပြင် လုပ်ငန်းတစ်ခုလက်ခံပြီးသည့်နောက် အပင်အားလုံးစိုက်ပျိုးပြီးသည်နှင့် After Sales Service အနေဖြင့် Maintenance အတွက် အများအားဖြင့် တစ်လခွဲခန့် အချိန်ယူ၍ တာဝန်ယူထိန်းသိမ်းပေးကြောင်း၊ အချို့လုပ်ငန်းအပ်နှံသူများမှာ ပြုပြင်ထိန်းသိမ်းလိုသော်လည်း အားလပ်ချိန်မရှိသဖြင့် မိမိတို့နှင့် ညှိနှိုင်းလာပါက သင့်လျော်သည့် ထိန်းသိမ်းစောင့်ရှောက်မှုမျိုးကို အချိန်အတိုင်းအတာဖြင့် ဆောင်ရွက်ပေးနေကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။

စိုက်ပျိုးပြီးသားအပင်များကို ထိန်းသိမ်းရန် အရေးကြီးကြောင်း၊ သစ်ပင်များသည် သဘာဝကို လွန်ဆန်၍မရသည့်အတွက် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့်အပင်များကို ရွေးချယ်အသုံးပြုပြီး အလှဆင်ကြောင်း ဦးစိုးညွှန့်က ရှင်းပြသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရှုထောင့်မှကြည့်ရာတွင်

သစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကိုလည်း တစ်ထောင့်တစ်နေရာမှနေ၍ ပြုပြင်ထိန်းသိမ်းပေးသည်။ သစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲပေးနိုင်သည်။ ယင်းနှင့်ပတ်သက်၍ ဦးစိုးညွှန့်က သစ်ပင်သည် အကောင်းဆုံးမိတ်ဆွေဖြစ်ကြောင်း၊ မြေဆီလွှာကို ထိန်းသိမ်းပေးသည့်အတွက် ပတ်ဝန်းကျင်ကိုအကျိုးပြုစေနိုင်ကြောင်း၊ သစ်ပင်များကို မြန်မာဘုရင်များလက်ထက်ကတည်းက ထိန်းသိမ်းမှုများရှိခဲ့ရာ ကျွန်းသစ်မှာ ရှင်ဘုရင်ပိုင်တန်းဝင်ရတနာဖြစ်ကြောင်း၊ သစ်တောပြုန်းတီးမှုများမဖြစ်အောင် ကာကွယ်ကြရမည်ဖြစ်ကြောင်း ရှင်းပြပြောဆိုသည်။

ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြုံတွေ့နေရကြောင်း၊ ထိုသို့ရာသီဥတုပြောင်းလဲခြင်းများ၏ အဓိကအကြောင်းရင်းများတွင် သစ်တောပြုန်းတီးမှုများသည်လည်း အချက်တစ်ချက်အဖြစ် ပါဝင်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက ၎င်း၏ ထင်မြင်ချက်ကို ပြောကြားသည်။

## နိဂုံး

IT ခေတ်သို့ရောက်လာပြီဖြစ်သောကြောင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ နည်းပညာများကို အချိန်တိုအတွင်း လျင်မြန်စွာ ဖလှယ်လာနိုင်ခြင်းနှင့်အတူ လူတို့၏ အမြင်များသည်လည်း ပြောင်းလဲလာကြသည်။ ထိုသို့ပြောင်းလဲလာသည့်အမြင်များထဲတွင် Landscaping ကို အထူးဂရုစိုက်၍ လုပ်ဆောင်လာကြခြင်းလည်း အပါအဝင်ဖြစ်သည်။ အိမ်တစ်အိမ်၏ တန်ဖိုးကို အကဲဖြတ်ရာတွင်လည်း Landscaping ၏ အဆင့်အတန်းကို ထည့်သွင်းတွက်ချက်လာကြသည်။ အိမ်များတွင် သာမက လမ်းဘေးဝဲယာများ စိမ်းလန်းစိုပြည်မှုရှိစေရန်အတွက် အပင်များစိုက်ပျိုးခြင်းကိုလည်း သက်ဆိုင်ရာမှ အလေးပေး၍ ဆောင်ရွက်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် အပင်များသည် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုထိန်းသိမ်းပေးနိုင်သလို လူတို့၏စိတ်ကျန်းမာရေးကိုသာမက ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်ကိုပါ မြှင့်တင်ပေးနိုင်ပါသည်။

**နွေးအိငြိမ့်**

■



**Research လုပ်ငန်းခွင်၏အစိတ်အပိုင်းတစ်ခု**

# သုတေသနစီးပွား

ဇင်ဇင်သော်

**စီးပွားရေးနယ်ပယ်၌ လုပ်ငန်းတစ်ခုလုပ်ကိုင်ရာ၊ ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်ရာတွင် အများစုက ကြော်ငြာ၏ အရေးပါမှုကိုသာ နားလည်သဘောပေါက်ကြသော်လည်း ထုတ်လုပ်မှုနှင့် လုပ်ငန်းဆောင်တာများ အရည်အသွေးမြင့်မားမှုကို အစဉ်တစိုက် စောင့်ကြည့်မြှင့်တင်ရန် လိုအပ်ခြင်းနှင့်အတူ ကြော်ငြာခြင်းဟူသောနေရာ၌ မည်ကဲ့သို့သောနည်းဖြင့် မည်သည့်ပစ်မှတ်ကို ဦးတည်ကြော်ငြာမည်ဟူသော အစရှိသည့် နောက်ကွယ်မှအကြောင်းခြင်းရာများကိုပါ သိရှိရန်လိုအပ်သေးပေရာ သုတေသနပြုခြင်းဟူသော စီးပွားရေးလုပ်ငန်းများလည်း ထပ်ဆင့်ပေါက်ပွားလာခဲ့သည်ကို တွေ့ရပါသည်။**

## သုတေသန (Research) ပြုခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံရှိ စီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းနယ်ပယ်သည် ကြီးထွားဖွံ့ဖြိုးမှုမရှိသေးသော်လည်း လိုအပ်ချက်အရ သုတေသနကဏ္ဍများ ကွဲပြားလျက်ရှိပြီး လက်ချိုးရေတွက်၍ရသော ပုဂ္ဂလိကသုတေသနလုပ်ငန်းအနည်းငယ်ကသာ ဦးဆောင်လျက်ရှိသည်။ ၎င်းတို့ အဓိကဆောင်ရွက်သော သုတေသနပြုခြင်းမှာ ကုန်ပစ္စည်းထုတ်လုပ်ရာ၊ ဝန်ဆောင်မှုပေးရာလုပ်ငန်းများက လိုအပ်သော သတင်းအချက်အလက် (Information) များ ရှာဖွေစုဆောင်းပေးခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ၎င်းတို့၏ ထုတ်ကုန်များ ဈေးကွက်အတွင်း ဝင်ဆံ့တည်မြဲနိုင်ရန် နေရာရှာပေးခြင်းနှင့် ရှိနှင့်ပြီး ဈေးကွက်အနေ



www.foreverspace.com.mm

www.foreverspace.com.mm



အထားကို သုတသနပြုခြင်းပင် ဖြစ်သည်။ လုပ်ငန်းသဘောသဘာဝနှင့် ပတ်သက်၍ Myanmar Marketing Research & Development Co., Ltd. (MMRD) ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးမိုးကျော်က ယခုကဲ့သို့ အမိပ္ပာယ်ဖွင့်ပါသည်။ "Market Research ဆိုတာ ဘာလဲဆိုရင် ဈေးကွက်ကို ရှာဖွေရေး၊ ဈေးကွက်ကို နားလည်တာ၊ ပြီးရင် အဲဒီဈေးကွက်ထဲကို ဝင်အောင် ဘယ်လိုလုပ်မလဲဆိုတာ Road Map တစ်ခုပါ"

ယင်းကဲ့သို့ သုတေသနလုပ်ငန်းများသည် ဈေးကွက်နှင့် ပတ်သက်သော အချက်အလက်များကိုသာမက လူမှုရေးဆိုင်ရာသုတေသန (Social Research)၊ ပညာရေးဆိုင်ရာသုတေသန (Educational Research)၊ စက်မှုပိုင်းဆိုင်ရာ သုတေသန (Industrial Research) အစရှိသောကဏ္ဍများကိုပါ လိုအပ်ချက်အရ ခွဲခြားဆောင်ရွက်လျက်ရှိသည်။ သတင်းအချက်အလက်လိုအပ်သူများတွင် ကုန်ပစ္စည်းထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းများသာမက NGO အဖွဲ့အစည်းများပါ ပါဝင်ရာ နယ်ပယ်တိုင်းအတွက် အကြောင်းခံ သတင်းအချက်အလက်များ လိုအပ်ကြောင်း သုံးသပ်ကြည့်နိုင်ပါသည်။ သုတေသနလုပ်ငန်း၏ ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ဗီယက်နမ်မှ မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်လာသူ Compass Research မှ Mr. Jason Copland က ၎င်းတို့ လုပ်ဆောင်မှုကို ယခုကဲ့သို့ ပြောပြပါသည်။

"လူတွေရဲ့ အတွေးအခေါ်တွေကို အဓိကသိရှိနိုင်မယ့် ဆွေးနွေးခြင်း၊ မေးမြန်းခြင်းတွေလုပ်ပါတယ်။ ကုမ္ပဏီမှာ ကြော်ငြာအစီအစဉ်သစ် ရှိတယ်ဆိုပါစို့....။ သူတို့ရဲ့ အဓိကဈေးကွက်နဲ့ သင့်တော်မယ့်သူတွေကို ပြောပြရမယ်။ ပရိသတ်ရဖို့ ကျွန်တော်တို့က ဘယ်သူတွေက ခင်ဗျားတို့ရဲ့ အစီအစဉ်ကို စောင့်ကြည့်နိုင်တယ်ဆိုတာ ထောက်ခံချက်ပေးရမယ်"။ ထို့အပြင် ကုန်ပစ္စည်းတစ်ခု၏ အမှတ်တံဆိပ်အောင်မြင်ရန်၊ ထုတ်ကုန်ပစ္စည်း အောင်မြင်ရန်နှင့် ရည်ရွယ်ရာ စားသုံးသူများအနေဖြင့် ယင်းကုန်ပစ္စည်းကို သိရှိလာစေရန် နည်းလမ်းများ ပြောကြားပေးသည်ဟု ၎င်းက ဆိုပါသည်။

MMRD Publications Services
Myanmar Marketing Research & Development Co., Ltd

## ဝန်ဆောင်မှုလိုအပ်ချက်နှင့် ကုန်ပစ္စည်းအမျိုးအစား

လုပ်ငန်းများ၏ ဈေးကွက်နှင့် လိုအပ်ချက်များ ဖြည့်တင်းရေးအတွက် သုတေသနပြုလုပ်ရာတွင် ယင်းလုပ်ငန်းများမှ လိုအပ်သော ဝန်ဆောင်မှုတို့သည် ကုန်ပစ္စည်းနှင့် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ ကွဲပြားသွားမည်ဖြစ်ပြီး လုပ်ငန်းမစတင်မီ လိုအပ်သော သတင်းအချက်အလက်နှင့် တည်ထောင်ပြီး လုပ်ငန်းတို့၏ လိုအပ်သော သတင်းအချက်အလက်တို့လည်း ကွာခြားနေမည် ဖြစ်သည်။ ဥပမာ–လုပ်ငန်းတစ်ခုမစတင်မီ လိုအပ်သော အချက်အလက်သည် 'ဘာအလုပ်လုပ်ရရင် ကောင်းမလဲ' သို့မဟုတ် 'ဒီလုပ်ငန်းကိုသာလုပ်ရင် လတ်တလော ဈေးကွက်ရဲ့အခြေအနေ ဘယ်လိုရှိနေသလဲ' အစရှိသည့် မေးခွန်းမျိုးတို့ ဖြစ်နိုင်ပြီး ကုန်ပစ္စည်းထုတ်လုပ်နှင့်ပြီး လုပ်ငန်းတစ်ခုအနေနှင့်ဆိုလျှင် မည်သည့်အသက်အရွယ်၊ မည်သည့်ဒေသက ရာခိုင်နှုန်းမည်မျှ

သုတေသနဓာတ်ခွဲခန်းမှ စက်ကိရိယာများ



သုံးစွဲနေသနည်းဆိုသည်မျိုး ဖြစ်နိုင်သည်။ ကြော်ငြာခြင်းနှင့်ဆိုင်သော သတင်းအချက်အလက်များအတွက်မူ ‘မည်သည့်ရုပ်သံကို လူဦးရေဘယ်လောက်က၊ ဘယ်အရွယ်တွေက ဘယ်အချိန်မှာ ကြည့်သလဲ’၊ ‘ကျား၊ မ အရေအတွက် ဘယ်သူများသလဲ’ စသောအချက်များပေါ်မူတည်၍ မိမိကုန်ပစ္စည်းကြော်ငြာအတွက် ဆုံးဖြတ်ချက်များချနိုင်သည်။ လူထုအကျိုးပြုလုပ်ငန်းများဆိုပါကလည်း ပြည်သူလူထုအနေဖြင့် ‘သန့်ရှင်းတဲ့ရေ ဘယ်လောက်ရသလဲ’၊ ‘ဘယ်နေရာဒေသတွေမှာ အခက်အခဲဖြစ်နေသလဲ’ ဆိုတာမျိုး ဖြစ်နိုင်သည်။ ယင်းသို့ အချက်အလက်လိုအပ်မှုနှင့်ပတ်သက်၍ Alternative Medicine များ ထုတ်လုပ်နေသော Fame ဆေးဝါးထုတ်လုပ်ရေးမှ ဒေါက်တာခင်မောင်လွင်က Market Survey ကို ပုံမှန်ဆောင်ရွက်နေခြင်းသည် စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုအတွက် အလွန် အထောက်အကူပြုသည်ဟုဆိုသည်။

## ဈေးကွက်သုတေသနနှင့် လုပ်ငန်းသုတေသန

ကုန်ပစ္စည်းကြော်ငြာခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်းတို့အတွက် ဈေးကွက်အတွင်းမှ တုံ့ပြန်မှုအချက်အလက်များ သိရှိနေရန် အရေးကြီးသကဲ့သို့ လုပ်ငန်း၏မောင်းနှင်အားနှင့် ကုန်ပစ္စည်းအရည်အသွေးတို့ကို အစဉ်တစိုက် သုတေသနပြုထိန်းသိမ်း၍ လုပ်ငန်းတိုးတက်အောင် ဂရုပြုဆောင်ရွက်နေရန်လည်း အရေးကြီးပါသည်။

စဉ်ဆက်မပြတ် သုတေသနဆောင်ရွက်နေမှသာလျှင် ဈေးကွက်စီးပွားရေးအပေါ် မျက်ခြည်ပြတ်မှု နည်းပါးမည်ဖြစ်ကြောင်း ကိုယ်ပိုင် Research & Development ဌာနခွဲတစ်ခုထားရှိသော Fame ဆေးဝါးထုတ်လုပ်ရေးမှ ဒေါက်တာခင်မောင်လွင်ကဆိုသည်။ ဈေးကွက်အချက်အလက်မဟုတ်သော လုပ်ငန်းသုတေသနတို့သည် ကိုယ်ပိုင်ပုံသဏ္ဍာန်များဖြင့် သီးခြားစီရှိနေပါသည်။ ဆေးဝါးထုတ်လုပ်သောကုမ္ပဏီသည် ဆေးဝါးအာနိသင် အကျိုးသက်ရောက်မှုကို စဉ်ဆက်မပြတ် စောင့်ကြည့်သုတေသနပြုသကဲ့သို့ လူထုကြားသို့ ဖြန့်ချိနေသော မဂ္ဂဇင်း၊ စာစောင် ဖန်တီးရေးသားရာ Media များအနေဖြင့်လည်း မိမိ၏ Trend နှင့် ကိုက်ညီသော အကြောင်းအရာ အချက်အလက်များကို လိုအပ်သလို ဖော်ပြနိုင်ရန်အတွက် Data Bank တစ်ခု၏ လိုအပ်ပုံကို သေချာစွာရှုမြင်၍ စနစ်ကျနစွာ ထားရှိရမည်ဖြစ်သည်။ လုပ်ငန်းသုတေသနဟုဆိုရာတွင် ကုန်ပစ္စည်းများ (တစ်နည်းအားဖြင့် ထွက်ကုန်) ၏ အရည်အသွေးကို ဓာတ်ခွဲစစ်ဆေးပေးနေသော ဝန်ဆောင်မှုလည်း အပါအဝင်ဖြစ်ရာ ပြည်ပသို့ တင်ပို့မည့် ပဲ၊ ပြောင်း စသည့် ထွက်ကုန်များ၏ အရည်အသွေးကို ဓာတ်ခွဲစစ်ဆေးပေးနေသော အရေအတွက် နည်းပါးနေသေးသည့် လုပ်ငန်းများလည်း ရှိနေပါသေးသည်။

ယင်းလုပ်ငန်းနှင့် ပတ်သက်၍ ဓာတ်ခွဲခန်းတစ်ခုတည်ထောင်ဖွင့်လှစ်ထားသည့် OMIC Myanmar Inspection Co., Ltd. မှ ဒါရိုက်တာဖြစ်သူ Capt. ကြည်ရှိန်က “Stone Age တို့ Iron Age တို့တုန်းကတော့ ဒီအတိုင်းရောင်းကြတယ်။ ...အခု ကျန်းမာရေးကို ထိခိုက်တဲ့ဟာတွေ ဂရုစိုက်လာတော့ ဓာတ်ခွဲခန်းတွေ ခေတ်စားလာတယ်။ အနာဂတ်မှာ Research ဟာ သိပ် အရေးကြီးတယ်” ဟု ဆိုပါသည်။

## လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု

သုတေသန (Research) လုပ်ငန်းများ၌ စနစ်တကျ စီမံခန့်ခွဲမှုနှင့်အတူ လိုအပ်သော နည်းပညာပိုင်း၊ လိုက်လျောညီထွေဖြစ်မည့် Software ၊ လုပ်သားအင်အားနှင့် ကွန်ပျူတာလိုအပ်ချက်တို့ကိုပါ ဖြည့်ဆည်းထားရမည်ဖြစ်ပြီး လူထုအတွင်း ကွင်းဆင်းမေးမြန်းရန် လိုအပ်သောအကြောင်းအရာများကိုလည်း ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေဖြင့် ဆောင်ရွက်ထားရမည် ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ MMRD မှ ဦးမိုးကျော်ကမူ “သုတေသနဆိုတာ ရှာဖွေတဲ့ကိစ္စပဲ၊ ဘာကို ရှာချင်သလဲ၊ ဘာကို အဓိက သိချင်လဲဆိုတာ သိရင် ၇၀ ရာခိုင်နှုန်းလောက် လုပ်ငန်းကိစ္စပြီးပါတယ်” ဟု ဆိုသည်။

လုပ်ငန်းအတွက်လိုအပ်သော Access အတွက် Compass Research မှ အတော်အတန်ဈေးကြီးသော Software ဝယ်ယူအသုံးပြုသည်ဟုဆိုပြီး MMRD ကမူ

ပို့ကုန်ပစ္စည်းနမူနာများ



Research အတွက် ကိုယ်ပိုင် Software များဖြင့် ဝန်ထမ်းနှင့် ကွန်ပျူတာ အရေအတွက် ၁၀၀ ဝန်းကျင်ခန့်စီ အသုံးပြုကာ နယ်ရုံးများပါခွဲ၍ လုပ်ကိုင်သည်ဟု ဆိုသည်။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ Research လုပ်ငန်းအတွေ့အကြုံ ၁၂ နှစ်နီးပါးခန့်ရှိသူ ဦးမိုးကျော်က "Investment ကတော့ အချိန်ပါပဲ… အိမ်ထောင်စုတစ်သိန်းကျော်ကို မေးတဲ့ အတွေ့အကြုံပါပဲ" ဟု ပြောကြားသည်။

ခေတ်ခွဲစမ်းသပ်သော သုတေသနလုပ်ငန်းဖြစ်သည့် OMIC ကမူ လုပ်ငန်းသဘောသဘာဝအရ ကျပ်သိန်း ၄၀၀၀ ခန့် ရင်းနှီးမြှုပ်နှံထားရသည်ဟု ဆိုသည်။ ဈေးကွက်အချက်အလက်ဆိုင်ရာ ရောင်းချမှုမှာ လိုချင်သော အချက်အလက် အမျိုးအစားပေါ်မူတည်၍ ဈေးကွက်ကွာဟလေ့ရှိပြီး ကျပ် ၅၀၀၀၀ မှ သိန်း ၂၀ အထိ ကုန်ကျမည်ဖြစ်သည်ဟု ဦးမိုးကျော်က ဆိုသည်။

ဈေးကွက်အချက်အလက်နှင့် ပတ်သက်၍ "ဘယ်လောက်ယုံကြည်ရတယ်ဆိုတာ ဘယ် Research မှာမှ ၁၀၀ ရာခိုင်နှုန်းမရှိပါဘူး" ဟု ဦးမိုးကျော်က ဆိုပြီး လုပ်ငန်းအခက်အခဲနှင့် ပတ်သက်၍ "မြန်မာပြည်မှာ အခက်အခဲတွေ ရှိနေတာပဲ၊ ဒါပေမဲ့ အခက်အခဲလို့ မစဉ်းစားဘူး" ဟု ဆိုသည်။ မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့သော Mr. Jason Copland ကမူ "ဒီအလုပ်တွေ မဖွံ့ဖြိုးသေးတဲ့ ဒီနိုင်ငံ မှာ Research လာလုပ်တာ အခက်အခဲတော့ရှိတာပေါ့" ဟု ပြောကြားသည်။

## နိဂုံး

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံ၏ သုတေသနဖွံ့ဖြိုးမှုနယ်ပယ်အရွယ်အစားကို သုံးသပ်ကြည့်ရာ ဈေးကွက်သုတေသနလုပ်ငန်းကြီးတစ်ခုက ၎င်း၏ပြိုင်ဘက်အဖြစ် သတ်မှတ်သော လုပ်ငန်းတစ်ခုသာရှိပြီး ယင်းပြိုင်ဘက်အဖြစ် သတ်မှတ်ခံရသော လုပ်ငန်းကလည်း ၎င်း၏ ပြိုင်ဘက်လုပ်ငန်းအဖြစ် အဆိုပါသုတေသနလုပ်ငန်းကြီးကိုပင် ပြန်လည်ညွှန်းဆိုသည်ကို တွေ့ရပါသည်။



ကြော်ငြာများအား Research လုပ်သည့် မှတ်တမ်းဌာနတစ်ခု

Research အချက်အလက်များ သုံးစွဲသူတို့တွင် ပြည်တွင်းလုပ်ငန်းများက ပိုမိုများပြားသည်ဟုဆိုရာ ဈေးကွက်ကို သုတေသနပြုလုပ်သော လုပ်ငန်း၏ ဈေးကွက်သည် လက်ရှိဈေးကွက်စီးပွားရေး အဆင့်အတန်းပေါ် တည်မှီနေသည်မှာ သေချာလှပါသည်။

မြန်မာနိုင်ငံ၏ Market Research နယ်ပယ်သည် ဖွံ့ဖြိုးမှုနည်းပါးသည်ဟု ဆိုကြသော်လည်း Market Research မဟုတ်သော လုပ်ငန်းများအနေဖြင့်လည်း အနာဂတ်အတွက် Data များ စနစ်တကျ ကြိုတင်စုဆောင်းမှု ရှိနေပြီဖြစ်ရာ သုတေသနစီးပွားနယ်ပယ်သို့ ဝင်ရောက်ရန် စိတ်ကူးရှိသူများအနေဖြင့် စနစ်တကျ သတိပြုလုပ်ဆောင်ရန်လည်း လိုအပ်နေပြီ ဖြစ်ပါသည်။

မည်သည့်လုပ်ငန်းအတွက်မဆို လုပ်ငန်းတူပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရန် အလို့ငှာလည်းကောင်း၊ ရည်ရွယ်ဦးတည်သော ဈေးကွက်တစ်ခုနှင့်ပတ်သက်၍သော်လည်းကောင်း ယင်းလုပ်ငန်းနှင့်သက်ဆိုင်နီးနွယ်သော အချက်အလက်အထောက်အထား ကိန်းဂဏန်းများ မလွဲမသွေ လိုအပ်ပါသည်။ နိုင်ငံတကာတွင်မူ Market Research ကုမ္ပဏီများထံ အပ်နှံ၍ ရယူလေ့ရှိကြသည်။ မြန်မာနိုင်ငံသည်လည်း မကြာမတင်မီကာလအတွင်း အရည်အချင်းနှင့် အရည်အသွေးမြင့်မားသော ပြိုင်ဘက်များ နိုင်ငံတကာမှဝင်ရောက်လာတော့မည်ဖြစ်ရာ ၎င်းတို့အတွက် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သုတေသန သတင်းအချက်အလက်များရရှိဖို့ မဖြစ်မနေ လိုအပ်လာပါသည်။ ထိုအခါ ဈေးကွက်တွင် စနစ်ကျန၍ တိကျသေချာသော သုတေသနစီးပွားလုပ်ငန်းများ အရေးပါအရာရောက်လာဦးမည်မှာ သေချာပါသည်။

**ဇင်ဇင်သော်**

■



www.foreverspace.com.mm

www.foreverspace.com.mm





# မြန်မာ့လယ်ယာကဏ္ဍနှင့် လယ်ယာလုပ်သားများ ရွှေ့လျားစီးဆင်းမှု

သန်းထူး

**မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီးတွင် အခြေခံအကျဆုံးနှင့် အရေးပါဆုံး ကဏ္ဍကြီးတစ်ခုဖြစ်သည့် လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၄၄ ရာခိုင်နှုန်း (၂၀၀၂–၂၀၀၃)ကို ထုတ်လုပ်ပေးလျက်ရှိပြီး၊ ပို့ကုန်တန်ဖိုး၏ ၃၄ ရာခိုင်နှုန်း (၂၀၀၁–၂၀၀၂)ကို ဖြည့်ဆည်းပေးလျက်ရှိကာ နိုင်ငံ၏ ၆၁.၄ ရာခိုင်နှုန်း (၂၀၀၂–၂၀၀၃) ရှိသော အလုပ်လုပ်သူဦးရေများ ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မဏ္ဍိုင်ကြီးတစ်ခုဖြစ်ကြောင်း “၂၀၀၄ ခုနှစ်မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး ကဏ္ဍ” ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။**

စိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၄.၇ သန်း (ကျား ၂၇ သန်း၊ မ ၂၇.၄၇ သန်း) ရှိကာ ၇၅ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများမှာ လယ်ယာသားငါးကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိနေသောကြောင့် လယ်ယာကဏ္ဍထုတ်လုပ်မှုသည် နိုင်ငံတိုးတက်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင် စုစုပေါင်းမြေဧက ၁၆၇.၁၉ သန်းရှိပြီး ယင်းပမာဏ၏ လေးပုံတစ်ပုံမှာ စိုက်ပျိုးနိုင်သောမြေများဖြစ်ကြောင်းကိုလည်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

## လူသားအရင်းအမြစ်ရှားပါးမှု

နိုင်ငံတွင်း စိုက်ပျိုးနိုင်သောမြေရိုင်းဧက ၁၆.၂ သန်းနှင့် ပလပ်မြေဧက ၁.၄ သန်းခန့်ကျန်ရှိနေသေးပြီး လက်ရှိအသားတင်စိုက်ပျိုးမြေဧကမှာ ၂၆.၇ သန်းခန့်ရှိကာ စိုက်ပျိုးမြေအများစုမှာ လုပ်ကွက်ငယ်များပေါ်တွင် အခြေခံလျက် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ လုပ်ကွက်ငယ်ဆိုသည်မှာ တောင်သူတစ်ဦးချင်းပိုင်ဆိုင်သည့် ၁၀ ဧကအောက်လုပ်ကွက်များကို ဆိုလိုခြင်းဖြစ်ပြီး လုပ်ကွက်ငယ်စုစုပေါင်း ပမာဏမှာ တစ်နိုင်ငံလုံးစိုက်ဧကငယ် ၆၁ ရာခိုင်နှုန်းခန့်ရှိသောကြောင့် နိုင်ငံ၏ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို တောင်သူတစ်ဦးချင်းပိုင်ထုတ်လုပ်မှုများကအဓိကပံ့ပိုးထားကြောင်း တွေ့ရှိရသည်။

ထိုသို့နိုင်ငံ၏ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၏ အဓိကမောင်းနှင်အားဖြစ်သော တောင်သူတစ်ဦးချင်းပိုင် လုပ်ကွက်ငယ်များတွင် စိုက်ပျိုးထုတ်လုပ်မှုကို အဟန့်အတားဖြစ်လာစေနိုင်သော အခြေအနေတစ်ခုက တစ်စတစ်စ ကြီးထွားလာခဲ့သည်။ ယင်းမှာ ကျေးလက်နေလယ်ယာလုပ်သား (လယ်မဲ့ယာမဲ့) များ ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့သွားခြင်းကြောင့် တောင်သူများအနေဖြင့် မိမိပိုင်လယ်ယာ

www.foreverspace.com.mm

မြေမှ ရာနှုန်းပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန် အခွင့်အရေးအချို့ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

"ကျွန်တော့်မှာ ဧက ၂၀ ရှိပါတယ်။ ၁၅ ဧက,က စပါးစိုက်ပြီး ကျန်တဲ့ ငါးဧကမှာ ပဲမျိုးစုံနဲ့ အခြားပြောင်း/နှမ်းတွေ စိုက်ပါတယ်။ ဒါပေမဲ့ မနှစ်ကစပြီး စပါးကို ၁၀ ဧကအောက်ပဲ စိုက်တော့တယ်။ ကောက်စိုက်သမ အချိန်မီ အလုံအလောက် မရတဲ့အတွက် လုပ်အားမလိုတဲ့ ပဲပုပ်တွေပဲ ကြဲလိုက်တော့တယ်" ဟု မန္တလေးတိုင်း လယ်ဝေးမြို့နယ်မှ တောင်သူ ဦးကြည်လွင်က ပြောခဲ့ခြင်းဖြစ်သည်။ စပါးစိုက်သော လယ်မြေတွင် ပဲပုပ်စိုက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုနည်းပါးမှန်း သိသော်လည်း လုပ်သားအင်အားရှားပါးလာမှုကြောင့် လူအင်အားအများအပြား မလိုအပ်သည့် သီးနှံများကိုသာ ရွေးချယ်စိုက်ပျိုးလာကြခြင်းဖြစ်သည်။

## အချိန်မီရန်အခက်အခဲရှိ

ဦးကြည်လွင်ကဲ့သို့ပင် မြေဧကသုံးဧကနှင့်အထက်ပိုင်ဆိုင်သော တောင်သူများမှာ မိသားစုအင်အားနှင့် မလုံလောက်သည့်အတွက် လယ်ယာလုပ်သားများကို အဓိကအားထားနေရသောကြောင့် လုပ်သားများရှားပါးလာသည့်အခါ အလွယ်တကူ စိုက်ပျိုးရိပ်သိမ်းနိုင်သည့် သီးနှံများကိုသာ ရွေးချယ်လာခဲ့ကြသည်။ အစိုးရက သတ်မှတ်ထားသော အဓိကပန်းတိုင်သီးနှံ ၁၀ မျိုးမှာ စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ နေကြာ၊ မြေပဲ၊ နှမ်း၊ ကြံ၊ ဝါ သီးနှံတို့ဖြစ်ရာ စပါးနှင့် မြေပဲသည် တစ်ဧကအတွက် ပျမ်းမျှလုပ်သားအင်အား ၄၀ ကျော်လိုအပ်ပြီး ကျန်သည့် သီးနှံရှစ်မျိုးသည်လည်း အနည်းဆုံးလုပ်သားအင်အား ၂၀ ကျော်သုံးစွဲရသောသီးနှံများဖြစ်သည်။ ယင်းကဲ့သို့ လုပ်သားအင်အားအများအပြားလိုအပ်ရုံသာမက အချိန်နှင့် တစ်ပြေးညီစိုက်ပျိုးရိတ်သိမ်းရန်လည်း လိုအပ်ကြောင်း စိုက်ပျိုးရေးပညာရှင်များက ဆိုကြသည်။

"စိုက်ပျိုးရေးလုပ်ငန်းဆိုတာ လုပ်ချင်တဲ့အချိန်မှ ထလုပ်လို့ရတာမဟုတ်ဘူး။ အချိန်ကာလနဲ့ရာသီဉတုကို အမီလိုက်ရသလို၊ သဘာဝဘေးအန္တရာယ်နဲ့ ပိုးမွှားဖျက်ဆီးမှု အန္တရာယ်ကိုလည်း ကြိုတွက်ထားဖို့လိုတယ်။ ဒီနေ့စိုက်ပျိုးရေးလုပ်ငန်းထဲ ခြေစုံပစ်ဝင်လာတဲ့ လုပ်ငန်းရှင်ကြီးတွေ ဝင်ဝင်ချင်း အခက်အခဲတွေနဲ့ ကြုံရတာ အဲဒါကြောင့်ပဲ" ဟု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင်နွဲ့က ပြောကြားသည်။

စိုက်ပျိုးရေးသည် အချိန်မီစိုက်ပျိုးရန်လိုသကဲ့သို့ အချိန်မီရိတ်သိမ်းနိုင်ရန်လည်း အထူးလိုအပ်သည်။ ဥပမာ – ဆောင်းနှမ်းဆိုလျှင် "တော်နှစ်တော်နှင့် ကိုက်ညီရမည်" ဟု တောင်သူဦးကြီးများကဆိုကြသည်။ ဆိုလိုသည်မှာ တော်သလင်းလ၌ စိုက်ပျိုးပြီးစီးရန် လိုအပ်သကဲ့သို့ နတ်တော်လတွင် အပြီးရိတ်သိမ်းနိုင်ရန်လည်း လိုအပ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ တော်သလင်းလလွန်မှ စိုက်ပျိုးပါက အထွက်နှုန်းကို ထိခိုက်နိုင်သလို နတ်တော်လလွန်မှ ရိတ်သိမ်းပါက အလေအလွင့်များပြားကြောင်း တောင်သူဦးကြီးများထံမှ သိရသည်။

## လယ်ယာလုပ်သားပြောင်းရွှေ့အခြေချမှု

ဤတွင် လယ်ယာလုပ်သားများ မည်သည့်အတွက်ကြောင့် တစ်နယ်တစ်ကျေးသို့ ပြောင်းရွှေ့သွားရသနည်း ဆိုသည်ကို လေ့လာရန်လိုလာသည်။ ယေဘုယျအားဖြင့် လယ်ယာလုပ်သားများ အမြင်အကြားများလာခြင်းနှင့် ပုဂ္ဂလိကပိုင် အကြီးစားစိုက်ပျိုးရေးလုပ်ငန်းများ ပေါ်ထွန်းလာခြင်းကြောင့်ဟု သုံးသပ်နိုင်သည်။

"တောမှာနေလို့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ တောမှာ အလုပ်ကရှိတဲ့အချိန်အရမ်းရှုပ်တယ်။ မရှိတော့လည်း နှစ်လ သုံးလ နားနေရပြန်ရော။ တစ်နှစ်တစ်နှစ်နဲ့ ဘာမှဖြစ်မလာခဲ့ဘူး။ အဲဒါကြောင့် အလုပ်အချိန်အပြည့်ရှိတဲ့ မြို့ပေါ်တက်လာတာ" ဟု မိတ္ထီလာနယ်ဘက်ရှိ ကျေးရွာတစ်ရွာမှ တစ်ကိုယ်ရေစွန့်ခွာလာကာ ရွှေပြည်သာတွင် ကိုယ်ပိုင်လက်ဖက်ရည်ဆိုင်နှင့် ကိုယ်ပိုင်ခြံတစ်ခု ပိုင်ဆိုင်နေပြီဖြစ်သော ဦးမြင့်ဦးက ရှင်းပြသည်။

ဦးမြင့်ဦးကဲ့သို့ မြို့ကြီးများသို့ စွန့်စားသွားရောက်သောသူများရှိသလို ကုမ္ပဏီပိုင် စိုက်ပျိုးရေးစီမံကိန်းများ၊ အခြားလမ်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းကြီးများနှင့် နယ်စပ်ဒေသများသို့သာမက နိုင်ငံခြားတိုင်းပြည်များသို့ပါ သွားရောက်အလုပ်လုပ်သူဦးရေ အများအပြားရှိလာကြောင်းကိုလည်း မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့ဒေသများဖြစ်သော ရမည်းသင်း၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ တောင်တွင်းကြီး၊ မကွေး စသည့် ဒေသခံများထံမှ သိရှိရသည်။

လုပ်အားခပိုမိုရရှိသောစီမံကိန်းကြီးများနှင့် နယ်စပ်ဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ကြသော လယ်ယာမဲ့ လုပ်သားအင်အားများလည်း အမြောက်အမြားရှိနေသည်ဟု လယ်ဝေးမြို့နယ်မှ ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

"ဒီမှာ နေ့စားလိုက်ရင် တစ်နေကုန်မှ ၅၀၀ ပဲရတယ်။ ပင်လောင်းမှာဆိုရင် ၁၅၀၀ လောက်ရတယ်။ မူဆယ်လို နယ်စပ်မှာဆိုရင် လုပ်သလောက်ရတယ်။ နောက်ပြီး လေယာဉ်ကွင်းစီမံကိန်းနဲ့ လမ်းဖောက်လုပ်တဲ့အလုပ် (အေးရှားဝေါလ်ရန်ကုန်–မန္တလေးလမ်းပိုင်း စီမံကိန်း) တွေမှာ သွားလုပ်ရင် တစ်နေ့ တစ်ထောင်အထက်ရတယ်။ ဒါကြောင့် ဒီကိုခဏပဲ ပြန်လာတာ။ ပြီးရင်ပြန်သွားမှာ" ဟု လယ်ဝေးမြို့နယ်ရှိ ကျေးရွာတစ်ရွာမှ လယ်ယာပိုင်ဆိုင်ခြင်းမရှိသော ဒေသခံတစ်ဦးက ပြောကြားသည်။

"အခုခေတ်စိုက်ပျိုးရေးက မြေဩဇာ၊

www.foreverspace.com.mm



ပိုးသတ်ဆေး အရမ်းသုံးစွဲရတဲ့အပြင် လုပ်အင်အားလည်း အရမ်းသုံးရတယ်။ ပိုဆိုးတာက ကျွန်တော်တို့ဝယ်ရတဲ့မြေဩဇာ၊ ပိုးသတ်ဆေးတွေကျတော့ ဈေးတွေက အရမ်းကြီးနေပြီ။ ကျွန်တော်တို့ ရောင်းရတဲ့ သီးနှံတွေကျတော့ သူတို့ (ပွဲရုံ၊ ကုန်စည်၊ ပွဲစား) ပေးတဲ့ဈေးနဲ့ပဲ ရောင်းနေရတယ်” ဟု သူရင်းငှားများဖြင့် လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူ ဦးကြည်လွင်က တောင်သူနှင့် ကုန်သည်ပွဲစားများအကြား ကူးသန်း ရောင်းဝယ်မှုနှင့်ပတ်သက်၍ ရှင်းပြသည်။

## ဈေးနှုန်း

လက်ရှိအခြေအနေတွင် ပြည်ပသို့ စိုက်ပျိုးရေးထွက်ကုန်တင်ပို့သော ကုန်သည် Exporter နှင့် ထုတ်လုပ်သော တောင်သူတို့အကြားတွင် အနည်းဆုံး အဆင့်လေးဆင့် လောက်ခြားနေကြောင်း အာရှနှင့် ဥရောပနိုင်ငံများသို့ စိုက်ပျိုးရေးထွက်ကုန်များတင်ပို့နေသည့် လုပ်ငန်းရှင် ဦးကျော်သီဟက ရှင်းပြသည်။

“တောင်သူဆီကထွက်တဲ့ပဲတစ်တန် Exporter ဆီရောက်ဖို့ကြားမှာ အဆင့်လေးဆင့်လောက်ခြားနေတယ်။ ဥပမာ–တောင်သူဆီကနေ ရွာစဉ်လှည့်ပြီးလိုက်ဝယ်တဲ့ ကြားပွဲစားတွေဆီရောက်တယ်။ ကြားပွဲစားကနေ မြို့သေးသေးလေးတွေမှာရှိတဲ့ ပွဲရုံကိုရောက်တယ်။ ပွဲရုံလေးတွေကနေ မြို့ကြီးမှာရှိတဲ့ ပွဲရုံကြီးတွေဆီရောက်တယ်။ အဲဒီပွဲရုံကြီးတွေဆီကမှ ဘုရင့်နောင်ရောက်တယ်။ ဘုရင့်နောင်ပွဲရုံကမှ နောက်ဆုံး Exporter ဆီရောက်တယ်။ တစ်ခါ Exporter ဆီကနေမှတစ်ဆင့် ဝယ်သူလက်ထဲကိုရောက်တယ်။ အဲဒီတော့ ထုတ်လုပ်တဲ့တောင်သူနဲ့ ဝယ်ယူစားသုံးသူကြားမှာ အဆင့်ငါးဆင့် ကြားခံနေတယ်” ဟု ဦးကျော်သီဟက ရှင်းပြသည်။

ဤသို့ ကြားခံပွဲစား၊ ကုန်သည် အဆင့်ဆင့်ကြောင့် တောင်သူများသည် နိုင်ငံတကာဈေးကွက်တွင် အမှန်တကယ်



ဖြစ်ပေါ်နေသည့်ဈေး၏ ၅၀ ရာခိုင်နှုန်းကိုပင် ရရှိရန်မလွယ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်တာနက်ဆက်သွယ်ရေးစနစ်ကြောင့် နိုင်ငံတကာဈေးကွက်အခြေအနေကို ရန်ကုန်ရှိ Exporter များက အချိန်နှင့်တစ်ပြေးညီသိရှိနေသော်လည်း တောင်သူများမှာမူ မြို့ပေါ်ပွဲရုံငယ်များ၏ လက်ရှိပေါက်ဈေးကိုပင် ချက်ချင်းသိရှိရန် မလွယ်ကူပေ။ ဤတွင် ကြားခံပွဲစား၊ ပွဲရုံများအတွက် အကျိုးအမြတ်ပိုမိုဖန်တီးရန် အခွင့်အလမ်းများစွာ ဖြစ်ပေါ်လာသည်။

သို့အတွက် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်အများစုမှာ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ခြင်းထက် တောင်သူများထံမှ ဝယ်ယူ၍ ရောင်းဝယ်ဖောက်ကားမှုကို ပိုမိုလုပ်ကိုင်နေကြကြောင်း၊ ယင်းသို့ ဆောင်ရွက်နေခြင်းသည် ရေရှည်တွင်လယ်ယာစီးပွားကဏ္ဍကို အောင်မြင်မှုရရှိရန် ခက်ခဲမည်ဖြစ်ကြောင်းကို မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က ဩဂုတ်လ ၁၂ ရက်နေ့က ကျင်းပခဲ့သော ‘လယ်ယာထွက်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးပြည်ပပိုမိုတင်ပို့ရန် နိုင်ငံခြားငွေ တိုးတက်ရရှိရေး’ အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားသွားသည်။

## နိဂုံး

စိုက်ပျိုးရေးထွက်ကုန်များဖြင့် နိုင်ငံခြားငွေ တိုးတက်ရရှိရန် ကြိုးပမ်းမှုတွင် လုပ်ကွက်ငယ်ပိုင် တောင်သူများ၏အခန်းကဏ္ဍကများစွာပါဝင်လျက်ရှိနေရာ အဆိုပါတောင်သူများ၏ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုကိုလည်း လျစ်လျူမရှုသင့်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အရာထမ်းတစ်ဦးက ပြောကြားသည်။

မည်သို့ပင်ဖြစ်စေကာမူ လက်ရှိ၌ပြောင်းလဲမှုများဖြင့် အလားအလာကောင်းများဆီသို့ ဦးလှည့်နေပြီဖြစ်သော မြန်မာ့လယ်ယာကဏ္ဍ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဝင်ရောက်ရင်းနှီးမြှုပ်နှံလာခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် နီးစပ်ယှဉ်ပါးမှု များပြားလာခြင်း၊ လယ်ပိုင်ရှင်များအတွက် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာခြင်း၊ နည်းပညာသစ်များ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျ ဖြန့်ဝေလုပ်ကိုင်ပေးလာခြင်း စသည့်အကြောင်းများကြောင့် မြန်မာ့လယ်ယာကဏ္ဍ အနာဂတ်အတွက် အားတက်စရာဟုပင် မျှော်လင့်မိပါသည်။

**သန်းထူး**

(**ကိုးကား**–မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ–၂၀၀၄)

■

www.foreverspace.com.mm





# ရန်ကုန် ကုန်စည်ဈေးကွက်

သန်းထိုက်သူ ၊ သစ်ထွင့်

**မြန်မာတစ်နိုင်ငံလုံး၏ အခြေခံစားသောက်ကုန်သီးနှံများကို ပြည်တွင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အဓိက အချက်အချာကျသည့် ဘုရင့်နောင်ဈေးအတွင်း ကုန်စည်ဈေးကွက်၏ စက်တင်ဘာလ အခြေအနေမှာ ပြည်ပပို့ကုန် ပဲမျိုးစုံသည် ကောင်းမွန်သော အခြေအနေတစ်ရပ်နှင့် ကြုံတွေ့နေရပြီး၊ စားဖိုဆောင်သီးနှံ ကြက်သွန်နီမှာ တစ်နိုင်ငံလုံး စားသုံး၍ မကုန်နိုင်သော အခြေအနေနှင့် ရင်ဆိုင်နေရ၍ နောက်နှစ်ထုတ်လုပ်သူများအတွက် အကျပ်အတည်းတွေ့မည့်ကာလနှင့် ကြုံတွေ့နိုင်ကြောင်း၊ အခြားကုန်စည်များမှာ လမ်းပန်းဆက်သွယ်ရေးအခြေအနေနှင့် ဆီဈေးအပြောင်းအလဲကြောင့် ဖြစ်ရိုးဖြစ်စဉ်အတိုင်း ယခင်ထက်အနည်းငယ်ဈေးနှုန်းမြင့်တက်ခဲ့ရကြောင်း ကုန်စည်ဖြန့်ဖြူးသူတို့က ဆိုသည်။**

## ဆန်၊ ဆီ

ဘုရင့်နောင်ဈေးကွက်အတွင်းသို့ နယ်ဆန်ကုန်သည်များ လက်ကျန်ထုတ်ရောင်းကြသော်လည်း အရောင်းအဝယ်ဖြစ်ထွန်းမှုများကြောင့် အောက်တိုဘာလဆန်းရက်၌ ဆန်ဈေးအနည်းငယ်မာနေသည်ကိုတွေ့ရသည်။ နယ်ဆန်ကုန်သည်အများစုသည် စက်တင်ဘာလဆိုလျှင် လက်ကျန်အကုန်ထုတ်ရောင်းကြသည်ဟု ဆိုသော်လည်း တကယ်တမ်းတွင် လက်ကျန်ဆန်နည်းလာ၍ အဟောင်းကုန်တော့မည်ဖြစ်ပြီး အသစ်မစနိုင်သေးသော အခြေအနေတစ်ရပ်နှင့်ရင်ဆိုင်ရနိုင်သည်ဟု ဝါရင့်ဆန်ကုန်သည်ကြီးတစ်ဦးကဆိုသည်။ ရာသီဥတု အခြေအနေကြောင့် စပါးစိုက်ရာသီနောက်ကျခဲ့၍ ယခုနှစ် ဆန်အဝင်နောက်ကျနိုင်သည်ဟု ကြိုတင်ခန့်မှန်းထားမှုများရှိခဲ့သော်လည်း စိုက်ပျိုးရေးပညာရှင်များက သင့်လျော်သည့်ရက်တိုစပါးများ စိုက်ပျိုးရန်ကြိုတင်စီစဉ်ပေးမှုကြောင့် ပုံမှန်ဝင်ရောက်နေကျအချိန်တွင်ပင် ဆန်အသစ်ဝင်ရောက်လာနိုင်ကြောင်း၊ အမှန်တကယ်အဝင်နောက်ကျလျှင် စိုက်ပျိုးချိန်နောက်ကျခြင်းမှာ အဓိကမကျတော့ဘဲ မုန်တိုင်းကြောင့် အခါမဟုတ်ရွာသောမိုးကြောင့်သာဖြစ်နိုင်ကြောင်း ဆန်ကုန်သည်တစ်ဦးကဆိုသည်။

www.foreverspace.com.mm



အောက်တိုဘာလဆန်းပိုင်းဆိုလျှင် ခရမ်း၊ သုံးခွ၊ သင်္ကလတို့မှ ရွှေဝါထွန်း ရက် ၁၀၀ ဆန်များ၊ လလယ်ရောက်လျှင် ပဲခူး အနောက်ခြမ်းမှ ဆန်များ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ဧရာဝတီတိုင်းမှ ဆန်များနှင့် ပေါ်ဆန်းမွှေးများ ပုံမှန်အတိုင်း ဝင်ရောက်လာနိုင်မည်ဟု အဆိုပါကုန်သည်က ပြောကြားသည်။

ဈေးကွက်အတွင်း လက်တလော ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများမှာ နွေဆန် တစ်အိတ်လျှင် ၇၂၀၀ ကျပ်မှ ၈၄၀၀ ကျပ်၊ ငစိန်ဆန် ၆၈၀၀ ကျပ်မှ ၇၇၀၀ ကျပ်၊ မီးဒုံး၊ ကမာကြည် ၇၈၀၀ ကျပ်မှ ၈၅၀၀ ကျပ်၊ ပေါ်ဆန်းနယ်စုံ ၉၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဒေးဒရဲ ၁၀၀၀၀ ကျပ်မှ ၁၁၅၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဖျာပုံ ၁၀၀၀၀ ကျပ်မှ ၁၂၅၀၀ ကျပ် အသီးသီးရှိသည်။ အရောင်းအဝယ်ပုံမှန် ရှိနေခြင်းကြောင့် ဆန်ဈေးနှုန်းအပြောင်း အလဲမှာ ဆန်အဝင်နောက်ကျ၍ ခါး ပြတ်သွားလျှင် ဈေးမြင့်တက်သွားတတ်ပြီး အချိန်မီဝင်ရောက်လာပါက ဆန်ဈေး အနည်းငယ်သာ အပြောင်းအလဲရှိမည်ဟု ကုန်သည်အများစုက ပြောကြားသည်။

စားသုံးဆီဈေးကွက်တွင်လည်း ပုံမှန်အရောင်းအဝယ်များရှိပြီး စားအုန်း ဆီမှာ ဆီကုန်သည်များအသင်းမှ ထိန်း ချုပ်ထားသော ၁၀၃၀ ကျပ်ဈေးဖြင့်သာ ကိုယ်စားလှယ်ရယူထားသူများက ရောင်း ချပေးလျက်ရှိသည်။ စားအုန်းဆီ ပြင်ပ ကုမ္ပဏီပေါက်ဈေးမှာ ၁၃၉၀ ကျပ်ဖြစ်ပြီး ရောင်းဈေးမှာ ထို့ထက်ပို၍များစွာမြင့်မား ကြောင်း၊ ပဲဆီမှာ သန့်စင်ထားသည့်ဘူးများ ဖြင့် ရောင်းချနေသော OK ဧရာဝတီမှာ တစ်ပိဿာလျှင် ၁၉၀၀ အထက်တွင်ရှိပြီး အရောင်းအဝယ်ပုံမှန်ရှိကြောင်း၊ ဈေးနှုန်း လည်း အနည်းငယ်သာ အပြောင်းအလဲ ဖြစ်နိုင်ကြောင်း ကုန်သည်အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

## ပဲမျိုးစုံ

ယခုလအတွင်းအခြေအနေအကောင်း ဆုံးကုန်စည်ပင် ဖြစ်သည်။ ပြည်ပမှ အဝယ်ပုံမှန်ရှိရာ ဈေးကွက်အနုတ်အသိမ်း များပြီး ဈေးကစားမှုများလည်း မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်ဟု ပဲမျိုးစုံ Exporter တစ်ဦးက ပြောကြားသည်။ နယ်လှောင် လက်သမားများကလည်း ပဲသစ်ပေါ်ချိန် နီးလာသော်လည်း အရောင်းပျက်မည့် ပဲ အဟောင်းများကိုသာ အမြန်ထုတ်ရောင်း ကြပြီး ၁၂ ရာသီ အရောင်းအဝယ်ဖြစ် ထွန်း၍ အရည်အသွေးကောင်းပဲများကို ထိန်းသိမ်းထားဆဲဟု ကုန်သည်များက ပြောကြားသည်။ ဈေးနှုန်းအတက်အကျ မှာ နယ်ကုန်သည်များ ထုတ်ခြင်းမထုတ် ခြင်းထက် ပြည်ပအဝယ်ရှိမရှိပေါ်တွင် ပို၍မူတည်ကြောင်း ပဲမျိုးစုံအသိုင်းအဝိုင်း မှ စုံစမ်းသိရှိရသည်။ လက်တလောဖြစ် ပေါ်နေသော ဈေးနှုန်းများမှာ မတ်ပဲတစ် အိတ်လျှင် ၄၀၀၀၀ ကျော်၊ ပဲလွန်းဖြူ ၄၂၀၀၀ ကျပ်မှ ၄၅၀၀၀ ကျပ်ကြား၊ ပဲလွန်းနီ ၃၀၀၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်၊ ဘိုကိတ်ပဲ ၃၇၀၀၀ ကျပ်မှ ၃၈၀၀၀ ကျပ်၊ ပဲကြီးရွှေသန့် ၄၈၀၀၀ ကျပ်၊ အရိုင်း ၄၅၀၀၀ ကျပ်၊ ပြောင်းဆန် ၁၁၀၀၀ ကျပ်မှ ၁၂၀၀၀ ကျပ်၊ ပဲတီစိမ်း ၄၈၀၀၀ ကျပ်၊ စားတော်ပဲ ရေနံချောင်း ထိပ်စ ၇၀၀၀၀ ကျပ်၊ စားတော်ပဲ တရုတ် (နီ) လုံးသေး(ဖြူ) ၅၄၀၀၀ ကျပ်၊ လုံးကြီး (ဖြူ) ၅၃၀၀၀ ကျပ်၊ ကနေဒါ စားတော်ပဲ ၅၄၀၀၀ ကျပ်၊ ပဲပုပ် ရှမ်း ၃၂၀၀၀ ကျပ်၊ သိပ္ပံ ၃၁၀၀၀ ကျပ်၊ ထွက်တိုး၊ မန်း၊ ပေါက်ခေါင်း ၃၂၀၀၀ ကျပ်၊ မြေပဲအဖြူ တစ်ပိဿာ ၁၀၀၀ ကျပ်၊ အနီ ၁၀၅၀ ကျပ် အသီးသီးရှိကြသည်။

## ကြက်သွန်၊ ငရုတ်၊ အာလူး

ကြက်သွန်နီကို ကန့်သတ်ကုန်စည် အဖြစ်သတ်မှတ်ခဲ့ပြီး စီးပွားရေးနှင့် ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လုပ် ပိုင်ခွင့်လယ်ယာမြေများ ရယူထားသော ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများကိုသာ ပြည်ပတင်ပို့ခွင့်ပြုခဲ့ရာ နယ်အသီးသီးမှ စိုက်ပျိုးထုတ်လုပ်သော ပြည်တွင်းကြက် သွန်နီမှာ တစ်နိုင်ငံလုံး စားသုံး၍မကုန်နိုင် သော အခြေအနေတစ်ရပ်နှင့် ကြုံတွေ့နေ ရပြီး ပွဲရုံများတွင် ကုန်စည်အများအပြား ကျန်ရှိနေသေးသည်ဟု ကြက်သွန်ပွဲရုံ အများစုက ဆိုသည်။ ဘောဂဗေဒ သီအိုရီ အရ အသားတင်ထုတ်လုပ်မှုတန်ဖိုးမြင့် တက်လာချိန် ဝယ်လိုအားမရှိ၍ ဈေးကွက် အနုတ်အသိမ်းမဖြစ်ခဲ့လျှင် ထုတ်လုပ်သူ



www.foreverspace.com.mm



များ ရှုံးလာမည်ဖြစ်၍ အသားတင် ထုတ်လုပ်မှုနှင့် ဝယ်လိုအားကို မျှခြေဖြစ်ရန်အတွက် တစ်နိုင်ငံလုံး စားသုံးမကုန်သောကြက်သွန်ကို နယ်စပ်ထွက်ပေါက်ပြန်ဖွင့်ပေးခြင်းနှင့် Export, Import ပြန်လည်တင်ပို့ခွင့်ပြုရေးမှာ အရေးကြီးသောအခန်းကဏ္ဍဖြစ်လာပြီဟု ဘောဂဗေဒဖြင့်ဘွဲ့ရသူ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးက ရှင်းလင်းပြောကြားသည်။

ပြည်ပတင်ပို့သည့်မူဝါဒမှာ ပြည်ပသို့ပို့ရာတွင် ပြည်တွင်းစားသုံးသူ ဈေးကွက် မထိခိုက်စေဘဲ ပိုလျှံကုန်စည်များကိုသာ တင်ပို့ရမည်ဟု သတ်မှတ်ထားခြင်းဖြစ်၍ ယခုဖြစ်ပေါ်နေသော အခြေအနေအရ ပြည်ပဈေးကွက်များရရှိရန်လိုအပ်လာပြီဖြစ်ကြောင်း၊ သို့မဟုတ်ပါကပိုလျှံကြက်သွန်များကို ကုန်သည်များကလည်း ပုပ်ကုန်အဖြစ်မခံနိုင်ဘဲ ဆောင်းလေတိုက်ခတ်၍ အညှောင့်မထွက်မီအချိန်တွင်ပင် ရသလောက်ဈေးနှင့် ထိုးရောင်းလာကြ၍ ဈေးနှုန်းကျဆင်းပြီး နောက်တစ်နှစ်တွင် စိုက်ပျိုးသူမရှိဖြစ်ကာ ပိုလျှံသောဈေးကွက်ကို မျှတစေရန် မထိန်းချုပ်နိုင်ခြင်းကြောင့် ကုန်စည်ရှားပါးမှုတစ်ရပ်နှင့် ပြန်လည်ကြုံတွေ့ရနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

ဒီဇင်ဘာလကုန်လျှင် နောက်ရာသီစတော့မည်ဖြစ်သော်လည်း ဆိတ်ဖြူ၊ မြင်းခြံ၊ တောင်သာ၊ ပျော်ဘွယ်နှင့် ပခုက္ကူတို့တွင် နယ်လက်ကျန်များရှိနေသေးကြောင်း၊ အခြားနယ်စုံမှ ကြက်သွန်နီများဝင်ရောက်မှု အလွန်များခြင်းကြောင့် နိုဝင်ဘာလ ပထမပတ်အတွင်း တစ်ပိဿာ ၁၅၀/၁၆၀ ကျပ်ဈေးထိ ထိုးဆင်းလာခဲ့ကြောင်း ပွဲရုံပိုင်ရှင်များကဆိုသည်။ ဝယ်ယူသူအများစုသည် Export အဝယ်ရှိသလိုထွက်အားလည်းနည်းမည်ထင်၍ ၂၀၀၊ ၂၅၀ ကျပ်ဈေးများဖြင့် ဝယ်သိုလှောင်ထားကြခြင်းဖြစ်သောကြောင့် ကုန်သည်အများစုအရှုံးပေါ်ခဲ့ရသည်။

ကြက်သွန်နီအတွက် နောက်ထပ်မျှော်လင့်ချက်တစ်ခုမှာ မုန်တိုင်းများဖြစ်ပေါ်လာရန် အညာတွင် မိုးကောင်းခြင်းကြောင့် နွေကြက်သွန်နှင့် မိုးကြက်သွန်ခါးပြတ်သွားလျှင် အခြေအနေကောင်းနိုင်ကြောင်း၊ သို့သော် အညှောင့်ထွက်လာခြင်းနှင့် ပျက်စီးမှုကို မထိန်းသိမ်းနိုင်ပါကအခြေအနေမကောင်းနိုင်ကြောင်း ကုန်သည်အများစုက မှတ်ချက်ပြုသည်။

ကြက်သွန်ဖြူမှာမူ ယခင်လဈေးများနှင့် ကွာခြားခြင်းမရှိဘဲ ပုံမှန်အရောင်းအဝယ်များရှိပြီး အလုံးကြီး ကြူကုတ်ကြက်သွန်ဖြူဈေးသာ တရုတ်ငွေဈေးပေါ်မူတည်၍ အတက်အကျရှိကြောင်း၊ ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၂၀၀ ကျပ် မှ ၁၃၀၀ ကျပ်ရှိပြီး ရှမ်းသီးမှာ ၅၃၀ မှ ၆၁၀ အထိ ပုံမှန်ဈေးနှုန်းအခြေအနေသာရှိကြောင်း၊ ဈေးနှုန်းပြောင်းလဲရန်လည်း မရှိနိုင်ကြောင်း ၎င်းတို့က သုံးသပ်ပြောကြားသည်။

ငရုတ်သီးဈေးကွက်မှာလည်းကြက်သွန်နီကဲ့သို့ပင် ကန့်သတ်ထားခြင်းကြောင့် အထက်ပါအခြေအနေမျိုးနှင့် ရင်ဆိုင်ရသည့်အပြင် ငရုတ်သီးမှာ မရှိမဖြစ် စားသောက်ကုန်မျိုးမဟုတ်၍အရောင်းအဝယ်လည်းပါးသည်ဟု ငရုတ်ပွဲရုံများက ဆိုသည်။ ငရုတ်သီး ယခင်နှစ် လက်ကျန်များရှိခြင်း၊ အထွက်များ၍ ကုန်စည်အဝင်များနေခြင်းကြောင့် လက်ကျန်ပစ္စည်းများနေ၍ ကုန်စည်အားလုံး အနည်းငယ်စီဈေးတက်ခဲ့သော်လည်း ငရုတ်မှာ လုံးဝဈေးမတက်သောအခြေအနေထိ ဖြစ်ခဲ့သည်။

စက်တင်ဘာလကုန်ရက်ပိုင်းတွင်ဖြစ်ပေါ်နေသော ဈေးနှုန်းမှာ မိုးထောင်ငရုတ် ၆၅၀ ကျပ်မှ ၇၅၀ ကျပ်၊ ပျော်ဘွယ် ၉၅၀ ကျပ်မှ ၁၀၀၀ ကျပ်၊ ရွှေလောင်း ၆၀၀ ကျပ်မှ ၆၅၀ ကျပ်၊ ပန်းတနော် ၆၇၅ ကျပ်မှ ၇၂၅ ကျပ်၊ ဝါးခယ်မ ၇၂၅ ကျပ်မှ ၈၀၀ ကျပ် ပတ်ဝန်းကျင်တွင်ရှိပြီး ငရုတ်ပုမှာ စိမ်းစား ၁၄၅၀ ကျပ်မှ ၁၆၀၀ ကျပ်၊ ဇက ၁၀၀၀ ကျပ်မှ ၁၂၀၀ ကျပ် ရှိသည်။

ယခုနှစ်တွင် ရာသီဥတုကြောင့် ငရုတ်သီး ၅၀ ရာခိုင်နှုန်း အပျက်အစီးရှိမည်ဟု မျှော်လင့်ထားကြသော်လည်း အထွက်များလာပါက ထို့ထက်ပို၍ ဈေးနှုန်းထိုးဆင်းသွားရန်ရှိကြောင်း ငရုတ်ပွဲရုံအများစုက ခန့်မှန်းပြောကြားသည်။

ယခုလအတွက် အာလူးမှာ မုန်တိုင်းမိုးမိခဲ့၍ အထားမခံသောအခြေအနေတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသောကြောင့် အမြန်ထုတ်ရောင်းခဲ့ကြောင်း၊ ကားအဝင်အထွက်နည်းလာသော်လည်းဈေးသက်သာကြောင်း၊



www.foreverspace.com.mm



စက်တင်ဘာလကုန်ဈေးနှုန်းမှာ တစ်ပိဿာ ၁၂၅ ကျပ်မှ ၂၀၀ ကျပ် ဈေးရှိပြီး ဝယ်လက်ကို ၅ ကျပ် ၁၀ ကျပ် အလျှော့အတင်း ပြု၍ ဆွဲဆောင်ရကြောင်း အာလူးပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားသည်။ အာလူးမှာ အာလူးကြော်အထုပ်များပြုလုပ်ခြင်းကဲ့သို့သော စားသောက်ကုန်လုပ်ငန်းရှင်များမှ ၁၂ ရာသီဝယ်ယူမှုရှိ၍ ပုံမှန်အရောင်းအဝယ်ရှိသောကုန်ပစ္စည်းတစ်ခုဖြစ်ပြီး မကြာမီ အောင်ပန်းသီးများ ပြတ်သွားချိန် ဈေးကွက်တွင် ဟဲဟိုးသီးများသာ ကျန်ရှိနိုင်ပြီး ဒီဇင်ဘာလ ဆင်ဖြူကျွန်းသီးများ မပေါ်ခင်ကာလအတွင်း ဈေးအနည်းငယ်ပြန်လည်ဦးမော့လာရန်ရှိကြောင်း ကုန်သည်အများစုက ခန့်မှန်းကြသည်။

## ညောင်ပင်လေးဈေး

ပြီးခဲ့သည့်စက်တင်ဘာလကုန်ရက်ပိုင်းအတွင်း နယ်စပ်ဒေသများရှိ ငွေလဲလှယ်မှုနှုန်းထားများပြောင်းလဲခဲ့ခြင်း၊ သက်ဆိုင်ရာမှ အထူးရွှေဆိုင်ကြီး ဖွင့်လှစ်ပြီး တစ်ကျပ်သားဒင်္ဂါးပြားတစ်ပြားလျှင် အခြေခံဈေးကျပ်သုံးသိန်းဖြင့် ရောင်းချပေးခဲ့ရာ ပြင်ပရှိပုဂ္ဂလိက ရွှေဈေးကွက်အတွင်း အပြောင်းအလဲဖြစ်ခဲ့ရာ ညောင်ပင်လေးဈေးရှိ လူသုံးကုန်နှင့် စားသောက်ကုန်စည်ဈေးကွက်အပေါ်ရိုက်ခတ်မှုရှိခဲ့သည့်အတွက် ဈေးနှုန်းများရုတ်ခြည်းဆိုသလို အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

## အချိုရည်ဈေးနှုန်းဦးမော့

မကြာမီရောက်ရှိလာမည့် သီတင်းကျွတ်ကာလအတွက် ကုန်ပစ္စည်းစုဆောင်းမှုအများအပြားရှိခဲ့ပြီး ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်ဦးမော့ခဲ့ရာ အောက်တိုဘာလဆန်းရက်အတွင်း တစ်ပါကင်ဈေးနှုန်း C-Plus ၇၈၀၀ ကျပ်၊ Ve Ve Super C ကော်ခွက် ၁၂၀၀ ကျပ်၊ Ve Ve ပင်မှည့်၊ စတော်ဘယ်ရီ၊ နာနတ်၊ ကမ္ဘလာ ၂၀၀၀ ကျပ်၊ Ve Ve ဒိန်ချဉ် ၂၉၀၀ ကျပ်၊ Shark သံဘူး ၈၇၀၀ကျပ် ရှိခဲ့ပြီး အချို့မှာ ယခင်လကထက် ၂၀၀ ကျပ် မှ ၄၀၀ ကျပ်ထိ မြင့်တက်ခဲ့ကာ အချို့မှာ ဈေးငြိမ်လျက်ရှိကြောင်း၊ သီတင်းကျွတ်ကာလအရောက်တွင် ဒီထက်ဈေးဦးမော့ဖွယ်ရှိကြောင်း ညောင်ပင်လေးဈေးအတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်ပမှတင်သွင်းလာသောအချိုရည်မျိုးစုံမှာ ဈေးဦးမော့လျက်ရှိပြီး တစ်ပါကင်ဈေး စင်ကာပူ Coke ၁၂၅၀၀ ကျပ်၊ ထိုင်း Code ၁၁၀၀၀ ကျပ်၊ 100 Plus ၉၄၀၀ ကျပ်၊ 7up ၉၀၀၀ ကျပ်၊ Pokker ၁၄၀၀၀ ကျပ် အသီးသီး ရှိခဲ့ပြီး ယခင်လထက် ဈေးနှုန်း ၁၀ ရာခိုင်နှုန်း ကျော်တက်သွားကြောင်း၊ ပြည်တွင်းဖြစ်အချိုရည်မျိုးစုံမှာ ယခုကာလတွင် နေ့စဉ်ဈေးနှုန်းအပြောင်းအလဲရှိကြောင်း ညောင်ပင်လေးဈေးကွက်အတွင်းမှ သိရသည်။

## နို့ဆီ၊ သကြား

စက်တင်ဘာလအတွင်း သကြားတစ်ပိဿာလျှင် ၈၀၀ ကျပ်ခန့်ပေါက်ဈေးရှိခဲ့ရာ ယခင်လထက် ၂၀၀ ကျပ်ခန့် ဈေးမော့သွားကြောင်း၊ နို့ဆီမှာ Dawn ၅၈၅ ကျပ်၊ Dawn နို့စိမ်း ၅၅၀ ကျပ်၊ Orchid ၄၃၅ ကျပ်၊ Crown ၄၄၅ ကျပ်၊ Blue Crown ၄၄၀ ကျပ် အသီးသီးဖြင့် ယခင်အပတ်များထက် ဈေးမြင့်တက်လာခဲ့သည်ကိုတွေ့ရသည်။



## ဆပ်ပြာ၊ ဆပ်ပြာမှုန့်ဈေးနှုန်းဦးမော့

အထုပ် ၅၀ ပါ Rose တစ်ပါကင် ၆၂၀၀ ကျပ်၊ Elan ၆၇၀၀ ကျပ်၊ Eco ၆၅၀၀ ကျပ်၊ သက်သာ ၇၂၀၀ ကျပ် ရွှေဝါဆပ်ပြာ တစ်ဖာ ၇၈၀၀ ကျပ်၊ ကာဘော်လစ်တစ်တုံးလျှင် ၁၈၀ ကျပ် ဈေးများဖြင့် အောက်တိုဘာလဆန်းရက်တွင် ရောင်းချဖြန့်ဖြူးနေကြောင်း ညောင်ပင်လေးဈေးအတွင်းမှ စုံစမ်းသိရှိရသည်။

**သန်းထိုက်သူ၊ သစ်ထွဋ်**

■

www.foreverspace.com.mm



ဤကဏ္ဍတွင်.......
၆၈ မြန်မာ့သယံဇာတများအား စနစ်တကျထုတ်ယူသုံးစွဲရေး
၇၂ စိုက်ပျိုးရေးကဏ္ဍအပြောင်းအလဲနှင့် မြေခွန်
၇၆ မြန်မာဈေးကွက် တိုးတက်မှုပြရမည်
၇၈ ပုဂ္ဂလိကပိုင်ပြုခြင်းနှင့် မြန်မာ့စီးပွားရေးအဆက်အစပ်



# မြန်မာ့သယံဇာတများအား စနစ်တကျထုတ်ယူသုံးစွဲရေး

ထွန်းအောင်

**မြန်မာနိုင်ငံသည် အများသိကြသည့်အတိုင်း သယံဇာတအရင်းအမြစ်များ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အရပ်ရပ်သည် အဆိုပါသယံဇာတများအား စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ခြင်း ရှိမရှိ၊ စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်း ရှိမရှိဆိုသောအချက်များပေါ်တွင် မူတည်မည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေး အလားအလာကောင်းများကို ဖန်တီးနိုင်မည့် နည်းလမ်းကို ညွှန်ပြရမည်ဆိုပါကလည်း နိုင်ငံပိုင်သယံဇာတများကိုအခြေခံ၍ ကုန်ချောနှင့် တစ်ပိုင်းတစ်စကုန်ချောများ ထုတ်လုပ်၍ ပို့ကုန်မြှင့်ခြင်းသာဖြစ် သည်ဟု ဆိုပါပေမည်။**

သယံဇာတများကို ထုတ်ယူသုံးစွဲ၍ ကုန်ချောအဖြစ် ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အဓိက အဆုံးအဖြတ်ပေးသော အချက်သုံးချက်ရှိပြီး အဆိုပါကိစ္စရပ်နှင့် ပတ်သက်သော သက်ဆိုင်ရာနိုင်ငံ၏ သဘောထားသည် ယင်းနိုင်ငံ၏ အလားအလာကို ညွှန်ပြသည်ဟု ပညာရှင်များက ထောက်ပြသည်။

သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းနှင့်ပတ်သက်၍ အဓိကစဉ်းစားရမည့် အခြေခံသဘောထားသုံးရပ်မှာ–

၁။ သယံဇာတများကို အကြီးအကျယ် ထုတ်ယူသုံးစွဲခြင်းဖြင့် နိုင်ငံအတွင်း အရင်းအမြစ်များ ရှားပါးသွားသည့်အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ဟု ကောက်ယူရန် သင့်မသင့်၊

၂။ နိုင်ငံပိုင်သယံဇာတများကို နိုင်ငံသားများကသာ ထုတ်ယူသုံးစွဲခွင့်ရှိသည်ဟု သဘောထားရန် သင့်မသင့်၊

၃။ သံယံဇာတများအား ထုတ်ယူသုံးစွဲရာတွင် ပြန်လည်၍ ဖြည့်တင်းနိုင်သည့် သစ်တောသယံဇာတကဲ့သို့သော ပို့ကုန်များနှင့် ပတ်သက်သော သဘောထား စသည်တို့ဖြစ်သည်။

**၁။သယံဇာတအရင်းအမြစ်များကို အကြီးအကျယ် ထုတ်ယူသုံးစွဲခြင်းဖြင့် နိုင်ငံအတွင်း အရင်းအမြစ်များ ရှားပါးသွားသည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ဟူသော အယူအဆနှင့် ပတ်သက်၍–**

သယံဇာတအရင်းအမြစ် ပေါကြွယ်ဝသော နိုင်ငံအားလုံးလိုလိုတွင် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများ ရှိသည်ကို တွေ့ရသည်။

သယံဇာတများ၏ သဘာဝမှာ အစားထိုး၍ မရနိုင်သော သဘာဝရှိရာ အဆိုပါ သယံဇာတများကို ထုတ်ယူ၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတွင် ထိခိုက်နစ်နာမှုများဖြင့် ကျန်ခဲ့မည်ဆိုသော သဘောအယူအဆမှာ အဆိုပါသယံဇာတ

www.foreverspace.com.mm



များကို စနစ်တကျ စီမံခန့်ခွဲမှုမပြုနိုင်ပါက ဖြစ်နိုင်သော်လည်း စနစ်တကျ စီမံခန့်ခွဲနိုင်ပါက ထိုသို့စိုးရိမ်ရန် မလိုအပ်လှပေ။

သယံဇာတများကို နိုင်ငံသားကုမ္ပဏီကဖြစ်စေ၊ နိုင်ငံခြားသားပိုင်ကုမ္ပဏီကဖြစ်စေ ထုတ်ယူသွားသည့်အခါ နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားအလို့ငှာ နိုင်ငံ၏ ဗဟိုရန်ပုံငွေသို့ တိုက်ရိုက်ရရှိရောက်ရှိမည့် ရပိုင်ခွင့် (Economic Rent) နှင့် အခွန်အခများ အများဆုံး(အများဆုံး) ပေးနိုင်မည့်သူကို နိုင်ငံသား/နိုင်ငံခြားသားမခွဲဘဲ ခွင့်ပြုပြီးနောက် အဆိုပါဝင်ငွေများကို စီးပွားရေးဆိုင်ရာအခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် ပြန်လည် အသုံးပြုခြင်းသည် စွမ်းအင်အသွင်ပြောင်းသည့် သဘောဖြစ်ပြီး အရင်းစုဆောင်းသည့် သဘောလည်း ဖြစ်ပေသည်။

ထိုသို့ စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အဦ တည်ဆောက်ရာတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းသည် နောက်ထပ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် လမ်းခင်းပေးခြင်းပင်ဖြစ်ရာ သယံဇာတများ ဆုံးရှုံးသွားသည့်သဘောအဖြစ် ရှုမြင်ရန် မရှိပေ။ ဆိုလိုသည်မှာ သယံဇာတများ ထုတ်ယူရောင်းချခြင်းဖြင့် နိုင်ငံအတွက် များနိုင်သမျှ အများဆုံး အကျိုးစီးပွားရရှိရေးနှင့် အဆိုပါဝင်ငွေကို မည်သို့ပြန်လည် အသုံးချသနည်းဆိုသောအချက်များက သယံဇာတများ ဆုံးရှုံးနိုင်ချေရှိ/ မရှိဆိုသော အချက်ကို ပြဋ္ဌာန်းခြင်း ဖြစ်ပေသည်။

**၂။ သယံဇာတများကို နိုင်ငံသားများကသာ ထုတ်ယူသုံးစွဲခွင့်ရှိသည်ဟူသော သဘောထားနှင့်ပတ်သက်၍–**

ပြည်ပကုမ္ပဏီများအား လာရောက်ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းဖြင့် ၎င်းတို့ရရှိသော နိုင်ငံခြားငွေ အမြတ်အစွန်းကို ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ ပြည်ပသို့ ထုတ်ယူသွားခြင်းကြောင့် နိုင်ငံခြား ငွေပေးငွေယူ ရှင်းတမ်းတွင် လိုငွေပြနိုင်သည်ဟူသော အယူအဆမှာလည်း အပြည့်အဝ မမှန်ကန်နိုင်ပေ။ နိုင်ငံသားကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းဖြင့် အမြတ်အစွန်းကို ပြန်လည်ရင်းနှီးမြှုပ်နှံမည့် အလားအလာ ရှိသည်ဆိုသော်လည်း နိုင်ငံသားကုမ္ပဏီများကြောင့် Capital Flight အရင်းအနှီး ပြင်ပသို့ စီးဆင်းမှုမရှိဟု အာမ,မခံနိုင်ပါ။ အရေးကြီးသောအချက်မှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်းကျင်အနေအထားကောင်းခြင်း ဖြစ်ရန်သာ ဖြစ်ပေသည်။

# မြန်မာနိုင်ငံတွင် ယနေ့တိုင် ထုတ်ယူသုံးစွဲခြင်း မပြုရသေးသည့် သဘာဝ သယံဇာတ များစွာ ကျန်ရှိနေသေးသည်။

သယံဇာတများကို ထုတ်ယူရောင်းချခြင်းဖြင့် ရရှိသည့်အမြတ်အစွန်းကို ပြင်ပသို့ ထုတ်ယူသည်ဖြစ်စေ၊ မထုတ်ယူသည်ဖြစ်စေ အဓိကကျသောအချက်မှာ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် အမျိုးသားဝင်ငွေသို့ တိုက်ရိုက်ရောက်ရှိမည့်ပမာဏသာဖြစ်ပြီး ထိုဝင်ငွေသည်သာ အမျိုးသားအကျိုးစီးပွားကို တိုက်ရိုက်ဖော်ဆောင်မည့်ဝင်ငွေ ဖြစ်ပေသည်။ ပုဂ္ဂလိကအပိုင်းမှ ခွဲဝေရရှိမည့် အမြတ်အစွန်းမှာ သက်ဆိုင်ရာ ပုဂ္ဂလိကတို့၏ ပိုင်ဆိုင်ခွင့်ဖြစ်သွားရာ နောက်ထပ် ပြန်လည်ရင်းနှီးမြှုပ်နှံမှုမပြုသရွေ့ အမျိုးသားအကျိုးစီးပွားကို တိုက်ရိုက်အထောက်အကူဖြစ်စေမည် မဟုတ်ပါ။ Capital Flight မရှိဟူ၍လည်း အာမ,မခံနိုင်ပါ။

ထိုသို့ Reinvestment ခေါ် ပြန်လည်းရင်းနှီးမြှုပ်နှံမှုများကို အားပေးသော အခြားနည်းလမ်းတစ်ခုမှာ နိုင်ငံအတွင်း Capital Marekt ကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးပေးခြင်း ဖြစ်ပါသည်။

**၃။ သယံဇာတများအား ထုတ်ယူသုံးစွဲရာတွင် ပြန်လည်၍ ဖြည့်တင်းနိုင်သည့် သစ်တောသယံဇာတကဲ့သို့သော ပို့ကုန်များနှင့်ပတ်သက်၍–**

ပြန်လည်၍ ဖြည့်တင်းနိုင်သော သစ်တောသယံဇာတများ ထုတ်ယူခြင်းနှင့် ပတ်သက်၍ အဓိကစဉ်းစားရမည့်အချက်မှာ နိုင်ငံ၏ ဗဟိုရန်ပုံငွေသို့ မည်မျှရောက်ရှိသည်ဟူသောအချက်မဟုတ်ဘဲ ပြန်လည်ဖြည့်တင်းခြင်းဆိုင်ရာ အစီအမံသာ ဖြစ်ပေသည်။

သစ်တောသယံဇာတ ကဲ့သို့သော ပြန်လည်ဖြည့်တင်းနိုင်သည့် သယံဇာတများကို ထုတ်ယူခွင့်ပြုရာတွင် အစိုးရကသာ လုပ်ဆောင်ခွင့်ရှိသည် သို့မဟုတ် နိုင်ငံသား ပုဂ္ဂလိကများကလည်း လုပ်ဆောင်ခွင့် ရှိသည် သို့မဟုတ် နိုင်ငံခြားသားများကို လုပ်ကိုင်ခွင့် ပေးသင့်/မပေးသင့် စသည့် အချက်များကို အောက်ပါမူနှစ်ခုနှင့်သာ အဆုံးအဖြတ်ပေးသင့်ပေသည်။

(က) အမျိုးသား အကျိုးစီးပွားကို တိုက်ရိုက်ဖော်ဆောင်မည့် အစိုးရ၏ ဗဟိုရန်ပုံငွေသို့ မည်မျှရောက်ရှိသနည်း။

(ခ) သယံဇာတများကို ပြန်လည်ဖြည့်တင်း စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ မည်သို့မည်မျှ အာမခံချက်ပေးနိုင်သနည်း။

## နိဂုံး

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် ယနေ့တိုင် ထုတ်ယူသုံးစွဲခြင်း မပြုရသေးသည့် သဘာဝသယံဇာတများစွာ ကျန်ရှိနေသေးသည်ဖြစ်ရာ အဆိုပါသယံဇာတများကို ယနေ့ကမ္ဘာပြုခြင်း လွှမ်းခြုံလာသောကာလတွင် မည်သူထုတ်ယူသနည်းဆိုသည်မှာ အဓိကမဟုတ်ဘဲ အမျိုးသားအကျိုးစီးပွားအတွက် မည်သို့စီမံခန့်ခွဲထားသနည်းဆိုသောအချက်သာ အရေးအကြီးဆုံးဖြစ်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

**ထွန်းအောင်**

Ref: South East Asia's Economy, Development Policies in the 70s (ADB)

www.foreverspace.com.mm





# စိုက်ပျိုးရေးကဏ္ဍအပြောင်းအလဲနှင့် မြေခွန်

မျိုးမင်းနိုင်

**၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် လက်ရှိအစိုးရက ဈေးနှုန်းကန့်သတ်ချက်ဖြင့် မရောင်းမနေရ စပါးဝယ်ယူရေးစနစ်ကို ရပ်ဆိုင်းလိုက်ခြင်း၊ အရေးကြီးသီးနှံမှအပ အခြားသီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခွင့်ပေးလာခြင်း၊ လယ်ယာကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများအား ဝင်ရောက်လုပ်ကိုင်ခွင့်ပေးခဲ့ခြင်း၊ ၂၀၀၃ ခုနှစ်တွင် ဆန်စပါးအား လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုလိုက်ခြင်း၊ ၂၀၀၄ ခုနှစ် မူဝါဒများအရ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆန်စပါးကို ကိုယ်တိုင်စိုက်ပျိုး၍ ပြည်ပသို့တင်ပို့ခွင့်ပြုလိုက်ခြင်း စသည်ဖြင့် မူဝါဒအပြောင်းအလဲများစွာ လုပ်ဆောင်ခဲ့ရာ ဈေးကွက်စီးပွားရေးစနစ်၏ အသီးအပွင့်များကို လူအားလုံးထံသို့ရောက်ရှိရေးအတွက် ဥစ္စာနေခွဲဝေရေးအစီအမံတစ်ခုဖြစ်သည့် မြေယာပေါ်မှအခွန်ကို ခေတ်နှင့်အညီ ကောက်ခံခြင်းနှင့်စပ်လျဉ်းပြီး စီးပွားရေးပညာရှင်အချို့က ရံဖန်ရံခါဟောပြောပွဲများတွင် ထည့်သွင်းဆွေးနွေးလေ့ရှိသည်ကို တွေ့ရသည်။**

လယ်ခွန်နှင့် ပတ်သက်၍ တောင်သူများသည် ၁၉၆၂ ခုနှစ်မှစ၍ သတ်မှတ်ဈေးနှုန်းဖြင့် အစိုးရသို့ ရောင်းချခဲ့ရာ ၁၉၉၀ ခုနှစ်လွန်အထိ တစ်ဧကလျှင် စပါး ၁၂ တင်းနှုန်း မရောင်းမနေရစနစ်ဖြင့် ရောင်းချခဲ့ရသည်။ သတ်မှတ်ဈေးသည် ဈေးကွက်ပေါက်ဈေးဖြင့် အစဉ်ကွာဟလေ့ရှိသည့်အတွက် တောင်သူတို့သည် မမြင်ရသည့်အခွန် Implicit Tax သဘောမျိုး နှစ်ပေါင်းများစွာ ပေးဆောင်လာရပြီး ဖြစ်သည်။ သို့သော် ၁၉၆၂ နှင့် ၁၉၈၈ ခုနှစ် ကြားကာလများအတွင်းက အစိုးရမှ သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ ဆန်ဖြန့်ဖြူးရေးကို တာဝန်ယူ၍ ဈေးနှုန်းအရှုံးခံ၍ ဖြန့်ဖြူးပေးခြင်းတို့သည် အဆိုပါခေတ်၏ နိုင်ငံရေးမူဝါဒတစ်ရပ်အရ အဖြေတစ်ခု ဖြစ်ခဲ့သည်။ စီးပွားရေးပညာရှင် ဦးမြတ်သိန်း၏ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစာအုပ်ပါအရ ထိုအချိန်က အစိုးရသည် တည်ငြိမ်သော ဈေးနှုန်းကို ဖန်တီးလိုခြင်း၊ ဖြန့်ဖြူးမှုပုံမှန်ဖြစ်စေလိုခြင်း၊ အပြောင်းအလဲနည်းသော လူနေမှုဘဝဟန်များကို ထိန်းထားလိုခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းမှ ဈေးနှုန်းခြားနားချက်ကို

www.foreverspace.com.mm



ဝင်ငွေတိုးရေးနှင့် ငွေကြေးအရင်းအနှီးအဖြစ် ဖန်တီးလိုခြင်း၊ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်လိုခြင်း စသည်ဖြင့် လုံခြုံရေးရှုထောင့်အရ ထည့်သွင်းစဉ်းစား၍ မရောင်းမနေရ ခွဲတမ်းစနစ်ကို ကန့်သတ်ဈေးနှုန်းဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် လယ်ယာပေါ်လစီများကို တစ်ရစ်ခြင်း ဖြေလျှော့လာခဲ့ရာ ၂၀၀၃ ခုနှစ်မှစတင်၍ ပြည်ပဆန်တင်ပို့ခြင်းကို အစိုးရအဖွဲ့ စည်းမှသာ တာဝန်ယူတင်ပို့ခြင်းကို ရပ်ဆိုင်းလိုက်ပြီး ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းပေးမည့်မူကိုပါ ပြောင်းလဲခဲ့လေသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှစတင်၍ ဆန်အပါအဝင် ပဲကဲ့သို့ ဈေးကွက်ဝင်သီးနှံများကို တိုးချဲ့တင်ပို့လာနိုင်ခြင်းနှင့် သွင်းကုန်စိုက်ပျိုးရေးကုန်စည်ဖြစ်သည့် စားအုန်းဆီကဲ့သို့ ကုန်စည်များကို အစားထိုးနိုင်ရန် မူဝါဒချမှတ်လာခြင်းတို့ကြောင့် ဆန်စပါး၊ ဆီအုန်း၊ ရော်ဘာ အပါအဝင် သီးနှံမျိုးစုံ လယ်ယာထွက်ကုန်စိုက်ပျိုးရေးလုပ်ငန်းကို ပုဂ္ဂလိကကဏ္ဍမှ မြေယာအမြောက်အမြား ရယူ၍ ဝင်ရောက်လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။ အဆိုပါ စိုက်ကွင်းကျယ်မြေယာစနစ်ကို ဖော်ဆောင်ရာတွင် လုပ်ငန်းရှင်ကြီးများအား နှစ် ၃၀ စသည်ဖြင့် နှစ်ရှည်လုပ်ပိုင်ခွင့်ပေးခဲ့သည်။

မြေခွန်သည် မြန်မာမင်းများ လက်ထက်ကတည်းက ကောက်ခံခဲ့ခြင်းဖြစ်ပြီး အင်္ဂလိပ်လက်ထက်တွင် မြေခွန်သည် အစိုးရဘဏ္ဍာ၏ ၅၀ ရာခိုင်နှုန်းကျော်အထိ ပါဝင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း လယ်ယာစနစ်နှင့် လယ်ယာထွက်ကုန် ကုန်သွယ်ရေးတွင် အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့သည့်အတွက် မြေခွန်၏ အစိုးရဘဏ္ဍာတွင် ပါဝင်သည့် အချိုးမှာ ဆက်တိုက်လျော့နည်းလာပြီး၊ လယ်ယာကို နိုင်ငံပိုင်ပြုလုပ်ထားခဲ့သည့်အတွက် မြေခွန် (Land Revenue) သည် နိုင်ငံပိုင်ပစ္စည်းကို သုံးစွဲသည့်အတွက် ကောက်ခံသည့်အခွန်များ အုပ်စုစာရင်းတွင် သာမန်အဆင့်၌သာ ပါဝင်တော့သည်ကို တွေ့ရသည်။ ၁၉၈၇ ခုနှစ်အထိ မြေခွန်မှ ပြည်သူ့ဘဏ္ဍာသို့ ပါဝင်သည့်အချိုးမှာ ၀.၉၂ ရာခိုင်နှုန်းသာ ရှိတော့သည်ကို တွေ့ရသည်။ ၁၉၈၈ ခုနှစ်တွင် မြေခွန်ကို ယခင်နှုန်းထားအတိုင်း ကောက်ခံရန် ဥပဒေပြဋ္ဌာန်းခဲ့သည်။ လက်ရှိကောက်ခံသည့် မြေခွန်နှုန်းထားများမှာ ဒုတိယကမ္ဘာစစ်မတိုင်မီကတည်းက ရှိခဲ့သော နှုန်းထားများ ဖြစ်သည့်အတွက် တစ်ဧကလျှင် ၁၀ ကျပ် အောက်သာ ရှိသည်ကို တွေ့ရသည်။ ၁၉၈၈ ခုနှစ်မတိုင်မီက မရောင်းမနေရ ကန့်သတ်ဈေးနှုန်းစနစ်များသည် မမြင်ရသည့်အခွန်သဘောမျိုးဖြစ်သော်လည်း ယနေ့ဈေးကွက်စီးပွားရေးစနစ်တွင် စပါးဈေးနှုန်းများ ပြောင်းလဲလာခြင်း၊ သီးနှံစိုက်ပျိုးရေးတွင် ပိုမို၍ ရွေးချယ်ခွင့်ရလာခြင်း၊ ငွေကြေးဖောင်းပွမှုအခြေအနေနှင့် ဝယ်နိုင်စွမ်းအားများ ပြောင်းလဲလာခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများတွင် ပိုမို၍ ထည့်ဝင်ဆောင်ရွက်ပေးရန် လိုအပ်လာခြင်း၊ မြေယာပိုင်ဆိုင်မှုစနစ်တွင် အပြောင်းအလဲများ ဖြစ်ပေါ်လာဖွယ်ရှိခြင်း စသည့်အကြောင်းအရာများစွာကြောင့် မြေခွန်ကို နှုန်းထားသစ်များဖြင့် ပြည်သူ့ဝန်ဆောင်မှုခေါင်းစဉ်အောက်တွင် အသုံးပြုရန် ကောက်ခံသောစနစ်တစ်ရပ် (သန့်ခြားခွန်၊ Earmark Tax) အဖြစ် ကောက်ခံရန် လိုအပ်လျက် ရှိသည်။

မြန်မာနိုင်ငံတွင် ကောက်ပဲသီးနှံစိုက်ပျိုးမြေ၊ နွေစပါး အပါအဝင် စပါးဧက ၁၄ သန်း၊ အခြားစိုက်ပျိုးရေးထွက်ကုန်သီးနှံများအပါအဝင် ၂၀ သန်းခန့် ရှိနေကြောင်း စာရင်းများအရ သိရသည်။ ပလပ်မြေ၊ မြေလွတ်မြေရိုင်းအပါအဝင် စိုက်ပျိုးနိုင်သော မြေဧက သန်း ၂၀ ကျော် ကျန်ရှိနေကြောင်း စာရင်းများက ဆိုသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာ၊ ငွေကြေး အပါအဝင် သွင်းအားစုများ မြှင့်တင်ရန် လိုအပ်လျက်ရှိသည်။ ထို့အပြင် ခေတ်မီနည်းပညာများ အသုံးပြုရေးနှင့် စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင် အရင်းအနှီးများ လိုအပ်လျက်ရှိသည်။ ထို့အပြင် ကျေးလက်ဖွံ့ဖြိုးရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေများ ပိုမိုထည့်ဝင်ရန် လိုအပ်လျက်ရှိရာ ဘဏ္ဍာရေးအရင်းအမြစ်တစ်ခုအဖြစ် စိုက်ပျိုးလျက်ရှိသော မြေယာများမှ မြေခွန်ကို ခေတ်နှင့်လျော်ညီသော နှုန်းထားဖြင့် ကောက်ခံ၍ ဖော်ပြပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချရန် အခွင့်အလမ်းကောင်းအဖြစ် ရှိနေပါသည်။

မြေခွန်ကောက်ခံရာတွင် စိုက်ပျိုးထွက်ရှိသည့် သီးနှံအပေါ်တွင် တန်ဖိုးသင့်၍ ကုန်ကျစရိတ်၊ လူနေမှုစရိတ်များကို နုတ်ကာ အသားတင်ကုန်ထွက်ပေါ်တွင်လည်းကောင်း၊ အသားတင်အမြတ်ပေါ်တွင်လည်းကောင်း ကောက်ခံခြင်း၊ မြေ

**မြန်မာနိုင်ငံတွင် ကောက်ပဲသီးနှံစိုက်ပျိုးမြေ၊ နွေစပါး အပါအဝင် စပါးဧက ၁၄ သန်း၊ အခြားစိုက်ပျိုးရေးထွက်ကုန်သီးနှံများအပါအဝင် ၂၀ သန်းခန့် ရှိနေကြောင်း စာရင်းများအရ သိရသည်။ ပလပ်မြေ၊ မြေလွတ်မြေရိုင်း အပါအဝင် စိုက်ပျိုးနိုင်သောမြေဧက သန်း ၂၀ ကျော် ကျန်ရှိနေကြောင်း စာရင်းများက ဆိုသည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာ၊ ငွေကြေးအပါအဝင် သွင်းအားစုများမြှင့်တင်ရန် လိုအပ်လျက် ရှိသည်။**

www.foreverspace.com.mm





ယာအသုံးချမှုအပေါ်တွင် ကောက်ခံခြင်း စသည်ဖြင့် အခွန်လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းလမ်းပေါင်းများစွာအနက် မည်သည့်စနစ်ဖြင့် ကောက်ခံသင့်သည်ဆိုသည်မှာ သက်ဆိုင်ရာဌာနများနှင့် နိုင်ငံ၏ အခြေအနေပေါ်တွင် မူတည်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းနီးပါးသည် လယ်ယာပေါ်တွင် အခြေပြုနေခြင်း၊ ၇၅ ရာခိုင်နှုန်းသော လယ်သမားများသည် ငါးဧကဝန်းကျင်တွင်သာ လုပ်ကိုင်နေရခြင်းတို့ကြောင့် ၎င်းတို့အပေါ် စည်းကြပ်မည့်အခွန်မှာ များစွာ မျှတရန် လိုအပ်လျက် ရှိသည်။ ထို့အပြင် ဧကကျယ်ကြီးများ စိုက်ပျိုးလုပ်ကိုင်၍ ပြည်ပတင်ပို့မည့်သူများသည် ပြည်တွင်းပေါက်ဈေးနှင့် နိုင်ငံတကာပေါက်ဈေးတို့ကြား များစွာ ကွာခြားချက်မှုရရှိသော အမြတ်အစွန်း ကြီးမားလာမည်ဖြစ်ရာ ပို့ကုန်ပေါ်တွင် အမြတ်ကြီးမားစွာ ရရှိပြီးဖြစ်၍ မြေယာပေါ်တွင် အခွန်အဆောင်သင့်ဆုံး အမျိုးအစား ဖြစ်လာမည် ဖြစ်သည်။ တစ်တိုးထွန် (၆ ၃/၄) ၅ ဧက တောင်သူများသည် ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေးမှုအရ ပြည်ပပေါက်ဈေးနှင့် စပါးဈေးကို ချိတ်ဆက်မထားဘဲ ပြည်တွင်းဝယ်နိုင်စွမ်းပေါ်တွင်သာ ဈေးကွက်ပေါက်ဈေးကို ထိန်းထားသည်ဖြစ်ရာ မြေယာမှ အခွန်ကောက်ခံတော့မည်ဆိုပါက သာမန်ရိုးရိုးတောင်သူများအတွက် သာမန်ရိုးရိုးမြေခွန် (Ordinary Land Tax) နှင့် လယ်ကွင်းကျယ်နှင့် ပို့ကုန်စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် အထူးမြေခွန်နှစ်မျိုး ခွဲခြား၍ စဉ်းစားသင့်ပါသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အစိုးရအသုံးစရိတ်၊ ပြည်သူ့ဝန်ဆောင်မှုအသုံးစရိတ်များမှာ ကြီးမားလာမည်ဖြစ်သည်။ ပြည်သူ့ဘဏ္ဍာအတွက် စီးပွားကဏ္ဍပေါင်းစုံမှ အခွန်အများအပြင် ဧက သန်း ၂၀ နီးပါး မြေယာပေါ်မှ အခွန်အခများသည်လည်း ကြီးမားသည့်အရင်းအမြစ်အဖြစ် အသုံးချရန် လိုအပ်လာပြီဖြစ်သည်ဟု ယူဆရသည်။ မြေခွန်ခေါင်းစဉ်အောက်တွင် ကျေးလက်လယ်ယာမြေမှ မြေခွန်များအပြင် မြို့ပြနှင့် စီးပွားရေးအရ အသုံးချနေသော မြေယာအားလုံးပေါ်မှ ကောက်ခံသော အခွန်အခများပါ ပါဝင်လေ့ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြေယာကဏ္ဍသည် အရေးပါလှပြီး မြေခွန် (Land Revenue) သည် အရေးပါသည့် ဘဏ္ဍာရေးအဆင့်အတန်းဖြစ်သည်။ ပုံမှန်အားဖြင့် မြေခွန်ကို (၁) မြေဧရိယာပေါ်တွင် တွက်ချက်ကောက်ခံခြင်း၊ (၂) မြေငှားခအပေါ်တွင် ကောက်ခံခြင်း၊ (၃) မြေယာမှ ဝင်ငွေအပေါ်တွင် ကောက်ခံခြင်း စသည့် နည်းလမ်းသုံးမျိုးအပေါ်တွင် အခြေခံချမှတ် ကောက်ခံလေ့ရှိသည်။ မြေခွန်ကို သီးနှံဖြင့် ဆောင်စေသည့်စနစ်ကိုလည်း မြန်မာနိုင်ငံအပါအဝင် (၁၉၈၇ ခုနှစ်ကနှင့်) နိုင်ငံအချို့တွင် ကျင့်သုံးခဲ့ဖူးသည်ကို တွေ့ရသည်။ နိုင်ငံတကာတွင် အခွန်ကောက်ခံခြင်းကို နှစ်စဉ်ပြောင်းလဲလာသော မြေတန်ဖိုးပေါ်တွင်လည်း ကောက်ခံလေ့ရှိသည့်အတွက် မြေယာဈေးနှုန်းများ (မြို့ပြနှင့် ကျေးလက်) ကြီးမြင့်လာခြင်းကို ဟန့်တားထားနိုင်ခြင်း၊ မြေဈေးနှုန်းဖောင်းပွခြင်းကို ထိန်းချုပ်ထားနိုင်ခြင်းနှင့် အချို့နိုင်ငံများတွင် မြေခွန်ကို စိုက်ပျိုးထွက်ရှိသည့် သီးနှံပေါ်တွင် မူတည်၍ ကောက်ခံသည့်အတွက် သီးနှံအမျိုးအစားနှင့် အထွက်နှုန်းကို စီမံနိုင်ခြင်း၊ ပလပ်မြေများ၊ မစိုက်ပျိုးသည့်မြေများတွင် အခွန်စည်းကြပ်သည့်အတွက် စိုက်ဧကအလိုက် စွမ်းအားပြည့်စိုက်ပျိုးလာနိုင်စေခြင်း စသည်ဖြင့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် စည်းကြပ်ကြလေ့ရှိသည်။ ဖာနီဘယ်၏ မြန်မာနိုင်ငံရေးဘောဂဗေဒတွင် ကိုလိုနီခေတ်က မြေခွန်ကောက်ခံရာတွင် ကြေးတိုင်နှင့် မြေစာရင်းဌာနသည် တောင်သူတစ်ဦးချင်း၊ မြေကွက်အလိုက် သီးနှံအထွက်နှုန်း၊ စိုက်ဧက၊ မိသားစုလူနေမှုစရိတ်၊ ဈေးကွက်အခြေအနေတို့ကို စနစ်တကျမှတ်တမ်းတင်ခြင်း၊ မြေပုံထုတ်ထားခြင်းများ ပြုလုပ်ပြီး ကောက်ခံရမည့် မြေခွန်ပမာဏကို ကြေးတိုင်ဌာနကပင် သတ်မှတ်သည်ဟု ပါရှိသည်။

**မျိုးမင်းနိုင်**

**ကိုးကား**– An Introduction to the Political Economy of Burma By J.S Furnivall, I.C.S (Retad) 1938
- Economic Development Of Myanmar By U Myat Thein
– မြန်မာ့လယ်ယာစိုက်ပျိုးရေးသမိုင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီ။ မြန်မာနိုင်ငံအခွန်စနစ် ပြောင်းလဲလာပုံနှင့် လယ်မြေအခွန်စနစ်ကို လေ့လာခြင်း၊ ဒေါ်သဇင်လှ (ရန်ကုန်စီးပွားရေးတက္ကသိုလ်)။

www.foreverspace.com.mm





# မြန်မာဈေးကွက် တိုးတက်မှုပြုရမည်

N & Gp

**မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးသမိုင်းကြောင်းကို လေ့လာလျှင် ဈေးကွက်စီးပွားရေးစနစ်ကို မြန်မာနိုင်ငံ၌ သုံးကြိမ်တိုင်တိုင် ကျင့်သုံးခဲ့ဖူးပြီး ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ စီးပွားရေးပညာရှင် တစ်ဦးက မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့ဖူးသော ဈေးကွက်စီးပွားရေးစနစ်သုံးမျိုးရှိပြီး တစ်ခုနှင့်တစ်ခု မတူညီကြကြောင်း မှတ်ချက်ပြုခဲ့သည်။**

၁၈၈၅ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ကိုလိုနီပြုအပြီး ကျင့်သုံးခဲ့သော စီးပွားရေးစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သော်လည်း အထိန်းအကွပ်မဲ့သည့် Laissez-faire စီးပွားရေးစနစ်ဖြစ်သည်ဟု ဟားဗတ်စီးပွားရေးကျောင်းဆင်း ယေးလ်ပါမောက္ခတစ်ဦးက အကဲဖြတ်သည်။ အထိန်းအကွပ်မဲ့သည့် စီးပွားရေးစနစ်တွင် အင်အားကြီးသည့်၊ သမ္မာရင့်သည့် စီးပွားရေးလုပ်ငန်းများက ဈေးကွက်ကို ကြီးစိုးလေ့ရှိရာ ကိုလိုနီခေတ်က မြန်မာနိုင်ငံသို့ ဝင်ရောက်လုပ်ကိုင်သော နိုင်ငံခြားသားများ၏ အကျိုးစီးပွားအလို့ငှာ အဆိုပါစနစ်ကို ကျင့်သုံးခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရအပြီးတွင် ကျင့်သုံးခဲ့သော ဈေးကွက်စီးပွားရေးစနစ်သည် တစ်ဘာသာဖြစ်ခဲ့ပြီး တိုင်းရင်းသားအရင်းရှင်အတော်များများကို မွေးထုတ်ပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည်လည်း အရှေ့တောင်အာရှတွင် စီးပွားရေးအင်အားတောင့်တင်းသောနိုင်ငံ ဖြစ်ခဲ့သည်ကို တွေ့ရသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် တပ်မတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်ကျင့်သုံးရန် ဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်ကျင့်သုံးရန် ဆုံးဖြတ်ခဲ့သောကိစ္စသည် များစွာ ထူးခြားသော အချက်ဖြစ်သည်။ အမှန်အားဖြင့် ကမ္ဘာပေါ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို တစ်ခုတည်းသော ရွေးချယ်စရာအဖြစ်

www.foreverspace.com.mm



ခေတ်စားလာခဲ့သည်မှာ ၁၉၈၉ ခုနှစ်ဘာလင်တံတိုင်းကြီးပြိုကျသွားခဲ့ပြီး နောက်ပိုင်းမှဖြစ်ရာ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုထက်ပင် အချိန်စော၍ သဘောပေါက်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။ ၁၉၈၈ ခုနှစ်တွင် ဈေးကွက်စီးပွားရေးကို ပြန်လည်ကျင့်သုံးရန် ဆုံးဖြတ်ခဲ့ပြီး နောက်ပိုင်း ပေါ်ထွက်လာသော စီးပွားရေးပုံသဏ္ဍာန်သစ်မှာ ယခုအခါ သက်တမ်းအားဖြင့် ၁၇ နှစ် ကြာညောင်းခဲ့ပြီဖြစ်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ယနေ့ကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်ကို အပိုင်းနှစ်ပိုင်းခွဲ၍ လေ့လာရမည်ဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း ကာလသည် ဈေးကွက်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အကြီးအကျယ်ပြုလုပ်ခဲ့သော ကာလဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း အများအပြား ဝင်ရောက်လာခဲ့သောကာလ ဖြစ်ပေသည်။ ထိုကာလကို Proactive Market Economy ဟု ခေါ်ဆိုရမည်ဖြစ်သည်။

၁၉၉၇ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံကြီးအချို့မှ စီးပွားရေးပိတ်ဆို့မှုများကြောင့်လည်းကောင်း၊ အရှေ့တောင်အာရှ စီးပွားရေးကပ်၏ ဂယက်ကြောင့်လည်းကောင်း ဈေးကွက်ပုံသဏ္ဍာန်ကို တိုက်စစ်မှ ခံစစ်သို့ ပြောင်းလဲ၍ ကစားခဲ့သည်ကို တွေ့ရမည်ဖြစ်ပေသည်။ ယနေ့ကာလသည်လည်း ဈေးကွက်စီးပွားရေးစနစ်ကို ခံစစ်ပုံသဏ္ဍာန်ဖြင့် Safety First သဘောတရားကို ကျင့်သုံးသော ပုံသဏ္ဍာန်ဟု ဆိုရမည်ဖြစ်ပေသည်။

ဈေးကွက်စီးပွားရေးစနစ်၏ ကနဦးကာလကို စီးပွားရေးပညာရှင်တစ်ဦးက Growth Oriented ဖြစ်သည်ဟု သုံးသပ်ခဲ့ဖူးပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးထားပြီး Institutionalization ခေါ် စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကျောင်းကန့်သတ်ခြင်းကို နောက်ကလိုက်သည့်သဘော ဖြစ်သည်။ ထိုကာလတွင် ကုမ္ပဏီများ ထူထောင်ရန် များစွာလွယ်ကူပြီး အမြောက်အမြားလည်း ထူထောင်ခဲ့ကြသည်။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းပေါင်းများစွာလည်း ခွင့်ပြုခဲ့ရာ Import First ကဲ့သို့သော စနစ်မျိုးကိုပင် ခွင့်ပြုခဲ့သည်ကို တွေ့ရသည်။ သွင်းကုန်ထုတ်ကုန်လိုင်စင်များတွင်လည်း အကန့်အသတ်မရှိသလောက်ဖြစ်ခဲ့ရာ ပညာရှင်များက Growth Oriented ဖြစ်သည်ဟု သုံးသပ်ခဲ့ကြခြင်း ဖြစ်သည်။

၁၉၉၇ ခုနှစ်နောက်ပိုင်းတွင် သိသာထင်ရှားသော သက်ရောက်မှုနှစ်ခု ရှိခဲ့သည်ကို တွေ့ရသည်။ နိုင်ငံကြီးအချို့၏ စီးပွားရေးပိတ်ဆို့မှုနှင့် အရှေ့တောင်အာရှ စီးပွားရေးပျက်ကပ်တို့ ဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် စီးပွားရေးသိသိသာသာ လှုပ်ခတ်ကျဆင်းသွားခဲ့ရာ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာကောင်းများ ကွယ်ပျောက်သွားခဲ့ရသည်။ မြန်မာနိုင်ငံဈေးကွက်ကို ကမ္ဘာလုံးဆိုင်ရာဈေးကွက်နှင့် အပြည့်အဝချိတ်ဆက်ထားခြင်း မရှိသောကြောင့် အဆိုပါစီးပွားရေး ဆုတ်ယုတ်မှုစတင်ချိန်တွင် သိသာထင်ရှားသော သက်ရောက်မှုများ မမြင်တွေ့ခဲ့ရသော်လည်း နောက်ပိုင်းတွင် များစွာ သိသာလာခဲ့ပေသည်။ ထိုင်း၊ မလေးရှား၊ စင်ကာပူ သုံးနိုင်ငံသည် မြန်မာနိုင်ငံနှင့် တရားဝင်ရော၊ တရားမဝင် ကုန်သွယ်မှုများပါ ရှိနေသောနိုင်ငံများ ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ အများအပြား ရှိနေသောနိုင်ငံများလည်း ဖြစ်ပေသည်။ ထိုအကြောင်းများကြောင့် ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် အကျိုးဆက်များကို စတင်မြင်တွေ့လာခဲ့ရသည်။

၁၉၉၇ ခုနှစ်နောက်ပိုင်း ဈေးကွက်ပုံသဏ္ဍာန်ပြောင်းလဲသွားမှုတွင် သက်ရောက်မှုရှိခဲ့သော အခြားအချက်တစ်ချက်မှာ ၉ နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော သွင်းကုန်ထုတ်ကုန်ဆိုင်ရာအကြောင်းပေါင်းစုံကြောင့် စီးပွားရေးပုံသဏ္ဍာန်ကို Growth Oriented ပုံသဏ္ဍာန်မှ Safety Oriented ပုံသဏ္ဍာန်သို့ ပြောင်းလဲခဲ့ရာ စည်းမျဉ်းစည်းကမ်းများဖြင့် အပေါ်မှ ထိန်းကျောင်းသည့် ပုံသဏ္ဍာန်ကို ပြန်လည်မြင်တွေ့လာရခြင်း ဖြစ်ပေသည်။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ အကြီးအကျယ်ဖြစ်ထွန်းခဲ့စဉ်က ဖြစ်ပေါ်ခဲ့သော ကုန်သွယ်မှုလိုငွေသည် မြန်မာကျပ်ငွေ၏ တန်ဖိုးကို မကြာခဏ သက်ရောက်မှုဖြစ်ပေါ်ခဲ့ရာ စည်းမျဉ်းစည်းကမ်းများဖြင့် ပြန်လည်ထိန်းကျောင်းရန် အကြောင်းတစ်ခု ဖြစ်လာခဲ့သည်။ ထိုသို့ ထိန်းကျောင်းခဲ့ခြင်းသည် မြန်မာဈေးကွက်၏ Supply Side တွင် သိသာထင်ရှားသော ပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့ပြီး ထိုအခြေအနေကို မော်တော်ယာဉ်ဈေးကွက်တွင် ဥပမာအဖြစ် တွေ့မြင်နိုင်ပါသည်။

နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများ ရှိနေသေးသည့်အတွက် စီးပွားရေးပုံသဏ္ဍာန်ကို Safety Oriented ပုံသဏ္ဍာန်မှ ပြောင်းရွှေ့ရန် မဖြစ်နိုင်သေးကြောင်း ပညာရှင်အချို့က ယူဆထားသော်လည်း Business Circle Theory များအရ တစ်မျိုးစဉ်းစားစရာ ရှိပေသည်။ စီးပွားရေး၏သဘောမှာ လှိုင်းပုံသဏ္ဍာန်အတက်အကျရှိရာ ဤသဘောတရားကိုမှ ဖယ်ထုတ်စဉ်းစား၍ မရပေ။ ထိုသဘောတရားအရ မြန်မာဈေးကွက်သည် မကြာမီ အတက်ဘက်သို့ အကြောင်းမျိုးစုံကြောင့် ဦးတည်ရမည်ဟု ယူဆနိုင်ပေသည်။ လှိုင်းအလျားရှည်ခြင်း၊ လွဲကျယ်မြင့်မားခြင်းတို့ကြောင့် မျှော်မှန်းထားသည့် အချိန်ကိုက်မဟုတ်သည့်တိုင် သဘောတရားမှာ ဤသဘောတရားသာ လျှင် ဖြစ်ရပေလိမ့်မည်။

**N & Gp**

■




# ပုဂ္ဂလိကပိုင်ပြုခြင်းနှင့် မြန်မာ့စီးပွားရေး အဆက်အစပ်

တင်အောင်ကျော်

**မြန်မာနိုင်ငံတွင် တစ်ချိန်က ဆိုရှယ်လစ်အစိုးရက ပြည်သူပိုင် (Nationalization)အဖြစ် သိမ်းပိုက်၍ အစိုးရထိန်းချုပ်မှုဖြင့် လုပ်ကိုင်ခဲ့သော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် ၁၉၈၈ ခုနှစ် တံခါးဖွင့်စီးပွားရေးစနစ် စတင်ပြီး နောက်ပိုင်း ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း (Privatization)ဆီသို့ ဦးတည်၍ တဖြည်းဖြည်းချင်း ပြောင်းလဲလာခဲ့သည်ကို တွေ့ရသည်။ ဆယ်စုနှစ်တစ်ခု သက်တမ်းကျော်လုပ်ကိုင်လာခဲ့သော ဈေးကွက်စီးပွားရေးစနစ်သည် စနစ်တကျ အကောင်အထည်ဖော်ရန် ရည်မှန်းချက်များ ထားရှိခဲ့သည့်အားလျော်စွာပင် မည်မျှ ခရီးပေါက်ရောက်ခဲ့သည်ဆိုရန်မှာ လက်ရှိအခြေအနေများက ထင်ဟပ်စေခဲ့ပါသည်။**

ယနေ့ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ၈၅ ရာခိုင်နှုန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖြစ်သည်ဟု နိုင်ငံပိုင်သတင်းစာများက ဖော်ပြခဲ့ရာ မြန်မာနိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် အတိုင်းအတာတစ်ခုအထိ ပြီးမြောက်ခဲ့ကြောင်းလည်း ရှုမြင်သုံးသပ်ရမည် ဖြစ်သည်။

ယခင် ဗဟိုချုပ်ကိုင်သောစနစ်မှ ပြောင်းလဲလာခဲ့သည့် ဈေးကွက်ဦးတည်သော စီးပွားရေးစနစ်တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးမှာ အရေးကြီးဆုံးနှင့် သော့ချက်အကျဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အားလျော်စွာ အဆိုပါလုပ်ငန်းများကို ပခုံးထမ်းလွှဲပြောင်းလုပ်ကိုင်ရမည့် လက်ရှိပုဂ္ဂလိကလုပ်ငန်းရှင်များသည်လည်း နိုင်ငံတကာအဆင့်သို့ တက်လှမ်းရန်အတွက် ကြိုတင်ပြင်ဆင်ကြရမည် ဖြစ်သည်။

အနာဂတ်မြန်မာနိုင်ငံတွင် အဓိကနေရာယူလာမည့် ပုဂ္ဂလိကလုပ်ငန်းများ၏ အဓိကမောင်းနှင်အားမှာ (Middle Class) ဟု ခေါ်ဆိုသည့် အလယ်လွှာများဟု မြန်မာ့စီးပွားရေးလေ့လာသူများက သုံးသပ်ကြရာ မြန်မာနိုင်ငံ၏ သီးခြားဖြစ်ပေါ်နေသော စရိုက်လက္ခဏာများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျောညီထွေဖြစ်မည့် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာရေးကို ၎င်းတို့က မည်သို့ဆက်လက်ဆောင်ကြဉ်းမည်ဆိုသည့်အချက်မှာ ထည့်သွင်းစဉ်းစားကြရမည့်အချက်များလည်း ဖြစ်ပါသည်။

ယင်းကဲ့သို့ ပုဂ္ဂလိကပိုင်မှ နိုင်ငံ၏ ဓနဥစ္စာကို ခွဲဝေလုပ်ကိုင်ရာ၌ လူနည်းစု၏ လက်ဝါးကြီးအုပ်ရယူခြင်းမျိုး မဖြစ်စေရန်မှာ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်တို့ပေါ်တွင် အထူးအဓိကကျပြီး အောင်မြင်သော ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်ရန်အတွက် နိုင်ငံပိုင်လုပ်ငန်းများ၏ အခန်းကဏ္ဍကို လျှော့ချခြင်းနည်းတူ အဆိုပါ



www.foreverspace.com.mm

www.foreverspace.com.mm



ကဏ္ဍနယ်ပယ်ကို လွှဲပြောင်းတာဝန်ယူဖော်ဆောင်မည့် အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် အထူးအရေးပါသည်ဟု ဤဆောင်းပါးတွင် ထည့်သွင်း၍ အထူးညွှန်းဆိုလိုပါသည်။

## ယနေ့ နိုင်ငံပိုင်လုပ်ငန်းများ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်သည် ဝယ်လိုအား (Demand) နှင့် ရောင်းလိုအား (Supply) ကို အခြေခံပြီး ဗဟိုမှ ချုပ်ကိုင်သောစနစ်များကို ဖြေလျှော့ခြင်း (Decentralized) လုပ်ဆောင်သည့် စီးပွားရေးစနစ်ကို ဦးတည်လိုဟန်ရှိသည်ဟု တိုင်းရင်းသားလုပ်ငန်းရှင် ဦးဆွန်မန်က ဆိုသည်။

"ဈေးကွက်စီးပွားရေးနဲ့ သွားမယ်ဆိုရင် ဈေးကွက်က ထိန်းညှိပေးသွားတာကို အတိုင်းအတာတစ်ခုထိတော့ လွှတ်ပေးထားဖို့ လိုပါတယ်။ လိုအပ်လို့ တစ်ဖက်စောင်းနင်းမဖြစ်လာအောင် မူဝါဒနဲ့ အစိုးရက Government Intervention လုပ်ပေးဖို့လိုမယ်ဆိုတာကိုလည်း လက်ခံပါတယ်။ တတ်နိုင်သမျှတော့ Decentralized လုပ်လာဖို့တော့ လိုမယ်" ဟု အဆိုပါလုပ်ငန်းရှင်က ဝေဖန်ပြောကြားသည်။

နာမည်ကြီးစီးပွားရေးပညာရှင် မီလတန်ဖရိုင်းမင်းက ပြီးခဲ့သည့် ၂၀၀၁ ခုနှစ်တွင် အင်တာဗျူးတစ်ခု၌ ပြောဆိုခဲ့သည်မှာ ဤသို့ ဖြစ်ပါသည်။ "လွန်ခဲ့တဲ့ ဆယ်နှစ်ကဆိုရင် ဆိုရှယ်လစ်စနစ်က ဈေးကွက်စနစ်ပြောင်းလဲဖို့ဆိုရင် ပုဂ္ဂလိကပိုင်လုပ်ပါလို့ တစ်ခွန်းတည်း ပြောခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါ အခုမှားတယ်ဗျ။ တရားဥပဒေစိုးမိုးရေးက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးထက် ပိုအခြေခံကျလိမ့်မယ်" ဟု ကောက်ချက်ချခဲ့ဖူးသည်။

စင်စစ်အားဖြင့် ဆိုရှယ်လစ်စီးပွားရေးနာတာရှည်ဝေဒနာခံခဲ့ရသော နိုင်ငံများအတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းသည် ချက်ချင်း နာလန်ထစေသော ကုထုံးတစ်ရပ်လည်း ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေး

ဇယား (A)

**အဓိကကဏ္ဍကြီးများအလိုက် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး အချိုးအစားပြောင်းလဲပုံ**

| စဉ် | ခုနှစ် | တန်ဖိုး (ကျပ်သန်း) | | | ပါဝင်မှုအချိုးအစား (ရာခိုင်နှုန်း) | | |
|---|---|---|---|---|---|---|---|
| | | လယ်ယာ | စက်မှုလက်မှု | ဝန်ဆောင်မှု | လယ်ယာ | စက်မှုလက်မှု | ဝန်ဆောင်မှု |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | (၁၉၈၅–၈၆ ခုနှစ် ပုံမှန်ဈေးနှုန်းများအရ) | | | | |
| ၁ | ၁၉၈၈–၈၉ | ၂၂၅၉၅ | ၅၄၀၉ | ၁၉၁၃၇ | ၄၇.၉ | ၁၁.၅ | ၄၀.၆ |
| ၂ | ၁၉၉၁–၉၂ | ၂၃၄၅၁ | ၆၆၈၃ | ၁၉၇၉၉ | ၄၇.၀ | ၁၃.၄ | ၃၉.၆ |
| ၃ | ၁၉၉၅–၉၆ | ၃၀၀၇၂ | ၁၀၃၈၄ | ၂၆၂၈၆ | ၄၅.၀ | ၁၅.၆ | ၃၉.၄ |
| ၄ | ၂၀၀၀–၂၀၀၁ | ၄၂၈၃၆ | ၁၇၈၃၄ | ၃၉၆၀၅ | ၄၂.၈ | ၁၇.၇ | ၃၉.၅ |
| | | | (၂၀၀၀–၂၀၀၁ ခုနှစ် ပုံမှန်ဈေးနှုန်းများအရ) | | | | |
| ၅ | ၂၀၀၁–၂၀၀၂ | ၁၅၈၈၂၆၈ | ၃၀၁၃၈၅ | ၉၅၂၆၆၁ | ၅၅.၉ | ၁၀.၆ | ၃၃.၅ |
| ၆ | ၂၀၀၂–၂၀၀၃ | ၁၆၈၄၀၅၆ | ၄၀၆၈၂၀ | ၁၀၉၃၂၄၁ | ၅၂.၉ | ၁၂.၈ | ၃၄.၃ |
| ၇ | ၂၀၀၃–၂၀၀၄ (မတ်လကုန်) | ၁၈၈၁၆၅၉ | ၄၉၁၂၃၅ | ၁၂၅၁၉၂၂ | ၅၁.၉ | ၁၃.၆ | ၃၄.၅ |
| ၈ | ၂၀၀၄–၂၀၀၅ ယာယီ (နှစ်ကုန်ခန့်မှန်းခြေ) | ၂၀၆၁၈၀၈ | ၅၉၄၈၃၂ | ၁၄၂၄၈၀၂ | ၅၀.၅ | ၁၄.၆ | ၃၄.၉ |

[ ရှင်းလင်းချက်–
လယ်ယာကဏ္ဍတွင် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍများ၊ စက်မှုလက်မှုကဏ္ဍတွင် စက်မှုလက်မှု၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍတွင် ဝန်ဆောင်မှုကဏ္ဍများနှင့် ကုန်သွယ်မှုကဏ္ဍတို့ ပါဝင်ပါသည်။]
Source: အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန



ပုဂ္ဂလိကပိုင် ပန်းလှိုင်ဆေးရုံ

ဟု ပြောဆိုရာတွင် စီးပွားရေးစီမံကိန်းများအစား တံခါးများ လွတ်လပ်စွာ ဖွင့်လှစ်၍ ပူးပေါင်းလုပ်ကိုင်ကြခြင်းလည်းဖြစ်ရာ အချို့နေရာများတွင် နိုင်ငံပိုင်အခန်းကဏ္ဍများ လျှော့ချဖို့လိုအပ်သလို အခြား မျက်နှာစာများတွင် ဆက်လက်အားကောင်းနေဖို့လည်း လိုအပ်ပါလိမ့်မည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဟု ဆိုသည့်တိုင် နိုင်ငံပိုင်အခန်းကဏ္ဍများကို တစ်မဟုတ်ချင်း အားလုံးဖြိုချရန်ကား မဖြစ်နိုင်သေးပါ။

## ဈေးကွက်စီးပွားရေးစနစ်နှင့် လယ်ယာကဏ္ဍ၏ နိုင်ငံပိုင်လုပ်ငန်းများ လျှော့ချဆောင်ရွက်ခြင်း

"မြန်မာနိုင်ငံမှာ မြေတွေပေါပါတယ်။ ရေရှိတယ်။ ရာသီဥတုကောင်းတယ်။ ဒါတွေကိုကြည့်ပြီး ပြောရမယ်ဆိုရင် ခင်ဗျားတို့ နိုင်ငံက တကယ်ချမ်းသာတဲ့နိုင်ငံပါ" Asian Institute of Technology မှ နိုင်ငံရေးဘောဂဗေဒ ပါမောက္ခတစ်ဦးဖြစ်သူ ပရော်ဖက်ဆာ ပီတာအက်ဒဝပ်က မြန်မာနိုင်ငံ ဂျီဒီပီ၏ အဓိကကဏ္ဍဖြစ်သော လယ်ယာကဏ္ဍနှင့် ပတ်သက်၍ ယခုနှစ်အတွင်း သုံးသပ်ပြောကြားသော စကား ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိဈေးကွက်စီးပွားရေး မူဝါဒသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး အဓိကအခြေပြုထားသည်ကို တွေ့မြင်နိုင်ပြီး ပါမောက္ခက ထိုအချက်နှင့် ပတ်သက်၍ စပါးထုတ်လုပ်မှုတစ်ခုတည်းကိုပဲ အာရုံမစိုက်သင့်ကြောင်းလည်း မှတ်ချက်ပေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်ကုန်ခန့်မှန်းခြေစာရင်းများအရ တစ်မျိုးသားလုံး ပြည်တွင်းအသားတင် ထုတ်လုပ်မှု၏ ၅၀.၅ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍမှဖြစ်ကြောင်း တရားဝင်ဖော်ပြထားပါသည်။

သို့ရာတွင် အဆိုပါလယ်ယာကဏ္ဍဟုဆိုရာ၌ လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍတို့ကို ပါဝင်တွက်ချက်ထားကြောင်း အဆိုပါစာရင်းများက ဆိုပါသည်။ **ပူးတွဲဇယား (A)**

၂၀၀၃ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံအစိုးရသည် မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှု မြှင့်တင်ရေးအစီအစဉ်သစ်များ စတင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။ အဆိုပါကာလမတိုင်မီ မြန်မာနိုင်ငံတွင် နှစ်အတန်ကြာ ကျင့်သုံးခဲ့သော ပြည်ပသို့ ဆန်တင်ပို့မှု ပုံသဏ္ဌာန်မှာ ပုဂ္ဂလိကသည် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (MAPT) မှ အမေရိကန်ဒေါ်လာနှင့် ဝယ်ယူပြီး တင်ပို့ခွင့်ပြုခြင်းဖြစ်ရာ ထွက်ပေါ်လာသော မူဝါဒသစ်အရ MAPTမှ စပါးဝယ်ယူခြင်း မပြုတော့ဘဲ ပြည်ပဆန်တင်ပို့သူများသည် ဈေးကွက်မှ တိုက်ရိုက်ဝယ်ယူရန် ဖြစ်သည်။

၂၀၀၄ ခုနှစ် အောက်တိုဘာလအတွင်း MAPT သည် ၎င်းလည်ပတ်နေသော နိုင်ငံပိုင်ဆန်စက်များကို ပုဂ္ဂလိကပိုင်အဖြစ် စပ်ဟပ်ရောင်းချငှားရမ်းမှု ပြုလုပ်သွားတော့မည်ဟုလည်း သတင်းထုတ်ပြန်ခဲ့သည်။

MAPT ၏ နိုင်ငံပိုင်ဆန်စက် ၆၉ လုံးအနက် ဆန်စက် ၅၉ လုံးမှာ ပြင်ပမှ နဝလီကြိတ်ခွဲမှုများကို လက်ခံဆောင်ရွက်နိုင်သော်လည်း ကျန် ၁၀ လုံးမှာ စီးပွားရေးအရ တွက်ခြေကိုက်လည်ပတ်ရန် အခြေအနေမပေးတော့ကြောင်း၊ အဆိုပါဆန်စက်များတွင် တန် ၁၀၀ ကျ ဆန်စက်လေးလုံးအထိ ပါဝင်နေကြောင်းလည်း တစ်ဆက်တည်း ဖော်ပြချက်များအရ သိရှိရသည်။

ဖော်ပြခဲ့သော အချက်အလက်များအရ ဂျီဒီပီ အဓိက လယ်ယာကဏ္ဍတွင် နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် သိမ်မွေ့စွာ ကူးပြောင်းလာသည်ကို တွေ့မြင်ရသော်လည်း လုပ်ထုံးလုပ်နည်းများနှင့် မြန်မာပုဂ္ဂလိကလုပ်ငန်းရှင်များ ချက်ချင်းလက်ငင်း အံဝင်ခွင်ကျ လွှဲပြောင်းရယူလာသည်ဟုဆိုရန်မှ လိုအပ်ချက်များ ရှိနေသေးကြောင်း သုံးသပ်ရပါလိမ့်မည်။

## ပုဂ္ဂလိကပိုင်လုပ်ငန်းများနှင့် မြန်မာ့သယံဇာတအရင်းအမြစ်များ အခြေအနေ

LDC (Less Developed Countries) ဟု ခေါ်သော ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံအများအပြားသည် ဥရောပနှင့် မြောက်



www.foreverspace.com.mm

www.foreverspace.com.mm

ဇယား (B) **မြန်မာနိုင်ငံ၏ သယံဇာတအရင်းအမြစ်အင်အားအခြေအနေ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈–၈၉ | ၂၀၀၄–၂၀၀၅ (ယာယီ) |
|---|---|---|---|---|
| ၁။ | နိုင်ငံ၏အကျယ်အဝန်း | စတုရန်းမိုင် | ၂၆၁၂၂၈ | ၂၆၁၂၂၈ |
| | – ကုန်းမြေနယ်နိမိတ်အရှည် | မိုင် | ၃၆၄၀ | ၃၆၄၀ |
| | ကမ်းရိုးတန်းနယ်နိမိတ်အရှည် | မိုင် | ၁၇၆၀ | ၁၇၆၀ |
| | – စုစုပေါင်းကုန်းမြေဧရိယာ | ဧကသန်း | ၁၆၇.၁၉ | ၁၆၇.၁၉ |
| ၂။ | လူဦးရေ | သန်း | ၃၉.၃၀ | ၅၄.၃၀ |
| | – တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၁.၉၆ | ၂.၀၂ |
| | – အလုပ်လုပ်နိုင်သောအရွယ်ဦးရေ (၁၅ နှစ်မှ ၅၉ နှစ်ရှိ လူဦးရေ) | သန်း | ၂၂.၃၅ | ၃၂.၁၂ |
| ၃။ | လယ်ယာ | | | |
| | – အသားတင်စိုက်ပျိုးမြေဧရိယာ | ဧကသန်း | ၁၉.၉ | ၂၈.၂ |
| | – ပလပ်ထားသည့်မြေ | ။ | ၅.၃ | ၁.၀ |
| | – စိုက်ပျိုးနိုင်သောမြေရိုင်း | ။ | ၂၀.၉ | ၁၅.၃ |
| | – သီးထပ်သီးညှပ်စိုက်ပျိုးသည့်ဧရိယာ | ။ | ၃.၉ | ၁၅.၃ |
| | – နည်းလမ်းအမျိုးမျိုးဖြင့် ရေသွင်း စိုက်ပျိုးသည့်မြေဧရိယာ | ။ | ၂.၅ | ၅.၃ |
| ၄။ | သားငါး | | | |
| | – ကျွဲ၊ နွား | ကောင်ရေသိန်း | ၁၁၁ | ၁၄၈ |
| | – ငါးမွေးကန်ဧရိယာ | ဧက | ၇၀၅၉ | ၃၆၇၆၈၆ |
| | – လိုင်စင်ခံအင်းဦးရေ | ဦးရေ | ၃၄၃၂ | ၃၄၀၁ |
| | – ငါးဖမ်းနိုင်သော စီးပွားရေးဇုန် | စတုရန်းကီလိုမီတာသိန်း | ၄.၈၆ | ၄.၈၆ |
| ၅။ | သစ်တော | | | |
| | – သစ်တောကြိုးဝိုင်း | စတုရန်းမိုင် | ၃၈၈၇၆ | ၆၂၄၂၈ |
| | – အခြားသစ်တောမြေ | ဧကသန်း | ၅၅.၂၂ | ၄၃.၅၂ |
| | – ပဝတ္တိမျိုးဆက်ခြင်း | ဧကသိန်းပေါင်း | ၈.၇၇ | ၂၂.၇၃ |
| | – ကျွန်းစိုက်ခင်းဧရိယာ | ။ | ၃.၉၉ | ၈.၈၂ |
| | – သစ်မာစိုက်ခင်းဧရိယာ | ။ | ၄.၇၈ | ၁၃.၉၁ |
| | – နှစ်အတွင်းဓမ္မတာမျိုးဆက်ခြင်း | ဧကထောင်ပေါင်း | ၉.၀၀ | ၅၃.၄၃ |
| ၆။ | စွမ်းအင် | | | |
| | – ရေနံစိမ်းထုတ်လုပ်မှု | အမေရိကန်စည်သန်းပေါင်း | ၄.၈ | ၈.၇ |
| | – သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု | ကုဗပေသန်းပေါင်း | ၃၉၀၈၅ | ၃၇၃၁၄၄ |
| ၇။ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | | | |
| | – ကျောက်စိမ်း | ကီလိုထောင်ပေါင်း | ၁၃၂ | ၁၂၃၀၀ |
| | – ကျောက်မျက်ရတနာ | ကရက်ထောင်ပေါင်း | ၁၇၀ | ၄၄၀၅၈ |
| ၈။ | စက်မှုလက်မှု | | | |
| | စက်ရုံအလုပ်ရုံများ | ဦးရေ | ၂၇၄၇၀ | ၇၄၂၀၄ |
| | – နိုင်ငံပိုင် | ။ | ၆၄၁ | ၈၃၃ |
| | – သမဝါယမပိုင် | ။ | ၁၃၉ | ၁၀၆ |
| | – ပုဂ္ဂလိကပိုင် | ။ | ၂၆၆၉၀ | ၇၃၂၆၅ |
| | – စက်မှုဇုန်များ | ။ | – | ၁၈ |

www.foreverspace.com.mm



| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈–၈၉ | ၂၀၀၄–၂၀၀၅ (ယာယီ) |
|---|---|---|---|---|
| ၉။ | လျှပ်စစ်ဓာတ်အား | | | |
| | (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း) | | | |
| | – စုစုပေါင်းတပ်ဆင်ထားသည့် စက်အင်အား | မဂ္ဂါဝပ် | ၇၀၇ | ၁၇၀၁ |
| | ရေအား | ။ | ၂၂၉ | ၇၄၆ |
| | ရေနွေးငွေ့အား | ။ | ၉၂ | ၃၃၃ |
| | သဘာဝဓာတ်ငွေ့အား | ။ | ၃၀၂ | ၅၆၁ |
| | ဒီဇယ်အား | ။ | ၈၄ | ၆၁ |
| | – ဓာတ်အားပို့လွှတ်ရေးလိုင်း | မိုင် | ၁၇၂၀ | ၃၈၈၉ |
| | – ဓာတ်အားဖြန့်ဖြူးရေးလိုင်း | ။ | ၉၃၀၈ | ၁၆၈၂၉ |
| ၁၀။ | ဆောက်လုပ်မှု | | | |
| | – ပြည်ထောင်စုလမ်းမကြီးနှင့် လမ်းမကြီးများ | မိုင် | ၁၃၆၃၅ | ၁၈၆၄၀ |
| | ကတ္တရာလမ်း | ။ | ၅၅၄၃ | ၈၉၇၂ |
| | ကျောက်လမ်း | ။ | ၁၅၆၉ | ၃၃၆၀ |
| | အမာခံလမ်း | ။ | ၃၆၂၈ | ၃၀၈၉ |
| | မြေလမ်း (ကားများသွားနိုင်သည့်လမ်း) | ။ | ၂၈၉၅ | ၃၂၁၉ |
| | – တံတားကြီးများ (ပေ ၁၈၀ နှင့်အထက် တည်ဆောက်ပြီး တံတားကြီးများ) | ဦးရေ | ၂၀၁ | ၃၈၀ |
| | – ဆည်မြောင်းတာတမံများ (ဆည်များနှင့် ရေလှောင်ကန်များ) | ။ | ၁၇၂ | ၃၄၀ |
| ၁၁။ | ပို့ဆောင်ရေး | | | |
| | – မီးရထားလမ်းများ | မိုင် | ၂၇၉၁ | ၃၉၅၃ |
| | – မီးရထားခေါင်းတွဲ | ဦးရေ | ၃၅၁ | ၃၃၀ |
| | – လူစီးတွဲ | တွဲ | ၁၂၄၆ | ၁၁၂၁ |
| | – ကုန်တွဲ | ။ | ၈၁၄၁ | ၃၆၉၈ |
| | – ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ် | ဦးရေ | ၆၆၂၂၀ | ၁၉၅၂၂၂ |
| | – ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ် | ။ | ၂၄၃၄၈ | ၉၉၅၇၇ |
| | – ကမ်းရိုးတန်းသွားရေယာဉ် | ။ | ၂၆၉ | ၃၀၃၂ |
| | – ပင်လယ်ကူးကုန်တင်သင်္ဘော | ။ | ၁၆ | ၁၆ |
| | – မြစ်တွင်းသွားစက်တပ်ရေယာဉ် | ။ | ၁၈၉၇ | ၄၃၄၂ |
| | – လေယာဉ်ကွင်း | ။ | ၆၆ | ၇၃ |
| | – လေယာဉ် | ။ | ၁၀ | ၁၃ |
| ၁၂။ | ဆက်သွယ်ရေး | | | |
| | – စာတိုက်များ | ဦးရေ | ၁၁၁၅ | ၁၃၃၀ |
| | – တယ်လီဖုန်း | ။ | ၆၆၁၇၂ | ၄၁၄၁၁၀ |
| | – ကြေးနန်းရုံး | ။ | ၃၁၀ | ၄၈၂ |
| | – တဲလက်(စ်) | ။ | ၁၃၄ | ၂၁ |
| | – ဖက်စီမီလီ | ။ | ၁၁ | ၃၉၅၁ |
| | – အလိုအလျောက် တယ်လီဖုန်း တပ်ဆင်ပြီးသည့်မြို့ | ။ | ၂၄ | ၁၁၆ |

www.foreverspace.com.mm



| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈–၈၉ | ၂၀၀၄–၂၀၀၅ (ယာယီ) |
|---|---|---|---|---|
| ၁၃။ | ဟိုတယ်နှင့် ခရီးသွားလာရေး | | | |
| | – ဟိုတယ်/မိုတယ်/တည်းခိုရိပ်သာ | ဦးရေ | ၂၁ | ၆၀၀ |
| | – ခရီးသွားလာရေးကိုယ်စားလှယ်လုပ်ငန်း | ။ | ၁ | ၆၉၂ |
| ၁၄။ | ပညာရေး | | | |
| | – အဆင့်မြင့်ပညာရေး | | | |
| | တက္ကသိုလ်နှင့် ကောလိပ်များ | ဦးရေ | ၃၀ | ၁၅၄ |
| | ကျောင်းဆရာ (ကာကွယ်ရေးဝန်ကြီးဌာန | ။ | ၆၀၇၅ | ၁၈၄၉၄ |
| | ကျောင်းသား အောက်ရှိတက္ကသိုလ်များ၏ ဆရာနှင့် ကျောင်းသားများ စာရင်းမပါဝင်ပါ။) | ။ | ၂၂၂၀၅၈ | ၈၁၇၇၈၀ |
| | – စက်မှုစိုက်ပျိုးနှင့် အခြား | | | |
| | အသက်မွေးဝမ်းကျောင်းပညာရေးကျောင်း | ဦးရေ | ၁၀၀ | ၉၅ |
| | ကျောင်းဆရာ | ။ | ၂၀၀၀ | ၁၂၈၅ |
| | ကျောင်းသား | ။ | ၁၇၈၈၇ | ၂၉၀၇၉ |
| | – အခြေခံပညာရေး | | | |
| | – အထက်တန်းကျောင်းများ | ဦးရေ | ၇၂၂ | ၁၉၄၂ |
| | ကျောင်းဆရာ | ။ | ၁၂၇၅၄ | ၂၀၅၃၁ |
| | ကျောင်းသား | ။ | ၂၉၀၈၆၂ | ၆၇၆၃၂၉ |
| | – အလယ်တန်းကျောင်းများ | ဦးရေ | ၁၆၉၆ | ၇၃၂၄ |
| | (အလယ်တန်းအဆင့်တွင် မူလွန်တန်းများပါဝင်ပါသည်။) | | | |
| | ကျောင်းဆရာ | ။ | ၄၇၆၆၆ | ၅၆၂၈၁ |
| | ကျောင်းသား | ။ | ၁၁၂၉၈၅၉ | ၂၀၈၁၂၃၄ |
| | – မူလတန်းကျောင်းများ | ဦးရေ | ၃၁၄၂၉ | ၃၁၂၅၅ |
| | ကျောင်းဆရာ | ။ | ၁၁၈၉၁၃ | ၁၆၄၀၆၆ |
| | ကျောင်းသား | ။ | ၅၂၀၂၅၀၈ | ၅၀၂၅၈၃၇ |
| ၁၅။ | ကျန်းမာရေး | | | |
| | နိုင်ငံပိုင် | | | |
| | – ဆေးရုံများ | ဦးရေ | ၆၃၁ | ၈၂၃ |
| | – ဆေးပေးခန်းများ | ။ | ၂၄၇ | ၄၄၂ |
| | – ကျေးလက်ကျန်းမာရေးဌာန | ။ | ၁၃၃၇ | ၁၄၅၀ |
| | – မိခင်နှင့် ကလေးကျန်းမာရေးဌာန | ။ | ၃၄၈ | ၃၄၈ |
| | – ဒေသန္တရကျန်းမာရေးဌာန | ။ | ၆၄ | ၈၆ |
| | – ဆရာဝန် | ။ | ၁၂၂၆၈ | ၁၇၅၆၄ |
| | နိုင်ငံ့ဝန်ထမ်း | ။ | ၄၃၇၇ | ၆၄၇၃ |
| | သမဝါယမ/ပုဂ္ဂလိက | ။ | ၇၈၉၁ | ၁၁၀၉၁ |
| | – သူနာပြု | ။ | ၈၃၄၉ | ၁၇၈၆၄ |
| | နိုင်ငံ့ဝန်ထမ်း | ။ | ၅၈၂၅ | ၁၁၁၀၈ |
| | သမဝါယမ/ပုဂ္ဂလိက | ။ | ၂၅၂၄ | ၆၇၅၆ |

www.foreverspace.com.mm



Foreign Trade of Myanmar

(Kyat Million)

| Financial Year | Export | Import |
|---|---|---|
| 1999-2000 | 87473 | 162648 |
| 2000-2001 | 12736 | 150731 |
| 2001-2002 | 171307 | 183777 |
| 2002-2003 (pa) | 199551 | 14910 |
| 2003-2004 (p) | 141155 | 133975 |

Trade and Investment Promotion Myanmar

အမေရိကတို့တွင် စက်မှုလုပ်ငန်းကြောင့် ကြွယ်ဝလာသည်ကို သတိထားမိလာသောကြောင့် စိုက်ပျိုးနိုင်ငံမှ စက်မှုနိုင်ငံဘဝသို့ အမြန်ဆုံးရောက်ရှိအောင် ကြိုးပမ်းလာကြသည်။

ယင်းကဲ့သို့ပင် မြန်မာနိုင်ငံသည် စက်မှုနိုင်ငံ တည်ထောင်ရေးအတွက် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ထူထောင်ရေးနှင့် လိုအပ်မည့် အခြားစက်မှုလုပ်ငန်းများပါ တစ်ပါတည်း ထူထောင်ရေးကို အဓိကဦးတည်၍ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

စက်များ စက်ရုံများကဲ့သို့ လူဖန်တီးထားသော အရင်းအနှီးများရှိသလို မြေပေါ်မြေအောက် သယံဇာတများသည်လည်းကောင်း၊ ကုန်ပစ္စည်းများ မည်မျှထုတ်လုပ်နိုင်သည် စသော အချက်များကို ညွှန်းဆိုမည့် လူ့စွမ်းအားအရင်းအမြစ်များသည်လည်းလည်းကောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အရင်းအမြစ်ဆိုင်ရာ ညွှန်းကိန်းများအဖြစ် ပါဝင်သည်။

မြန်မာနိုင်ငံ၏ ကိုယ်ပိုင်လယ်မြေပေါ်တွင် အပင်များ စိုက်ပျိုးတတ်သော လယ်သမားတစ်ဦး၏ အသိဉာဏ်၊ တံတားကြီးတစ်စင်းကို တည်ဆောက်နိုင်သည့် မြန်မာအင်ဂျင်နီယာတစ်ဦး၏ စွမ်းရည်၊ စက်ရုံမှ ကုန်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်သည့် မြန်မာလုပ်သားကြီးတစ်ဦး၏ ကျွမ်းကျင်မှုတို့သည် အရေးကြီးသော လူ့စွမ်းအားသယံဇာတများဖြစ်သည်ဟုလည်း ထည့်သွင်းစဉ်းစားရပါတော့မည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံသည် ယနေ့အချိန်ထိ ဆိုခဲ့သည့် အလားတူ လူ့စွမ်းအားအရင်းအနှီးများနည်းတူ ထုတ်ယူသုံးစွဲခြင်းမရှိသေးသည့် မြေလွတ်၊ မြေရိုင်းများ၊ ထုတ်ယူသုံးစွဲခြင်း မပြုရသေးသည့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များ ကြွယ်ဝနေသည့်အချက်သည် မြန်မာနိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အားသာချက်များ ဖြစ်သည်ဟုလည်း ဆိုရပါလိမ့်မည်။ (မြန်မာနိုင်ငံ၏ သယံဇာတအရင်းအမြစ် အခြေအနေ ပူးတွဲဇယား B )

## ပုဂ္ဂလိကပိုင်လုပ်ငန်းအဖြစ် ပြောင်းလဲလာသော နိုင်ငံပိုင်လုပ်ငန်းများ

၂၀၀၅ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံအစိုးရပိုင် မီဒီယာများ၏ ဖော်ပြချက်များအရ ယခင် နိုင်ငံပိုင် စစ်တွေရေခဲစက်နှစ်ခုနှင့် ရပ်ရှင်ရုံတစ်ရုံကို ပုဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ် ပြောင်းလဲရန်အတွက် လေလံတင်ရောင်းချပေးသွားတော့မည်ဟု သိရှိရသည်။

အဆိုပါစက်ရုံများသည် ယခင်ဆိုရှယ်လစ်အစိုးရလက်ထက် ၁၉၆၄ ခုနှစ်ဝန်းကျင်မှစ၍ နိုင်ငံပိုင်အဖြစ် သိမ်းဆည်းခဲ့သော လုပ်ငန်းများဖြစ်ပြီး ယင်းကဲ့သို့ ပြန်လည်လေလံတင်ရောင်းချရာတွင် မူလတိုင်းရင်းသားလုပ်ငန်းရှင်များကို ဈေးပေးသူနှင့် ဈေးတူညီပါက ဦးစားပေးသွားရန်ရှိသည်ဟုလည်း ဖော်ပြထားသည်။ ၂၀၀၅ ခုနှစ်အတွင်း နိုင်ငံပိုင်စက်ရုံများ ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချမှု သုံးကြိမ်ခန့်ရှိပြီး စက်ရုံ ၁၄ ရုံခန့်ရှိကြောင်း တိုင်းရင်းသားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အဆိုပါစက်ရုံများမတိုင်မီ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပိုင်အဖြစ် လုပ်ကိုင်ခွင့်ပေးသောလုပ်ငန်းများမှာ မြန်မာ့ရုပ်ရှင်လုပ်ငန်းရုပ်ရှင်ရုံများ၊ ပုဂ္ဂလိကဘဏ်များ၊

**ရွှေဂုံတိုင်ရှိ ပုဂ္ဂလိကပိုင်အထူးကုဆေးခန်းတစ်ခု**



www.foreverspace.com.mm



စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်မှုများ၊ ပုဂ္ဂလိကဆေးရုံများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ အိမ်ရာနှင့် အဆောက်အအုံတည်ဆောက်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ စသည်တို့ ဖြစ်ကြသည်။

စားသောက်ကုန်လုပ်ငန်းများ လုပ်ကိုင်နေသော အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် လွိုင်ယံဟိန်းကုမ္ပဏီ၊ Fame ကုမ္ပဏီ စသည့် ပြည်တွင်းကုမ္ပဏီများနှင့် ပူးတွဲ၍ လုပ်ငန်းများ လုပ်ကိုင်နေပြီး မြန်မာ့မီးရထားသည် မေခ–မန္တလာ၊ မလိခ–မန္တလာ၊ စန်းသော်တာနှင့် ဒဂုံမန်းရထားဟူ၍ ပုဂ္ဂလိကရထားများအဖြစ်လည်း ငှားရမ်းအသုံးပြုခွင့်ပေးခဲ့သည်။

စီးပွားရေးလေ့လာစောင့်ကြည့်သူ ပညာရှင်တစ်ဦးက မြန်မာနိုင်ငံစက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင် ပြုလုပ်ရာ၌ ကြီးမားသော အပြောင်းအလဲတစ်ခုမှာ အင်းစိန်ရွာမရှိ သံနှင့် သံမဏိစက်ရုံကို ပုဂ္ဂလိကပိုင်အဖြစ် တိုင်းရင်းသားလုပ်ငန်းရှင်များကို ကော်မတီဖွဲ့၍ လုပ်ကိုင်ခွင့်ပေးခြင်း ဖြစ်သည်ဟု ဆိုသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ လွတ်လပ်စွာ ဖွင့်လှစ်ခွင့်ပြုခဲ့သည့်နည်းတူ ပညာရေးဝန်ကြီးဌာနသည်လည်း ILBC ကဲ့သို့ အလွတ်ပညာသင်ကျောင်း၊ အခြေခံပညာကျောင်းသားကျောင်းသူများအတွက် ပုဂ္ဂလိကစခန်းသွင်းလေ့ကျင့်ရေးဘော်ဒါ အများအပြားကိုလည်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုခဲ့သည်ကို တွေ့ရသည်။

၁၉၉၂ ခုနှစ် မေလမှစ၍ ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို ပုဂ္ဂလိကသို့ စတင်ထုတ်ပေးခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပုဂ္ဂလိကဘဏ် ၂၀ နှင့် ဘဏ်ခွဲပေါင်း ၂၀၀ ကျော်ခန့် ဖွင့်လှစ်လုပ်ကိုင်နိုင်သော အခြေအနေတစ်ရပ်သို့ ရောက်ရှိလာခဲ့သည်ဟု ဝါရင့်ဘဏ်မန်နေဂျာတစ်ဦးက ပြောဆိုသည်။



**အောင်မြင်လျက်ရှိသည့် ပုဂ္ဂလိကဘဏ်တစ်ခု**

အလားတူ ပြည်တွင်းပြည်ပလေကြောင်းလိုင်း အများအပြား ပေါ်ပေါက်လာခဲ့ရာ မြန်မာနိုင်ငံသားရာနှုန်းပြည့်ပိုင်ဆိုင်သည့် ထူးကုမ္ပဏီသည် Air Bagan လေကြောင်းလိုင်းကို ၂၀၀၄ ခုနှစ်အတွင်းမှ စတင်၍ လုပ်ကိုင်လာခဲ့သည်ကို တွေ့မြင်ရပါသည်။

ပုဂ္ဂလိကပိုင် (Private) ကုမ္ပဏီများသည် အများပိုင် (Public) ကုမ္ပဏီများအဖြစ် ပြောင်းလဲလာသော သာဓကများလည်း ရှိခဲ့ရာ ၂၀၀၃ ခုနှစ်တွင် မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်သည် မူလအစုရှယ်ယာဝင် ၅၀ ဦး ပါဝင်သော ကုမ္ပဏီအဖြစ်မှ ရှယ်ယာများ ရောင်းချ၍ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲလာနိုင်ခဲ့ကြသည်။

## ပုဂ္ဂလိကပိုင်လုပ်ငန်းများ၏ နယ်ပယ်နှင့် စွမ်းဆောင်ရည်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု (Economic Growth) သည် အစဉ်အလာအရ ကုန်ပစ္စည်းများနှင့် ဝန်

www.foreverspace.com.mm

ဆောင်မှုများ ထွက်ရှိမှု တိုးမြင့်လာခြင်းကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ စီးပွားရေးတိုးတက်မှုဆိုသည်မှာ ရံဖန်ရံခါ အမည်ခံမျှလည်း ဖြစ်နိုင်ပါသည်။

ကွန်မြူနစ်စနစ် ဖုန်းဖုန်းလဲကျသွားပြီးသည့်နောက် ပေါ်ပေါက်လာသော ဈေးကွက်စီးပွားရေးသည် ယခုအခါ ကမ္ဘာ့အဓိကစီးပွားရေးစနစ် ဖြစ်နေပါသည်။ အဆိုပါစီးပွားရေးစနစ်၏သရုပ်မှန်သည် ပိုင်ဆိုင်မှုအများစုကို အစိုးရက မပိုင်ဆိုင်တော့ဘဲ ပုဂ္ဂလိကပိုင်းက ဆုပ်ကိုင်ထားကြပြီး အဓိကဈေးကွက်ဈေးနှုန်းများမှာ အစိုးရသတ်မှတ်သည့်ဈေးနှုန်းများမဟုတ်ဘဲ ရောင်းသူနှင့် ဝယ်သူတို့သဘောတူသော သို့မဟုတ် ရောင်းလိုအား၊ ဝယ်လိုအားက ပြဋ္ဌာန်းသော ဈေးနှုန်းများဟု အစဉ်အလာသီအိုရီများက ဆိုပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများ အများအပြားပေါ်ထွန်းလာရုံနှင့် မလုံလောက်။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်နှင့် အဆိုပါပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ပေးရေးသည် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးပါသော သော့ချက်လည်း ဖြစ်သည်။

နိုင်ငံအနှံ့အပြား ပုဂ္ဂလိကပိုင်စက်မှုဇုန် ၁၈ ဇုန်ဖြင့်လည်းကောင်း၊ တောင်ကြီး၊ မန္တလေး၊ မုံရွာတို့တွင် ခေတ်မီပုံလောင်း၊ ပုံသွင်း၊ ပုံဖိသံရည်ကျိုစက်ကြီးများဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ စက်မှုလယ်ယာအခြေခံ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် ခေတ်တစ်ခေတ်သို့ ဦးတည်နေပြီဖြစ်ရာ စွမ်းဆောင်ရည်ပြည့်ဝသော ပုဂ္ဂလိကပိုင်လုပ်ငန်းများသည် မကြာခင်ပေါ်ပေါက်လာတော့မည်ဟု ယူဆရမည့်အခြေအနေ ဖြစ်ပါသည်။

## ပုဂ္ဂလိကပိုင်လုပ်ငန်းများ ဖွံ့ဖြိုးမှုအလားအလာ

အထက်တွင်ဆိုခဲ့သည့် ဆိုင်ရာကဏ္ဍအများအပြား ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလာရာ ပုဂ္ဂလိကပိုင်စက်ရုံများအနေဖြင့်ပင် ၇၃၂၆၅ ခုအထိ ရှိလာသည်ဟု အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ စာရင်းများက ဆိုပါသည်။



ပုဂ္ဂလိကပိုင်ဆေးရုံများ၊ ဘဏ်များ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် အစိုးရ၏ ဝန်ကြီးဌာန စံချိန်စံညွှန်းများဖြင့် ထိန်းညှိဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်တွင်းမော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းများသည် ပြည်တွင်းဈေးကွက်အောင်မြင်ရန်ကိုပင် အထူးကြိုးစားရန်လိုပြီး ပြည်ပတင်ပို့ရေးအတွက် နည်းပညာများ၊ အဆင့်မြင့်လေ့လာရေးများ လိုအပ်ပါသေးသည်။

တစ်ဖက်မှလည်း လိုအပ်သော ဖြေလျှော့မှုများ၊ အခြေခံလိုအပ်ချက်များ၊ လုပ်ထုံးလုပ်နည်းအတားအဆီးများ (Centralization) ကဲ့သော ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် ပုဂ္ဂလိကလုပ်ငန်းရှင်များအား အဟန့်အတားသဖွယ် မဖြစ်ရေး အလေးပေး စဉ်းစားပေးရပါလိမ့်မည်။

လာမည့် ၂၀၁၀ ခုနှစ်သည် မြန်မာနိုင်ငံ၌ ငါးနိုင်ငံ တစ်ဗီဇာကဲ့သို့စနစ်များ၊ အာဆီယံအကောက်ခွန်မဲ့ ဇရိယာအဖြစ် သတ်မှတ်လုပ်ကိုင်သောစနစ်များနှင့်အတူ ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဒေသတွင်းနိုင်ငံများနှင့် ပို့ကုန်များ ယှဉ်ပြိုင်လာရတော့မည်ဖြစ်ရာ မြန်မာပုဂ္ဂလိကလုပ်ငန်းရှင်များသည် လွတ်လပ်စွာ ရှင်သန်ကြီးထွားခွင့် အတိုင်းအဆ ကျယ်ပြောမှုအနာဂတ်ဈေးကွက်တွင် ခေတ်နောက်ကျမကျန်ရေးအတွက် Readyness ရှိ မရှိဆိုသည်မှာ နက်ရှိုင်းထွေပြားသော အမေးပုစ္ဆာတစ်ရပ်ဟု ဆိုရမည်ဖြစ်ပြီး ပုဂ္ဂလိကပိုင်လုပ်ငန်းများကို ထိန်းကျောင်းနေသော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို ထင်ဟပ်အကဲဖြတ်မည့်အခြေအနေပင် ဖြစ်ပါတော့သည်။

**တင်အောင်ကျော်**

■

www.foreverspace.com.mm



**ယခုလပညာရှင်စာတမ်းအဖြစ် ၂၄-၈-၂၀၀၅ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေရှိ** Myanmar ICT Park **ခန်းမတွင် Myanmar Information Technology Pte. Ltd. (MIT), City Mart Supermarket နှင့် Columbus Travels and Tours တို့ ပူးပေါင်းကျင်းပပြုလုပ်ခဲ့သော 'From Effectiveness to Greatness'** Seminar **၌ စီးပွားရေးစီမံခန့်ခွဲမှုပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ ဟောပြောဆွေးနွေးချက်များအနက်မှ အချို့ကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။**

**(အယ်ဒီတာ)**

# From Effectiveness to Greatness

## ပါမောက္ခဒေါက်တာအောင်ထွန်းသက်

From Efeectiveness to Greatness ဆိုတဲ့ Topic က ကျွန်တော်တို့ ကုလသမဂ္ဂ (UN) မှာ Main Challenge ပေါ့။ UN အပါအဝင် အဖွဲ့အစည်းတွေအားလုံး Effective ဖြစ်တာကို တစ်ချိန်တုန်းကတော့ Management မှာ You need to be effective ပေါ့။ အခု လက်ခံတာကတော့ It's not enough to be effective. You need to go beyond effectiveness ပေါ့နော်။ From Effectiveness to Greatness ဆိုတဲ့ Theme ကို စာရေးတဲ့သူတွေ၊ သုတေသနလုပ်တဲ့သူတွေ တော်တော်များများ ဖောင်းပေးနေကြတယ်။ မနှစ်က စတီဖင်ကိုဗီရေးတဲ့စာအုပ်မှာ The 8th Habit ပေါ့လေ။ အရင်တုန်းက မြန်မာပြည်မှာလည်း ဘာသာပြန်ပေးထားတာ တွေ့ရပါတယ်။ The Seven Habits of Effective People ပေါ့နော်။ ဒီ အကျင့်ခုနစ်မျိုးပြောရာကနေ နောက်ထပ် The 8th ပေါ့လေ။ ထပ်လောင်းပြီးတော့ နောက်တစ်ခု 8th Habit ကို ပြောလာတာ ရှိတယ်။ 8th Habit ကို စတီဖင်ကိုဗီပြောသလို ကောလင်းစ်တို့ အခြားသုတေသနလုပ်တဲ့သူတွေက How can we built great organization? ပေါ့နော်။ သိပ်ပြီးထူးချွန်တဲ့ အဖွဲ့အစည်းတွေရအောင် ဘာလုပ်ရင်ရမလဲ။ ဒါက UN မှာလည်း မျက်ကန်းခုနစ်ဦးနဲ့ ဆင်တစ်ကောင်လိုပါပဲ။ စမ်းတဲ့နေရာမှာ နှာမောင်းကိုစမ်းတဲ့အတွက် မြွေနဲ့တူတယ်ပြောတယ်။ ဘေးကိုစမ်းတဲ့အတွက် နံရံကြီးနဲ့တူတယ် ပြောတယ်။ အစရှိသဖြင့် တင်စားပြသလို UNICEF က သတ်သတ်၊ WHO က သတ်သတ်၊ FAO က သတ်သတ်၊ UNDP က သတ်သတ်၊ ကျွန်တော် တာဝန်ယူနေတဲ့ Staff College ဆိုရင်လည်းသတ်သတ် ဖြစ်ပါတယ်။ အားလုံးလိုလိုကနေ We need to built great organization.

### Great Organizations

Organization and Institution depend on individual. Organization လို့ ပြောလို့ မရဘူး။ UN လို့ ပြောလို့မရဘူး။



MIT လို့ ပြောလို့မရဘူး။ ကမ္ဘောဇလို့ ပြောလို့မရဘူး။ We are talking about individuals working for this institution ပေါ့နော်။ The emphasis must be on the individual. တစ်ဦးချင်းတစ်ယောက်ချင်းအတွက်ကို ကျွန်တော်တို့ ဖောင်းပေးဖို့ လိုတယ်။ Rather than institutional emphasis ပေါ့။ ဒါအဖွဲ့အစည်းကို စဉ်းစားတာ။

### ဟိတ်ဟန်မထုတ်ပါနဲ့

လူတစ်ယောက် နိုင်ငံခြားက ပြန်လာတယ်။ ကုမ္ပဏီထောင်တယ်ပေါ့။ နိုင်ငံခြားကလည်း ဘွဲ့တွေ၊ ပညာတွေ ရလာတယ်။ အတော်အသင့်လည်း စုဆောင်းလာတဲ့အခါကျတော့ ကုမ္ပဏီထောင်မယ်ဆိုပြီး ကုမ္ပဏီထောင်လိုက်တယ်။ ကုမ္ပဏီအဆောက်အအုံကလည်း တော်တော်ကြီး ခမ်းခမ်းနားနား၊ Aircon တွေနဲ့၊

www.foreverspace.com.mm



ကွန်ပျူတာတွေနဲ့၊ Laptop တွေနဲ့ပေါ့။ ပထမနေ့မှာ စတိုင်နဲ့ ထိုင်နေတယ်။ သူ ဘယ်လောက်တော်တယ်၊ ဘယ်လောက်တတ်တယ်ဆိုတာကို ပြချင်တာ။ ပထမနေ့မှာပဲ တံခါးခေါက်သံကြားတယ်။ တံခါးဖွင့်တာနဲ့ သူက တယ်လီဖုန်းကောက်ကိုင်လိုက်တယ်။ အဲဒီလူကို ထိုင်ပါဦးဗျာ၊ ခဏစောင့်ပါဦးလို့ပြောပြီး တယ်လီဖုန်းထဲမှာ သူ ဘယ်လောက်တော်တယ်ဆိုတဲ့အကြောင်း၊ သူ့ရဲ့ Project တွေဟာ ဘယ်လောက်များတယ်ဆိုတဲ့အကြောင်း အကြာကြီး ပြောပြနေတယ်။ သိန်းနဲ့ သန်းနဲ့ချီပြီးတော့ကို ပြောနေတာ။ ၁၅ မိနစ်လောက်ပြောပြီးတော့ သူ့ကိုယ်သူ သိပ်ဟုတ်လှပြီ အောက်မေ့ပြီးတော့မှ အဲဒီလူကို "ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်မှာ သိပ်အရေးကြီးတဲ့လုပ်ငန်း Project တွေ လုပ်နေရလို့ ခင်ဗျားကို ချက်ချင်းမနှုတ်ဆက်နိုင်တာပါ"။ အဲဒီလူက "ဟာ ကိစ္စမရှိပါဘူး သူဌေးကြီးရယ်။ ကျွန်တော်လာတဲ့ အကြောင်းအရင်းက သူဌေးကြီးရဲ့ တယ်လီဖုန်းကို တပ်ဖို့ပါ" လို့ ပြောလိုက်တယ်။ အဲဒီလိုမဖြစ်ဖို့လိုတယ်။ သူများ အထင်ကြီးအောင် ဟိတ်ဟန်ထုတ်တာ။ အခြေခံမှမလုံရင် ဒီဟိတ်ဟန်ထုတ်တာက အလကားပဲ။ ဖြစ်တတ်တယ်။ သူများအထင်ကြီးအောင် လုပ်တာ တကယ်တမ်းတော့ ကိုယ့်မှာ အထင်ကြီးစရာမရှိတာတွေ ရှိတတ်တယ်။

## Context

Overview of my presentation အရဆိုရင် ပထမအဆင့်က Context ပဲ။ From effectiveness to greatness ဖြစ်ဖို့က We need to context. We need to understand what the context is. အခြေခံတစ်ခုကိုသိဖို့လိုတယ်။ ပြီးတော့မှ လမ်းနှစ်သွယ်ရှိတယ်။ နှစ်ခုပဲ။ To find your voice. Voice လို့ ပြောလို့ရှိရင် ကိုယ့်ရဲ့အသံပေါ့။ ကိုယ့်အသံ သူများကြားအောင် လုပ်နိုင်ဖို့လိုတယ်။ အဲဒီအပြင်ကို တခြားလူတွေကလည်း သူတို့ရဲ့အသံကို တွေ့နိုင်အောင် ဖန်တီးပေးဖို့ လိုတယ်။ You have to inspire others. Inspiration is the role of Leadership လို့ ကျွန်တော်တို့ ပြောလို့ရတယ်။

Context ကို အစအဆုံးစဉ်းစားလို့ရှိရင် Mother Teresa ရဲ့အဆိုပြုချက်က "Few of us can do great things, but all of us can do small things with great love". အကြီးအကျယ် ကိုယ်လုပ်ချင်မှလုပ်နိုင်မယ်။ ကိုယ်လုပ်နိုင်တဲ့အတိုင်းအတာကို ကိုယ် အတတ်နိုင်ဆုံးလုပ်ဖို့က အရေးကြီးတယ်။ လူတိုင်းက သူများလို လုပ်ချင်မှလုပ်နိုင်မယ်။ ဘာလုပ်လုပ် အားထည့်ပြီး လုပ်တာကိုဆိုတယ်။ We need that commitment. Context အနေနဲ့ Integrate what you learn into your life၊ Seminar ဟာ Learning ပဲ။ ကျွန်တော်တို့ ဒီမှာ လာနားထောင်တာဟာ ကျွန်တော်က ပြောတယ်။ ကျန်တဲ့သူတွေက ရေးမှတ်တယ်ဆိုတာထက်ကို It should be an exchange of experience ပေါ့နော်။ Learning မှာ Exchange ကို သတိထားပါ။ The only way we can promote learning is through exchange. Without exchange, there is no learning. လူတိုင်းမှာ Experience ရှိတယ်။ အသက်အငယ်ဆုံးလူ၊ အတွေ့အကြုံအနည်းဆုံးလူမှာလည်း Experience ရှိတယ်။ ဒီထဲမှာ အသက်အကြီးဆုံးလူ၊ အတွေ့အကြုံအများဆုံးလူမှာလည်း Experience ရှိတာပဲ။ တစ်ယောက်တည်းမှာမရှိဘူး။ အားလုံးမှာရှိတယ်။ Natural of Exchange က Academic Institution ရဲ့ Role လို့ အောက်မေ့တယ်။ တက္ကသိုလ်ဆိုတာ ဘာလဲလို့ စဉ်းစားလို့ရှိရင် It is nothing but exchange of knowledge and experience ပေါ့နော်။

To know and not to do, is really not to know သိရဲ့သားနဲ့မလုပ်တာဟာ မသိတာနဲ့အတူတူပဲနော်။ တော်တော်များများမှာ ကျွန်တော်တို့သိတယ်လို့ဆိုတယ်။ ဒါပေမဲ့ မလုပ်ကြဘူး။ That means you really don't know. To learn and not to do is not to learn. သင်တန်းတွေတက်တယ်။ သင်ထားတာတွေ အသုံးမချဘူးဆိုရင် not learning လို့ ပြောလို့ရတယ်။ နားလည်ရုံနဲ့မရဘူး။ To understand something and not apply it is really not to understand it. We need application. သိရုံနဲ့ မရဘူး။ နားလည်ရုံနဲ့မရဘူး။ You must apply. It is only in the doing, the applying that knowledge and understanding are internalize.

## Training

လုပ်ငန်းတွေမှာ အဖွဲ့အစည်းတွေမှာ Training ရှိတယ်။ အခု ကျွန်တော်တို့ ဒီဘက်ခေတ်မှာ ခေတ်စားလာတာ Human Resources Department ဆိုတာတွေ ရှိတယ်။ နေရာတိုင်းမှာ Training ရှိတယ်။ ကျွန်တော်တို့ UN မှာလည်း Training ပေးတယ်။ ဒီသင်တန်းတွေပေးတဲ့အခါမှာ Focused on indentifying which abilities staff are lacking and trying to fill in these unfortunate gaps. Capacity Building လို့ ပြောလို့ရှိရင် (အခုပြောလာတဲ့ ခေတ်သုံးစကားပေါ့) တကယ်တမ်းတော့ ဘာကိုလုပ်နေတာလဲဆိုရင် Gap filling လုပ်နေတာ။ သူ့မှာ မရှိတဲ့ Skill knowledge ကို Fill သွားလုပ်တာ။

Areas for improvement လို့ပြောတယ်။ ဒီနေရာမှာ Improve ဖြစ်ဖို့လိုတဲ့အတွက် သင်တန်းပေးမယ်လို့ဆိုတယ်။ အဲဒါ ဘာကိုပြောတာလည်းဆိုရင် Areas of weaknesses ကို ပြောတာနဲ့အတူတူပဲ။ ဒီလူဟာ ဒီနေရာမှာ အားနည်းနေလို့ သင်တန်းပေးရမယ်လို့ ပြောတာနဲ့အတူတူပဲ။ ဒါဟာ မဖြစ်သင့်ဘူး။ အားနည်းတာကို စဉ်းစားလို့မရဘူး။ အားသာတာကို စဉ်းစား

www.foreverspace.com.mm



ဖို့လိုတယ်။ Great organization know the difference between knowledge, skills and talent. ဒီနေရာမှာ Talent ကို စဉ်းစားရမယ်။

## လူတိုင်းမှာ Talent ရှိတယ်

We need talent. အချို့တွေက Talent ရှိတယ်။ ပန်းချီဆွဲတယ်၊ သူ့မှာ Talent ရှိတယ်။ ကတယ်၊ ဆိုတယ်၊ တီးတယ်၊ မှုတ်တယ် သူတို့မှာ Talent ရှိတယ်။ တချို့တွေမှာ Presentation Talent ရှိတယ်။ They can present themselfe. တချို့တွေမှာ Networking Talent ရှိတယ်။ သူ့ Notebook ထဲမှာ သူဆက်သွယ်နိုင်တဲ့သူတွေ အများကြီးပဲ။ တချို့တွေမှာ Social Skill Talent ရှိတယ်။ ပါတီတွေမှာ လူတွေအားလုံးက ဆက်ဆံကြတယ်။ Everyone loves him. အချို့ကျတော့ ရှိကိုမရှိဘူး။ လူများထဲမှာ မနေနိုင်ဘူး။ လူများနဲ့ မဆက်ဆံနိုင်တဲ့သူတွေလည်း ရှိတယ်။ We need to know the difference between knowledge and talent in organization. အဲဒီတော့ Talent ရှိမှ You can have superior performance. If you want great organization, it's not enough to have just knowledge and skill. We need talent. IQ မြင့်တဲ့သူတိုင်း They will be superior performance လို့ ပြောလို့မရဘူး။ ဒါ လုံလောက်တဲ့ Indication မဟုတ်ဘူးလို့ ပြောတယ်။ အဲဒီတော့ Intelligence တစ်ခုတည်း မဟုတ်ဘဲနဲ့ အခြားဟာကိုပါ စဉ်းစားဖို့လိုလာတယ်။

Many people assume it is a special gift given only to a handful of people. လူအနည်းစုမှာပဲ Talent ရှိတယ်လို့ ယူဆတာ။ အဲဒီယူဆချက်က မှားတယ်။ All of us have difference talent. တူချင်မှတူမယ်။ ကိုယ့်မှာရှိတာနဲ့ သူမှာရှိတာ တူချင်မှတူမယ်။ Talent is much more than this and a lot more pervasive than is generally viewed.

လူတိုင်းမှာ Talent တွေ ရှိတယ်လို့ လက်ခံဖို့လိုတယ်။ Everyone has talent the natural predispositions that make each of us particularly effective. လူတိုင်းမှာ အလိုလိုပါလာတဲ့ မွေးရာပါအရည်အချင်းတွေ ဖြစ်တယ်။ အဲဒီတော့ Management အနေနဲ့ ဘာပဲလုပ်ဖို့လိုသလဲဆိုရင် ကိုယ့်ဝန်ထမ်းတွေ လုပ်ဖော်ကိုင်ဖက်တွေရဲ့ တစ်ဦးချင်း တစ်ဦးချင်းမှာရှိတဲ့ Talent တွေကို ဖော်ထုတ်နိုင်ဖို့ပဲလိုတယ်။ လူတိုင်းမှာရှိတယ်ဆိုတာကို လက်ခံဖို့လိုလာတယ်။




## Voice


Talent ကို Thinking , feeling and behaviour လို့ ပြောတယ်။ အရင်တုန်းကသုံးတဲ့ ဆောင်ပုဒ်လည်းရှိတယ်။ လူမှန်နေရာမှန်ထည့်တတ်ဖို့လိုတယ်ဆိုတာ။ Management Talent က ကိုယ့်ဝန်ထမ်းမှာ ဘာ Talent ရှိတယ်။ အဲဒီ Talent နဲ့ကိုက်တဲ့ အလုပ်ကို တာဝန်ပေးဖို့လိုတယ်။ The trick is to find that role in which talents can be put to their best use. မကိုက်တဲ့ အလုပ် သွားတာဝန်ပေးရင် လုံးဝလုပ်လို့ မရဘူး။ How do we achieve greatness in any positiion and in any setting? ခုနကပြောတဲ့ Talent ရှိဖို့လိုတယ်။ Need ရှိဖို့လိုတယ်။ Conscience ရှိဖို့လိုတယ်။ Passion ရှိဖို့လိုတယ်။ တစ်နေရာချည်း သွားသာနေလို့မရဘူး။ Talent ရှိပြီးတော့ Need အားနည်းနေလို့ မရဘူး။ Balance ရှိနေဖို့လိုတယ်။ အဲဒီ လေးခုပေါင်းလိုက်တဲ့နေရာကို စောစောကပြောခဲ့တဲ့ Voice ပေါ့။ What is your voice? This is the unique nexus of these four attributes. လူတစ်ယောက်မှာ ဒီလေးခုပေါင်းလိုက်တဲ့အခါ ရလာတဲ့ အဲဒီအသံ (Voice) ကို စဉ်းစားကြည့်ရအောင်။

Graph ကို ကြည့်ရအောင်။ TALENT, what can you be the best? ဘယ်နေရာမှာတော့ဖြင့် ငါအထူးချွန်ဆုံးဖြစ်မလဲဆိုတာကို။ We might not be the best in everything နော်။ မမျှော်လင့်နဲ့။ You can be the best only in a few things. NEED, what drives you? ငါရပ်တည်နေတာ ဘာအတွက် ရပ်တည်နေတာလဲ။ There is need in all of us. နောက်တစ်ခါ PASSION, what are you deeply passionate about? UN မှာ Terrorism နဲ့ ပတ်သက်လို့ပြောတဲ့အခါမှာ အသေခံတာ။ ကိုယ့်ကိုယ်ကိုယ် ဗုံးဖောက်ပြီးအသေခံတယ်ပြောတယ်။ Passion ဆိုတဲ့ စကားလုံးကို နည်းနည်းလျှော့သုံးတယ်။ ဒါပေမဲ့ What we are talking about is not that kind of passion. You feel very deeply. ကိုယ့်ရဲ့လုပ်ငန်းကို၊ ကိုယ့်ရဲ့တစ်နေ့တာကို၊ ကိုယ့် ရဲ့တစ်သက်တာကို ဒါကိုအခြေခံပြီး လုပ်မယ်လို့စဉ်းစားတယ်။ CONSCIENCE ဒါက ကိုယ့်လိပ်ပြာပေါ့နော်။ ဘာလုပ်လုပ် လိပ်ပြာတော့ရှိရမယ်။ What does it tell you? ဒါတွေပေါင်း လိုက်တဲ့အခါကျမှ We have the voice which is a unique personal significance ပေါ့နော်။ Only with great individuals, we have

www.foreverspace.com.mm






great organization. အဲဒါကို မမေ့နဲ့နော်။ You can not have great organization with less than great individuals. Basic က Individual တစ်ဦးချင်း တစ်ယောက်ချင်းကို ကျွန်တော်တို့ ဖောင်းပေးချင်တယ်။ (ပုံ-၁)

## Whole-Person Paradigm

Management ကို ကျွန်တော်တို့ငယ်ငယ်တုန်းက သင်ပေးတာက ဝန်ထမ်းတစ်ယောက်ကို အုပ်ချုပ်တဲ့အခါ၊ စီမံတဲ့အခါမှာ သူ့ကိုစဉ်းစားတဲ့အခါ ရုပ်နဲ့နာမ် What we look at in the **body**, the physical present of the individual. ပြီးတော့မှ **Mind**၊ စိတ်နဲ့ကိုယ်လို့ ပြောတယ်။ အခု ဒီဘက်ပိုင်းမှာ ၁၉၉၀ နောက်ပိုင်းနှစ်တွေမှာ လူတစ်ယောက် အလုပ်လုပ်တဲ့အခါမှာ စိတ်နဲ့ကိုယ်တင် မဟုတ်ဘူး။ People bring toward not just the body and the mind, they also bring the **heart**. Feeling ပါလာတယ်။ Feeling မရှိဘဲ လူဟာအလုပ်မလုပ်နိုင်ဘူး။ This issue of emotion is there. အရင်တစ်ခေါက်တုန်းက ကျွန်တော် Seminar ပေးဖူးတယ်။ Emotional Intelligence (EQ) ပေါ့နော်။ Body, Mind, Heart သုံးခုအပြင်ကို **Spirit** [ The spiritualism, ဘယ်ဘာသာပဲလက်ခံ လက်ခံ၊ လူရယ်လို့ဖြစ်လာတဲ့အချိန်ကစပြီး မေးခွန်းနှစ်ခုပဲမေးတယ်။ ပထမတစ်ခုက Where do our come from? ဘယ်နိုင်ငံပဲဖြစ်ဖြစ်၊ ဘယ်လူမျိုးပဲဖြစ်ဖြစ်၊ ဘယ်ဒေသမှာပဲဖြစ်ဖြစ် The first fundamental question of human being is where do our come from. The second question is where am I going. ငါသေသွားရင် ငါ ဘယ်သွားမှာလဲ။ ဒါ လူတိုင်းသိချင်တယ်။ This is the deepest spiritual question and each relagion answers different ways. ခရစ်ယာန်ကတစ်မျိုး အဖြေပေးတယ်။ ဗုဒ္ဓဘာသာက တစ်မျိုးအဖြေပေးတယ်။ မွတ်ဆလင်က တစ်မျိုးအဖြေပေးတယ်။ But the questions are the same. The question of where are we comming from and where are we going ပေါ့နော်။ အဲဒါဟာ Spiritualism ပဲနော်။ ] အဲဒီတော့ လူတစ်ယောက်ကို ကြည့်တဲ့အခါမှာ၊ ဝန်ထမ်းကိုကြည့်တဲ့အခါမှာ Management leadership လုပ်နေတဲ့သူတွေ၊ ဒီမှာ တာဝန်ကြီးကြီးယူနေတဲ့သူတွေ။ The whole-person ၊ တစ်ဖက်တည်း၊ တစ်ယောက်တည်း ဖောင်းပေးလို့မရဘဲနဲ့ ဘက်စုံ ဒီလေးခုစလုံးရှိဖို့လိုတယ်။ The body, the mind, the heard and the spirit ကြည့်ဖို့လိုတယ်။ (ပုံ-၂)

ဒါတော့ ကျွန်တော်ထင်တယ်။ အငြင်းပွားစရာမရှိပါဘူး။ We have the body. We have the mind. We have the heart. And we have the spirit. အဲဒါရှိရင် ကျွန်တော် သတိပေးချင်တာ For simple assumptions in our lives. For the body, assume you've had a heart attack; now live accordingly. ကိုယ့်မှာ Heart attack ဖြစ်သွားတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။ ကျန်းမာရေး ဂရုစိုက်ပါလို့ပြောတာ။ We need regular medical check-up. ဟိုရောဂါတွေကြောက်လို့ မလုပ်ဘူးလို့ မပြောနဲ့နော်။ We have to take care your body. Because unless you take care of your body, nothing will happen ပေါ့။ နောက် for the mind, assume to the life of year profession is two year; now prepare accordingly. ကိုယ်လုပ်တဲ့အလုပ်က ၂ နှစ်ပဲခံတော့မယ်လို့ ယူဆလို့ရှိရင် ကိုယ်ပြင်ဆင်ထားလို့ရတယ်။ You can prepare. ငါ့မှာလုပ်ရမယ့်အလုပ်က ၂ နှစ်ပဲ ကျန်တော့တယ်လို့ ယူဆလို့ရှိရင်လည်း You can perpare yourself differently. For the heart, assume everything you say about another person, they can overhear; now speak accordingly. ဒါအရေးကြီးတယ်။ Global phenomenon ပါ။ အတင်းပြောတဲ့ကိစ္စ။ နောက်ကွယ်မှာ မကောင်းကြောင်းပြောတယ်၊ သူသာရှိနေရင် သူ့ရှေ့မှာ ငါပြောမလား။ ကိုယ်ပြောမယ့်လူ၊ ဝေဖန်မယ့်လူ၊ အပြစ်တင်မယ့်လူဟာ ကိုယ့်အနားမှာရှိနေတယ်လို့ အမြဲတမ်းစဉ်းစား

www.foreverspace.com.mm



နေရင် ကိုယ်ပြောတာဆိုတာကို သတိထားပြီးပြောမယ့် အနေအထားရှိတယ်။ Finally, for the spirit, assume you met with the Almighty; now live accordingly. ဘုရားသခင်နဲ့ တွေ့ပြီးပြီလို့ ယူဆလို့ရှိရင် You can live accordingly. ဘုရားသခင်နဲ့ တွေ့ပြီးမှတော့ ဘာမှစဉ်းစားစရာ အကြောင်းမရှိတော့ဘူး။

## 4 Needs of People

We have the needs for survival to live. ကိုယ်ခန္ဓာရှိနေသရွေ့ကတော့ (သေချင်တဲ့သူမှအပပေါ့နော်) As long as we have the body, we have the survival needs. As long as we have the mind, we have the need to learn. Learning က အရေးကြီးတယ်။ ကျွန်တော်တို့ အမြဲတမ်းပြောတယ်။ We need live long learning. Learning က ဘယ်တော့မှ မရပ်ဘူး။ အသက်ကြီးလာလေ ပိုပြီး Learn လုပ်ရလေလေပဲ။ တစ်ခါတလေ ပြန်စဉ်းစားကြည့်တယ်။ တစ်ခါတုန်းက ပြောခဲ့ကြတဲ့ အရွယ်သုံးပါးဆိုတာ ဟုတ်ပါ့မလားလို့။ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဉစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာလို့ ပြောတယ်။ ဒုတိယအရွယ်တို့၊ တတိယအရွယ်တို့မှာ သင်စရာမလိုတော့ဘူးလား။ ဒုတိယအရွယ်မှာ ပိုလိုသေးတယ်။ တတိယအရွယ်မှာ (သေခါနီး) ပိုတောင်လိုသေးတယ်။ ဒီ Learning က Life Long နော်။ You must learn throughout your life. Even when you are die သေခါနီးအသက်ထွက်ခါနီးမှာတောင် You can learn. ဘဝကူးကောင်းအောင် ဘယ်လိုလုပ်ရမလဲ။ You can learn. Life long learning ဖြစ်သလို life wide ဖြစ်ဖို့လိုတယ်။ Specialization သိပ်များတာက It's not advantage နော်။ တစ်ခုပဲတတ်တာဟာ ကောင်းတာမဟုတ်ဘူးနော်။ You must know more about everything. Specialist က တစ်ခုပဲတတ်တာ။ Defination of a specialist is a person who know more and more about less and less until he knows everything about nothing တဲ့ ။ အဲဒီလိုမဖြစ်ဖို့လိုတယ်။ Specialization သိပ်မများသင့်ဘူး။ အထူး မပြုရဘူးလို့ မပြောဘူးနော်။ အဲဒါကြောင့်မို့ Talent ကို စဉ်းစားတဲ့အခါမှာ Surgeon ကြီးတွေ very good musician. Professional က Architect ဆိုပေမယ့် တစ်ဖက်ကလည်း ပန်းချီဆွဲတယ်။

နှလုံးသားရှိနေသရွေ့ We need to have the need is to love. ကလေးကလား ချစ်တာကြိုက်တာမပြောဘူးနော်။ We are talking about relationship. တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံတာ၊ မိသားစုအတွင်း ဆက်ဆံတာ။ မိတ်ဆွေအပေါင်းအသင်းချင်းဆက်ဆံတာ၊ လုပ်ဖော်ကိုင်ဖက်ချင်း ဆက်ဆံတာ။ ကိုယ်လည်းအသက်ရလာတဲ့အခါကျတော့... What to we leading need က to leave a legacy၊ What do we leave behind?



What is the meaning and contribution we make? This is the spiritual nature ပေါ့နော်။ ဘဝကြီးကို အလဟဿထားတာ မဟုတ်ဘူး။ Legacy လို့ပြောတာ အကြီးအကျယ်ပြောတာမဟုတ်ဘူးနော်။

## Whole-person in a world job

အလုပ်လုပ်တဲ့အခါမှာ ဝန်ထမ်းတွေကို ဆက်ဆံတဲ့အခါမှာ တာဝန်ရှိတဲ့ မန်နေဂျာတွေလူကြီးတွေကို ကျွန်တော်ပြောချင်တာ တစ်ခုက **Pay me fairly** သူတို့ကို လုပ်ခထိုက်ထိုက်တန်တန်ပေးပါ။ **Use me creatively** သူတို့ကို အသုံးချတဲ့အခါမှာ သူတို့မှာ Creative mind တွေ ရှိတယ်နော်။ ဝန်ထမ်းတိုင်းမှာ၊ အလုပ်သမားတိုင်းမှာ ဒါတွေကို အသုံးချပါ။ နောက်တစ်ခါ **Treat me kindly.** They want to be treated kindly. ကိုယ့်ဟာကိုယ်လည်း စဉ်းစားကြည့်။ ကိုယ်ချင်းစာတဲ့အနေနဲ့။ နောက်ဆုံးတစ်ခုက **Let me serve.** The issue of service is critical issue. အလုပ်လုပ်တာဟာ လခလိုချင်လို့ အလုပ်လုပ်တာမဟုတ်ဘူး။ Promotion လိုချင်လို့ အလုပ်လုပ်တာမဟုတ်ဘူး။ ကျွန်တော်တို့ ငယ်ငယ်တုန်းက သင်ဖူးတယ်။ ဝန်ထမ်းတယ်၊ ဝန်ဆောင်တယ်ဆိုတာ ကိုယ်က တာဝန်ယူတာ You need to help that accountability that we are in service. ကုမ္ပဏီအတွက် လုပ်တာမဟုတ်ဘူး။ Service mentality ရဖို့လိုတယ်။ The sence of service. သူများခိုင်းလို့ မဟုတ်ဘူးနော်။

အရင်တုန်းက Management Pholosophy မှာ This is what I want, you do it. ငါ ဒါလိုတယ်၊ မင်းတို့ဖြစ်အောင်လုပ်လို့ ပြောတယ်။ အခု Management Pholosophy က What do you want? လို့ အရင်မေးတယ်။ အလုပ်လုပ်တဲ့သူတွေကို အရင်

www.foreverspace.com.mm



မေးတယ်။ အဲဒီအပေါ်မှာ အခြေခံပြီးမှ We will manage. No one wants to be manage နော်။ Manager ဖြစ်ချင်တဲ့သူတွေချည်းပဲ ဒီထဲမှာ။ သူများကို Manage လုပ်ချင်တယ်။ ကိုယ် Manage လုပ်ခံရမှာ သိပ်မလိုလားဘူး။ So we need to change the whole mind set.

Organization တွေမှာလည်း All of us need financial health. Profit လိုတယ်။ Investment လိုတယ်။ ရှုံးနေလို့မရဘူး။ အရှုံးနဲ့အလုပ်လုပ်လို့ မဖြစ်ဘူး။ နောက်တစ်ခါ Organization တိုင်းမှာ You need growth and development. Market share 50% ရှိရာကနေ 70%, 75%, 100% တိုးချင်တာပဲ။ Every company wants to do this. နောက်တစ်ခါ Relationship ၊ ကုမ္ပဏီတိုင်းမှာ There is some form of relationship. လုပ်ငန်းတိုင်းမှာ၊ ဘယ် Sector မှာပဲဖြစ်ဖြစ် Every institution wants contribution, integrity and meaning.

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

**(ရှေ့လဆက်ပါမည်)**

## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ အတ္ထုပ္ပတ္တိအကျဉ်း

- ၁၉၆၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇ (B.Com.) ဘွဲ့ကို ရရှိခဲ့ပြီး ၁၉၆၆ ခုနှစ်မှစ၍ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့။
- ၁၉၇၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ Brighton Polytechnic မှ Management Studies ဖြင့် ဘွဲ့လွန်ဒီပလိုမာ ရရှိခဲ့။
- ၁၉၇၃ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ University of Warwick မှ Management Science and Operational Research ဖြင့် မဟာသိပ္ပံဘွဲ့ ရရှိခဲ့။
- ၁၉၇၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ Institute of Science and Technology, University of Manchester မှ Management Science ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ (Ph.D) ရရှိခဲ့။
- ၁၉၈၆ ခုနှစ်တွင် ဂျာမနီနိုင်ငံ University of Marburg တွင် ဘွဲ့လွန်ပါရဂူ ပညာရပ်ဆိုင်ရာများ လေ့လာဆည်းပူးခဲ့ပြီး Alexander Von-Humboldt Post-Doctoral Felloship Award ရရှိခဲ့ကာ "Burmese Entrepreneurship Creative Response in the Colonial Economy" ခေါင်းစဉ်ဖြင့် စာတမ်းတစ်ခု ပြုစုနိုင်ခဲ့။
- မြန်မာနိုင်ငံအတွင်း ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်များအသီးသီး ထမ်းဆောင်ခဲ့။
- ၁၉၉၂ ခုနှစ်တွင် နယူးယောက်မြို့ရှိ UNICEF ရုံးချုပ်၌ Chief of Cost and Economics Unit အဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် UNICEF Senior Programme Planning Officer အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ UNICEF Regional Planning Monitoring and Evaluation Officer အဖြစ်လည်းကောင်း တာဝန်များ အသီးသီး ထမ်းဆောင်ခဲ့။
- ဥရောပနှင့် အာရှနိုင်ငံများရှိ တက္ကသိုလ်များတွင် အချိန်ပိုင်းပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိ။
- ၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရ ပညာရေးဝန်ကြီးဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့။
- ယခုအခါ အီတလီနိုင်ငံ Turin မြို့ရှိ United Nations System Staff College တွင် Principal အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ကုလသမဂ္ဂ အဆင့်မြင့်အရာရှိများအတွက် ဖွံ့ဖြိုးမှု၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားပို့ချလျက်ရှိ။
- ယခုအခါ UN Reform နှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ။
- Management Sciences Operational Research Organizational Development, Human Resources Development, Managerial Economics, Cost Analysis, Health Economics, Health System Research and Development Economics စသည့် ဘာသာရပ်များကို လေ့လာခဲ့။
- အိမ်ထောင်ရှိပြီး သမီးတစ်ဦးထွန်းကားခဲ့။
- နှစ်စဉ် မြန်မာနိုင်ငံသို့ တစ်ကြိမ် ပြန်လာလေ့ရှိပြီး ထိုသို့ပြန်ရောက်လာသည့်အခါတိုင်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်လည်းကောင်း၊ လူငယ်များ၏ ခေါင်းဆောင်မှုအရည်အသွေးကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်နိုင်ရန်လည်းကောင်း ဟောပြောပို့ချမှုများ ပြုလုပ်လျက်ရှိ။

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၂၄ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ



## ငပလီကမ်းခြေက အဆင့်မြင့် စားသောက်ဆိုင်သစ်

ငပလီကမ်းခြေမှာ မကြာသေးမီက ဖွင့်လှစ်လိုက်တာဖြစ်ပြီး မြန်မာနိုင်ငံက ပင်လယ်ကမ်းခြေစားသောက်ဆိုင်တွေထဲမှာ ဆိုင်အပြင်အဆင် အခင်းအကျင်း ခေတ်မီသပ်ရပ်မှုအရှိဆုံးနဲ့ ပင်လယ်ရှုခင်းအကောင်းဆုံးနေရာမှာတည်ရှိတဲ့ BBQ & Snack စားသောက်ဆိုင်သစ် ဖြစ်ပါတယ်။ မြပြင်ကျေးရွာအနီးက ကျွန်းငယ်တစ်ခုပေါ်မှာ နိုင်ငံတကာအဆင့်မီ ဗိသုကာဒီဇိုင်းလက်ရာနဲ့ တည်ဆောက်ထားခြင်းဖြစ်ပြီး ရေကျချိန်မှာ ကမ်းခြေကနေ လမ်းလျှောက်ကူးသွားလို့ ရနိုင်ပါတယ်။ စားသောက်ဆိုင်မှာ BBQ နဲ့ အကင်အမျိုးမျိုး၊ ဘီယာနဲ့ Soft Drink အမျိုးမျိုး၊ Snack အမျိုးမျိုးနဲ့ ရခိုင်ဟင်းလျာများကိုပါ မှာယူသုံးဆောင်နိုင်ပြီး ဒေသထွက်ငါး၊ ပုစွန်များကို ဖမ်းမိမိချင်း လတ်လတ်ဆတ်ဆတ်စားသုံးနိုင်ရန် စီစဉ်ထားတယ်လို့ဆိုပါတယ်။ ဆိုင်အတွင်း လောလောဆယ် လူဦးရေ ၅၀ ခန့် တစ်ပြိုင်တည်းလက်ခံနိုင်ပြီး ဆိုင်ပတ်ဝန်းကျင်က ကျွန်းမြေပေါ်မှာလည်း လေညှင်းခံရင်း အစားအသောက်တွေကို သယ်ယူသုံးဆောင်နိုင်မှာပါ။

ထူးခြားတာက သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရန် လောင်စာအဖြစ် လျှပ်စစ်မီး၊ ဂတ်စ်နဲ့ စက်သုံးဆီတို့အစား မီးသွေးတစ်မျိုးတည်းကိုသာ အသုံးပြုထားပြီး ညဘက်မှာ မီးတိုင်များ အလှဆင်ထွန်းညှိထားတာပဲ ဖြစ်ပါတယ်။ ငပလီကမ်းခြေမှာ လေညှင်းခံလမ်းလျှောက်ရင်း ဝင်ရောက်သုံးဆောင်နိုင်ပါတယ်။

လိပ်စာ–

Pleasant View Islet ၊ မြပြင်ကျေးရွာအနီး၊ ငပလီကမ်းခြေ၊ သံတွဲမြို့နယ်။

## မော်လမြိုင်မှာ အင်တာနက်သုံးနိုင်မယ့် နေရာ

မော်လမြိုင်မှာ အင်တာနက်သုံးနိုင်တဲ့နေရာ နှစ်နေရာ ရှိပါတယ်။ မော်လမြိုင်မှာ အင်တာနက်သုံးတဲ့သူအများစုကတော့ ရံဖန်ရံခါ ရောက်လာတတ်တဲ့ ကမ္ဘာလှည့်ခရီးသည်များ၊ တက္ကသိုလ်မှ စာတမ်းပြုစုသူ ဆရာ ဆရာမများနဲ့ အင်တာနက်သုံးဖို့ စိတ်ဝင်စားသူ လူငယ်တွေနဲ့ နိုင်ငံရပ်ခြားမှာ အလုပ်သွားလုပ်နေတဲ့ မိမိတို့ရဲ့အိမ်သားတွေထံ E-mail လှမ်းပို့ချင်တဲ့ မော်လမြိုင်မြို့ခံများပဲ ဖြစ်ပါတယ်။ iPSTAR စနစ်နဲ့ အသုံးပြုတာဖြစ်ပြီး ရံဖန်ရံခါမှာတော့ Connection ရဖို့ အချိန်အတော်ကြာအောင် စောင့်ဆိုင်းရတာကို တွေ့ရပါတယ်။ နှစ်နေရာစလုံးကတော့ Cyber Cafe ရယ်လို့ သတ်မှတ်ဖွင့်လှစ်ထားတာမျိုးမဟုတ်ဘဲ အခြားကွန်ပျူတာသင်တန်းများ၊ စာစီစာရိုက်လုပ်ငန်းများနဲ့ ပူးတွဲဖွင့်လှစ်ထားတာတွေ့ရပါတယ်။ လိပ်စာ –

၁။ Informatics Computer Training Center(မော်လမြိုင်)

အမှတ်–၂၄၊ ငန်းတေးလမ်း၊ကွင်းရပ်၊ ဈေးကြိုမီးပွိုင့်အနီး၊ မော်လမြိုင်မြို့။

၂။ သုခဖုံ

Network Game ၊ Internet & E-mail Service ၊ စာစီစာရိုက်၊ မိတ္တူနှင့် ဒီဇိုင်း

အမှတ်–၁၈၊ အရှေ့တပ်မြေလမ်း၊ အောင်သုခရပ်၊ ဖက်တန်းနယ်မြေ၊ မော်လမြိုင်မြို့။

ဖုန်း–၀၅၇–၂၁၆၆၉၊ ၂၂၂၆၃ ■

www.foreverspace.com.mm



# မုန့်ဟင်းခါးဆိုင် ကောင်းကောင်း

မုန့်ဟင်းခါးကြိုက်နှစ်သက်သူများအတွက် အရသာ အင်မတန်ထူးခြားကောင်းမွန်ပြီး နှစ်ပွဲလောက်စားမှ တင်းတိမ်နိုင်မယ့် ကြည့်မြင်တိုင်မြို့နယ်အတွင်းက ဆိုင်သစ် ဖြစ်ပါတယ်။ မုန့်ဟင်းခါးဟင်းရည်ကို သောက်ရေသန့်ဖြင့် သာချက်တယ်ဆိုတဲ့ စမ်းချောင်းပီတိမုန့်ဟင်းခါးရဲ့ ဆိုင်ခွဲပဲ ဖြစ်ပါတယ်။ အကြော်တွေကို ဆိုင်မှာတင် ပူပူနွေးနွေးကြော်တာမို့လို့ ပူနွေးကြွပ်ရှပြီး အရသာရှိလှပါတယ်။ အလွတ်တစ်ပွဲ ၁၅၀၊ အကြော်တစ်ခု ၅၀၊ အိုးဘဲဥတစ်လုံး ၁၀၀ နဲ့ အကြော်စုံ ၁၀၀ ကျပ်နှုန်းစီကျသင့်ပြီး Max အချိုရည်နဲ့ သောက်ရေသန့်တွေပါ ရရှိနိုင်ပါတယ်။ နေ့စဉ် မနက် ၆း၀၀ နာရီမှ နေ့လယ် ၁၁း၀၀ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ တစ်ကြိမ် နှစ်ကြိမ် ဆိုင်ဖွင့်ပါတယ်။ အော်ဒါမှာယူလိုသူများအတွက် အချိန် ၁၀ ပိဿာကို ၃၀၀၀၀ ကျပ် ကျသင့်တယ်လို့ ဆိုပါတယ်။

လိပ်စာ–

ပီတိမုန့်ဟင်းခါး ဆိုင်ခွဲ(၂)
အမှတ်–၈၈၊ ဗိုလ်သူရလမ်း၊
ကွမ်းရွဲတန်းလမ်းနှင့် ပိတောက်ပင်လမ်းကြား၊ ညဈေးအနီး၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။

# ဈေးနှုန်းသက်သာတဲ့ အင်တာနက်ကဖီး

အင်တာနက်အသုံးပြုခနှုန်းထား သက်သာရုံမျှမက အင်တာနက် Access Speed ပါ မြန်ဆန်တာကို တွေ့ရပါတယ်။ Net Game, Internet နဲ့ E-mail အသုံးပြုနိုင်မယ့်အပြင် ကွန်ပျူတာ Network Service နဲ့ Hardware Service တို့ကိုပါ ဝန်ဆောင်မှုပေးနေတာ တွေ့ရပါတယ်။ အင်တာနက်အသုံးပြုခ တစ်နာရီ ၄၅၀ ကျပ်မျှသာ ကျသင့်ပြီး Member ဝင်ထားမယ်ဆိုပါက သုံးနာရီ ၁၀၀၀ ကျပ်နဲ့ ၁၀ နာရီစာ ၂၅၀၀ ကျပ်သာ ကျသင့်ပါတယ်။ Website တွေကို Download ပြုလုပ်လိုပါ က 1MB ကို ၂၀၀ ကျပ် ကျသင့်မယ်လို့ ဆိုပါတယ်။

လိပ်စာ –

A Net
Computer Service Center
အမှတ်–၁၅၈/၁၆၈၊ အခန်း(၁၂)၊ ပထမထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)၊ မြို့တော်ခန်းမအနီး၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၃၈၂၄၄၃၊
E-mail:asiaNet@yangon.net.mm

# စမ်းချောင်းက နေ့လယ်စာတစ်နပ် ချိုင့်ဆွဲရနိုင်တဲ့နေရာ

ရုံးသူ၊ ရုံးသားများနဲ့ လုပ်ငန်းခွင်ဝင်ဝန်ထမ်းများ နေ့လယ်စာတစ်နပ်တည်း ဝန်ဆောင်မှုရယူလိုသူများအတွက် အဆင်ပြေမယ့် နေရာတစ်နေရာကို လမ်းညွှန်လိုက်ပါတယ်။ နေ့လယ်စာ တစ်နပ်အတွက် တစ်လကျပ် ၁၅၀၀၀ သတ်မှတ်ထားတယ်လို့ ဆိုပါတယ်။ လောလောဆယ်ဆော့စမ်းချောင်းမြို့နယ်အတွင်းကိုသာ ဝန်ဆောင်မှုပေးဦးမှာဖြစ်ကြောင်း သိရပါတယ်။ ဝန်ဆောင်မှုရယူလိုသူတွေအနေနဲ့ သုံးဆင့်ချိုင့်နှစ်လုံးတော့ ပေးထားရမှာဖြစ်ပြီး အနည်းဆုံး သုံးဦးရှိရမယ်လို့ ဆိုပါတယ်။ တစ်နပ်စာအတွက် အသားဟင်းတစ်မယ်၊ အသီးအရွက်ကြော်နဲ့ တို့စရာအစုံ၊ ချည်ရည်ဟင်း၊ တစ်ယောက်စာ အ၀ ထမင်းပါဝင်မှာဖြစ်ပြီး တစ်လစာ ငွေကြိုသွင်းထားရမယ်လို့ ဆိုပါတယ်။ နှစ်နပ်စာလိုချင်ရင်လည်း ရနိုင်တယ်လို့ ဆိုပါတယ်။ မအားလပ်သူ၊ လူခွဲမရှိသူတွေအနေနဲ့ အလှူအတန်းလုပ်မယ်ဆိုရင် ဆွမ်းပွဲနှင့် အလှူဟင်းလျာများကို အလှူတစ်ပွဲစာ အစအဆုံး တာဝန်ယူပေးမယ်လို့ သိရပါတယ်။ အလှူဟင်းလျာတစ်မျိုးချင်းမှာယူလိုပါကလည်း လူဦးရေအရေအတွက်အလိုက် ချက်ပြုတ်ဝန်ဆောင်မှုကိုလည်း ရယူနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ –

ဦးတိုးအောင်၊ ဒေါ်အုန်းသန်း
မြတ်မိသားစုထမင်းဆိုင်
အမှတ်–၁၈၊ ရတနာလမ်း၊
မြေနီကုန်း (တောင်)၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၅၃၆၃၂၈ ■

www.foreverspace.com.mm



## အခြေခံ အီလက်ထရွန်နစ် သင်တန်း တက်မယ်ဆိုရင်

အီလက်ထရွန်နစ်ပစ္စည်းတွေ ပြုပြင်ရတာကို ဝါသနာပါသူများ၊ စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ တည်ထောင်ဖွင့်လှစ်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်ပြီး အခြေခံအီလက်ထရွန်နစ်သင်တန်းကျောင်းတစ်ခုကို ညွှန်ပြလိုက်ပါတယ်။ တက်ရောက်နိုင်တဲ့ သင်တန်းအမျိုးအစားတွေကတော့ ထရန်စစ္စတာ၊ အိုင်စီအထူးသင်တန်း၊ တီဗီ၊ ဗီဒီယိုနှင့် ကွန်ပျူတာအဆင့်မြင့်အထူးသင်တန်းတွေပဲ ဖြစ်ပါတယ်။ ပြည်ပကို သွားရောက်မယ့်ပုဂ္ဂိုလ်များအတွက် ရေဒီယိုအီလက်ထရွန်နစ်ပညာရပ်ကို အင်္ဂလိပ်ဘာသာနဲ့ သင်ကြားပို့ချပေးတယ်လို့လည်း သိရပါတယ်။ စိတ်ဝင်စားလို့ စုံစမ်းကြည့်ချင်တယ်ဆိုရင်

လိပ်စာ – တိုင်းရေဒီယိုသိပ္ပံ
အမှတ်–၇၀၊ အင်းစိန်လမ်းမ၊
သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၅၁၅၁

## မန္တလေးက အခမဲ့ တရုတ်ဘာသာစကားသင်တန်း

မန္တလေးမှာနေထိုင်ပြီး တရုတ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်လိုသူများ အဆင်ပြေစေနိုင်မယ့် သင်တန်းတစ်ခုကို လမ်းညွှန်ပေးလိုပါတယ်။ အခမဲ့သင်တန်းဖြစ်တာကြောင့် စိတ်ဝင်စားသူ ဘယ်သူမဆို တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။

လိပ်စာ–
ဦးပညောဘာသ
မြို့လယ်ဆူးခါးတိုက်၊ ၈၂× ၈၃လမ်းကြား၊ ၃၃× ၃၄လမ်းကြား၊ မန္တလေး။

---

## နာမည်ကျော် ဘောလုံးအသင်း အမှတ်တံဆိပ် လိုချင်ရင်

ပရီးမီးယားလိဂ်မှ နာမည်ကျော် ဘောလုံးအသင်းတွေရဲ့ အမှတ်တံဆိပ်တွေကို အမှတ်တရ ဝယ်ယူလိုသူတွေအတွက် လက်လီလက်ကားရောင်းချပေးနေတဲ့ နေရာတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ စတီးပြားပေါ်မှာ ရေးထွင်းထားတဲ့ မန်ယူ၊ ချယ်ဆီး၊ အာဆင်နယ်၊ လီဗာပူး စတဲ့ Logo တွေနဲ့ ဒီအသင်းမန်နေဂျာတွေရဲ့ လက်မှတ်ပါတဲ့ စတီးလည်ဆွဲများ၊ စတီးသော့ချိတ်များကိုလည်း ဝယ်ယူနိုင်မှာပါ။ စိန်ဂေဟာစူပါစင်တာ၊ ဗစ်တိုးရီးယားကုန်တိုက်၊ Kyaw Home Mart၊ Mr.Slim နဲ့ Family Mart တို့လို ဆိုင်တွေမှာလည်း လက်လီဝယ်ယူနိုင်တာ တွေ့ရပါတယ်။ ဆက်သွယ်နိုင်မယ့်နေရာက–

Milestone Co., Ltd.
တိုက်–၂၊ အခန်း (၁၇)၊
နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၁၂၂၈
E-mail:milestone@myanmar.com.mm

---

ကြော်ငြာ

www.foreverspace.com.mm



## အညာသနပ်ခါး စစ်စစ်

သနပ်ခါးကြိုက်နှစ်သက်သူများ သဘောကျ ကြိုက်နှစ်သက်မယ့်ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ အညာဒေသကထွက်တဲ့ သနပ်ခါးတုံးစစ်စစ်တွေ ရရှိနိုင်တယ်လို့ သိရပါတယ်။ သနပ်ခါးတုံးများအပြင် ပြည်တွင်းထုတ် နာမည်ကြီးသနပ်ခါး အမှတ်တံဆိပ်မျိုးစုံလည်း ဝယ်ယူရရှိနိုင်ပါတယ်။ ရွှေရုပ်လွှာအမှတ်တံဆိပ်သနပ်ခါးခဲတွေ ကိုယ်တိုင်ထုတ်လုပ်တဲ့ နေရာဖြစ်လို့ ပင်ရင်းဈေးနဲ့ လက်လီလက်ကားရနိုင်တာလည်း တွေ့ရပါတယ်။ ဆိုင်ဖွင့်ချိန်က မနက် ၉ နာရီမှ ညနေ ၆ နာရီအထိဖြစ်ပြီး ပိတ်ရက်မရှိဘူးလို့ ဆိုပါတယ်။

လိပ်စာ–Best Seller
မြန်မာ့သနပ်ခါး အမျိုးမျိုးနှင့်
အလှကုန်ဆိုင်
အမှတ်–၃/၄၊ မြေညီထပ်၊
တော်ဝင်ပလာဇာ၊ တာမွေမြို့နယ်၊
ရန်ကုန်။ ဖုန်း–၀၉–၅၁၀၉၄၄၂၊
၀၉–၅၀၂၂၅၄၄

## TRI နဲ့ estilo တံဆိပ် အထည် ဝယ်မယ်ဆို

ပေါ့ပါးလွတ်လပ်တဲ့ လူငယ်ကြိုက် TRI အမှတ်တံဆိပ် ရှပ်၊ စပို့ရှပ်နဲ့ အခြားအသုံးအဆောင်ပစ္စည်းများ၊ estilo အမှတ်တံဆိပ်အမျိုးသားဝတ်များကို ဆိုင်တင်ရောင်းချလိုသူများနဲ့ လက်လီဝယ်ယူလိုသူများအတွက် ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူရရှိနိုင်မယ့် TRI နှင့် estilo ဖြန့်ချိရာ နေရာနှစ်ခုကို လမ်းညွှန်လိုက်ပါတယ်။

– မင်္ဂလာဈေးဆိုင်ခွဲ
အမှတ်–၅၈၁/၅၈၂၊ မိန်းလမ်း၊
မြေညီထပ်၊ မင်္ဂလာဈေး၊ မင်္ဂလာတောင်
ညွှန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၈၉၈၅၊ ၂၉၇၈၄၀

– ယုဇနပလာဇာဆိုင်ခွဲ
အမှတ်–F- ၁၈၊ မိန်းလမ်း၊ မြေညီထပ်၊
ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၉၁၄၆၀၊ ၂၀၀၇၄၇၊
လိုင်းခွဲ–၁၀၄၆

## ကျောက်မြောင်း ကျုံးကွက်သစ်ထဲက ဒစ်ဂျစ်တယ်ဓာတ်ပုံဆိုင်သစ်
* Invanhoe Myanmar Holding Ltd. ဥက္ကဋ္ဌ Mr. Robert M. Friedland နှင့် အဖွဲ့သည် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၈-၉-၂၀၀၅

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chongquing Metals & Minerals Import/Export Corporation မှ President, Ms. Yuan Chang Yu နှင့် အဖွဲ့သည် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၉-၉-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာမိုဟာမက် ခါရူဇ်ဇာမန်သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဘာစကားကူးမားမီထရာသည်လည်းကောင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီး တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံသို့ ရောက်ရှိနေသော မြန်မာ–ကိုရီးယား ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဆရာတော် Ven. Mok Tak သည် သာသနာရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၀-၉-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ် ကြီး H.E. Mr. Lee Ju-heum သည် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၁-၉-၂၀၀၅

* ဂျာမနီနိုင်ငံတကာ ရုပ်မြင်သံကြား Deutsche Welle (DW) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Reinhard Hartstein နှင့်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၉-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Bhaskar Kumar Mitra သည်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun သည်လည်းကောင်း နယ်စပ်ဒေသနှင့် တိုင်း ရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၀-၉-၂၀၀၅

* ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Regional Manager Mr. Nathapong နှင့်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၃-၉-၂၀၀၅

* ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီ Professor Robert H. Taylor သည်လည်းကောင်း၊ ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များ လေ့လာရေးလုပ်ငန်းစီမံချက်အရ ရန်ကုန်မြို့၌ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံမှ သရုပ်ဆောင် Mr. Jae Won Kim၊ Baby Vox အဖွဲ့နှင့် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များအဖွဲ့သည်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ New Skies Satellite မှ အာရှ–ပစိဖိတ်ဒေသ ညွှန်ကြားရေးမှူး Mr. Matthew Oh နှင့် အဖွဲ့သည်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်အသီးသီးတွေ့ဆုံဆွေးနွေး။
* တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Li Jin Jun သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra သည်လည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး HE. Mr. Bhaskar Kumar Mitra သည် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၆-၉-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra သည် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၉-၂၀၀၅

* UNAIDS မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. J.V.R. Prasada Rao နှင့်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra သည် သမဝါယမဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၉-၉-၂၀၀၅

* ရန်ကုန်မြို့တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Prapas Limpabandhu နှင့်အဖွဲ့သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. M.Khairuzzaman သည် သမဝါယမဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၃၁-၈-၂၀၀၅** ✳ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ကန်တသီ ဆုဖမုန်ခွန်နှင့်ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ။

**၂-၉-၂၀၀၅** ✳ မန္တလေးတိုင်းအတွင်းရှိ ဒုဋ္ဌဝတီ (မြစ်ငယ်)မြစ်ပေါ်၌ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Heavy Machinery Corporation (CHMC)တို့ ကန်ထရိုက်စာချုပ်ကို ရန်ကုန်မြို့ရှိ နီကိုဟိုတယ်တွင် လက်မှတ်ရေးထိုး။

✳ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Co., Ltd. (YMEC)တို့ အဆိုပါဝန်ကြီး ဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၃-၉-၂၀၀၅** ✳ စာရေးဆရာ မောင်သိန်း (ဦးသန်းဆွေ) (အသက် ၇၈ နှစ်) ကွယ်လွန်။

✳ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့တွင် စက်တင်ဘာလ ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့်(၂၃) ကြိမ် မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၅၈)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီ (Regional Committee) အစည်းအဝေးသို့တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်မြို့မှ ထွက်ခွာ။

**၄-၉-၂၀၀၅** ✳ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပသော ၂၀၀၅ ခုနှစ် အာဆီယံ (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်းက ထိုင်းလူငယ်ဘောလုံးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်၌ ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲ။

**၅-၉-၂၀၀၅** ✳ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ–အင်္ဂလိပ်သတင်းစာများကို ကျပ် ၅၀ နှုန်းဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ်ရောင်းချသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

**၇-၉-၂၀၀၅** ✳ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဂျပန်နိုင်ငံ အာရှနှင့် ပစိဖိတ်ဒေသယဉ်ကျေးမှုဗဟိုဌာန (ACCU) တို့ ပူးပေါင်းစီစဉ်မှုဖြင့် မူပိုင်ခွင့်ဗဟုသုတတိုးပွားရေးနှင့် “အာရှမူပိုင်ခွင့်လက်စွဲ” စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေအသုံးပြုရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပ။

**၁၀-၉-၂၀၀၅** ✳ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့်နှစ် (၆၀)ပြည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ထိပ်သီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ရန်ကုန်မြို့မှထွက်ခွာ။

**၁၁-၉-၂၀၀၅** ✳ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ National Defence College မှ Commodore Khondker Moyeenuddin Ahmed, (G), ndc, psc, BN ဦးဆောင်သောအဖွဲ့ဝင်များ လေ့လာရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ။

✳ စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့ ကရာကုန်းကွင်း အမှတ်–၂၀၁၊ ကောလင်း–ပင်လည်ဘူးလမ်းမကြီးဘေးရှိ မြန်မာ့စီးပွားရေးဘဏ် ကောလင်းဘဏ်ခွဲဖွင့်လှစ်။

**၁၂-၉-၂၀၀၅** ✳ မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန အခြားစွမ်းအင်ဖွံ့ဖြိုးရေးနှင့် ထိရောက်စွာအသုံးချရေးဌာန (Department of Alternative Energy Development and Efficiency- DEDE) တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအစီအစဉ်တွင် ဇီဝအားဖြည့်လောင်စာဆီကဏ္ဍကို ကဏ္ဍတစ်ခုအဖြစ် ပူးပေါင်းဆောင်ရွက်ရန်အတွက် အကြိုအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပ။

**၁၃-၉-၂၀၀၅** ✳ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဥပဒေအမှတ် ၅/ ၂၀၀၅ ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်း။

**၁၇-၉-၂၀၀၅** ✳ မန္တလေးတိုင်း စဥ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့အကြား ရန်ကုန်–မန္တလေး ခြောက်လမ်းသွားကားလမ်းပေါ်ရှိ ဒုဋ္ဌဝတီမြစ်ပေါ် ဖြတ်သန်းတည်ဆောက်ထားသည့် အရှည်ပေ ၈၄၀ ရှိသော မြစ်ငယ်တံတားဖွင့်လှစ်။

www.foreverspace.com.mm



**၁၈-၉-၂၀၀၅** ✱ ဒါရိုက်တာ မောင်နန္ဒ (အသက် ၆၇နှစ်) ကွယ်လွန်။

✱ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅၆ မိနစ် ၄၅ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၉၅ မိုင်ခန့်ကွာဝေးသော ဟုမ္မလင်းမြို့အနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅.၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်။

**၂၀-၉-၂၀၀၅** ✱ မြန်မာနိုင်ငံ ရွှေကုန်သည်ကြီးများအသင်း အစည်းအဝေးကျင်းပ။

✱ ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် မြေညီထပ်တွင် စက်တင်ဘာ ၂၁ ရက်နေ့၌ ဖွင့်လှစ်မည့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အထူးရွှေဆိုင်ကြီးတွင် ရွှေတစ်ကျပ်သားလျှင် ကျပ် ၃၀၀၀၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

✱ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိ။

**၂၁-၉-၂၀၀၅** ✱ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း မြန်မာ့ကျောက်မျက်ရတနာပြတိုက် မြေညီထပ်ရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ "အထူးရွှေဆိုင်ကြီး" ဖွင့်လှစ်။

**၂၂-၉-၂၀၀၅** ✱ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ရောင်းချပြီး ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည့် (၂၀၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုလက်မှတ်များကို တစ်စောင်လျှင် ၅၀ ကျပ်အစား ၁၀၀ ကျပ်အဖြစ် ရောင်းချ သွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်။

**၂၃-၉-၂၀၀၅** ✱ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမေရိကန်သမ္မတက မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ၁၂ လအတွင်း နိုင်ငံတကာ မူးယစ်ဆေးဝါးဆိုင်ရာ သဘောတူညီချက်များနှင့်အတူ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း မှားယွင်းစွာ သတ်မှတ်ဖော်ပြခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာ။

✱ ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များ လေ့လာရေးလုပ်ငန်း စီမံချက်အရ ကိုရီးယားသမ္မတနိုင်ငံမှ သရုပ်ဆောင် Mr. Jae Won Kim ၊ Baby Vox အဖွဲ့နှင့် ရုပ်ရှင်ဂီတအနုပညာရှင်များအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

**၂၄-၉-၂၀၀၅** ✱ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဗိုလ်ချုပ်ကြီး သူရရွှေမန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

✱ မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ညောင်ကုန်းချောင်းပေါ်၌ တည်ဆောက်ထားသည့် ပင်မတမံအလျား ၆၄၀၀ ပေ၊ အမြင့် ၄၀ ပေရှိသော ညောင်ကုန်းရေလှောင်တမံ ဖွင့်လှစ်။

**၂၈-၉-၂၀၀၅** ✱ ဖိလစ်ပိုင်နိုင်ငံ တာဂတေးမြို့၌ စက်တင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၇)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ ပဥ္စမအကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၂၉-၉-၂၀၀၅** ✱ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ "ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန် တောင်းဆိုခြင်း" အမည်ရှိသည့် အစီရင်ခံစာနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာ။

**၁-၁၀-၂၀၀၅** ✱ မကွေးတိုင်း ပခုက္ကူမြို့နယ် ပခုက္ကူမြို့မှ သုံးမိုင်ခန့်အကွာ ဧရာဝတီမြစ်ကူး ရွှေတန်းတစ်ဆိပ်ကမ်းသို့အသွား ကားလမ်းဘေးတွင်တည်ဆောက်ထားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့် အထည်စက်ရုံ (ပခုက္ကူ) ဖွင့်လှစ်။

**၂-၁၀-၂၀၀၅** ✱ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် စင်ကာပူနိုင်ငံတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Goldpetrol ရေနံကုမ္ပဏီနှင့် ရေနံသဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းအစီအစဉ်များ ဆွေးနွေးညှိနှိုင်းရန် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လွန်းသီ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

■

www.foreverspace.com.mm



# ကုန်စျေးနှုန်း

## ၂၀၀၅၊ အောက်တိုဘာလ ပထမပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စျေးနှုန်းများ

### ကားစျေးနှုန်း (၅-၁၀-၂၀၀၅)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | စျေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၂၈၀ |
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းမစုံ) | ၂၇၀ |
| Suzuki Wagon | R+ | (၅ခ)(ခဲရောင်) | ၃၂၀ |
| Suzuki Wagon | R+ | (၅ခ)(အပြာရောင်) | ၃၁၀ |
| Corolla 1.5 Limited | 86/87 | (၁က) | ၂၂၅ |
| Corolla 1.5 Limited | 88/89 | (၁က) | ၂၄၅ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၃၂၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၂၆၀ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၃၅၀ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၄၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၂၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၂၆၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၂၄၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၃၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၂၆၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၃၆၀ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၄၃၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၀၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁ခ) | ၂၆၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 88/89 | (၁က) | ၂၂၅ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 88/89 | (၁ခ) | ၃၂၅ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၂၅၅ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁ခ) | ၃၄၅ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 92/93 | (၁ခ) | ၄၁၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၀၅ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (၁ခ) | ၂၆၅ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 88/89 | (၁ခ) | ၃၁၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၂၄၅ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 90/91 | (၁ခ) | ၃၃၅ |
| Toyota Corona 2.0 Van (ဒီဇယ်) | 88/89 | (၁ခ) | ၂၉၀ |
| Toyota Corona 2.0 Van (ဒီဇယ်) | 90/91 | (၁ခ) | ၂၉၅ |
| Toyota Publica | 86/87 | (၁က) | ၁၃၅ |
| Toyota Publica | 86/87 | (၁ခ) | ၁၅၀ |
| Toyota Publica | 88 | (၁က) | ၁၃၅ |
| Toyota Publica | 88 | (၁ခ) | ၁၆၀ |
| Sunny Pick-up | 86/87 | (၁က) | ၉၅ |
| Sunny Pick-up | 90/91 | (၁က) | ၁၂၅ |
| Sunny Super Salloon (1.5) | 86/87 | (၁က) | ၂၂၅ |
| Sunny Super Salloon (1.5) | 86/87 | (၁ခ) | ၂၈၅ |
| Sunny Super Salloon (1.5) | 88/89 | (၁က) | ၂၀၀ |
| Sunny Super Salloon (1.5) | 88/89 | (၁ခ) | ၂၅၀ |
| Sunny Super Salloon (1.5) | 90/91 | (၁က) | ၂၅၀ |
| Sunny Super Salloon (1.5) | 90/91 | (၁ခ) | ၃၁၅ |
| Marlk II Groire (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၂ခ) | ၄၆၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၅၂၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၅၃၀ |
| Marlk II Grande (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၄၈၀ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၃၅၀ |
| CROWN MAJESTA (4.0) | 96/97 | (၁ခ) | ၄၉၀ |
| PAJERO V46 (2.8) | 96 | (၂ခ) | ၇၈၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၃ခ) | ၁၀၀၀ |
| TOYOTA LANDCRUISER (4.7) | 98 | (၃ခ) | ၁၂၈၀ |
| TOYOTA PRADO (3.0) | 96TZ | (၃ခ) | ၁၁၀၀ |
| TOYOTA PRADO (2.4D) | 92 | (၃ခ) | ၉၃၀ |
| HILUX (DOUBLE CAB) (3.0) | 98 | (၃ခ) | ၅၈၀ |
| HILUX (DOUBLE CAB) (2.4) | 98 | (၃ခ) | ၅၀၀ |
| HILUX (DOUBLE CAB) (2.8) | 95 | (၃ခ) | ၄၅၀ |
| HILUX SURF (3.0) | 97 | (၃ခ) | ၆၀၀ |
| HILUX SURF (3.0) | 94 | (၃ခ) | ၅၇၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ စျေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ စျေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်စျေးများသာ ဖြစ်သည်။

www.foreverspace.com.mm



## တီဗီရောင်စုံများ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| DISTAR | 2150 (Flat) | 21" | ၁၇၅,၀၀၀ |
| DISTAR | 2130 (STEREO) | 21" | ၁၄၅,၀၀၀ |
| DISTAR | 2947 | 29" | ၂၆၅,၀၀၀ |
| DISTAR | 2545 | 25" | ၂၂၅,၀၀၀ |
| Toshiba | 21 S3 | 21" | ၁၈၅,၀၀၀ |
| Toshiba | 29 A3 | 29" | ၃၁၀,၀၀၀ |
| SANYO | 21KX8 | 21" | ၁၇၀,၀၀၀ |
| SANYO | 21 AF8VA | 21" | ၂၀၅,၀၀၀ |
| SANYO | 29 KX5 | 29" | ၃၁၅,၀၀၀ |
| SANYO | 14KX8 | 14" | ၁၁၀,၀၀၀ |
| Samsung | 21M16 | 21" | ၁၈၀,၀၀၀ |
| SANYO | 14G81A | 14" | ၁၁၅,၀၀၀ |
| Sakura | 14" 1475 | 14" | ၉၄,၀၀၀ |
| Sakura | 21" 2117 | 21" | ၁၄၂,၀၀၀ |
| Sakura | 21" 2127 | 21" | ၁၄၂,၀၀၀ |
| Sakura | 29" SR 29 | 29" | ၂၆၀,၀၀၀ |

## ရေခဲသေတ္တာများ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| HQ (CANCOOLER) | 405 | ၄၇၀,၀၀၀ |
| DISTAR | 960A | ၁၇၀,၀၀၀ |
| SANYO | SR521 | ၁၂၀,၀၀၀ |
| Panasonic | 184 G1 | ၁၈၅,၀၀၀ |
| Panasonic | 184 W | ၁၉၅,၀၀၀ |
| SANYO | 152C | ၁၂၀,၀၀၀ |
| SANYO | 159C | ၁၆၅,၀၀၀ |
| SANYO | 563C | ၁၇၅,၀၀၀ |
| SANYO | 163CQ | ၁၈၅,၀၀၀ |
| SANYO | 570 | ၂၁၀,၀၀၀ |
| TOSHIBA | 22SPT | ၃၃၅,၀၀၀ |
| TOSHIBA | 37ST | ၄၂၀,၀၀၀ |
| TOSHIBA | 46ST | ၄၇၀,၀၀၀ |
| TOSHIBA | 17ZD | ၁၈၅,၀၀၀ |
| SAUMSUNG | 20 | ၁၉၀,၀၀၀ |
| SANYO | SR408D | ၃၆၀,၀၀၀ |
| SANYO | SR409D | ၃၉၉,၀၀၀ |
| SANYO | SR 511 | ၄၁၉,၀၀၀ |
| SANYO | SR 515 | ၅၆၉,၀၀၀ |
| SANYO | SR 518 MS | ၇၇၀,၀၀၀ |
| SANYO | SR 518 ST | ၈၁၅,၀၀၀ |
| Sakura | Freezer SF (9) NG | ၂၉၀,၀၀၀ |
| SANYO | SF 992 NG | ၃၅၉,၀၀၀ |
| SANYO | SF 692 ST | ၃၂၅,၀၀၀ |

## VCD ပြစက်

(၅-၁၀-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | 870/890 | ၅၈,၅၀၀ |
| Samsung | Z10 MM | ၄၂,၀၀၀ |
| Samsung | 30 Me | ၆၀,၅၀၀ |
| DISTAR | 2217K | ၄၀,၀၀၀ |
| Sakura | SVD 681 (Micro System) | ၄၈,၀၀၀ |
| Sakura | SVD 682 (Micro System) | ၄၈,၀၀၀ |
| Sakura | S 301 M | ၃၃,၀၀၀ |
| Sakura | S 401 M | ၃၃,၀၀၀ |
| Sakura | S 501 M | ၃၃,၀၀၀ |

## DVD ပြစက်

(၅-၁၀-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | 438 K | ၈၈,၀၀၀ |
| SAMSUNG | 338 K | ၇၃,၅၀၀ |
| SAMSUNG | 248 | ၆၉,၀၀၀ |
| SAMSUNG | 339 | ၆၅,၀၀၀ |
| SANYO | 9501 | ၉၅,၀၀၀ |
| Sakura | DVK 50 | ၅၆,၀၀၀ |
| Sakura | SR 70 | ၆၄,၀၀၀ |
| Sakura | SR 70 | ၆၄,၀၀၀ |
| Sakura | SR 71 | ၆၆,၀၀၀ |

## လေအေးစက်များ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၃၁၅,၀၀၀ |
| SANYO | 122G | ၄၁၅,၀၀၀ |
| SANYO | 94 G | ၃၁၅,၀၀၀ |
| SANYO | 124G | ၄၁၅,၀၀၀ |
| SANYO | 182G/1846 | ၆၄၀,၀၀၀ |
| SANYO | 99G | ၂၂၅,၀၀၀ |
| SANYO | 123S | ၂၈၅,၀၀၀ |
| SANYO | 183S | ၄၃၅,၀၀၀ |
| SANYO | 131S | ၄၄၀,၀၀၀ |
| SANYO | 181 G | ၅၉၀,၀၀၀ |
| Ichiban | 094EK | ၁၉၀,၀၀၀ |
| Ichiban | 124EK | ၂၃၀,၀၀၀ |
| SANYO | 94H | ၂၃၀,၀၀၀ |
| SANYO | 124H | ၃၀၀,၀၀၀ |
| PANASONIC | XC 9CKH | ၃၀၅,၀၀၀ |
| PANASONIC | XC 12CKH | ၄၀၅,၀၀၀ |
| PANASONIC | 91JH | ၂၂၅,၀၀၀ |
| PANASONIC | 121 VH | ၂၆၅,၀၀၀ |
| Sakura | SS 90E (Split Type) | ၁၉၅,၀၀၀ |
| Sakura | SS 90F (Split Type) | ၁၉၅,၀၀၀ |
| Sakura | SS 90 RO (Split Type) | ၂၀၆,၀၀၀ |
| Sakura | SS 120 E (Split Type) | ၂၂၆,၀၀၀ |
| Sakura | SS 120 RO (Split Type) | ၂၃၆,၀၀၀ |

## အဝတ်လျှော်စက်များ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | W 80 SIT | ၂၃၅,၀၀၀ |
| SANYO | 450 FT | ၁၄၉,၀၀၀ |

www.foreverspace.com.mm



| | | |
|---|---|---|
| SANYO | 91 AT | ၂၄၅,၀၀၀ |
| SANYO | Ws 92 AT | ၂၅၅,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၅-၁၀-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၅၆၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁၅၀၀ |
| Horlick(ကော်ဘူးကြီး)1.80kg | ၈၇၀၀ |
| Junior Horlick (400 g) | ၂၈၀၀ |
| Milo (400g) ခဲထုပ် | ၂၂၀၀ |
| Milo (400g) (ပုလင်း) | ၃၂၀၀ |
| Maltova (400g) (နီ) | ၂၄၀၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၁၁၀၀ |
| MIKE Coffee mix (၄၈ ထုပ်ဝင်) | ၂၄၀၀ |
| JAVA Coffee mix (၃၀ ထုပ်ဝင်) | ၁၉၀၀ |
| OWL (Tea mix ) (၃၀ ထုပ်ဝင်) | ၁၈၀၀ |
| ENERGY (Nutrious Ceareal ) (၃၀ထုပ်ဝင်) | ၁၆၀၀ |
| NESCAFE (Red Cup)(200g) | ၃၇၅၀ |
| NESCAFE (Red Cup)(200g) (ခဲထုပ်) | ၂၉၀၀ |
| NESCAFE (Red Cup) (50g) | ၁၂၀၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၂၀၅၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၂၀၅၀ |
| Super Coffee Mix(၃၀ ထုပ်ဝင်) | ၁၈၀၀ |
| (Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်) | ၂၀၀၀ |
| Royal Myanmar (Tea Mix)(၁၀ ထုပ်ဝင်) | ၆၃၀ |
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၂၉၀၀ |
| Special Cereal (၂၀ ထုပ်ဝင်) | ၁၅၅၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၆၅၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၃၁၀၀ |
| Goldroast (၅၀ ထုပ်ဝင်) | ၃၁၅၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁၃၀၀ |
| Mikko (Coffee Mix) (၃၀ ထုပ်ဝင်) | ၁၇၀၀ |
| Ovaltine (400g) နီ | ၃၀၀၀ |
| Complan (500g) (ဖြူ) | ၃၂၅၀ |
| Ovaltine (200g) နီ | ၁၉၀၀ |
| Ovaltine (450g) (စက္ကူဘူး) | ၂၄၅၀ |
| Maltova (450g) (ချော့ကလက်) | ၂၄၅၀ |
| Calsome(Nutrious Cereal) (၃၀ထုပ်ဝင်) | ၁၉၀၀ |
| BLUE Coffemix (၂၄ ထုပ်ဝင်) | ၁၀၀၀ |
| PREMIER COFFEE (၃၀ထုပ်ဝင်) | ၁၈၅၀ |
| Coffee King (၅၀ထုပ်ဝင်) | ၁၈၅၀ |
| Tang လိမ္မော်မှုန့် 750g | ၂၈၅၀ |
| Mother Horlicks 500g | ၃၇၀၀ |
| Complan 500g (ချော့) | ၃၃၀၀ |
| Ovaltine 400g (ဖြူ) | ၃၀၀၀ |
| Ovaltine 200g (ဖြူ) | ၁၈၀၀ |
| Ovaltine 400g (စက္ကူဘူး) | ၂၇၀၀ |
| Gold Hill Mashed Potatoes (၁၀ ထုပ် ၁ ပါကင်) | ၂၃၀၀ |

## နို့မှုန့်ဘူးများ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၉၁၅၀/၈၈၅၀ |
| Dumex (700g)(Segara) (နီ)ခဲထုပ် | ၆၁၅၀ |
| Promex (900g) | ၃၆၅၀ |
| Promex (400g) | ၁၈၀၀ |
| Dumex (3plus)(700g) | ၆၈၅၀ |
| Dumex (Step-1)(450g) | ၄၇၅၀ |
| SMA (1kg) | ၁၀၃၀၀ |
| Dumex Step 1,2 800g | ၇၃၀၀/၇၀၀၀ |
| Dumex 1Plus 700g | ၆၉၀၀ |
| Dumex 1Plus (Honey) 700g | ၇၁၀၀ |
| Dumex Ma Ma Plus 400g | ၅၂၀၀ |
| Dumex Lactose free 400g | ၅၃၀၀ |
| Blue Star 400g | ၁၃၀၀ |
| Blue Star 900g | ၃၅၀၀ |
| Blue Star 1.8 Kg | ၇၃၀၀ |
| Blue Star 2.5 Kg | ၁၀၈၀၀ |
| Cow head full cream 1.8 Kg | ၁၀၈၀၀ |
| Cow head full cream 2.5 Kg | ၁၄၀၀၀ |
| လက်တိုဂျင် 1000 g 1,2 | ၆၁၅၀/၆၀၀၀ |
| Nestle BEAR BRAND 1 Plus 800g | ၃၄၀၀ |
| Nestle BEAR BRAND 3 Plus 800g | ၃၆၀၀ |
| Nestle ဆန် သံဘူး | ၂၂၀၀ |
| Nestle ဂျုံ သံဘူး | ၃၁၀၀ |
| Nestle လေးမျိုးစပ် သံဘူး | ၂၇၅၀ |

## စီးကရက်များ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Vegas | ၄၀၀ |
| Vegas (Light) | ၄၃၀ |
| London (ရိုးရိုး) | ၅၅၀ |
| 555 (ရိုးရိုး) | ၁၂၀၀ |
| Marlboro (Light) | ၁၂၀၀ |

www.foreverspace.com.mm



| | |
|---|---|
| MILD SEVEN | ၁၃၀၀ |
| DUYA ရွှေရောင် | ၂၃၀ |
| Golden Triangle | ၁၈၀ |
| Paris ညို/ခဲ | ၃၃၀/၁၈၀ |
| Lucky | ၉၀ |
| 555 (Lights) | ၁၃၀၀ |
| MILD SEVEN (Lights) | ၁၃၀၀ |
| DUNHILL | ၁၀၅၀ |
| Marlboro/Marlboro(MENTHOL) | ၁၁၀၀/၁၂၀၀ |
| RAVE | ၄၀၀ |

## နိုင်ငံခြား အရက်များ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12Years Old) | ၁၅၀၀၀ |
| CHIVAS (75Cl) | ၁၇၆၀၀ |
| Hennessy(V.S.O.P)(35CI) | ၁၆၅၀၀ |
| Hennessy(V.S.O.P)(70CI) | ၃၉၆၀၀ |
| VAT 69 (75Cl) | ၈၆၀၀ |
| Jonnie Walker (Red)(75Cl) | ၁၃၂၀၀ |
| Jonnie Walker (Red)(37.5Cl) | ၇၁၅၀ |
| Jonnie Walker (Red)(1Liter) | ၁၆၅၀၀ |
| Jonnie Walker (Black)(20Cl) | ၄၈၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၃၂၀၀ |
| Jonnie Walker (Black)(75Cl) | ၂၄၇၅၀ |
| Jonnie Walker(Black)(1Liter) | ၂၉၇၀၀ |
| LANGS(Aged 5 Years)(75Cl) | ၈၈၀၀ |
| Black & White (1Liter) | ၁၃၈၀၀ |
| Black & White (75Cl) | ၁၀၀၀၀ |
| Gold Label (75Cl) | |
| Black Cat (75Cl) | ၆၀၀၀ |
| Black Cat (35Cl) | ၃၃၀၀ |
| WHITE & MACKAY (75Cl) | ၉၄၀၀ |
| DALMORE (75Cl) | ၅၅၀၀ |
| SCOTS CLUB (75Cl) | ၆၄၀၀ |
| SCOTTISH LEADER | ၅၅၀၀ |
| Blue Label | ၁၀၅၀၀၀ |
| BACARDI (75Cl)Limon | ၈၂၀၀ |
| BACARDI (75Cl)ရွှေရောင်/အဖြူရောင် | ၈၃၀၀ |
| (KING ROBERT) VODKA (75CL) | ၄၄၀၀ |
| (KING ROBERT)Gin (75CL) | ၄၄၀၀ |
| (KING ROBERT)Whisky(75CL) | ၄၄၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁၁၀၀ |
| VAT 69(1Liter) | ၁၃၂၀၀ |
| Mekhong (75CL) | ၅၀၅၀ |
| Mekhong (37.5CL) | ၂၆၀၀ |
| THE FAMOUS GROUSE (75CL) | ၁၀၀၀၀ |
| INVER HOUSE (75CL) | ၇၂၀၀ |
| TOMINTOUL (75CL) | ၉၀၀၀ |
| PASSOPRT SCOTCH(75CI) | ၈၈၀၀ |
| Ballantine (75Cl) | ၈၈၀၀ |
| Ballantine (35Cl) | ၂၈၀၀ |
| SPEY ROYAL (70Cl) | ၄၄၀၀ |
| SPEY ROYAL (35Cl) | ၂၂၀၀ |

## မုန့်ပုံး သံဘူးများ

(၅-၁၀-၂၀၀၅)

| | |
|---|---|
| Fruits Wagon | ၄၅၀၀ |
| မိသားစု | ၄၈၀၀ |
| MELODIES | ၄၄၀၀ |
| Popcorn Crackers | ၄၉၀၀ |
| Cream Crackers(Hup Seng) | ၅၀၀၀ |
| (KERK) Fantasy | ၄၅၀၀ |
| (TATAWA) Wonderful | ၄၂၀၀ |
| (KHIAN GUAN) Top Choice | ၄၅၀၀ |
| (HWA TA) Choice | ၄၂၀၀ |
| (KWA TA) Festival | ၄၂၀၀ |
| (KERK)Classic | ၄၄၀၀ |
| (Munchys) Fummix | ၄၅၀၀ |
| (Munchys) Topmix | ၄၅၀၀ |
| Tip Top | ၄၀၀၀ |
| ALWAYS | ၄၂၀၀ |
| (HWA IAI) Celebrity | ၄၂၀၀ |
| (HWA IAI) Magical | ၄၂၀၀ |
| Time's Right | ၄၄၀၀ |
| Summer Day | ၄၄၀၀ |
| (Shan Fatl) Party | ၄၄၀၀ |
| Happy Day | ၄၄၀၀ |
| (julie's) JAMBOREE | ၄၄၀၀ |
| (Julie's) CERIA | ၄၂၀၀ |

## ခေါက်ဆွဲခြောက်များ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၉၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၀၀ |
| Yum Yum (ဘဲသားဆီချက်) | ၉၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၈၀ |
| MAMEE ကြာဆံ | ၁၂၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၈၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၉၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၉၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၀၀ |
| MAMEE(သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၉၀ |
| MAMEE (သက်သတ်လွတ်ဆီချက်) | ၈၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၀၀ |
| Shin Shin (ကြာဆံ) | ၁၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၉၀ |
| Yum Yum ကြက်သားချဉ်စပ် | ၉၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၁၀ |
| MAMEE ပုစွန်မလိုင်ချဉ်စပ် | ၁၁၀ |
| Fashion Food ခေါက်ဆွဲဘူး | ၄၃၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၁၈၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၁၈၀ |

## သွားတိုက်ဆေးများ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) | ၅၀၀ |
| Colgate (40g) Double Cool Stripe | ၃၀၀ |
| Colgate (160g) Double Cool Stripe | ၁၂၀၀ |
| Close-Up (New)(40g) | ၃၅၀ |
| Close-Up (160g) | ၁၅၀၀ |
| DARLIE (200g) နှစ်ဘူးတွဲ | ၂၀၀ |
| LASER | ၃၅၀ |
| Colgate Fresh Cool Mint 200g | ၁၄၀၀ |
| Colgate Total Fresh Stripe 160g | ၂၃၅၀ |
| Colgate Whitening 160g | ၁၉၅၀ |
| Colgate gel (စိမ်း) 160g | ၁၄၀၀ |
| ZACT LION 90g | ၉၅၀ |
| Fresh & White Gel 100g | ၈၅၀ |
| Smile Up 105g | ၆၅၀ |
| တရုတ်သွားတိုက်ဆေး ဘူးပြာကြီး | ၂၃၀ |
| တရုတ်သွားတိုက်ဆေး ဘူးပြာသေး | ၈၀ |
| Fresh Up 160g | ၅၅၀ |

www.foreverspace.com.mm



## ကိုယ်တိုက်ဆပ်ပြာများ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၂၀ |
| Imperial Leather (125g) | ၄၀၀ |
| Beauty | ၁၃၀ |
| GIV (80g) | ၁၇၀ |
| Style (75g) | ၁၀၀ |
| Dettol (60g) | ၂၅၀ |
| Miss | ၁၆၀ |
| 1 Plus 1 | ၁၂၀ |
| DOVE | ၈၀၀ |
| NIVEA 100g | ၅၅၀ |
| Protex | ၅၅၀ |
| Bamboo Salt | ၆၅၀ |
| Say 100g | ၆၅၀ |
| Naturally Fair | ၂၀၀ |
| YOKO WHITENING Herbal 110g | ၇၅၀ |
| Vaseline HARMONY 100g | ၃၀၀ |
| PREMIER 100g | ၂၈၀ |
| Safeguard 100g | ၃၅၀ |
| Fa 2 in 1 100g | ၅၂၀ |
| ASEPSO | ၅၅၀ |
| CAMAY | ၅၅၀ |
| Palmolive အကြည် | ၃၀၀ |
| (Cussons) Pearl 100g | ၁၃၀ |
| Fair & Lovely 75g | ၃၀၀ |
| LUX 100g | ၂၈၀ |
| KAO | ၃၃၀ |
| Parrot | ၁၅၀ |
| Flore 90g | ၁၈၀ |
| Paris 135g | ၂၅၀ |
| Paris 90g | ၁၇၀ |
| A21 (နက်)70g | ၁၇၀ |
| A21 (နက်)125g | ၂၅၀ |
| DG Soap 100g | ၂၀၀ |

## ခြင်ဆေးခွေ

(၅-၁၀-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၂၆၀ |
| Fumakilla (10) coils | ၁၅၀ |
| MARS | ၁၅၀ |
| King Kong | ၁၇၀ |
| Raid | ၂၉၀ |
| ATAK | ၁၅၀ |
| FIGHTER | ၁၇၀ |
| GO! | ၁၈၀ |
| Double Cow | ၂၀၀ |
| MOSFLY | ၁၆၀ |
| ဂေါ်ဇီလာ | ၂၅၀ |
| MARS POWER | ၁၈၀ |
| Jumbo (30) | ၆၀၀ |
| ARS | ၁၂၀ |

# ကွန်ပျူတာဈေးနှုန်းများ

(၅-၁၀-၂၀၀၅)

### ❑ KMD BASIC MODEL

- Intel Celeron 2.53D GHz (256MB, 533 MHz)
- GIGA 8VM533 Rz Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 400 MHz)
- 80 GB HDD (Hitachi, 7200 RPM). 1.44MB FDD (Mitsumi)
- 15" SVGA Digital Control Color Monitor (Philips)
- PS II Keyboard & PS II Scroll Mouse (Aopen)
- Mouse Pad
- P4 Casing (Normal with Front USB)

Price 437,000 Ks

### ❑ CFTG Power Computer

- Intel Pentium 4 2.4 GHz processor with included:
- Gigabyte 8 VM 533 M/B with AGP, Sound & Lan Builtin
- 256 MB DDR RAM
- 80 GB IDE HDD
- 1.44 MB FDD
- AGP 64 MB Adaptor
- P4 ATX Tower Casing With Power Supply
- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic/Samsung)

Price 580,500 Ks

### ❑ KMD PREMIUM MODEL

- Intel Pentium 4 3.4 GHz [1MB L2 Cache/800 MHz]
- GIGA- 81PE775 Pentium 4 Motherboard [Builtin Sound]
- 512 MB (2 x 256) DDR RAM (400 MHz/Kingston, Dual DDR)
- 80GB Hard Disk Drive (7200RPM)
- 1.44 MB Floppy Disk Drive (Mitsumi)
- AGP 128 MB 3D Graphic Card W/TV Out (FX5200)
- 15" SVGA Digital Control Color Monitor (Philips)
- PSII Keyboard & PSII Scroll Mouse
- Mouse Pad with Picture
- Pentium 4 Casing (iCut-Light high)
- 18 Months Warranty

Price 900,000 Ks

[အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ အောက်တိုဘာလ ၅ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လိုပါက (သို့မဟုတ်) လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။]

www.foreverspace.com.mm



### Multimedia

| | |
|---|---|
| PCI Sound Card (Creative SB Live Value) | 44,500 Ks |
| 52X CD-ROM (LG) | 16,500 Ks |
| 52 X CD-ROM (SONY) | 22,000 Ks |
| 16X Sony DVD | 32,800 Ks |
| Sony CD Writer (52 x 32 x 52 x) | 35,000 Ks |
| 52 X 32 X 52 X 16 X Combo (LG) | 53,000 Ks |
| 720 Watt Speakers | 5,200 Ks |

### Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 66,500 Ks |

### Storage Device

| | |
|---|---|
| 80 GB (Hitachi-7200 RPM) | 73,000 Ks |
| 120 GB (Seagate) IDE 7200 RPM | 104,500 Ks |
| 160 GB (Hitachi-7200 RPM) | 108,500 Ks |

### Monitor

| | |
|---|---|
| 17" SVGA Color Monitor (Compaq) | 111,000 Ks |
| 17" SVGA Color Monitor (Philips)107T(Flat) | 168,000 Ks |
| 15" LCD Color Monitor (Philips) | 288,000 Ks |
| 17" LCD Color Monitor (Philips) | 358,000 Ks |

### Printer

| | |
|---|---|
| HP Laser jet 1020 Printer (USB) | 195,000 Ks |
| HP Deskjet 1280 (USB) | 312,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 210,000 Ks |
| EPSON C65 Printer | 108,000 Ks |
| EPSON C45 Inkjet Printer | 70,200 Ks |
| EPSON Photo R310 Printer | 283,500 Ks |
| EPSON Photo R210 Printer | 209,250 Ks |
| EPSON Aculaser C-1900 Laser Printer | 1,957,500 Ks |
| EPSON Aculaser C-1100 Laser Printer | 1,687,500 Ks |
| Fuji Xerox Laser 3116 Printer (USB) | 209,000 Ks |
| Fuji Xerox Laser 3130 Printer (USB) | 383,000 Ks |

### Scanner

| | |
|---|---|
| EPSON Perfection 1270 Photo | 122,000 Ks |
| EPSON perfection 3170 (Photo) | 372,000 Ks |
| Flatbed Scanner HP 2400c (USB) | 101,000 Ks |
| Flatbed Scanner HP 8200C (USB) | 641,000 Ks |

### Toner

| | |
|---|---|
| HP Toner 5L-6L | 67,000 Ks |
| HP 1300 Toner/HP 1010 Toner | 75,800 Ks |
| HP 1100 Toner | 66,100 Ks |
| EPSON 6200L Toner | 65,450 Ks |
| Fuji Xerox Toner | 71,800 Ks |

### UPS

| | |
|---|---|
| 600VA (Power Tree) Basic | 40,500 Ks |
| 1.2KVA (Power Tree) | 77,500 Ks |
| 600 VA (Power Tree) Classic | 44,500 Ks |

မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို **Client Focus Technology Group** နှင့် **KMD Computer Centre** တို့မှ ရယူထားပါသည်။ (အယ်ဒီတာ)

ကြော်ငြာ

# Service +

**မြန်မာနိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ ဟိုတယ်များ၊ Resortများနှင့် စီးပွားရေးလုပ်ငန်းများ၌ ကွန်ပျူတာကွန်ရက်ချိတ်ဆက်ပေးခြင်း၊ ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်းနှင့် အင်တာနက်အခြေခံ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။**

- ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် ကွန်ပျူတာပညာရှင်လူငယ်တစ်စုက ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း၌ တည်ထောင်ဖွင့်လှစ်ခဲ့သည်။
- လုပ်ငန်းစတင်ခါစက ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်းနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ ရောင်းချခြင်းတို့ကို အဓိက ဆောင်ရွက်ခဲ့သည်။

SERVICE +

Working for Society




www.foreverspace.com.mm





- ၂၀၀၃ ခုနှစ်တွင် စမ်းချောင်းမြို့နယ် ရတနာလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ကွန်ပျူတာကွန်ရက်ချိတ်ဆက်ခြင်း၊ အင်တာနက်တပ်ဆင်ပေးခြင်းတို့ကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။
- တည်ထောင်သူနှင့် အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးရဲထွန်းအောင်ဖြစ်ပြီး ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်းနှင့် Networking Service ဝန်ထမ်း ၁၄ ဦးနှင့် အင်တာနက်သင်တန်းနည်းပြ ၁၅ ဦးရှိသည်။
- ပုဂံမြို့ သရပါဂိတ်ဟိုတယ်၊ ပုဂံဟိုတယ်၊ ငပလီကမ်းခြေရှိ Amata Resort၊ ငပလီကမ်းခြေဟိုတယ်၊ ချောင်းသာကမ်းခြေရှိ Max ဟိုတယ်၊ ငွေဆောင်ကမ်းခြေရှိ Treasure Beach ဟိုတယ်၊ အင်းလေးဒေသရှိ Inle Resort တို့တွင် ကွန်ပျူတာကွန်ရက်ချိတ်ဆက်ပေးခြင်း၊ အင်တာနက်တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ဝန်ထမ်းများအား သင်တန်းပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။
- ရန်ကုန်မြို့အတွင်း ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်း၊ ကွန်ပျူတာကွန်ရက်ချိတ်ဆက်ခြင်းတို့အတွက် ခရီးသွားလုပ်ငန်းကုမ္ပဏီအများအပါအဝင် Contract စနစ်ဖြင့် လုပ်ငန်းအပ်နှံထားသည့် ကုမ္ပဏီအဖွဲ့အစည်း ၁၅ ခုခန့်ရှိသည်။
- ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် အင်တာနက်နှင့် E-mail အသုံးပြုနည်း အခြေခံရက်တိုသင်တန်း (Internet Surfing & E-mailing Training) ကို စတင်ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။
- ယခုအခါ ရန်ကုန်မြို့အတွင်း စမ်းချောင်းမြို့နယ်ရှိ ကုမ္ပဏီတည်ရှိရာနေရာ၊ ပန်းဘဲတန်းမြို့နယ်ရှိ Myanmar Accountancy Academy (MAA) သင်တန်းနေရာနှင့် ဗိုလ်တထောင်မြို့နယ်ရှိ Planet Internet Cafe တို့တွင်လည်းကောင်း၊ မန္တလေးမြို့ ရတနာပုံဈေး ICT Park ရှိ မန္တလေးကွန်ပျူတာပညာရှင်အသင်း သင်တန်းခန်းမတွင်လည်းကောင်း၊ မုံရွာမြို့ ရုံးကြီးရပ်ရှိ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတွင်လည်းကောင်း အဆိုပါအင်တာနက်နှင့် E-mail အသုံးပြုနည်း အခြေခံရက်တိုသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိသည်။
- ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်း တောင်ကြီးမြို့တွင် သင်တန်းတိုးချဲ့ဖွင့်လှစ်သွားမည်ဟု ဆိုသည်။
- မဟာစည်ဆရာတော်ဘုရားကြီးရေးသားပြုစုတော်မူခဲ့သော စာမျက်နှာပေါင်း ၁၀၀၀၀ ကျော်ရှိသည့် တရားတော်များအား Digital Formats နှင့် CD အသွင်ပြောင်းရာ၌ နည်းပညာပိုင်းမှ အဓိကကူညီပံ့ပိုးပေးခဲ့သည်။



- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

Service +
ဦးရဲထွန်းအောင်(အုပ်ချုပ်မှုဒါရိုက်တာ)
အမှတ်–၂၃၆၊ အခန်း–၄(C)၊ ၃ ထပ်၊
ရတနာလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၅၀၀၄၅၇
E-mail : svp@yangon.net.mm

www.foreverspace.com.mm



# ဘယ်ပစ္စည်းဘာ့ကြောင့် Which & Why



## FM နားဆင်နိုင်သည့်လက်ပတ်နာရီ

City FM နားထောင်နိုင်သော လက်ပတ်နာရီဖြစ်။ နာရီမှ Earphone ဖြင့် FM မှ ထုတ်လွှင့်သောအစီအစဉ်များကို တိုက်ရိုက် နားထောင်နိုင်ဟုဆို။ တရုတ်နိုင်ငံကထုတ်လုပ်ပြီး ရောင်းဈေး ၃၅၀၀ ကျပ်ဝန်းကျင်ဖြစ်။



## CALLER HAND FREE (Voice Change Hand Free)

GSM, CDMA, Mobile Phone များမှ ထွက်ပေါ်လာသောအသံကို ပြောင်းလဲနိုင်သော Earphone ဖြစ်။ တစ်ဖက်မှ ပြောသောအသံကို အမျိုးသားအသံနှင့် အမျိုးသမီးအသံသို့ ပြောင်းလဲပေးသော Hand Free Earphone အဖြစ် အသုံးပြုနိုင်ဟုဆို။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ၅၅၀၀ ကျပ်ဖြစ်။




## Dry Call Mobile Phone Charger

အိတ်ဆောင် Handset Charger ကိရိယာဖြစ်။ 9V ဓာတ်ခဲတစ်လုံးဖြင့် အသုံးပြုနိုင်ပြီး ၄၅ မိနစ်အတွင်း အားပြည့်နိုင်။ အားသွင်းပြီးစ အသုံးပြုလျှင် မိနစ် ၆၀ အသုံးပြုနိုင်၍ ဓာတ်ခဲလဲလှယ်ပြီး အသုံးပြုပါက ၁၅ နာရီကြာ အသုံးပြုနိုင်ဟုဆို။ စင်ကာပူနိုင်ငံမှတင်သွင်းပြီး ရောင်းဈေး ၈၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## JIN အပူပေးစက် NSB-200



အိပ်ခန်းအတွင်းထားရှိနိုင်ပြီး မျက်နှာပြင်လေးဖက်စလုံးမှ လေအပူရရှိစေနိုင်။ တစ်ဖက်တွင် ၅၀၀W ဖြင့် စုစုပေါင်း အပူချိန် ၂၀၀၀ W အထိ ရရှိနိုင်။ ရောင်းဈေး ကျပ် ငါးသောင်းခွဲဖြစ်။ အလွယ်တကူ ရွှေ့ယူနိုင်သောဘီးပါရှိသည်ဟုဆို။



## လက်အခြောက်ခံစက် VR-333

ဟိုတယ်၊ ဆေးရုံ၊ ဆေးပေးခန်း၊ စားသောက်ဆိုင်နှင့် သန့်စင်ခန်းများတွင် အသုံးပြုသော လက်အခြောက်ခံစက်ဖြစ်။ အပူချိန် 1000 W ရှိပြီး ရောင်းဈေး ကျပ် ၃၈၀၀၀ ဖြစ်။



## HAOMAMI အသီးအရည်ထုတ်စက် SL-230B

သစ်သီးဖျော်ရာတွင် အရည်နှင့်အဖတ်ကို ခွဲခြားထုတ်ယူပေးသော အသီးဖျော်ရည်စက်ဖြစ်။ တရုတ်နိုင်ငံကထုတ်လုပ်ပြီး ရောင်းဈေး ကျပ် ခုနစ်သောင်းဖြစ်။




## FAN HEATER အခန်းအနွေးပေးပန်ကာ D988B

အခန်းအတွင်း လေအပူထွက်ရှိသောပန်ကာဖြစ်။ အလွယ်တကူသယ်ယူနိုင်။ အပူချိန် 800 W မှ 1600 W အထိ အသုံးပြုနိုင်ဟုဆို။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ကျပ်ခြောက်သောင်းခွဲဖြစ်။

www.foreverspace.com.mm




## PHILIPS အော်တိုရေနွေးကြိုအိုး HD 4610




ရေနွေးဆူပွက်ချိန်တွင် အလိုအလျောက် ပိတ်ထားနိုင်သော ရေနွေးကြိုအိုးဖြစ်။ ရေလီတာ ၁.၇ အထိထည့်၍ ကြိုနိုင်သည်ဟုဆို။ ကော်ဖီ၊ လက်ဖက်ရည်၊ နို့ စသည်တို့ကိုလည်း ငါးမိနစ်အတွင်း ကြိုချက်နိုင်။ တရုတ်နိုင်ငံက ထုတ်လုပ်ပြီး ရောင်းဈေး ၂၅၀၀၀ ကျပ်ဖြစ်။

## Genius Wizard Pen 5" x 4"




ဘောပင်တစ်ချောင်းကဲ့သို့အသုံးပြုနိုင်ပြီး ကွန်ပျူတာပေါ်တွင် စာရေးသားခြင်း၊ ပုံဆွဲခြင်း၊ လက်မှတ်ရေးထိုးခြင်းတို့ကို လွယ်လင့်တကူ ဆောင်ရွက်နိုင်သည့် ကိရိယာဖြစ်။ အမြင့်ဆုံး 4064 LPI အထိ Resolution ရှိပြီး 5.5" x 4" အရွယ်အစားရှိ အောက်ခံအပြားပေါ်တွင် ရေးသားရမည်ဖြစ်။ ကြိုးမဲ့ (Cordless) စနစ်ဖြစ်၍ လွတ်လပ်စွာရေးခြစ်နိုင်။ ရေးသားနေစဉ် လျင်မြန်စွာ အပေါ်/အောက်နှင့် ဘယ်/ညာ ပြောင်းရွှေ့နိုင်သည့် ခလုတ်ပါရှိ။ ကွန်ပျူတာ Application Program တွင်သာမက အင်တာနက်ပေါ်တွင်ပါ မှတ်စုများရေးသားခြင်း၊ ပုံဆွဲခြင်း စသည်တို့ပြုလုပ်နိုင်။ ပုံများရေးဆွဲနိုင်သည့် Corel Painter ပါရှိ။ ရောင်းဈေး 37 US$ ဟုသိရ။

## Game-Radio



ဂိမ်းဝါသနာပါသူများအတွက် ဂိမ်းကစားရင်း Earphone ဖြင့် ရေဒီယိုနားထောင်နိုင်။ FM လိုင်းကိုလည်း လွယ်ကူစွာ ဖမ်းယူနိုင်ပြီး ဂိမ်းကစားနည်း ၁၂ မျိုး ပါရှိ။ တရုတ်နိုင်ငံက ထုတ်လုပ်ပြီး ရောင်းဈေး ကျပ် ၃၅၀၀ ဝန်းကျင်ဖြစ်။




## CALLER ID KTX 168E

ဖုန်းအဝင်လာထားပြီးကြောင်းကို အလိုအလျောက်သိနိုင်အောင် အချက်ပြမီးပါရှိသော CALLER ID ဖြစ်။ ဖုန်းအဝင် နံပါတ်အလုံး ၁၀၀ နှင့် အထွက် အလုံး ၃၀ ကို ပြန်လည်ကြည့်ရှုနိုင်။ အပြာခံမီး ပါရှိ၍ လွယ်ကူစွာ ကြည့်ရှုနိုင်။ AAA ဓာတ်ခဲသုံးလုံး အသုံးပြုရပြီး ရောင်းဈေး ၄၅၀၀ ကျပ် ဖြစ်။

www.foreverspace.com.mm



## GIGABYTE RF GK-5UW Wireless Keyboard and Optical Mouse




GIGABYTE အမှတ်တံဆိပ် 27.045 MHz RF Wireless Keyboard နှင့် Wireless Mouse တို့ဖြစ်။ Keyboard တွင် Multimedia Hot Keys ၁၂ မျိုးပါဝင်ပြီး ၁.၈ မီတာအကွာအဝေးမှ ရိုက်နှိပ်အသုံးပြုနိုင်။ အလေးချိန် 3 kg မျှသာရှိပြီး AAA ဓာတ်ခဲနှစ်လုံးဖြင့် ထည့်သွင်းအသုံးပြုနိုင်။ ဘက်ထရီသက်တမ်း နှစ်လမှ သုံးလအထိခံပါသည်ဟုသိရ။ Mouse ၏ Resolution 800 dpi ရှိပြီး Keyboard ကဲ့သို့ပင် ၁.၈ မီတာအကွာအဝေးမှ ကိုင်တွယ်အသုံးပြုနိုင်။ သယ်ဆောင်အသုံးပြုရလွယ်ကူပြီး ကွန်ပျူတာနှင့် USB Port ဖြင့် ချိတ်ဆက်အသုံးပြုနိုင်။ ရောင်းဈေး 30 US$ ဟု ဆို။




## aigo F021 Plus MP3 Player

လက်ပတ်နာရီအဖြစ်အသုံးပြုရင်း MP3 Player နှင့် Recorder အဖြစ်ပါ တစ်ပါတည်းအသုံးပြုနိုင်သည့် aigo အမှတ်တံဆိပ် MP3 Player ဖြစ်။ ADPCM Voice Recording စနစ်နှင့်အတူ Microphone ပါရှိပြီးဖြစ်။ Music, Photos နှင့် File များသိမ်းဆည်းထားနိုင်။ Rechargeable Battery Built-in ပါရှိပြီး USB jack ဖြင့် အားပြန်သွင်းနိုင်။ Normal, Rock, Jazz, Classic နှင့် Pop ဟူ၍ Equalizer Modes ငါးမျိုးနားဆင်နိုင်ပြီး 3D Stero Sound စနစ်ပါရှိ။ အနိမ့်ဆုံး Pentium 166 MHz (MMX) နှင့်အထက် ကွန်ပျူတာများဖြင့် တပ်ဆင်အသုံးပြုနိုင်။ USB Port ဖြင့် Windows စနစ်ကွန်ပျူတာများသာမက Mac စနစ်ကွန်ပျူတာများဖြင့်ပါ ချိတ်ဆက် အသုံးပြုနိုင်။ Memory 64 MB နှင့်အထက်အသုံးပြုနိုင်။ ရောင်းဈေး 100 US$ ဟုသိရ။

## SnaZio NET DVD CINEMA




မိမိတို့နေအိမ်၌ Digital Home Cinema သဖွယ် အသုံးပြုနိုင်သည့် SanZio အမှတ်တံဆိပ် DVD Player ဖြစ်။ Wifi (802.11g) သို့မဟုတ် LAN စနစ်ဖြင့် PC ကွန်ပျူတာ၊ Notebook ၊ LCD Monitor ၊ TV ၊ i Book သို့မဟုတ် 2 Mas စသည်တို့နှင့် ဆက်သွယ်အသုံးပြုနိုင်ပြီး Video Resolution 1920 * 1080 အထိရှိ။ USB Port ဖြင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး ရောင်းဈေး US$ 350 ဝန်းကျင်ဟုဆို။



## SHARP Digital Voice Recorder PA-VR 10E

Recording Capacity ၂၈ နာရီ (LP Mode) စာအထိ အသံသွင်းနိုင်သည့် Digital Recorder ဖြစ်။ Seperate Files ၁၂၇ ခုနှင့် Folders လေးခုအထိ ဖွဲ့စည်းသိမ်းဆည်းနိုင်။ Personalised Alarm, Recording Timer, Time Stamp နှင့် Microphone Sensitivity Setting နှစ်ခုတို့ပါရှိ။ မိမိအသံသွင်းလိုသည့်အချိန်အတိုင်းအတာအထိ မှတ်သားထားပြီး စာသင်ခန်း သို့မဟုတ် ဆွေးနွေးပွဲပြင်ပသို့ထွက်ခွာ၍ နေနိုင်သည့် Schedule ပါဝင်။ Memory 64 MB ရှိပြီး USB Port ဖြင့် PC နှင့် ချိတ်ဆက်အသုံးပြုနိုင်။ ရောင်းဈေး ၁၂၀,၀၀၀ ကျပ်ဟု သိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဦးဘစိန်လျှပ်စစ်ပစ္စည်းဆိုင်၊ Mr.Slim စတိုး၊ Ever Fine စတိုး၊ Lucky Bird Co., Ltd. တို့မှ ရယူထားပါသည်။


**အယ်ဒီတာ**

ဤကဏ္ဍတွင်......
၁၄၄ ရေကြည်ရာ၊ မြက်နုရာ (Migration)
၁၅၀ ပညာလက်ဝါးကြီးအုပ်မှုလော (THE KNOWLEDGE MONOPOLIES?)
၁၅၄ ကျွန်တော်ပန်းချီကုန်သည်(၃၆)
၁၅၈ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း(၂၈)
၁၆၁ အရည်အသွေးစီမံခန့်ခွဲမှု

လွန်ခဲ့သည့် နှစ်ပေါင်း သုံးသန်းလောက်ကာလအတွင်းက လူဦးရေတိုးတက်မှုနှုန်းသည် သုညဖြစ်သည်ဟု ဆိုပါသည်။ တစ်နည်းအားဖြင့် မွေးနှုန်းနှင့်သေနှုန်းတို့ တူညီသည့်အခြေအနေရှိသည်ဟု တင်ပြခဲ့ကြသည်။ ပျမ်းမျှသက်တမ်း နေထိုင်ရမှုသည် အနှစ် ၂၀ နှင့် ၂၅ နှစ်ခန့်သာ ရှိခဲ့သည်ဟု သုတေသီတို့က ရှာဖွေလေ့လာကြပါသည်။ တစ်ကမ္ဘာလုံးရှိ လူဦးရေသည်လည်း ၁၀ သန်းထက်မပိုခဲ့ဟု ဆိုပါသည်။ စုပေါင်းနေထိုင်ခြင်း၊ တောလိုက်ခြင်းမှသည် ထွန်ယက်စိုက်ပျိုး လုပ်ကိုင်ခြင်းများသည်လည်း ဘီစီ ၆၀၀၀ နှင့် ဘီစီ ၈၀၀၀ အတွင်း အလေ့အထဖြစ်လာခဲ့သည်ဟု ဆိုပါသည်။ လူဦးရေတိုးပွားမှုသည်လည်း ထိုကာလမှစတင်လာသည်ဟုလည်း ဆိုပါသည်။ အေဒီ တစ်ရာစုနှစ်လောက်တွင် တစ်ကမ္ဘာလုံးရှိ လူဦးရေသည် သန်း ၃၀၀ ခန့်ရှိလာသည်။ ၁၆၅၀ ခုနှစ်တွင် သန်း ၅၀၀ ခန့်ရှိနေပြီဖြစ်သည်။ ၁၈၀၀ ခုနှစ်တွင် လူဦးရေတစ်ဘီလီယံခန့်ရှိသည်။ ယခုအခါ လူဦးရေသည် ခြောက်ဘီလီယံကျော်ပြီဖြစ်သည်။ ၂၀၅၀ ခုနှစ်တွင် ကိုးဘီလီယံ၊ ၂၁၅၀ ခုနှစ်တွင် ၁၁ ဘီလီယံခန့် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားကြသည်။

# ရေကြည်ရာ ၊ မြက်နုရာ (Migration)

ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)



ကမ္ဘာပေါ်တွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ လူတို့သည် ရေကြည်ရာ၊ မြက်နုရာဒေသများဆီသို့ ပြောင်းရွှေ့နေထိုင်ခြင်းရှိလာသည်။ ရွှေ့ပြောင်းခြင်း (Mi gration) တွင် အနေအထားနှစ်မျိုးရှိပါသည်။ ဒေသတစ်ခုအတွင်းမှ ထွက်ခွာသွားခြင်းကို Emigration ဟု ခေါ်ဆိုကြပြီး ဒေသတွင်းသို့ အခြားသောဒေသများမှ ဝင်ရောက်လာခြင်းကို Immigration ဟု ခေါ်ဆိုပါသည်။

ဒေသတစ်ခုမှ အခြားသောဒေသတစ်ခုဆီသို့ ပြောင်းရွှေ့သွားသည့်သဘောသည် လူ့သဘာဝအလျောက် ရေကြည်ရာ၊ မြက်နုရာ ရှာဖွေကြခြင်းကြောင့်ဖြစ်သည်။ ထိုသို့ ရေကြည်ရာ မြက်နုရာ ရှာဖွေရမှုကို ဆန်းစစ်မည်ဆိုပါကလည်း အဓိက



www.foreverspace.com.mm

www.foreverspace.com.mm



အချက်နှစ်ချက်ပေါ်တွင် မူတည်နေပါသည်။ ပထမအချက်သည် အခြားသောဒေသ၏ ဆွဲဆောင်ထားသောအချက်များ ဖြစ်သည်။ ယင်းကို Pull Factors များဟု ခေါ်ပါသည်။ ဆွဲဆောင်အားကောင်းသောကြောင့် ပါသွားကြခြင်းဖြစ်သည်။ ကိုယ့်ဒေသနှင့် ယှဉ်လျှင် မက်လောက်စရာအထင်ရှိသောကြောင့် ပါသွားကြခြင်းဖြစ်သည်။ ဒုတိယအချက်သည် ကိုယ့်ဒေသတွင်းတွင် ရပ်တည်၍မရနိုင်လောက်အောင် ခက်ခဲလာခြင်းကြောင့်ဖြစ်သည်။ ဒေသအတွင်း စားဝတ်နေရေးကျပ်တည်းလာမည်ဆိုပါက ရေကြည်ရာ၊ မြက်နုရာတွင် သွားရောက်လုပ်ကိုင်စားသောက်ကြမည်ဖြစ်ပါသည်။ ယင်းကို Push Factors များဟု ခေါ်ကြသည်။ တွန်းထုတ်လိုက်သောအချက်များဖြစ်သည်။ ထို့ကြောင့် Migration တိုင်းကို စဉ်းစားလျှင် တစ်ခုတည်းစဉ်းစား၍ အဖြေလည်း ရှာမတွေ့တတ်ကြပါ။ Pull Factors ရော၊ Push Factors ရော စသည့် အချက်နှစ်ချက်စလုံးပေါ်တွင် သုံးသပ်ကြခြင်းများသည် ပိုမိုပြီး အဖြေနှင့်နီးစပ်နိုင်ပါသည်။

Migration ကို ဒေသတစ်ခုမှ အခြားသောဒေသတစ်ခုသို့သာ ရွှေ့ပြောင်းခြင်းဖြစ်သည်ဟု ယေဘုယျသိထားပါသည်။ ထိုသို့သော ရွှေ့ပြောင်းမှုတွင် အခြေအနေအမျိုးမျိုးရှိတတ်ပါသည်။ ကျေးလက်မှ မြို့ပြဆီသို့ ရွှေ့ပြောင်းမှုများ၊ တိုင်းပြည်တစ်ပြည်မှ အခြားသောတိုင်းပြည်များဆီသို့ ရွှေ့ပြောင်းမှုမျိုးများ၊ အလုပ်အကိုင်တစ်ခုအတွင်း (ဌာနအတွင်း ရွှေ့ပြောင်းသွားမှုများ) ရွှေ့ပြောင်းမှုများဟူ၍ အမျိုးမျိုးရှိနိုင်ပါသည်။

ကမ္ဘာ့ဘဏ်အစီရင်ခံစာအရ ၁၉၈၀ နှင့် ၁၉၉၀ ခုနှစ်များအတွင်း နှစ်စဉ်စုစုပေါင်းလူဦးရေ၏ ၈ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိသည် ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့ခြင်းများဖြစ်ပေါ်သည်ကို ဖော်ပြခဲ့သည်။ များသောအားဖြင့် ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့သူများတွင် အရွယ်ကောင်းများသာဖြစ်သည်။ ပြောင်းရွှေ့သွားရသောအကြောင်းတရားလည်း များပြားလှသည်။ ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့မှုကို လယ်တောမှ စက်ရုံသို့ ပြောင်းရွှေ့ခြင်းဟုလည်း ပြောကြပါသေးသည်။ တစ်နည်းအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ရာမှ စက်ရုံ၊ အလုပ်ရုံများဆီသို့ ပြောင်းရွှေ့သွားသည့်သဘောမျိုး ဖြစ်သည်။ သို့သော်လည်း နောက်ပိုင်းတွင် စက်ရုံ၊ အလုပ်ရုံများ၌ လုပ်သားလိုအပ်မှုမှ ပိုလျှံမှုရှိလာသောအခါတွင်လည်း ကျေးလက်မှ မြို့ပြဆီသို့ ပြောင်းရွှေ့မြဲပြောင်းနေကြပါသည်။ အခြားအခြားသော တိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများနှင့် စီးပွားရေးလုပ်ကိုင်မှု အခွင့်အလမ်းများ ရှိနေသေးသောကြောင့် ဖြစ်သည်။ လူဆိုသည်မှာ မိမိတို့အတွက် နေထိုင်မှုအဆင့်အတန်းမြင့်မားရေးကို အမြဲစဉ်းစားတတ်သောသဘော ရှိပါသည်။ လူမှုရေးအရ ကျေးလက်သည် ပိုမိုသည်ဟု အထင်ရောက်စရာရှိသည့်တိုင် လူနေမှုဘဝအတွက် အရေးပါသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်အချက်များသည် မြို့ပြတွင်သာ အခွင့်အလမ်းပိုသည်ဟု ဆိုရမည်ဖြစ်သည်။ မြို့ပြသို့ ရွှေ့ပြောင်းမှုအတွက် စရိတ်လိုမည့်အပြင် ကျေးလက်တွင် နေထိုင်လုပ်ကိုင်စဉ်အတွင်း ဆုံးရှုံးသွားမည့်ဝင်ငွေလည်း ရှိနိုင်ပါသည်။ သို့သော်လည်း မြို့ပြတွင် သွားရောက်လုပ်ကိုင်မည့်ဝင်ငွေသည် ထိုစရိတ်များထက် ကျော်လွန်နေသမျှကာလပတ်လုံး ကျေးလက်ရှိလူများသည် မြို့ပြဆီသို့ သွားနေမည်သာဖြစ်သည်။ သွားသည့်လူများသည်လည်း အရွယ်ကောင်းများ၊ လူလွတ်များ၊ အိမ်ထောင်မရှိသူများ၊ ရွာတွင် စာပေ၊ ဗဟုသုတပိုများသူများ၊ မြို့ပြနှင့် အဆက်အသွယ်ရှိသူများသည်လည်း မြို့ပြဒေသများတွင် သွားရောက်နေထိုင်ကြမည်ဖြစ်သည်။

ကျေးလက်နှင့်မြို့ပြ ခြားနားသည့် အခြားသော အဓိကအချက်သည် လုပ်ခလစာကွာခြားခြင်းပင် ဖြစ်သည်။ ပျံ့ကျအလုပ်ပင်ဖြစ်စေ မြို့ပြမှရရှိသော ဝင်ငွေများသည် ကျေးလက်ထက် သာလွန်နေတတ်ပါသည်။ မြို့ပြရှိ အနိမ့်ဆုံးလုပ်ခလစာသည်ပင်လျှင် ကျေးလက်ထက် သာလွန်နေတတ်သည်။ လမ်းဘေးတွင် ရောင်းရောင်း၊ လက်ပွေ့ပြီးရောင်းရောင်း ရသည့်ဝင်ငွေသည် ကျေးလက်ထက်တော့ သာနေတတ်သည်။ နောက်တစ်ချက်သည် ပညာသင်ကြားမှုအခွင့်အလမ်းဖြစ်သည်။ များသောအားဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်ကြားမှုများသည် မြို့ပြတွင်သာရှိသည်။ ပညာသည် မရှိမဖြစ်သောခေတ်ဟုဆိုလျှင် ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းလာမှုတွင်လည်း ပညာရှာလိုမှုအတွက် ကျေးလက်မှမြို့ပြသို့ ပြောင်းရွှေ့မှုများ ဖြစ်နေဦးမည်ဖြစ်ပါသည်။

မြို့ပြတွင် ဝင်ရောက်လာသည်နှင့်အမျှ မြို့ပြဝန်ဆောင်မှုလုပ်ငန်းများသည်လည်း ပိုမိုလိုအပ်လာပါသည်။ အမှိုက်သရိုက် သယ်ယူသိမ်းဆည်းမှုမှအစ၊ မြို့တော်စည်ပင်သာယာရေးလုပ်ငန်းများလည်း ပိုမိုလိုအပ်လာပါသည်။

မြို့ပြမှ ကျေးလက်သို့ ရွှေ့ပြောင်းမှုများလည်း မရှိဟု မဟုတ်ပါ။ ရှိတတ်ပါသည်။ သို့သော်လည်း အလည်အပတ်အပန်းဖြေခရီးလောက်သာ ဖြစ်ပါသည်။ အခြေချနေထိုင်ခြင်းဆိုသည်ကား မရှိမဟုတ်ပါ။ သို့သော်လည်း ရာခိုင်နှုန်းအနည်းငယ်လောက်သာ ဖြစ်သည်။

ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းမှုများ နည်းနိုင်သမျှနည်းစေရေးအတွက် ကြိုးပမ်းကြရာတွင် ကျေးလက်နှင့်မြို့ပြ ကွာဟမှုနည်းနိုင်သမျှနည်းအောင် ကြိုးဆောင်ကြခြင်းပင်ဖြစ်သည်။ ထိုသို့ ကျေးလက်နှင့်မြို့ပြ ကွာဟချက်နည်းနိုင်သမျှ နည်းအောင်ကြိုးပမ်းရာတွင် အစိုးရအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုင်ငံအဝန်းတွင် ကွန်ရက်သဖွယ် ဆက်


www.foreverspace.com.mm



သွယ်မှုလမ်းကြောင်းများ၊ သတင်းအချက်အလက်နည်းပညာများ၊ ပညာရေး၊ ကျန်းမာရေးများကို ကျေးရွာအရောက် ခရီးပေါက်အောင် လုပ်ဆောင်ပေးခြင်းဖြင့် ကွာဟမှုနည်းစေနိုင်ပါသည်။ တစ်နည်းအားဖြင့် ကျေးလက်များတွင် မြို့ပြအသွင်သဏ္ဍာန်နှင့်တူလာစေခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ ရွှေ့ပြောင်းမှုမျိုးများသည်လည်း Migration တွင် ပါဝင်နေပါသည်။ များသောအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့ထက် ပို၍ ဖွံ့ဖြိုးသော နိုင်ငံများဆီသို့ ပြောင်းရွှေ့သွားခြင်းများသာဖြစ်သည်။ ထိုသို့သော ရွှေ့ပြောင်းမှုမျိုးများတွင် အရေအတွက်ထက် အရည်အသွေးကိုပါ နစ်နာမှုမျိုးများလည်း တွေ့ရှိရပါသည်။ ဦးနှောက်ယိုစီးမှုပြဿနာ (Brain Drain Problem) ဖြစ်သည်ဟု တင်စားကြသည်။ ထိုသို့ပြောသူများကတော့ ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်သည်။

ဦးနှောက်ယိုစီးမှုပြဿနာ (Brain Drain Problem) နှင့် ဖွံ့ဖြိုးပြီးနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့သည် အချေအတင်ရှိဆဲဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများဘက်မှ ဦးနှောက်ယိုစီးမှုပြဿနာဟု စွပ်စွဲတင်ပြမှုရှိခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများဘက်မှ တင်ပြချက်ကတော့ ဦးနှောက်ယိုစီးမှုပြဿနာမဟုတ်ပါ။ ဦးနှောက်ပြန်သိမ်းသွားခြင်းသာဖြစ်သည်ဟု ပြောကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အသိပညာရှင်များ၊ အတတ်ပညာရှင်များသည် ဖွံ့ဖြိုးပြီးနိုင်ငံများမှ မွေးထုတ်ပေးလိုက်သူများဖြစ်၍ ယင်းသို့ အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေသူ၊ ဖန်တီးပေးလိုက်သူများမှာ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်သည်ဟု ယူဆပြီး ပြောကြခြင်းသာဖြစ်သည်။ ယခုကာလတွင် ထိုအသိပညာရှင်များ၊ အတတ်ပညာရှင်များအနေဖြင့် ပြည်တွင်းမှ မွေးထုတ်နေကြပြီဖြစ်ရာ ထိုအသိပညာရှင်များ၊ အတတ်ပညာရှင်များသည် ပြည်ပနိုင်ငံများသို့ ထွက်မည်ဆိုပါက ဦးနှောက်ယိုစီးမှုပြဿနာ (Brain Drain Problem) ဟူ၍သာ ခေါ်ဆိုရမည်ဖြစ်ပါသည်။ မည်သို့ပင် အချေအတင် ပြောဆိုကြသည်ဖြစ်စေ၊ နစ်နာသူကား အထွက်ခံလိုက်ရသူများသာဖြစ်သည်။ အမြတ်ရသူများကား အဝင်ခံလိုက်ရသူများသာ ဖြစ်သည်။ များသောအားဖြင့် အာဖရိကဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အနောက်ဥရောပဒေသရှိ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ ဆက်ဆံရေးအခြေအနေတွင် တွေ့ရှိနိုင်သည်။



ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် Migration နှင့်ပတ်သက်လာလျှင် နှစ်ဖက်အသွားရှိသော ဓား (Double Edge Sword) လိုပင် နှစ်ခါနာလေ့ရှိသည်။ ထွက်သွားသောလူအများ (Emigration) အတွက်လည်း တိုင်းပြည်နာသည်။ ဝင်လာသောလူများ (Immigration) အတွက်လည်း တိုင်းပြည်နာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ဝင်ရောက်လာသူများအနေဖြင့် တွေ့ရှိရသည်မှာ လူဦးရေသိပ်သည်းဆ (Population Density) များလွန်းသော နိုင်ငံများမှ လူဦးရေသိပ်သည်းဆနည်းသော နိုင်ငံများဆီသို့ ရွှေ့လာသူများဖြစ်သည်။ ထိုအခါမျိုးတွင် ဝင်လာခြင်းကိုခံရသော နိုင်ငံအတွက် အလွန်နစ်နာသည်။ ပျံကျများ၊ လက်လုပ်လက်စားများ၊ ခြေသလုံးအိမ်တိုင်များသည် အလုံးအရင်းဖြင့် လာရောက်နေထိုင်တတ်ကြခြင်းဖြစ်သည်။ ထိုသူများ ဝင်ရောက်သွားသည့်နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သတိထားရမည့်အပြင် အရေးပါသော ရွှေ့ပြောင်းမှုတစ်ခုကား ဌာနမှ ရွှေ့ပြောင်းသွားမှုများဖြစ်သည်။ ယင်းကို Migration သဘောမျိုးမြင်ခဲသည်။ ဝန်ထမ်းများတွင် ဌာနတွင်း အမိန့်အာဏာအရ ရွှေ့ပြောင်းရခြင်းမျိုးသည် Migrate သဘောတရားနှင့် တိုက်ရိုက်မဆိုင်သေးပါ။ အလိုအလျောက်သူ၏ဆုံးဖြတ်ချက်ဖြင့် အလုပ်ထွက်စာတင်ထွက်ပြီဆိုလျှင် Migrate သဘောတရားနှင့်သက်ဆိုင်လာပြီဖြစ်သည်။ ထိုသို့ထွက်ခွာရသော အကြောင်းရင်းများတွင် ပိုမိုကောင်းမွန်သော အခွင့်အလမ်းရှိ၍သော်လည်းကောင်း၊ ဌာနတွင်းတွင် နှလုံးမွေ့လျော်မပျော်ပိုက်ခြင်းကြောင့်သော်လည်းကောင်း ဆန်းစစ်ရန်လိုပါသည်။ များသောအားဖြင့် ဝန်ထမ်းများသည် လေ့ကျင့်ပျိုး

www.foreverspace.com.mm



ထောင်ပေးပြီးသူများ ဖြစ်သည်။ အတွေ့အကြုံလည်း လုပ်သက်အရရှိထားပြီးသူများဖြစ်သည်။ သဘာဝအားဖြင့် လုပ်သက်များလာလေလေ၊ ဌာနအပေါ် သံယောဇဉ်တွယ်တာမှုများလေ ဖြစ်တတ်ပါသည်။ တစ်နည်းအားဖြင့် ဝန်ထမ်းများသည် အလုပ်ခွင်တွင် မျှော်လင့်ချက်များ (Expectation) ဖြင့် လုပ်ကိုင်နေခြင်းသာ ဖြစ်သည်။ ယင်း Expectation များသည် သေချာရေရာသော Expectation များ ဖြစ်မှသာ သူတို့အတွက် မျှော်မှန်းထားသော Job Motivation များ ဖြစ်လာကြပါမည်။ မသေချာသော Expectation များ ရှိနေမည်ဆိုပါက Motivation အစား သောကနှင့်ပူပန်မှုများ Worries and Anxieties များ ဖြစ်လာနိုင်ပါသည်။ ဥပမာအားဖြင့် ထိုပြဿနာမျိုးများတွင် လုပ်သက်တိုးမြှင့်ပေးခြင်း Extension များတွင် တွေ့ရှိရတတ်ပါသည်။ ရှေ့လူကို Extension ပေးလိုက်ခြင်းသည် နောက်လူအတွက် Job Motivation ကျစေသည်။ ရှေ့လူကို မည်မျှအထိ Extension ပေးမည်ကိုလည်း မသေချာသဖြင့် နောက်လူ (Next in Line or Second in Line) လည်း စိတ်ဓာတ်ကျပြီး အလုပ်ထွက်သွားသည်။ ရှေ့ဆုံးလူ Extension ရပ်သွားသောအခါ Next in Line/ or Second in Line သည်လည်း မရှိတော့သောကြောင့် Third in Line နေရာဝင်လာသည်။ ယင်းသည် One Generation Gap ခါးဆက်ပြတ်သွားသည်။ ယင်းခါးဆက်ပြတ်မှုပြဿနာသည် တစ်ဆစ်ကျော်စီ ခါးဆက်ပြတ်နိုင်သော ပြဿနာဖြစ်သည်။ မျိုးဆက်အားဖြင့် ဒုတိယမျိုးဆက်အစား တတိယမျိုးဆက်ဝင်လာသလို စတုတ္ထမျိုးဆက်အစား ပဥ္စမမျိုးဆက်က နေရာယူသည့်သဘောဖြစ်သည်။ ပညာရေး၊ ကျောင်းဆရာလောကတွင် Generation ခါးဆက် မပြတ်သွားစေရန်အတွက် အစိုးရသည် များစွာဂရုစိုက်လေ့ ရှိကြပါသည်။


အချို့နိုင်ငံများသည် ယင်းပြဿနာများကို ကုစားသောနည်းများကား Extension အစား အခြားသောရာထူးများ ဖြစ်သည်။ အကြံပေးများ စသည်ဖြင့် ခန့်အပ်ခြင်း၊ သို့မဟုတ် လုပ်သက်ကို အနှစ် ၆၀ မှ ၆၅ နှစ်ထိ တိုးမြှင့်ခြင်းများ ပြုလုပ်ခြင်းဖြင့် နောက်လူများအတွက် Expectation with Motivation များ ဖြစ်စေပါသည်။

**ဒေါက်တာမောင်မောင်စိုး**
**(ဘောဂဗေဒ)**

ကြော်ငြာ

www.foreverspace.com.mm





# ပညာလက်ဝါးကြီးအုပ်မှုလော

## THE KNOWLEDGE MONOPOLIES?

ကျော်ဝင်း

### ဂလိုဘယ်ပြဿနာ

၁၉ ရာစုလောက်အထိ 'မူပိုင်ခွင့်' (Patent) ဆိုသည်မှာ လူကြိုက်များသော ဒဏ္ဍာရီလာ ဝေါဟာရတစ်ခုမျှသာ ဖြစ်ပါသည်။ 'မန်လိုပတ်(ခ)' ၏ မော်ဆရာကြီးဟု အဆိုရှိသော သောမတ်အယ်ဒီဆင်မှာ အဆိုပါဒဏ္ဍာရီထဲမှ ဂန္ထဝင်သူရဲကောင်းတစ်ယောက် ဖြစ်ခဲ့သည်။ သူ့တီထွင်မှုများကိုကြည့်ရန် သူ့စမ်းသပ်ခန်းရှေ့တွင် အမြဲတစေလို လူအုပ်ကြီးဖြင့် စည်ကားနေတတ်သည်။ သူမရှိတော့သောအခါတွင်လည်း သူတီထွင်ခဲ့သော ပစ္စည်းများနှင့် ပတ်သက်သော မူပိုင်ခွင့်စစ်ပွဲများမှာ လူအများအတွက် စိတ်ဝင်စား စွဲမက်စရာများ ဖြစ်ခဲ့သည်။

သို့နှင့်တိုင် 'အသိဉာဏ်ပစ္စည်း' (Intellectual Property) ဆိုသော အကောက်အယူမှာမူ ၂၀ ရာစု ပထမတစ်ဝက်လောက်ထိ လူအများစု၏ ဟဒယကို ဖမ်းစားနိုင်ခဲ့သည် မဟုတ်ပါ။ ၂၀ ရာစု ဒုတိယတစ်ဝက် ပညာခေတ်ဆန်းလာတော့မှ 'အသိဉာဏ်ပစ္စည်းပိုင်ဆိုင်ခွင့်' (Intellectual Property Right) မှာ လူ့အခြေခံပိုင်ခွင့်တစ်ခုအဖြစ် ရှေ့တန်းရောက်လာခဲ့ခြင်း ဖြစ်သည်။ သို့နှင့်အမျှ ၁၉ ရာစု ဒဏ္ဍာရီလာ 'မူပိုင်ခွင့်' ဆိုသည်မှာလည်း လူပြောများသော အကြောင်းအရာတစ်ခု ဖြစ်လာရတော့သည်။

ယခု ၂၁ ရာစုခေတ်ဦးကိုမူ 'မူပိုင်ခွင့်စန်းပွင့်ချိန်' (Patenting Boom) ဟူ၍ပင် ခေါ်နိုင်လောက်အောင် မူပိုင်ခွင့်များ အလျှံပယ်နေပြီ ဖြစ်ပါသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုမှာ မူပိုင်ခွင့်အကြွယ်ဝဆုံး နံပါတ်တစ်တိုင်းပြည်ကြီး ဖြစ်လာသည်။ အမေရိကမှ တရား


www.foreverspace.com.mm

ဝင်မူပိုင်ခွင့်မှတ်ပုံတင်ချပေးခဲ့သော အရေအတွက်မှာ လွန်ခဲ့သော ဆယ်နှစ်ထက်နှစ်ဆတိုးလာသည်။ (ပုံနှင့်တွဲ၍ လေ့လာပါရန်...။) ဥရောပကမူ အမေရိကလောက်မူပိုင်ခွင့်တွေ ဖောဖောသီသီမပေး။ ဆန့်ကျင်ဘက်မှ ကန့်ကွက်ချက်များကို အလေးထားစစ်ဆေးသည်။ တရားဝင်မူပိုင်ခွင့်ချပေးပြီးလျှင်လည်း သတ်မှတ်ကာလအတွင်း ကန့်ကွက်နိုင်သေးသည်။

အမေရိကန်မူပိုင်ခွင့်များမှာ အမေရိကန်ပြည်ထောင်စုပြင်ပတွင် အကျိုးသက်ရောက်မှုမရှိဟု ယေဘုယျယူဆနိုင်သော်လည်း လက်တွေ့တွင်မူ မူပိုင်ခွင့်ကိစ္စမှာ ဂလိုဘယ်သဘောဆောင်လာသည်။ ဤအတွက် အဓိကအကျဆုံးအကြောင်းရင်းခံမှာ ဂလိုဘယ်လိုက်ဖေးရှင်းဟု ဆိုရပါလိမ့်မည်။ ကမ္ဘာလုံးဆက်နွှယ်မှုများ ပိုများလာသည်နှင့်အမျှ အမေရိကန်အစိုးရရော ကုမ္ပဏီများကပါ မိမိတို့၏ မူပိုင်ခွင့်များကို နိုင်ငံတကာဆက်ဆံရေးတွင် လက်တွေ့ကျင့်သုံးလာကြသည်။ အိုင်ဒီယာတစ်ခု သို့မဟုတ် တက္ကနိုလိုဂျီတစ်ခုကို အမေရိကတွင် မူပိုင်ခွင့်မှတ်ပုံတင်ပြီးလျှင် အခြားမည်သည့်နေရာတွင်မှ အလွတ်သဘော သုံးစွဲမရတော့သလို ဖြစ်လာသည်။ ထို့ထက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင်ကပင် 'ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့' (World Intellectual Property Organization) ဖွဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှတစ်ဆင့် 'နိုင်ငံတကာမူပိုင်ခွင့်စနစ်' တစ်ရပ် ဖြစ်ပေါ်လာစေရန် စည်းရုံးလှုပ်ရှားလာသည်။

စင်စစ် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်မှာ တီထွင်ဖန်တီးသူများ၊ ပညာရှင်များ၏ ပိုင်ခွင့်ကို အကာအကွယ်ပေးသည်ဖြစ်ရာ လက်ခံကြိုဆိုရမည် ဖြစ်ပါသည်။ သို့နှင့်တိုင် အခြားတစ်ဖက်မှ ဆင်ခြင်ရန် ထောက်ကွက်များလည်း အမှန်ပင်ရှိနေသည်ကို အသိအမှတ်ပြုရပါလိမ့်မည်။ ပညာရှင်အချို့နှင့် 'အင်တာနက်တက်ကြွသူများ' (Internet activists) က 'သုတေသနနယ်ပယ်အတွင်းသို့ အစိုးရများ၏ ဝင်ရောက်စွက်ဖက်မှု' ဟု ဝေဖန်သည်။ 'အသစ်တီထွင်ဖန်တီးရေး' (Innovation) ကို ခြေမန်းကွင်းစွပ်လိုက်သလို ဖြစ်နိုင်သည်ဟု သတိပေးသည်။ အကြောင်းကြောင်းကြောင့် အဆင့်မြင့်တက္ကနိုလိုဂျီနှင့် မနီးနိုင်သေးသော ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း အမေရိကအပါအဝင် ရှေ့တန်းရောက်နိုင်ငံကြီးအချို့၏ "တက္ကနိုလိုဂျီ လက်ဝါးကြီးအုပ်မှု' (Technology Monopoly) ဟု စွပ်စွဲသည်။ 'လွတ်လပ်စွာကုန်သွယ်ရေး' (Free Trade) ကို ဟန့်တားရာရောက်သည်ဟု ထောက်ပြသည်။

သို့နှင့်အမျှ 'မူပိုင်ခွင့်စစ်ပွဲများ' (Patent Wars) ဟု မဆိုနိုင်လျှင်သော်မှ 'မူပိုင်ခွင့်အငြင်းပွားမှုများ' (Patent Debates) ကား အမှန်ပင် ပေါ်ထွက်နေပြီဖြစ်ပါသည်။ ပို၍ အရေးကြီးသည်မှာ ကမ္ဘာလုံးအတိုင်းအတာနှင့်ချီ၍ ငြင်းကြခုံကြရသည်ဖြစ်ရာ မူပိုင်ခွင့်ကိစ္စသည်ပင် ဂလိုဘယ်ပြဿနာကြီးတစ်ရပ် ဖြစ်လာရတော့သည်။




## အခြားတစ်ဖက်မှ ဆင်ခြင်ရန်အကြောင်းများ

ယခုအခါ နိုင်ငံအများက အာရုံပြုစဉ်းစားလာရသော မူပိုင်ခွင့်ဥပဒေမှာ တက္ကနိုလိုဂျီတီထွင်မှုအတွက် မက်လုံးလော သို့မဟုတ် နိုင်ငံကြီးများနှင့် ကုမ္ပဏီကြီးများ၏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးပုံသဏ္ဍာန်တစ်မျိုးပေလော။ အဖြေကိုဆပွားနိုင်ရန် အမေရိကန်ပြည်ထောင်စုကို ဗဟိုပြုဖြစ်ပေါ်နေသော မူပိုင်ခွင့်စနစ်ပွင့်မှု၏ နောက်ကွယ်မှ အကြောင်းရင်းများကို ဆန်းစစ်ဖို့ လိုပါလိမ့်မည်။

### ၁။ ပေါ်လစီအပြောင်းအလဲ

ပထမဆုံး ထင်သာမြင်သာသည့်

www.foreverspace.com.mm



အကြောင်းရင်းတစ်ခုမှာ အမေရိကန်အစိုးရ၏ ပေါ်လစီအပြောင်းအလဲဟု ဆိုနိုင်ပါသည်။ ဤကိစ္စနောက်ကြောင်းပြန်လှန်ရလျှင် ၁၉၈၀ အလွန်နှစ်များလောက်က စတင်ရပါလိမ့်မည်။ ဤကာလမတိုင်မီထိ နိုင်ငံများ၏ ဘဏ္ဍာရေးကို ချိန်ခွင်နှစ်လက်ဖြင့် ချိန်ထိုးစဉ်းစားခဲ့ကြသည်။

'ကုန်သွယ်ရေးရှင်းတမ်း' (Balance of Trade) နှင့် 'ငွေပေးငွေယူရှင်းတမ်း' (Balance of Payments) တို့ ဖြစ်သည်။ တက္ကနိုလိုဂျီအသစ် တီထွင်မှုများ ပေါက်ကွဲလျှံကျလာသောအခါ တတိယချိန်ခွင်တစ်လက် ပေါ်လာသည်။ 'တက္ကနိုလိုဂျီရှင်းတမ်း' (Balance of Technology) ဖြစ်ပါသည်။ ဤသို့ ချိန်ခွင်သုံးလက်ရှိလာသည်တွင် အမေရိကအတွက် ပထမချိန်ခွင်နှစ်လက်လုံး (ကုန်သွယ်ရေးရှင်းတမ်းနှင့် ငွေပေးငွေယူရှင်းတမ်း) တွင် အကြီးအကျယ် လိုငွေပြလျက် ရှိသည်။ ပိုငွေပြသည့်ချိန်ခွင်ဆို၍ တတိယချိန်ခွင် (တက္ကနိုလိုဂျီရှင်းတမ်း) တစ်ခုသာ ရှိတော့သည်။ ဤတွင် ပထမချိန်ခွင်နှစ်လက်မှ လိုငွေကို ထေမိကာမိစေရန် တတိယချိန်ခွင်မှ ပိုငွေကို များသထက်များအောင် ကြိုးပမ်းလာခဲ့သည်။

ဤသဘောကို အမေရိက၏ မူပိုင်ခွင့်ဆိုင်ရာ အပြောင်းအလဲများတွင် တွေ့နိုင်ပါသည်။ ၁၉၈၀ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်လွှတ်တော်မှ မူပိုင်ခွင့်ဆိုင်ရာ အယူခံရုံးကို ဖွဲ့စည်းပေးခဲ့သည်။ အောက်ရုံးအသီးသီးမှ ချမှတ်သော စီရင်ချက်များနှင့် ပတ်သက်ပြီး အငြင်းပွားမှုများကို ဖြေရှင်းပေးရန်ဟု တရားဝင်ကြေညာခဲ့သော်လည်း လက်တွေ့တွင် မူပိုင်ခွင့်ကိုင်ထားနိုင်သူများဘက်မှ ရပ်တည်ခဲ့သည်ကိုသာ တွေ့ရသည်။ ၁၉၈၀ မှ ၁၉၉၀ ခုနှစ်အတွင်း အယူခံမှု သုံးခုတွင် မူပိုင်ခွင့်ကိုင်ထားသူများဘက်မှ တစ်မှု နိုင်ခဲ့သည်။ ၁၉၉၀ နောက်ပိုင်းတွင်မူ အမှုသုံးမှုတွင် နှစ်မှုအထိ အနိုင်ရလာသည်။ ထို့ထက်နှစ်အလိုက် ထုတ်ပြန်ခဲ့သော စီရင်ထုံးများကို ကြည့်လိုက်လျှင် ဤအချက်များပို၍ ထင်ရှားနေပါသည်။ ၁၉၈၀ တွင် ဘိုင်အိုတက္ကနိုလိုဂျီနှင့် မျိုးဗီဇသုတေသနကိစ္စများကို မူပိုင်ခွင့်ပေးခဲ့သည်။ ၁၉၈၁ တွင် ဆော့ဝဲလ်မူပိုင်ခွင့်များ ချပေးခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဘိဇနက်လုပ်နည်းလုပ်ကိုင်နည်းများကိုပင် မူပိုင်ခွင့်ပေးလာခဲ့သည်။ (ဥရောပတရားရုံးများကမူ ဘီတီနှင့် မျိုးဗီဇသုတေသနကိုသာ မူပိုင်ခွင့်ပေးခဲ့ပြီး ဆော့ဝဲလ်နှင့် ဘိဇနက်လုပ်နည်းကိုင်နည်းများကို မူပိုင်ခွင့်မပေးခဲ့ပါ။) ပြောရလျှင် အမေရိကန်ပြည်ထောင်စုပေါ်လစီသစ်မှာ မူပိုင်ခွင့်များမှရသော ကော်ပီရိုက်ခများဖြင့် တက္ကနိုလိုဂျီရှင်းတမ်းကို ပိုငွေပြစေရန် ဖြစ်ပါသည်။

## ၂။ ကော်ပီရိုက်မဟာဗျူဟာ

ဒုတိယအကြောင်းရင်းမှာ အမေရိကန်ကော်ပီရိုက်လောကမှလာသော မဟာဗျူဟာအသစ် ဖြစ်ပါသည်။ ဤအကြောင်းရင်းမှာလည်း ၁၉၈၀ အလွန်နှစ်များလောက်က စတင်သည်ဟု ဆိုရပါလိမ့်မည်။ ထိုစဉ်က အမေရိကမှ ချစ်(ပ်)ထုတ်လုပ်သူများမှာ အာရှမှ ချစ်(ပ်)ထုတ်လုပ်သူများ၏ အကြီးအကျယ် ယှဉ်ပြိုင်မှုနှင့် ရင်ဆိုင်နေရချိန် ဖြစ်သည်။ အခြေအနေမည်မျှ ဆိုးသနည်းဆိုလျှင် Texas Instruments နှင့် National Semiconductor လို အဓိကရအိုင်တီကုမ္ပဏီကြီးများပင် ဒေဝါလီခံရတော့မလောက်အထိ ဖြစ်လာသည်။ ဤတွင် အမေရိကန်ကုမ္ပဏီများအနေနှင့် ပြိုင်ဘက်များကို ကလော်ထုတ်ရေးပေါ်လစီ' (Evaporating Policy) ကို မလွဲမရှောင်သာ ကျင့်သုံးရတော့သည်။

ဈေးကွက်ထဲမှ ပြိုင်ဘက်များကို ကလော်ထုတ်ရန် အစဉ်အလာအသုံးများသောနည်းမှာ အရင်းကြီးကြီးနှင့် ဖိသတ်သောနည်း ဖြစ်သည်။ ယခု အာရှမှလာသော 'လုပ်အားကဲနည်း' (Labour intensive method) နှင့် ရင်ဆိုင်ရသောအခါ ဤနည်းနှင့် အလုပ်မဖြစ်တော့ပါ။ သို့ဖြင့် တက္ကနိုလိုဂျီကို ဘိဇနက်နိုင်ဖဲအဖြစ် အသုံးပြုလာကြတော့သည်။ တက္ကနိုလိုဂျီမူပိုင်ခွင့်ကိုင်ပြီး အာရှပြိုင်ဘက်များကို တက္ကနိုလိုဂျီသားကြောဖြတ်လိုက်ခြင်း ဖြစ်ပါသည်။ ဤနည်းကို 'မဟာဗျူဟာမြောက် မူပိုင်ခွင့်' (Strategic Patenting) ဟု ခေါ်သည်။

ဤနည်းမှာ ကုန်သွယ်ရေးတွင်သာမက ကုမ္ပဏီများ၏ 'အရင်းတန်ဖိုး' (Capital Value) နှင့် 'အမြတ်အစွန်း' (Profit Revenue) အတွက်ပါ အကျိုးများစေသည်။ မူပိုင်ခွင့်များများကိုင်ထားနိုင်သည်နှင့်အမျှ အရင်းတန်ဖိုးတက်လာသလို အမြတ်ဝင်ငွေလည်း ပိုရလာသည်။ ဘိုင်အိုတက်ခ်ကုမ္ပဏီများ စတော့ဈေးကွက်တွင် ဈေးကောင်းဖွင့်နိုင်သည်မှာ မူပိုင်ခွင့်မှလာသော အရင်းတန်ဖိုးကြောင့် ဖြစ်သည်။ နာမည်ကျော် IBM ၏ မူပိုင်ခွင့်မှရသော ဝင်ငွေမှာ ၁၉၉၄ ခုနှစ်က ဒေါ်လာ ၅၀၀ မီလီယံမျှသာ ရှိသော်လည်း ၁၉၉၉ ခုနှစ်တွင် ၁.၅ ဘီလီယံအထိ တက်သွားသည်။ ကုမ္ပဏီတစ်ခုလုံး အမြတ်၏ငါးပုံတစ်ပုံ ဖြစ်ပါသည်။

## ၃။ မူပိုင်ခွင့်ပွဲစားများ

မူပိုင်ခွင့်စန်းပွင့်လာခြင်းနှင့်အတူ ကျွဲကူးရေပါ ဖြစ်လာသောအချက်က Feed Back သဘော ပြန်လည်ကျေးဇူးပြုသည့် အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။ ဆိုခဲ့ပြီးသည့်အတိုင်း မူပိုင်ခွင့်သည်ပင် ကုမ္ပဏီတစ်ခု၏ အရင်းတန်ဖိုးနှင့် အမြတ်ဝင်ငွေ ဖြစ်လာရာ မူပိုင်ခွင့်များများ ရရေးသည်ပင် ဘိဇနက်မဟာဗျူဟာဖြစ်လာရသည်။ ဤတွင် 'မူပိုင်ခွင့်ပွဲစားများ' (Patent Brokers) လုပ်ရှားဖို့အတွက် ဝင်လာတော့သည်။ သူတို့၏ အဖွဲ့အစည်းများကို Portfolio of Patents ဟု ခေါ်သည်။ မူပိုင်ခွင့်မှလွဲ၍ ဘာတစ်ခုမှ

www.foreverspace.com.mm

မထုတ်လုပ်နိုင်သောကုမ္ပဏီများ ဖြစ်ပါသည်။

မူပိုင်ခွင့်ပွဲစားများ အသုံးပြုလေ့ရှိသော ဗျူဟာကို 'မူပိုင်ခွင့်ပထဝီ' (The Geography of Patents) ဟု ခေါ်သည်။ ဤနည်းအရ ကမ္ဘာကြီးကို 'တောင်ကုန်း' နှင့် 'ချိုင့်ဝှမ်း' ဆိုပြီး နှစ်မျိုးခွဲကြည့်သည်။ 'တောင်ကုန်း' ဆိုသည်မှာ မူပိုင်ခွင့်ခေတ်စားနေသော ဖွံ့ဖြိုးပြီးနိုင်ငံများ ဖြစ်သည်။ တောင်ကုန်းပေါ်မှ ကုမ္ပဏီကြီးများမှာ မူပိုင်ခွင့်ပွဲစားများ၏ ဖောက်သည်များ ဖြစ်သည်။ 'ချိုင့်ဝှမ်း' ဆိုသည်မှာ မူပိုင်ခွင့်ဥပဒေနှင့် ဝေးနေဆဲဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်သည်။ ချိုင့်ဝှမ်းထဲမှ လူမသိသူမသိ ပါရမီရှင် တီထွင်ဖန်တီးသူများမှာ သူတို့၏ ကုန်ကြမ်း ဖြစ်သည်။ သူတို့က ချိုင့်ဝှမ်းတွင် အမဲလိုက်သည်။ အမဲတွေ့လျှင် အိုင်ဒီယာသစ် သို့မဟုတ် တက္ကနိုလိုဂျီအသစ် သို့မဟုတ် တီထွင်မှုတစ်ခုခုကို မဖြစ်စလောက် ငွေကြေးနှင့် ဝယ်သည်။ ပြီးမှ တောင်ကုန်းပေါ်မှ ဖောက်သည်များသို့ အမြတ်တင်ရောင်းပြီး ဖောက်သည်ကုမ္ပဏီ နာမည်ပေါက်မူပိုင်ခွင့် တင်သည်။

ဤတွင် အမှန်တကယ် တီထွင်သူနှင့် နာမည်ပေါက်မူပိုင်ခွင့်တို့ တစ်ထပ်တည်းမကျသည်တို့ ပေါ်လာရတော့သည်။

ဤသို့သော မူပိုင်ခွင့်မျိုးကို Bad Patent ဟု ခေါ်သလို Ugly Patent ဟုလည်း ခေါ်ကြသည်။ အခြေအနေကို 'ဘူးလေးရာဖရုံဆင့်' စေသည်မှာ အမေရိကန်မူပိုင်ခွင့်ရုံးများ၏ လုပ်ထုံးလုပ်နည်းများဟု ဆိုရပါလိမ့်မည်။ မူပိုင်ခွင့် စစ်ဆေးသူများအနေနှင့် မူပိုင်ခွင့်တစ်ခု အတည်ပြုနိုင်ရန် ပျမ်းမျှ ရှစ်နာရီမျှသာ အချိန်ယူသည်ဟု သိရသည်။ ဤပုံအတိုင်းဆိုလျှင် တယ်လီဖုန်းနှင့် ဂရေဟမ်ဘဲလ်ကို မှားမှားယွင်းယွင်း တွဲသိခဲ့ကြသလိုမျိုး နောင်တွင် အမြောက်အမြား ကြုံရနိုင်စရာရှိသည်ဟု မှတ်ချက်ပြုကြသည်။

## ချိန်ခွင်သုံးလက်၊ ရီးယဲလ် ပိုလိုက်တစ်

အမေရိကန်မူပိုင်ခွင့် စန်းပွင့်မှုနှင့် ပတ်သက်လျှင် ပြည်တွင်းရော ပြည်ပတွင်ပါ ဝေဖန်မှုများ ပြင်းပြင်းထန်ထန် ထွက်ပေါ်လျက် ရှိပါသည်။ ပြည်တွင်းမှ အဓိကဝေဖန်ကြသူများမှာ Open Source ဝါဒီများ ဖြစ်သည်။ Open Source ဆိုသည်မှာ 'မည်သူမဆို လွတ်လပ်စွာ စူးစမ်းလေ့လာ အသုံးပြုခွင့်ရှိသော ဆော့ဝဲလ် လှုပ်ရှားမှု' ဟု အဓိပ္ပာယ်ရသည်။ 'တံခါးဖွင့်စူးစမ်းရှာဖွေရေး' ဟု အနီးစပ်ဆုံး မြန်မာမှုပြုနိုင်ပါလိမ့်မည်။ များသောအားဖြင့် 'ကွန်ပျူတာဂိ(ခ) (Computer Geek) တွေ ဖြစ်သည်။ ပြည်ပမှ အဓိကဝေဖန်နေကြသည်မှာ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးလ်၊ တောင်အာဖရိကတို့ ဦးဆောင်သော ဖွံ့ဖြိုးဆဲနိုင်ငံများအစု ဖြစ်သည်။ အမေရိကနှင့် သူတို့၏ အငြင်းပွားမှုများမှာ WTO ညီလာခံတိုင်းတွင် ထင်ဟပ်လျက် ရှိသည်။

လန်ဒန်ထုတ် အီကောနောမစ်မဂ္ဂဇင်းကြီးကမူ ကမ္ဘာလုံးချီ မူပိုင်ခွင့်ပြဿနာနှင့် ပတ်သက်ပြီး ဤသို့ သုံးသပ်ဖော်ပြသည်။ "မူပိုင်ခွင့်ဥပဒေမရှိလျှင် တီထွင်ဖန်တီးသူများ၏ အသိဉာဏ်ပစ္စည်းပိုင်ခွင့်ကို အကာအကွယ်မပေးနိုင်၊ မဖြစ်သင့်။ အလားတူ မူပိုင်ခွင့်ဥပဒေကို ခြွင်းချက်မရှိ တင်းတင်းကျပ်ကျပ် ကိုင်လွှန်းလျှင်လည်း 'တက္ကနိုလိုဂျီလွတ်လပ်စွာ အသုံးပြုခွင့်ရရေး' (Free access to technology) ကို အဟန့်အတားပြုရာရောက်စေနိုင်သည်။ သတိပြု..." ဟု ဆိုပါသည်။

ဤနေရာတွင် စာရေးသူ၏ ထင်မြင်ချက်ကိုပြောရလျှင် မူပိုင်ခွင့်ဥပဒေတစ်ရပ် လက်တွေ့ချမှတ်အကောင်အထည်ဖော်တော့မည်ဆိုပါက အနည်းဆုံး ချိန်ခွင်သုံးလက်ကို ထည့်သွင်းစဉ်းစားဖို့ လိုမည်ထင်သည်။ ဤသည်တို့မှာ

၁။ တီထွင်ဖန်တီးသူအခွင့်အရေးနှင့် တက္ကနိုလိုဂျီအသုံးပြုနိုင်ရေးကြား ချိန်ခွင်လျှာ...၊

(Balance between inventor's right and free access to technology)

၂။ အဆင့်နိမ့်တက္ကနိုလိုဂျီ လူ့အဖွဲ့အစည်းနှင့် အဆင့်မြင့်တက္ကနိုလိုဂျီ လူ့အဖွဲ့အစည်းကြား ချိန်ခွင်လျှာ...၊

(Balance between low-tech society and high-tech society)

၃။ တစ်ဦးချင်းတီထွင်ဖန်တီးသူအကျိုးစီးပွားနှင့် ကုမ္ပဏီအကျိုးစီးပွားကြား ချိန်ခွင်လျှာ...။

(Balance between individual inventor's interest and company interest)

ဆိုခဲ့ပြီးသည့်အတိုင်း မူပိုင်ခွင့်ကိစ္စမှာ ဂလိုဘယ်သဘောဆောင်နေရာ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်နှင့် အကျုံးဝင်လျက် ရှိပါသည်။ နိုင်ငံတကာဆက်ဆံရေးတွင် 'အစစ်အမှန်နိုင်ငံရေး' (Real Politic) ဆိုသော အယူအဆ ရှိသည်။ ကျင့်ဝတ်တန်ဖိုးဆိုသည်ထက် မိမိတို့အမျိုးသားရေးအကျိုးစီးပွားကို ဦးစားပေးသည့်ပေါ်လစီခင်းနိုင်ဖို့ ဖြစ်ပါသည်။ ဤအယူအဆ၏ အကောင်းအဆိုးကို အသာထား၊ ယနေ့ကမ္ဘာပေါ်တွင်ရှိ မည်သည့်နိုင်ငံမှ အစစ်အမှန် နိုင်ငံရေးနှင့် မကင်းကြသည်ကို သတိချပ်ဖို့ လိုပါလိမ့်မည်။ မိမိနိုင်ငံအကျိုးစီးပွား၊ တစ်နည်း မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နှလုံးသွင်း၍ ပြဿနာကို ချဉ်းကပ်သင့်သည်ဟု သဘောရပါကြောင်း...။

**ကျော်ဝင်း**


**စာညွှန်း**

**The Knowledge Monopolies (The Economist, April 8th, 2000)**

www.foreverspace.com.mm



(ယခင်လမှအဆက်)



# ကျွန်တော် ပန်းချီကုန်သည်

( ၃၆ )

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

## ပန်းချီဝင်းဖေမြင့် ° ° ° ၂

"သက်မဲ့လောကကိုတော့ ... ပန်းချီပေါ်ဦးသက်ပြောသလို ... သုံးထောင့်၊ လေးထောင့်၊ စက်ဝိုင်းသဏ္ဍာန်တွေနဲ့ ကျွန်တော် မြင်လို့ တတ်ပြီ။ သက်ရှိတွေရဲ့ ပုံသဏ္ဍာန်ကိုလည်း သူပြောသလို မြင်ကြည့်ချင်သေးတယ်။ ဥပမာ ... လူ။ လူပုံကို... ပန်းချီပေါ်ဦးသက်ပြောသလို ဆွဲပြစမ်းပါ"

"ပိုတောင်လွယ်သေးတယ်။ လူရဲ့ ခေါင်းက စက်ဝိုင်းလေ။ ခြေနှစ်ချောင်းနဲ့ လက်နှစ်ဖက်က မျဉ်းဖြောင့်လေးခုလေ။ ခန္ဓာကိုယ်က လေးထောင့်။ ကျွန်တော် လက်တွေ့ဆွဲပြမယ်"

ကိုဝင်းဖေမြင့်က စာရွက်တစ်ရွက်ကို လှမ်းယူပြီး လက်တွေ့ဆွဲပြလိုက်ပါသည်။

မှန်ပါသည်။

လူပုံသဏ္ဍာန်အကြမ်းတစ်ခု ရုတ်ခြည်းပေါ်လာခဲ့၏။

"ဒါက လူပုံအကြမ်းပဲ။ အသေးစိတ်အပိုင်းတွေ...။ ဥပမာ– လူရဲ့မျက်နှာ...။ မျက်နှာကို သူပြောသလို ဘယ်လိုပုံဖော်မလဲ"

"မျက်စိနှစ်လုံးက စက်ဝိုင်းတွေလေ။ နှာခေါင်းက မျဉ်းဖြောင့်။ ပါးစပ်က စက်ဝိုင်းပျက်။ မျက်ခုံးလည်း စက်ဝိုင်းပျက်ပဲ။ ကျွန်တော် လက်တွေ့ရေးပြရဦးမလား"

ကိုဝင်းဖေမြင့်က လူမျက်နှာတစ်ခုကို ချက်ချင်းရေးပြလိုက်ပြန်သည်။ ကျွန်တော် မငြင်းသာပါ။

သူ့စကားမှာ အကုန်မှန်နေပါသည်။

"နောက် ... ကိုပေါ်ဦးသက် ထောက်ပြသွားတာတွေ ရှိသေးတယ်"

"ဘာတွေလဲ ပြောပြပါဦး"

"အရောင်ဆိုတာ အပူ အအေး ရှိတယ်။ ပူတဲ့အရောင်...။ အေးတဲ့အရောင်...။ အရောင်တွေမှာ အပူ အအေးရှိသလို လှုပ်ရှားမှုလည်း ရှိတယ်။ ငြိမ်တဲ့အရောင်...။ လှုပ်ရှားတဲ့အရောင်။ နောက် ... အသံ...။ အသံနဲ့ အရောင်ကလည်း ဆက်သွယ်မှုရှိတယ်"

"ဘယ်လို ဆက်သွယ်မှုရှိတာလဲ"

"ရှိတယ်။ အသေအချာတွေးကြည့်။ အရောင်နဲ့ အသံသာ ဆက်သွယ်မှုရှိတာ မဟုတ်ဘူး။ အရသာနဲ့လည်း ဆက်သွယ်မှုရှိတယ်။ ချဉ်တဲ့အရောင်ရှိတယ်။ ခါးတဲ့အရောင်ရှိတယ်။ စပ်တဲ့အရောင်ရှိတယ်။ ချိုတဲ့အရောင် ရှိတယ်"

"ဘယ်လိုအရောင်မျိုးတွေလဲ"

"ချဉ်တဲ့အရသာရှိတဲ့ အရောင်ဆိုတာက ခပ်စိမ်းစိမ်းအရောင်။ စိမ်းဝါဝါအရောင်မျိုး"

"ဖန်တဲ့အရသာက"

"အစိမ်းရင့်အရောင်မျိုး"

"ခါးတာကျတော့..."

"အညိုရင့်အရောင်..."

www.foreverspace.com.mm



"စပ်တာကျတော့..."

"ခပ်နီနီအရောင်မျိုး။ တကယ်တော့ ကျွန်တော်လည်း အသေအချာမသိဘူး။ ဆရာပန်းချီပေါ်ဦးသက်က အရောင်နဲ့ အသံ ဆက်စပ်နေတာ...၊ အရောင်နဲ့ အရသာ ဆက်စပ်နေတာတွေကို ပန်းချီဆရာကို ကိုယ့်ဟာကိုယ် တွေးခိုင်းတယ်။ ကိုယ့်ဟာကိုယ် စဉ်းစားခိုင်းတယ်။ ဘယ်အရောင်ဟာ ဘယ်ဟာဆိုတာကို သူ မသင်ဘူး။ ကျွန်တော် စောစောပိုင်းက ပြောပြခဲ့သလို ပန်းချီရေးတဲ့အခါ မျက်စိနဲ့ မရေးဘဲ၊ အမြင်နဲ့ မရေးဘဲ စိတ်နဲ့ ရေးတတ်အောင် သူသင်ကြားပေးနေတာ"

"အာရုံတွေကို သူသင်နေတာပေါ့"


"ဟုတ်တယ်။ အမြင်အာရုံနဲ့ အကြားအာရုံ။ အမြင်အာရုံနဲ့ အထိအတွေ့အာရုံ... အဲ... ပန်းချီရေးတဲ့အခါ အာရုံတွေပါလာအောင်...၊ အတွေးတွေပါလာအောင် ရေးခိုင်းနေတာပဲ။ သင်ပေးနေတာပဲ။ အဓိက,ကတော့ အမြင်အာရုံနဲ့ အခြားအာရုံတွေ ဆက်စပ်နေပုံ လက်တွေ့ရှာခိုင်းခဲ့တာပဲ"

"ကိုဝင်းဖေမြင့်... အဲဒီတုန်းက ကိုပေါ်ဦးသက် ရှာခိုင်းတာကို တွေ့လား"

"ရှာတော့ ကြိုးစားရှာခဲ့တာပဲ။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ကျွန်တော့်အသက်ကလည်း ၂၅ နှစ်လောက် ရှိသေးတဲ့အရွယ်ဆိုတော့ သိပ်မတွေ့ပါဘူး"

"ကိုပေါ်ဦးသက် သင်တာက ပန်းချီဆွဲတာကို အတွေးအခေါ်နဲ့ ပေါင်းစပ်ခိုင်းတဲ့ သဘောလား"

"ဟုတ်တယ်။ တိတိကျကျ ပြောရရင်တော့ ဆက်စပ်နေတဲ့လူရဲ့အာရုံတွေကို ပေါင်းစပ်ခိုင်းတာ။ အမြင်အာရုံနဲ့ အကြားအာရုံကို ပေါင်းခိုင်းတယ်။ အမြင်အာရုံနဲ့ အတွေ့အထိအာရုံကို ပေါင်းခိုင်းတယ်။ အမြင်အာရုံနဲ့ အနံ့အာရုံကို ပေါင်းကြည့်ခိုင်းတယ်။ သူသင်ချင်တာကို ပန်းချီရေးတဲ့အခါ လောကကြီးကို မျက်စိနဲ့ မြင်သလို မရေးနဲ့၊ စိတ်နဲ့ မြင်သလိုရေး။



ပန်းချီဝင်းဖေမြင့်၏ လက်ရာ

လောကကြီးကို မျက်စိနဲ့ ကြည့်လို့မြင်တဲ့ အမြင်က ဘယ်သူမြင်မြင်... ဒီအတိုင်း မြင်မှာပဲ။ ရှိနေတာကို ရှိနေတဲ့အတိုင်း မြင်မှာပဲ။ စိတ်အမြင်နဲ့ကျတော့ လူတစ်ယောက်နဲ့တစ်ယောက် မြင်ပုံခြင်း ကွာသွားပြီး၊ ပန်းချီဆွဲလိုက်တဲ့အခါမှာလည်း ပေါ်လာတဲ့ပန်းချီကားရဲ့သဏ္ဌာန်တွေက ဘယ်လိုမှ မျက်စိအမြင်နဲ့ ရေးခဲ့ကြတဲ့ ပန်းချီကားတွေလို တူနေကြတော့မှာ မဟုတ်ဘူး။ ကွာခြားချက်အမျိုးမျိုးရှိတော့မယ်"

"ရေးရတာ ခက်သွားတော့မှာပေါ့"

"ဟုတ်တယ်။ ဒီလို ခက်သွားလို့လည်း ပေါ်လာတဲ့ရလဒ်တွေက မြင့်သွားခဲ့တာပေါ့။ ဦးလှဝင်း စိတ်အမြင်နဲ့ရေးတဲ့ပန်းချီကားက ဦးလှဝင်းရဲ့ ကိုယ်ပိုင်ပန်းချီကားပဲ။ ကျွန်တော့်စိတ်နဲ့ရေးတဲ့ ပန်းချီကားက ကျွန်တော်ရဲ့ ကိုယ်ပိုင်ပန်းချီကားပဲ။ စိတ်ဆိုတာကိုပေါ်အောင် ထည့်ရေးပေးလိုက်ခြင်းကြောင့် ကိုယ်ပိုင်အနုပညာဆိုတာ ပေါ်လာတယ်။ ကိုယ်ပိုင်ဆိုတာက ဘယ်သူ့ဆီကမှ ယူထားတာမဟုတ်တဲ့ အနုပညာပဲ"

"အတွေးပါအောင် လုပ်ခိုင်းတဲ့ သဘောလို့ ထင်တယ်"

"ဟုတ်တယ်။ ဒီသဘော ခပ်ဆင်ဆင်ပဲ။ ဒါပေမဲ့ အတိအကျတော့လည်း မဟုတ်ဘူး။ ပန်းချီဆရာတစ်ယောက် အနေနဲ့ လောကကြီးရဲ့ မြင်ကွင်းတစ်ခုကို မိမိစိတ်ဝင်စားပြီး ပန်းချီရေးချင်ပြီဆိုရင် အဲဒီမြင်ကွင်းကို အကြာကြီးကြည့်...။ တစ်ကြိမ်တည်း မကြည့်နဲ့ အကြိမ်ကြိမ်ကြည့်။ ကျေနပ်အောင်ကြည့်။ ပန်းချီရေးချင်တဲ့မြင်ကွင်းကို အားလုံးသိသွားတဲ့အဆင့်ရောက်တဲ့အထိကြည့်။ နောက်... ပန်းချီရေးတော့မယ်ဆိုရင် ကိုယ်စောစောက ကြည့်ထားတာကို ကြည့်မြင်ထားသလို မရေးနဲ့တော့။ ဒီမြင်ထားတဲ့ မြင်ကွင်း...၊ ဒီမြင်ထားတဲ့အရာဝတ္ထုကို ကိုယ့်စိတ်ထဲမှာ ဘယ်လိုမြင်လာလဲ။ စိတ်ထဲမှာ ပေါ်လာတာကို ပြန်ရေး။ အဲ...မျက်စိမှိတ်... စိတ်နဲ့မြင်...စိတ်ထဲမှာ ပေါ်လာသလို ပြန်ရေး..."

"သြော်..."

"ပန်းချီပေါ်ဦးသက် ကျွန်တော့်ကို သင်ခဲ့ဖူးတဲ့ စိတ်နဲ့ရေးတာဆိုတာ အဲဒါပဲ။ ဦးလှဝင်း သဘောပေါက်ပြီ မဟုတ်လား"

"ပေါက်တော့ပေါက်သလိုပါပဲ"

www.foreverspace.com.mm



မှန်ပါသည်။ ကျွန်တော့် ရင်တွင်း၌ ပန်းချီဝင်းဖေမြင့် ရှင်းပြနေသည်များကို နားလည်သလိုလိုရှိ၏။ သို့သော်လည်း... အသေအချာလည်း နားမလည်သေးပါ။ ဘာကို သူ့ကို ဆက်မေးရမှန်းလည်း မသိ။

“ဒါကြောင့်လည်း ထင်တယ်။ ဆရာကိုပေါ်ဦးသက်ရဲ့ ပန်းချီကားတွေက တစ်ခုခု ထူးခြားနေသလိုလိုပဲ။ ကျွန်တော် သူ့ပန်းချီကားအများကြီး မြင်ဖူးတယ်။ အရောင်လေးတွေကလည်း တစ်မျိုးပဲ။ လူရဲ့ပုံသဏ္ဍာန်တွေကလည်း တစ်မျိုးပဲ။ အဆောက်အအုံတွေ... ဘုရားတွေ... သစ်ပင်တွေ... အင်း... အကုန်လုံးပါပဲ။ တစ်မျိုးတော့ တစ်မျိုးပဲ။ မြင်နေကြ တွေ့နေကြနဲ့တော့ မတူတာ အမှန်ပဲ”

“ဒါပေမဲ့... လှနေတယ် မဟုတ်လား”

“မှန်တယ်။ လှနေတယ်။ ချစ်စရာလေးတွေ...”

“အဲ... အဲဒါ ဆရာပေါ်ဦးသက်ရဲ့ ကိုယ်ပိုင်အလှ...။ ကိုယ်ပိုင်အနုပညာပေါ့”

“ကျွန်တော် သဘောပေါက်ပြီ ကိုဝင်းဖေမြင့်။ ကျွန်တော်တို့စာရေးတဲ့ဆီမှာလည်း ဒီသဘောမျိုးပါတယ်။ ကျွန်တော်တို့ စာရေးဆရာတွေအနေနဲ့လည်း မိမိရဲ့ တင်ပြချက်ဟာ သိပ်အသက်ပါသွားပြီဆိုရင် ဒီဝတ္ထုတိုလေးမှာ အသက်ရှိတယ်။ ဝိညာဉ်ရှိတယ်။ ကျွန်တော်တို့ တင်စားပြောတဲ့ ဝိညာဉ်ဆိုတာ တကယ်တော့ စိတ်ပါပဲ။ မိမိစိတ်ကို အပြည့်ထည့်သွင်းပြီး ဖန်တီးရေးလိုက်တဲ့သဘော...။ ခင်ဗျားတို့ ပန်းချီမှာ စိတ်နဲ့ရေးတယ်ဆိုတဲ့ သဘောနဲ့ တူမလား မသိဘူး”

“တူမယ်။ ဒါပေမဲ့ အတိအကျတော့လည်း မတူဘူး။ ဖန်တီးကြတဲ့ အနုပညာအမျိုးအစားချင်းမှ မတူဘဲ။ ကျွန်တော် ထပ်ရှင်းပြမယ်။ ဆရာ ကိုပေါ်ဦးသက်ရဲ့ စိတ်နဲ့ ပန်းချီရေးတယ်ဆိုတဲ့နည်းက... ဥပမာ–သူ့ခွေးအကြောင်းကို ပန်းချီရေးတော့မယ်ဆိုရင် ခွေးရဲ့မြင်နေရတဲ့သဏ္ဍာန် တစ်ခုတည်းကို အသေအချာကြည့်ပြီး လေ့လာပြီး ရေးတာမဟုတ်ဘူး။ ခွေးကဆော့မယ်၊ ခွေးအိပ်မယ်၊ အမြီးနန့်မယ်၊ ခွေးအူမယ်၊ ခွေးအစာစားမယ်၊ ခွေးဒေါသကြီးမယ်၊ ခွေးကြောက်စိတ်ဝင်မယ်၊ ခွေးအမြီးကုပ်မယ်၊ အဲ... စသည် ... စသည်ဖြင့်ပေါ့ ခင်ဗျာ...။ ခွေးအကြောင်းကို သူအစုံလေ့လာမယ်။ ခွေးရဲ့အသွင်သဏ္ဍာန်သာ မဟုတ်ဘူး။ ခွေးရဲ့အမူအကျင့်တွေအကုန်လုံးကိုပါ သူလေ့လာပြီးမှ သူ ခွေးအကြောင်းကို ပန်းချီရေးမယ်။ ခွေးရဲ့ အနေအထိုင် အမူအကျင့်တွေပါအောင် မျက်စိအမြင်တစ်ခုတည်းနဲ့ ဘယ်လို ပန်းချီရေးမလဲ။ စိတ်ကိုပါထည့်ပြီးရေးမှ လှုပ်ရှားတဲ့အသွင်သဏ္ဍာန်တွေ ... ထူးခြားတဲ့ အလေ့အကျင့်တွေကိုပါ ပေါ်လွင်အောင် ရေးနိုင်တော့မယ်မဟုတ်လား။ တကယ်တော့ ဒီပန်းချီရေးနည်းဟာ အရှေ့တိုင်းရဲ့ ပန်းချီရေးနည်း။ ဆရာပန်းချီကိုပေါ်ဦးသက်တစ်ယောက်တည်းရဲ့ ပန်းချီရေးနည်းမဟုတ်ဘူး”



ပန်းချီ ဝင်းဖေမြင့်

“ဒါဖြင့်ရင် ပန်းချီရေးနည်းမှာ ကျွန်တော်တို့ အရှေ့တိုင်းရဲ့ရေးနည်းက အနောက်တိုင်းရေးနည်းထက်ကို အရှေ့ရောက်ခဲ့ဖူးမှာပေါ့”

“အရှေ့ရောက်တယ် အနောက်ရောက်တယ်ကို ကျွန်တော် ပြောတာမဟုတ်ဘူး။ ရေးဟန်အယူအဆကွာသွားတာ... ခြားနားသွားတာကို ကျွန်တော်ပြောတာ...။ အနောက်တိုင်းပန်းချီရေးနည်းလည်း သူ့နည်းနဲ့သူ ကောင်းတာပဲ။ အရှေ့တိုင်းပန်းချီရေးနည်းလည်း သူ့ရေးနည်းနဲ့သူ ကောင်းတာပဲ”

“ကျွန်တော်မေးချင်တဲ့မေးခွန်းက စိတ်နဲ့ ပန်းချီရေးနည်းကို ကျွန်တော်တို့ အရှေ့တိုင်းက စတာလား”

“ဟုတ်တယ်။ အရှေ့တိုင်းက စခဲ့တာပါ”

“ဒါဖြင့်ရင် စိတ်နဲ့ပန်းချီရေးနည်းကို ဥရောပပန်းချီပညာသည်တွေက ကျွန်တော်တို့ အရှေ့တိုင်းကမှတစ်ဆင့် လေ့လာသင်ယူခဲ့ကြတာပေါ့”

“ဟုတ်ပါတယ်”

“ဘယ်တော့လောက်မှ ဒီပညာ ဥရောပဘက်ကို ကူးသွားခဲ့တာလဲ”

“အင်ပရက်ရှင် (Impression) ရေးဟန်ခေတ်... အင်ပရက်ရှင်လွန် ပန်းချီဆရာတွေလက်ထက်... သူတို့ခေတ် အချိန်အခါလောက်မှာ အရှေ့တိုင်းရဲ့ စိတ်နဲ့ ပန်းချီရေးနည်းကို သူတို့ယူလိုက်ကြတာ...။ တိတိကျကျ ပြောရရင်တော့ ပန်းချီဆရာကြီး ဂေါ်ဂင်တို့...။ ဗင်န်ဂိုးတို့ရဲ့ လက်ထက်လောက်မှာ ရောက်သွားခဲ့တာပဲ။ ဒီပုဂ္ဂိုလ်ကြီးတွေက အရှေ့တိုင်းရဲ့ ပန်းချီရေးဟန်ကို စိတ်ဝင်စားကြတယ်”

ဆက်လက်ဖော်ပြပါမည်


**ဦးလှဝင်း (လေသူရဲတစ်ဦး)**

■

www.foreverspace.com.mm



(ယခင်လမှအဆက်)



# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

( ၂၈ )

လူထုစိန်ဝင်း

## "ရန်သူကို အမိုးပေါ်ရောက်အောင် မျှားခေါ်ပြီး လှေကားကိုဖြုတ်ပစ်တဲ့ဗျူဟာ"

## Remove The Ladder After The Enemy Ascend To The Roof

အားနည်းဟန်ဆောင်ပြီး ရန်သူကို ထောင်ချောက်ထဲမျှားခေါ်ပြီးမှ ချေမှုန်းတဲ့ ဗျူဟာကို ယိကျင်းရဲ့ "ရှိခဲ' ကျမ်းမှာ တွေ့ရတယ်။

### နောက်ခံသမိုင်းကြောင်း

သုံးပြည်ထောင်ခေတ် အေဒီ ၂၁၀ လောက်က ဟန်မင်းနိုင်ငံတော်မှာ လျူပေ့က ကျင်းပြည်နယ်မှာရှိတဲ့ လျူပြောင်းဆီ အကူအညီတောင်းဖို့သွားခဲ့တယ်။ လျူပြောင်းမှာ လျူကျိနဲ့ လျူကျုံးဆိုတဲ့ သားနှစ်ယောက်ရှိတယ်။ မယားနှစ်ယောက်ကမွေးတဲ့သားများဖြစ်ပြီး လျူကျုံးက မယားအငယ်ကမွေးတဲ့သား ဖြစ်တယ်။ မယားအငယ်ချိုင်းရဲ့ သြဇာကြောင့် လျူပြောင်းက သားအငယ်ကို မျက်နှာသာ ပေးထားတယ်။

လျူပေ့နဲ့ သူ့အကြံပေးဆရာ ကျူကဲလျန်တို့ရောက်လာတော့ သားအကြီး လျူကျိုက ကျူကဲလျန်ထံ ချဉ်းကပ်အကြံဉာဏ်တောင်းတယ်။ ပညာရှိ ကျူကဲလျန်က အလိမ္မာဖက်ပြီး အကြိမ်ကြိမ်ငြင်းဆန်ခဲ့တယ်။ တစ်နေ့တော့ လျူကျိုက ပညာရှိကြီးကို ဥပါယ်တံမျဉ်နဲ့ လှည့်စားပြီး အိမ်ခေါင်မိုးထပ်ကိုရောက်အောင် ခေါ်သွားခဲ့တယ်။ အမိုးပေါ်ကို နှစ်ယောက်စလုံးရောက်တဲ့အခါကျမှ လျူကျိုက သူ့တပည့်များကို လှေကားကိုဖြုတ်ယူသွားဖို့ စေခိုင်းလိုက်တယ်။ လှေကားမရှိတဲ့အခါကျမှ လျူကျိုက "ကဲ ကျုပ်တို့ဟာ အခု ကောင်းကင်ဘုံမှာမဟုတ်သလို မြေကြီးပေါ်မှာလည်း

www.foreverspace.com.mm



မဟုတ်ကြတော့ဘူး။ ဒီအခြေအနေမှာ ပညာရှိကြီးအနေနဲ့ ပေးချင်တဲ့အကြံညဏ် မျိုးသာပေးပါ။ ကျုပ်အနေနဲ့ ဘာပဲဖြစ်ဖြစ် ရှိသေလေးစားပါမယ်”လို့ ပြောလိုက်တယ်။

ပညာရှိကြီးအနေနဲ့ ရှောင်ထွက်လို့ မရနိုင်တော့တာကတစ်ကြောင်း၊ မင်းသား လျူကျိရဲ့မျက်နှာမှာလည်း အမှန်တကယ် ရိုးသားဖြူစင်စွာ တောင်းခံနေကြောင်း သိသာထင်ရှားစွာ တွေ့မြင်ရတာက တစ်ကြောင်းကြောင့် သမိုင်းမှာရှိခဲ့တဲ့ ကျင်းနိုင်ငံတော်က မင်းသားကျုံအားကို နမူနာယူသင့်ကြောင်း ပြောကြားခဲ့တယ်။ ပြီးမှ မင်းသားလျူကျိအနေနဲ့ မိထွေးတော်နဲ့ ညီတော်တို့ရဲ့ အကောက်ကြံမှုက လွတ်အောင် နေပြည်တော်က ခေတ္တရှောင်ရှားနေသင့်ကြောင်း အကြံပြုလိုက်တယ်။ လျူကျိက ပညာရှိကြီးရဲ့စကားကို နာယူပြီး သူ့ခမည်းတော်ဆီသွားကာ သူ့ကို နယ်စွန်နယ်ဖျားမှာသွားရောက်တာဝန်ထမ်းဆောင်ခွင့်ပြုဖို့တောင်းဆိုပြီး နေပြည်တော်က ထွက်ခွာသွားခဲ့တယ်။

## ဒုတိယဇာတ်ကြောင်း

ဒီသမိုင်းကြောင်းကလည်း ပညာရှိကြီး ကျူကဲလျန်ရဲ့အကြောင်းပဲ ဖြစ်တယ်။ အေဒီ ၂၂၃ မှာ လျူပေ့လွန်တော့ ကျူကဲလျန်က လျူချန်းကို ထီးနန်းဆက်ခံနိုင်အောင် ကူညီခဲ့တယ်။ သူတို့ရဲ့ ‘ရှု’ နေပြည်တော်ဟာ တရုတ်ပြည်အရှေ့ အလယ်ပိုင်းပြည်နယ်တစ်ခုမျှသာ ဖြစ်တယ်။ ကျူကဲလျန်က လျူချန်းလက်ထက်မှာ မင်းနေပြည်အားလုံးကို သိမ်းယူပြီး ဟန်နိုင်ငံတော်ကြီး ပြန်လည်ထူထောင်နိုင်ဖို့ မျှော်မှန်းခဲ့တယ်။ အဲဒီအချိန်မှာ တရုတ်ပြည်မြောက်ပိုင်းဒေသများဟာ ‘ကော့ကောင်း’ ရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိခဲ့တယ်။ သူတို့ နှစ်ပြည်ထောင်ဟာ အေဒီ ၂၂၇ နဲ့ ၂၃၄ ကြားမှာ စစ်ပွဲကြီး ခြောက်ကြိမ် တိုက်ခိုက်ခဲ့ကြတယ်။ အခုဖော်ပြတဲ့ ဇာတ်ကြောင်းက အေဒီ ၂၃၁ မှာဖြစ်ပွားတဲ့ ပဉ္စမအကြိမ်စစ်ပွဲကြီးအတွင်း ဖြစ်ပွားခဲ့တာဖြစ်တယ်။


စစ်အတွင်းမှာ ကျူကဲလျန်တို့ဟာ နာမည်ကျော်စစ်သူကြီး ‘စိမာယိ’ ရဲ့တပ်နဲ့ ရင်ဆိုင်တွေ့ကြရတယ်။ တိုက်ပွဲကြီးတစ်ခုမှာ စိမာယိတို့ဘက်က လူသူ ၃၀၀၀ လောက် ကျဆုံးခဲ့ပေမယ့် ကျူကဲလျန်တို့တပ်ကို ပြိုသွားအောင် မတတ်နိုင်ခဲ့ကြဘူး။ ကျူကဲလျန်တို့ဘက်မှာလည်း လူသူအကျအဆုံးများပြားရုံမက ရိက္ခာများလည်း ပြတ်လုနီးပါးဖြစ်နေခဲ့တယ်။ အဲဒါကြောင့် ရိက္ခာများ အမြန်ဆုံးပို့ပေးဖို့ ခြေမြန်လွှတ်တောင်းခဲ့ရတယ်။ ရိက္ခာဖြည့်တင်းရေးတာဝန်ယူရတဲ့ ဗိုလ်ချုပ်ကြီး ‘လိယန်’ က အဆက်မပြတ်ရွာသွန်းနေတဲ့မိုးကြောင့် ရိက္ခာများဟာ လမ်းခရီးမှာပဲ ပျက်စီးဆုံးရှုံးသွားမှာကို စိုးရိမ်ကြောင့်ကြနေခဲ့တယ်။ အဲဒါကြောင့် သူက ရိက္ခာများပေးပို့မယ့်အစား အမိန့်တော်အတုတစ်စောင် ပေးပို့ပြီး တပ်များရုပ်သိမ်းဆုတ်ခွာဖို့ အကြောင်းကြားလိုက်တယ်။

အမိန့်စာတုကို ရရှိတဲ့အခါမှာ ကျူကဲလျန်က ချိန်တူးနေပြည်တော်မှာ တစ်စုံတစ်ရာ အန္တရာယ်ကျရောက်နေပြီလို့ အထင်ရှိပြီး ဆုတ်ခွာရုပ်သိမ်းဖို့ စီစဉ်ခဲ့တယ်။ တစ်ချိန်တည်းမှာပဲ ရန်သူက ထပ်ချပ်မကွာလိုက်ပြီး ချေမှုန်းမယ့်အန္တရာယ်ကို ရှောင်ကွင်းဖို့လည်း အစီအမံများချမှတ်လုပ်ဆောင်ခဲ့တယ်။ ရန်သူ့အန္တရာယ်ကို အကောင်းဆုံးကာကွယ်နည်းဟာ ရန်သူကို အပြတ်ချေမှုန်းပစ်ရေးပဲဆိုတာကို ကျူကဲလျန်က နားလည်ခဲ့တယ်။ ဒါပေမဲ့ ရင်ဆိုင်ရတဲ့ ရန်သူစစ်ဗိုလ်ချုပ်ကြီးစိမာယိကလည်း ပါးနပ်လိမ္မာတဲ့ စစ်မှူးတစ်ဦးဖြစ်တာကြောင့် လွယ်လွယ်နဲ့ ချေမှုန်းနိုင်မှာမဟုတ်ကြောင်း သိရှိသဘောပေါက်ထားတယ်။

စစ်မှူးကြီးစိမာယိကလည်း ကျူကဲလျန်တို့ဘက်က နောက်တစ်ကြိမ် စစ်ထိုးလာမှာကို စောင့်မျှော်ပြီး တပ်ကိုခိုင်လုံအောင် ပြင်ဆင်ထားခဲ့တယ်။ အဲဒီအချိန်မှာ ရန်သူတပ်များ ရုပ်သွားပြီဆိုတဲ့သတင်းကိုရတော့ မယုံကြည်နိုင်အောင်ဖြစ်သွားတယ်။ အခြေအနေက သူမသာ ကိုယ်မသာ ရှိနေဆဲကာလဖြစ်တာကြောင့် ဘယ်စစ်မှူးမှ ဆုတ်ခွာရုပ်သိမ်းဖို့ စဉ်းစားလိမ့်မယ် မဟုတ်ဘူးဆိုတာ သူက သိရှိထားခဲ့တယ်။

ရှေ့ပြေးကင်းထောက်တပ်ဖွဲ့များက ရန်သူတပ်များ အမှန်တကယ် ရုပ်သိမ်းသွားကြောင်း သတင်းပို့ကြတာကြောင့် ဗိုလ်ချုပ်ကျန်းဟို့ဦးဆောင်တဲ့ တပ်များကို လိုက်ပြီးတိုက်ခိုက်စေခဲ့တယ်။ ကျန်းဟို့က တစ်သောင်းတပ်ကြီးတစ်ခုနဲ့ ရှေ့ပြေးချီတက်တိုက်ခိုက်ပြီး စိမာယိက သုံးသောင်းတပ်မကြီးနဲ့ မလှမ်းမကမ်းက လိုက်ပါမှာဖြစ်တယ်။ ရန်သူကို လျှော့မတွက်ဖို့လည်း စိမာယိက အထပ်ထပ်မှာကြားလိုက်တယ်။ ကျန်းဟို့ဟာ တိုက်ရည်ခိုက်ရည်နဲ့ပြည့်ဝတဲ့ စစ်မှူးတစ်ဦးဖြစ်တယ်။ တစ်ရက်ပြီးတစ်ရက်လိုက်ပါခဲ့ကြရာ ရန်သူဗိုလ်ချုပ်ဝေ့ယန်ဦးစီးတဲ့တပ်နဲ့ ဆုံမိကြတယ်။ ရှုတပ်များက အပြင်းအထန် ခုခံကြပေမယ့် အင်အားမမျှတာကြောင့် ဆုတ်ခွာကြရတယ်။ ကျန်းဟို့က ထောင်ချောက်မိမှာကို သတိကြီးစွာထားနေတာကြောင့် ဒရောသောပါး မလိုက်ဘဲ စစ်ကိုရပ်ပြီး အကဲခတ်နေတယ်။ အဲဒီအချိန်မှာ ရှုတပ်များကို ဗိုလ်ချုပ်ဝမ်ပင်းက ဦးဆောင်ပြီး လျှပ်တစ်ပြက်ဝင်တိုက်ကြပြန်တယ်။ ဒီတစ်ချီလည်း ရှုတို့ရှုံးနိမ့်ပြီး ဆုတ်ခွာကြရပြန်တယ်။

ဒီတစ်ချီမှာတော့ နောက်ချန် ဗိုလ်ချုပ်ကြီး စိမာယိရဲ့တပ်မကြီးကိုလည်း နောက်မလှမ်းမကမ်းမှာ တွေ့မြင်နေရပြီဖြစ်တာကြောင့် ကျန်းဟို့က ဆုတ်ပြေးတဲ့ ရန်သူတပ်ရဲ့နောက်က ထပ်ချပ်မကွာလိုက်ပြီး တိုက်ခိုက်ကြတယ်။ ဝေ့ယန်နဲ့ ဝမ်ပင်းတို့ ၂ တပ်ပူးပေါင်းပြီး အပြင်းအထန်ခုခံတိုက်ခိုက်ကြပေမယ့် မခံနိုင်ဘဲ ဒလကြမ်းဆုတ်ပြေးကြရတယ်။ သူတို့



ထွက်ပြေးတဲ့ တောလမ်းတစ်လျှောက်မှာ သူတို့ကိုယ်က ချွတ်ခွာထားခဲ့ကြရတဲ့ ချပ်ဝတ်တန်ဆာတွေ၊ စစ်လက်နက်ကိရိယာတွေနဲ့ ပြန့်ကျဲနေကြတာကိုကြည့်ပြီး သူတို့ဟာ အသက်ဘေးကလွတ်အောင် ဒရောသောပါးပြေးကြရကြောင်း ထင်ရှားနေတော့တယ်။

ဗိုလ်ချုပ်ကျန်းဟို့က ဒီနေရာမှာတင် ရန်သူတပ်ကို အပြီးအပိုင်ချေမှုန်းပစ်တော့မယ်ဆိုတဲ့စိတ်ကူးနဲ့ တောနက်ထဲကိုဝင်လိုက်သွားခဲ့တယ်။ ဗိုလ်ချုပ်စိမာယိရဲ့ တပ်မကြီးက နောက်မှာရှိနေတာကြောင့် အကြောင့်ကြကင်းကင်းနဲ့ တစ်ရှိန်ထိုးချီတက်သွားခဲ့ကြတယ်။ တောနက်ထဲမှာ လမ်းက ကျဉ်းမြောင်းရုံမက လမ်းပေါ်မှာ ပြန့်ကျဲနေတဲ့ ရန်သူ့ပစ္စည်းတွေနဲ့ ရှုပ်ယှက်ခတ်နေတာကြောင့် ဖြည်းဖြည်းချင်းသာ လိုက်နိုင်ကြတော့တယ်။ အဲဒီအချိန်မှာ တောင်ကုန်းပေါ်က မြားအစင်းပေါင်းထောင်သောင်း တရစပ်ကျရောက်လာခဲ့ကြတာကြောင့် ကျန်းဟို့ရဲ့တပ်သားများ လမ်းကျဉ်းကလေးထဲမှာ အတုံးအရုံး ကျဆုံးကုန်ကြတယ်။ ချောင်ပိတ်ပြီး တိုက်ခိုက်တာခံရကြောင်းသိတာနဲ့ ကျန်းဟို့က နောက်ပြန်ဆုတ်ဖို့ အမိန့်ပေးပေမယ့် အချိန်နှောင်းသွားခဲ့ပြီဖြစ်တယ်။ တောင်ကြားထဲဝင်တဲ့ လမ်းကျဉ်းကလေးကို ကျူကဲလျန်ရဲ့တပ်များက ကျောက်တုံးတွေနဲ့ ပိတ်ဆို့ထားလိုက်ပြီဖြစ်တယ်။ ကျန်းဟို့ရဲ့တပ်များဟာ တောင်ကြားလမ်းထဲမှာ ညှပ်ပူးညှပ်ပိတ် အတိုက်ခံကြရတော့တယ်။

ဗိုလ်ချုပ်ကြီး စိမာယိကိုယ်တိုင် ရောက်လာချိန်မှာတော့ သူ့တပ်သားများရဲ့ အလောင်းများကိုသာ တွေ့ကြရတော့တယ်။ မြေပြင်အခင်းအကျင်းက ကိုယ့်ဘက်က တစ်ပန်းရှုံးနေပြီဖြစ်လို့ စိမာယိဟာ နောက်ထပ်အတိုက်ခံရမှာကို စိုးရိမ်ပြီး နောက်ပြန်ဆုတ်ခွာသွားတော့တယ်။

## လက်တွေ့အသုံးချနည်း

စီးပွားရေးနယ်ပယ်မှာ ဒီဗျူဟာကို ကျင့်သုံးတဲ့အခါ သတိကြီးစွာထားဖို့ လိုအပ်တယ်။ လှည့်စားတဲ့ဗျူဟာက ကျင့်ဝတ်များ၊ ဥပဒေများနဲ့ ဆန့်ကျင်ဘက်ဖြစ်မှာကို ဆင်ခြင်သုံးသပ်ဖို့လိုတယ်။ စီးပွားရေးနယ်ပယ်မှာ တီထွင်ဖန်တီးမှုနဲ့ လှည့်စားမှုတို့ကြား ခြားထားတဲ့မျဉ်းကြောင်းဟာ ပါးပါးကလေးသာဖြစ်တယ်။ တီထွင်ဖန်တီးမှုက ဘယ်မှာဆုံးပြီး လှည့်စားမှုက ဘယ်မှာစတယ်ဆိုတာ ပြောဖို့တော်တော်ခက်တယ်။ ကြော်ငြာဆိုတာ တီထွင်ဖန်တီးမှုအဖြစ် လူတိုင်းသဘောပေါက်နားလည်ကြတယ်။ ဒါပေမဲ့တစ်ချိန်တည်းမှာ လှည့်စားမှုလည်း ဖြစ်သွားနိုင်ခြေရှိတယ်။ ကြော်ငြာလောကမှာ အသုံးများတာတွေက –

(၁) 'လက်ကျန်အနည်းငယ်သာရှိတော့တယ်' ဆိုတဲ့ အရောင်းမြှင့်တင်ရေးကြော်ငြာဆိုင်းဘုတ်ဟာ အများအားဖြင့် ပစ္စည်းတွေရောင်းမစွံလို့ တစ်ပုံကြီး ကျန်နေတဲ့အခါမျိုးမှာ လုပ်တတ်တဲ့ဗျူဟာဖြစ်တယ်။

(၂) 'အားပေးသူတွေ များလွန်းလို့ အရောင်းမြှင့်တင်ရေးကာလ ထပ်တိုးထားပါသည်' တဲ့။

အားပေးသူတွေများလွန်းရင် ဈေးတင်ရောင်းကြမြဲမဟုတ်လား။ ဈေးလျှော့ရောင်းနေတာကိုက ရောင်းမစွံလို့ဆိုတာ ထင်ရှားနေပြီပဲ။

(၃) 'သုံးစွဲသူများ အလွန်နှစ်သက်ကြတာကြောင့် ဒစ်စကောင့်များ ထပ်တိုးပေးနေပါတယ်'

လူကြိုက်များနေရင် ဘာ့ကြောင့် ဒစ်စကောင့်ပေးနေရသလဲ။ တကယ် ကြော်ငြာသင့်တာက မှားယွင်းပြီး ဈေးနှုန်းတင်ထားမိတာကြောင့် ယခု ဈေးများချပြီး ရောင်းချနေပါတယ်လို့ ရေးသင့်တယ် မဟုတ်လား။

အဲဒါကြောင့် ကြော်ငြာဟာ တီထွင်ဆန်းသစ်မှုဖြစ်နိုင်သလို လှည့်စားတာလည်း ဖြစ်နိုင်ကြောင်း ပြောခဲ့တာဖြစ်တယ်။

စီးပွားရေးလောကမှာ ဟန်ဆောင်တာ၊ ပရိယာယ်သုံးတာများ လုပ်ကြမြဲဖြစ်တယ်။ အဲဒီကနေပြီး လိမ်ညာလှည့်စားတာဖြစ်မသွားဖို့တော့ သတိကြီးစွာထားသင့်ကြတယ်။ အဓိကအနေနဲ့ကတော့ သုံးစွဲသူများကို သားကောင်အဖြစ် သဘောမထားမိကြဖို့ဖြစ်တယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။

**လူထုစိန်ဝင်း**

၄–၁၀–၂၀၀၅

www.foreverspace.com.mm



# အရည်အသွေး စီမံခန့်ခွဲမှု

မောင်တွေးတော (ပေါက်အင်း)

**ကွက်တိပို့စနစ် (Just-in-time System-JIT)ကို သုံးမယ်ဆိုရင် ကုန်ကြမ်းတွေဟာ လိုအပ်တဲ့အချိန်ရောက်မှ လုပ်ငန်းခွင်ထဲကို ရောက်လာမယ်။ အရန်ကုန်ကြမ်းလက်ကျန်မထားတဲ့အတွက် ပို့လိုက်တဲ့ ကုန်ကြမ်းတွေဟာ ရာနှုန်းပြည့် အရည်အသွေးကောင်းရမယ်။ အရင်တုန်းကဆိုရင် ရာနှုန်းပြည့် အရည်အသွေးကောင်းဖို့ဆိုတာ မဖြစ်နိုင်ဘူး။ တချို့ အပြစ်အနာအဆာတွေဟာ လွှဲရှောင်လို့မရနိုင်ဘူးလို့ လူအများက ယုံကြည်ခဲ့ကြတယ်။ အခုတော့ ဒီယုံကြည်မှုဟာ မှားတယ်ဆိုတာ သဘောပေါက်လာကြပြီး ဖောက်သည်တွေရဲ့ တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်တဲ့ ထုတ်ကုန်တွေကို အမြဲထာဝရ အမှန်တကယ်အရည်အသွေးကောင်းအောင် အရည်အသွေးစီမံခန့်ခွဲမှု (Quality Management)က ဆောင်ကြဉ်းပေးနိုင်တယ်ဆိုတာ သိရှိလာကြပြီ။**



အခုတလော လုပ်ငန်းတွေဟာ ထုတ်ကုန်တွေရဲ့ အရည်အသွေးကို အတော်ကလေး ဂရုစိုက်လာကြတယ်။ အရည်အသွေးကောင်းဖို့ကပထမ (Quality is Job 1) လို့ ဖို့(ဒ်)က ကြွေးကြော်တယ်။ အပျက်ကင်းတဲ့ အများနဲ့ယှဉ်နိုင်တဲ့ ထုတ်ကုန်တွေကို ဖောက်သည်တွေဆီ အရောက်ပို့မယ်လို့ IBM က ဆိုတယ်။ တချို့ကုမ္ပဏီတွေက ကျုပ်တို့ဟာ ကွာလတီအတွက် မှတ်ပုံတင်ထားတဲ့ ISO 9000 လက်မှတ်ရထားပြီးပြီလို့ ကြော်ငြာတယ်။ အဓိကရည်ရွယ်ချက်ကတော့ အကောင်းဆုံးအရည်အသွေးရှိတဲ့ ထုတ်ကုန်တွေ ထုတ်လုပ်နိုင်တယ်ဆိုတာပြချင်လို့ ဖြစ်တယ်။ သူတို့ပြောတဲ့ ကွာလတီကို ဘယ်သင်းက ဖန်ဆင်းလဲ၊ ဘယ်လို ထုတ်ကြမလဲ။

## အရည်အသွေးကို ဘယ်လို တိုင်းမလဲ

ပထမဆုံးပြဿနာက ကွာလတီကို ဆီလျော်တဲ့ အနက်အဓိပ္ပာယ်ဖွင့်ပေးဖို့ ဖြစ်တယ်။ ဥပမာ–ဝတ္ထုတစ်ပုဒ်ကိုဖတ်ပြီး ကြိုက်မကြိုက်ပြောဖို့ ဖြစ်နိုင်ပေမယ့် အဲဒီဝတ္ထုရဲ့ ကွာလတီကို အများလက်ခံနိုင်တဲ့ တိုင်းတာမှုတစ်ခုပေးဖို့တော့ အခက်သား။

www.foreverspace.com.mm



ထုတ်ကုန်တစ်ခုရဲ့ ကွာလတီကို ရိုးစင်းတဲ့ တိုင်းတာမှုတစ်ခုပေးဖို့ ခက်ပေမယ့် တချို့သော အသုံးဝင်တဲ့ သဘောထားထင်မြင်ချက်တွေပေးဖို့တော့ ဖြစ်နိုင်တယ်။ ဥပမာ– ဘောပင်တစ်ချောင်းဟာ လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်းနဲ့ ရေးနိုင်ရင် ကွာလတီကောင်းတယ်။ လေကြောင်းလိုင်းတစ်ခုဟာ ခရီးသည်တွေ ကသီလင်တမရှိဘဲ လိုရာခရီးကို အချိန်မီရောက်ရင် ကွာလတီကောင်းတယ်။ တစ်နည်းအားဖြင့် ထုတ်ကုန်တစ်ခုဟာ သတ်မှတ်ထားတဲ့အလုပ်ကို လုပ်ရင် ကွာလတီကောင်းတယ်ပေါ့။ ခြုံပြောရရင် အရည်အသွေးဆိုတာ ဖောက်သည်တွေရဲ့ လိုအပ်ချက် (Needs) ကို ဖြည့်ဆည်းပေးနိုင်တာပဲ ဖြစ်တယ်။ လိုအပ်ချက်ကို ပိုပြီး ဖြည့်ဆည်းပေးနိုင်ရင်တော့ ပိုပြီး ကောင်းတာပေါ့လေ။

ဒါပေမဲ့ ဒီဖောက်သည်ရဲ့အလိုကို ဖြည့်ဆည်းမှုဆိုတဲ့ အချက်ဟာ ဝါးတားတားအိုင်ဒီယာတစ်ခု ဖြစ်နေဆဲပါပဲ။ လူအမျိုးမျိုး ဘုရားရှိခိုးအမျိုးမျိုးဆိုသလို ဖောက်သည်အမျိုးမျိုးမှာ မျှော်လင့်ချက်အထွေထွေရှိနေတယ်မို့လား။ ဥပမာ–တီဗီတစ်လုံးရဲ့ အရည်အသွေးကို ပေးရတဲ့ ဈေးနှုန်း၊ အမျိုးအစား၊ အသုံးပြုရလွယ်ကူမှု၊ ပုံရိပ်ပြတ်သားမှု၊ ချန်နယ် ဘယ်လောက်ဖမ်းနိုင်သလဲ၊ အသံထွက်ကောင်းသလား စတဲ့အချက်တွေနဲ့ အကဲဖြတ်နိုင်တယ်။

ထုတ်ကုန်တစ်ခုရဲ့ အရည်အသွေးကို အောက်ဖော်ပြပါ သတ်မှတ်ချက်တွေနဲ့ ယေဘုယျတိုင်းနိုင်တယ်။

( ၁ ) အသုံးတည့်မှု၊
( ၂ ) စွမ်းဆောင်ချက်၊
( ၃ ) ယုံကြည်စိတ်ချရမှု၊
( ၄ ) တာရှည်ခံမှု၊
( ၅ ) ဘေးကင်းလုံခြုံမှု၊ သက်သာလွယ်ကူမှု စတဲ့ အင်္ဂါရပ်တွေ၊
( ၆ ) အသုံးပြုထားတဲ့ နည်းပညာ၊
( ၇ ) သတ်မှတ်ထားတဲ့ ဒီဇိုင်းနဲ့ကိုက်ညီမှု၊
( ၈ ) ခံယူချက် (ဖောက်သည်တွေရဲ့ အရည်အသွေးမြင့်တယ်လို့)
( ၉ ) အသုံးပြုတဲ့အခါ လွယ်ကူအဆင်ပြေမှု၊
(၁၀) စတိုင်လ်ကောင်းမှု၊
(၁၁) ဖောက်သည်တွေကို ပေးတဲ့ ဝန်ဆောင်မှု၊
(၁၂) အချိန်မီပေးပို့နိုင်မှု၊
(၁၃) ရောင်းပြီးနောက်ပိုင်း ဝန်ဆောင်မှုစသည်။

## ကွက်ပြီးမတိုင်းနဲ့

အရည်အသွေးကို တိုင်းတာဖို့ ဆီလျော်တဲ့ အမြင်တစ်ခုဖြစ်ဖို့ဆိုရင် အထက်ကအချက်တွေကို ထည့်စဉ်းစားရမယ်။ တခြားအချက်တွေကို လျစ်လျူရှုပြီး တချို့အချက်အလက်တွေနဲ့ ကွက်ပြီး အရည်အသွေးကို အကဲမဖြတ်သင့်ဘူး။ ဥပမာ–ဆရာဝန်တစ်ယောက်ရဲ့ အရည်အသွေးကို သူပေးတဲ့ ကုသချက် (Treatment) ကို ထည့်မတွက်ဘဲ လူနာအရေအတွက်များတာလောက်နဲ့ အကဲမဖြတ်နိုင်ဘူး။ ကွန်ပျူတာတစ်လုံးကို တာရှည်ခံမှုကို ထည့်မစဉ်းစားဘဲ သူ့ရဲ့စွမ်းဆောင်ချက်ကိုကြည့်ပြီး အရည်အသွေးကောင်းတယ်လို့ မပြောနိုင်ဘူး။

ကွာလတီနဲ့ ပတ်သက်ပြီး တချို့အချက်တွေက တိုင်းတာလို့ ရတယ်။ ဥပမာ–အလေးချိန်၊ ပျက်တဲ့အကြိမ်၊ အာမခံသက်တမ်း စတဲ့အချက်တွေဖြစ်ပြီး အဲဒီအချက်တွေနဲ့ ထုတ်ကုန်ကို ကွာလတီကောင်းမကောင်း စမ်းသပ်လို့ ရတယ်။ တခြားအချက်တွေက တိုင်းတာကြည့်လို့ မရပေမယ့် လူတစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်အကဲဖြတ်မှုပေါ်မှာ မူတည်တယ်။ ဥပမာ– ဝန်ထမ်းတွေရဲ့ ယဉ်ကျေးပျူငှာမှု၊ သက်သောင့်သက်သာရှိမှု စတဲ့ အချက်တွေ ဖြစ်တယ်။ ဒီ ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့ အကဲဖြတ်ချက်တွေကို လေ့လာစူးစမ်းဖို့ ခက်တယ်။ အထူးသဖြင့် ဝန်ဆောင်မှုမှာ ပိုပြီး ခက်ခဲတယ်။ ဝန်ဆောင်မှုကောင်းမကောင်းဆိုတာ ဖောက်သည်တွေရဲ့ အမြင်သဘောထားက အရေးအကျဆုံးအချက်ဖြစ်တယ်။ ဥပမာ–ဆံပင်ပုံစံတစ်ခုကောင်းမကောင်းဆိုတာ တိုင်းတာဖို့မဖြစ်နိုင်ဘူး။ ပုံမကောင်းရင်တော့ ကွာလတီမကောင်းဘူးဆိုတာ မြင်သာပေမယ့် ပုံကောင်းတယ်ဆိုတာကတော့ ဖောက်သည်တစ်ယောက်ချင်းစီရဲ့ သဘောထား ခံယူချက်အပေါ်မှာ မူတည်တယ်။

## ဝန်ဆောင်မှုအရည်အသွေးကို တိုင်းတာပုံ

ဝန်ဆောင်မှုရဲ့ အရည်အသွေးကို အောက်ပါအချက်တွေနဲ့ အကဲဖြတ်နိုင်တယ်။

( ၁ ) ယုံကြည်စိတ်ချရမှု၊
( ၂ ) မြန်ဆန်မှု၊
( ၃ ) အများယုံကြည်လက်ခံနိုင်မှု၊
( ၄ ) ဘေးကင်းလုံခြုံမှု၊
( ၅ ) ဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှု၊
( ၆ ) ဖောက်သည်လိုအပ်ချက်ကို သိနားလည်မှု၊
( ၇ ) ဖောက်သည်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှု၊
( ၈ ) ဝန်ထမ်းတွေရဲ့ ယဉ်ကျေးပျူငှာမှု၊
( ၉ ) သက်သောင့်သက်သာဖြစ်မှု၊
(၁၀) ဝန်ဆောင်မှုနဲ့ တွဲပေးလိုက်တဲ့ ကုန်စည် (Goods)၊

ဖောက်သည်တွေရဲ့ လိုအပ်ချက်ကို လုပ်ငန်းတစ်ခုအနေနဲ့ ဖြည့်ဆည်းပေးနိုင်သလားဆိုတာကို ဘယ်လို သတ်မှတ်နိုင်မလဲ။ လုပ်ရိုးလုပ်စဉ်နည်းလမ်းတစ်ခုကတော့ ဝန်ဆောင်မှုပေးပြီးနောက်ပိုင်းမှာ ဖောက်သည်တွေကို မေးခွန်းလွှာတွေပေးပြီး အမှတ်ပေးခိုင်းတာ ဖြစ်တယ်။ ဖောက်သည်တွေရဲ့မေးခွန်းလွှာပေါ်မှာ တုံ့ပြန်ဖြေကြားမှုတွေက လုပ်ငန်းအနေနဲ့ ဖောက်သည်တွေ

www.foreverspace.com.mm

ရဲ့လိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းမလဲ၊ ဘယ်နေရာတွေမှာတော့ ပြင်ဆင်မှုတွေ လုပ်ဖို့လိုသလဲဆိုတာ ဖော်ပြတယ်။

## အရည်အသွေးထိန်းချုပ်မှု (Quality Control)

ထုတ်ကုန်တစ်ခုရဲ့ အရည်အသွေးကို ထိန်းသိမ်းတဲ့ အစဉ်အလာနည်းလမ်းတစ်ခုကတော့ အရည်အသွေးထိန်းချုပ်မှု QC (Quality Control) ကို သုံးခြင်းပဲ ဖြစ်တယ်။ QC ဟာ သတ်မှတ်ထားတဲ့ အရည်အသွေးကိုရရှိဖို့ စစ်ဆေးစမ်းသပ်မှု (Inspections & Tests) များစွာ ပြုလုပ်ခြင်းဖြစ်တယ်။ အားလုံးထဲက နမူနာယူနစ်တွေ (Sample Units) တွေ ကောက်ပြီး အဓိကကျတဲ့ နယ်ပယ်မှာရှိတဲ့ လုပ်ဆောင်ချက်တွေကို လက်ခံနိုင်လောက်တဲ့ ကန့်သတ်ချက်အတွင်းရှိအောင် ပြုလုပ်တာဖြစ်တယ်။ ဥပမာ–အာလူးကြော် တစ်ထုပ်ရဲ့ အလေးချိန်ဟာ သတ်မှတ်ထားတဲ့ အပိုင်းအခြားတွင်းမှာ ရှိသလားဆိုတာမျိုး။ ယေဘုယျပြောရရင် QC ဟာ ကျပန်းနမူနာကောက်ပြီး အရေအတွက် ဘယ်ရွေ့ဘယ်မျှဟာ သတ်မှတ်ချက်ကို မီသလားဆိုတာ စမ်းသပ်တာ ဖြစ်တယ်။ တကယ်လို့ နမူနာရဲ့ သတ်မှတ်ထားတဲ့ အရေအတွက်ဟာ သတ်မှတ်ချက်စံကိုမီရင် ဒီထုတ်ကုန်တွေဟာ လက်ခံနိုင်တဲ့ အရည်အသွေးရှိတယ်လို့ ပြောနိုင်တယ်။ သတ်မှတ်ချက်စံကိုမီတဲ့ အရေအတွက်ဟာ နည်းနေရင် ထုတ်ကုန်ရဲ့ အရည်အသွေးဟာ လက်မခံနိုင်ဘူးလို့ ပြောနိုင်ပြီး လိုအပ်တဲ့ အရေးယူဆောင်ရွက်ချက်တွေ ဆောင်ရွက်တယ်။

## မေးခွန်းတွေ ပလုံစီ

ဒီချဉ်းကပ်မှုမှာမေးခွန်းတွေ တစ်သီကြီးရှိတယ်။ ဘယ်နှကြိမ် စမ်းသပ်သင့်လဲ၊ ဘယ်နေရာမှာ စမ်းသပ်သင့်လဲ၊ စံသတ်မှတ်ချက်ကို အရေအတွက် ဘယ်လောက်မီရမလဲ၊ နောက်ထပ် မေးခွန်းတစ်ခုက ဘာလို့ အကုန်လုံးကို မစစ်ဘဲ တချို့ နမူနာကိုပဲစစ်သလဲဆိုတာ ဖြစ်တယ်။ အဲဒီလို အကုန်လုံးကို မစစ်ရခြင်းရဲ့အကြောင်းတွေက

(၁) စရိတ် ႏ ယူနစ်အားလုံးကို စစ်ဆေးဖို့ စရိတ်စကကြီးလွန်းတယ်။ အထူးသဖြင့် ပျက်တဲ့အရေအတွက်က နည်းခဲ့ရင်ပေါ့လေ။

(၂) လိုအပ်တဲ့အချိန် ႏ တချို့ စမ်းသပ်မှုတွေက သိပ်ရှုပ်ထွေးပြီး အဆင့်တွေများလွန်းလို့ အချိန်တွေအများကြီးယူရမှာမို့ လက်တွေ့ဆောင်ရွက်ဖို့ ခက်တယ်။

(၃) ယုံကြည်စိတ်ချရမှု ႏ ယေဘုယျပြောရမယ်ဆိုရင် နမူနာယူနစ်တချို့ကို စစ်ခြင်းထက် အားလုံးကို စစ်ဆေးခြင်းက ပိုပြီး ယုံကြည်စိတ်ချရတယ်။ ဒါပေမဲ့ ဘယ်စစ်ဆေးမှုမှာမှ လုံးဝဥဿုံ ယုံကြည်စိတ်ချရတယ်ဆိုတာ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ စစ်ဆေးသူတွေဟာ ပင်ပန်း

**တချို့ကိစ္စတွေမှာ မရေတွက်နိုင်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်နိုင်ခြေရှိတယ်။ ဆေးဝါးတစ်မျိုးရဲ့ ထိရောက်မှုကို စစ်ဆေးဖို့ဆိုရင် အဲဒီဆေးကိုသောက်တဲ့ သူအားလုံးကို စစ်ရမယ့်ကိန်းရှိတယ်။ ဒါဆိုရင် စမ်းသပ်ရမယ့် အရေအတွက်ဟာ အသင်္ချေအနန္တ ဖြစ်သွားမယ်။**



www.foreverspace.com.mm

ငြိုးငွေ့လာမယ်။ အမှားတွေလုပ်လာမယ်။ ပုဂ္ဂလအဓိဋ္ဌာန်ကျတဲ့ အကဲဖြတ်ချက်တွေ လုပ်လာမယ်။

(၄) ဖြစ်နိုင်ခြေရှိမှု ။ တချို့ကိစ္စတွေမှာ မရေတွက်နိုင်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်နိုင်ခြေရှိတယ်။ ဆေးဝါးတစ်မျိုးရဲ့ ထိရောက်မှုကို စစ်ဆေးဖို့ဆိုရင် အဲဒီဆေးကိုသောက်တဲ့သူအားလုံးကို စစ်ရမယ့်ကိန်းရှိတယ်။ ဒါဆိုရင် စမ်းသပ်ရမယ့် အရေအတွက်ဟာ အသင်္ချေအနန္တဖြစ်သွားမယ်။

လက်တွေ့မှာကျတော့ ဒီလိုအားလုံးမစစ်ဘဲ တချို့ နမူနာ (Sample) ကိုပဲ စစ်မယ်ဆိုတဲ့ အကြောင်းပြချက်ဟာ ဒီနေ့ခေတ်မှာ သိပ်လက်မခံကြတော့ဘူး။ ဒီနေ့ခေတ်အဖွဲ့အစည်းတွေက ကျပန်းစစ်ဆေးခြင်းဟာ အရည်အသွေးမြင့်မားမှုကို အာမမခံနိုင်ဘူးလို့ ယူဆလာကြပြီး တင်းကျပ်ပြီး အသေးစိတ်တဲ့လုပ်နည်းလုပ်ဟန်တွေကို လက်ခံလာကြပြီ။

## QC စစ်ဆေးခြင်း

စာရင်းအင်းဆိုင်ရာအရည်အသွေးထိန်းချုပ်မှု (Statistical Quality Control) မှာ အခြေခံအားဖြင့် စစ်ဆေးမှု နှစ်မျိုးရှိတယ်။

(၁) Acceptance Sampling က ထုတ်ကုန်ရဲ့ အရည်အသွေးဟာ လက်ခံသင့်သလား၊ ငြင်းပယ်သင့်သလားဆိုတာ သိဖို့ ထုတ်လုပ်မှုအပြီး စစ်ဆေးတာဖြစ်ပြီး ဒီစစ်ဆေးမှုဟာ အပျက်အယွင်းတွေကို ဖော်ထုတ်မှုနဲ့ အဓိကပတ်သက်တယ်။

(၂) Process Control က Process ရဲ့ လုပ်ဆောင်ချက်ကို စစ်ဆေးတယ်။ ဒီစစ်ဆေးမှုက ထုတ်လုပ်မှုကာလအတွင်းမှာ ဖြစ်စဉ် (Process) တစ်ခုဟာ လက်ခံနိုင်တဲ့ ကန့်သတ်ချက် (Acceptable Limit) အတွင်းမှာ ရှိရဲ့လား (ဝါ) ဒီဖြစ်စဉ်ဟာ ပြင်ဆင်ပြောင်းလဲမှုတွေ လိုအပ်သလားဆိုတာ သိဖို့ လုပ်ဆောင်တာဖြစ်တယ်။ ဒါဟာအမှားအယွင်းမရှိအောင် ကြိုတင်ကာကွယ်မှုနဲ့ ပတ်သက်တယ်။

ဒီစစ်ဆေးမှု နှစ်မျိုးစလုံးဟာ ထုတ်ကုန်တွေကို ကျပန်းနမူနာကောက်ပြီး ပြုလုပ်တာဖြစ်ပြီး ဒီလိုမျိုးစမ်းသပ်မှုတွေဟာ လုံးဝဥဿုံယုံကြည်စိတ်ချလို့ ဘယ်သောအခါမှမရတဲ့ ပြဿနာရှိတယ်။ ထုတ်လုပ်မှုအဆင့်တစ်ခုက ထွက်လာတဲ့ ထုတ်ကုန်တွေမှာ တစ်ခုနဲ့တစ်ခုကွဲလွဲမှု အမြဲရှိတယ်။ ဒါကြောင့်လည်း လုပ်ငန်းတွေဟာ လက်ခံနိုင်လောက်တဲ့ အရည်အသွေးကို ကန့်သတ်ချက်ဘောင်တစ်ခုအတွင်းကနေ သတ်မှတ်ထားကြတယ်။ ဆိုကြပါစို့။ ချောကလက်တစ်ခုရဲ့ အလေးချိန်ကို (၂၄၉.၉) ဂရမ်နဲ့ (၂၅၀) ဂရမ်ကြားရှိရမယ်လို့ သတ်မှတ်ထားတယ်ဆိုရင် လူအများစုကတော့ ကြော်ငြာထားတဲ့အတိုင်း ၂၅၀ ဂရမ် မလေးလည်း အကြောင်းမဟုတ်ဘူး။ ဒါပေမဲ့ ဂရမ် ၅၀ မပြောနဲ့ ၁၀ ဂရမ်လောက်ကွာရင်တောင် အထင်အမြင်သေးသွားနိုင်တာမို့ ချောကလက်တစ်ခုဟာ သတ်မှတ်ထားတဲ့ အလေးချိန်နဲ့ နီးနိုင်သမျှ နီးစပ်သင့်တယ်။ ထုတ်လုပ်မှုမှန်သမျှဟာ ကွဲလွဲချက်ကို လျှော့ချဖို့ ရည်ရွယ်သင့်တယ်။ ပြီးတော့ Product ရော Process ရော နှစ်ခုစလုံးဟာ ကွဲလွဲချက်တွေ အနည်းငယ်ကိုပဲ ခွင့်ပြုဖို့၊ ယုံကြည်စိတ်ချရတဲ့ အရည်အသွေးရှိတဲ့ ထုတ်ကုန်တွေထုတ်လုပ်ဖို့ စီမံဆောင်ရွက်သင့်တယ်။

## အမှားအယွင်းတွေ

ကုန်ချောတစ်ခုဟာ ကွဲလွဲချက်နည်းရင် သတ်မှတ်ချက်နဲ့ နီးစပ်မယ်။ ဒါပေမဲ့ ယုံကြည်စိတ်ချရပါတယ်ဆိုတဲ့ Process တစ်ခုမှာတောင်မှ သူရဲ့ လုပ်ဆောင်ချက်ဟာ သတ်မှတ်ချက်ရဲ့အပြင်ဘက်ကို တစ်ခါတလေ ရောက်သွားတတ်လို့ ထုတ်ကုန်တစ်ခုဟာ ပျက်စီးသွားနိုင်တယ်။ ဒီလိုဖြစ်နေခြင်းဟာ တစ်ခုခု မှားနေပြီဆိုတဲ့ အချက်ပြလိုက်တာပါပဲ။

အများအားဖြင့် ဒီလိုအမှားအယွင်းတွေ ဖြစ်ရတဲ့ အကြောင်းရင်းတွေက–

(၁) လူ့ပယောဂကြောင့်ဖြစ်တဲ့ အမှား၊

(၂) စက်ကိရိယာတွေကြောင့်ဖြစ်တဲ့အမှား၊

(၃) ကုန်ကြမ်းတွေ ပျက်စီးမှု၊

(၄) လုပ်ဆောင်မှုအမှား (ဥပမာ–အပူချိန်ပြောင်းသွားလို့)

(၅) ပတ်ဝန်းကျင်အနေအထား ပြောင်းလဲမှု (စိုထိုင်းဆ၊ အပူချိန် စသည်)

တစ်ခါ ဖောက်သည်တွေဆီမပို့ခင် ထုတ်လုပ်မှုရဲ့ နောက်ဆုံးအဆင့်ရောက်မှ စစ်ဆေးခြင်းဟာလည်း နောက်ပြဿနာတစ်ခုဖြစ်တယ်။ ထုတ်လုပ်မှုရဲ့ နောက်ဆုံးအဆင့်မှာ ထုတ်ကုန်တစ်ခုရဲ့ အပြစ်အနာအဆာဖြစ်မှုဟာ ပိုပြီးဖြစ်နိုင်ခြေရှိလို့ အဲဒီနောက်ဆုံးအဆင့်ရောက်မှ စစ်ဆေးမှုတွေ တစ်သီကြီးလုပ်တယ်ဆိုတာ သင့်တင့်လျော်ကပ်ပေမယ့် ထုတ်ကုန်တစ်ခုဟာ ထုတ်လုပ်မှုအဆင့်ထဲ ပိုရောက်သွားလေ အချိန်တွေ၊ ငွေတွေ ပိုသုံးရလေ။ ဒါကြောင့် ထုတ်ကုန်တစ်ခုကို ပြန်ကောင်းအောင် လုပ်ရတဲ့ နောက်ထပ် အပိုငွေကြေးတွေ အလဟဿမဖြစ်ခင် တတ်နိုင်သမျှ စောစောစီးစီးအပြစ်တွေရှာခြင်းဟာ ပိုပြီးသင့်တင့်လျော်ကပ်တယ်။ ဥပမာ–မုန့်ဖုတ်တဲ့ သူတစ်ယောက်အနေနဲ့ အကောင်းဆုံးရွေးချယ်မှုက ကြက်ဥအပုပ်တွေကိုသုံးပြီး ရလာတဲ့ ကိတ်မုန့်အပျက်တွေကို စွန့်ပစ်မယ့်အစား မုန့်တိုက်ကို ကြက်ဥတွေရောက်လာချိန် ထုတ်လုပ်မှုမစခင်မှာ ဒီကြက်ဥတွေကို စစ်ဆေးသင့်တယ်။

## စစ်ဆေးရမယ့်နေရာတွေ

ကွာလတီထိန်းချုပ်ဖို့အတွက် အားစိုက်မှုတွေကို ထုတ်လုပ်မှုအဆင့်ရဲ့ အစောဆုံးအပိုင်းမှာ သုံးသပ်သင့်တယ်။ Suppliers တွေပို့လိုက်တဲ့ ကုန်ကြမ်းတွေကို ပုံမှန်စစ်ဆေးသင့်တယ်။ ပြီးတော့ စထုတ်တဲ့ အချိန်ကနေ ပြီးစီးလို့ ဖောက်သည်တွေဆီပို့တဲ့အထိ စဉ်ဆက်မပြတ်

www.foreverspace.com.mm

စစ်ဆေးမှုတွေ ပြုလုပ်သင့်တယ်။ စစ်ဆေးမှုအထူးတလည် လုပ်ဆောင်ရမယ့် အရေးပါတဲ့နေရာ (၃) နေရာရှိတယ်။

(၁) ကုန်ကြမ်း တွေကို Suppliers ရဲ့ လုပ်ငန်းခွင်အတွင်းမှာရော မိမိလုပ်ငန်းထဲ ရောက်လာတဲ့အခါမှာရော စစ်ဆေးသင့်တယ်။

(၂) ထုတ်လုပ်မှုအဆင့်အတွင်းမှာ (စရိတ်စကတွေ ပိုမကုန်ခင်) ပုံမှန်စစ်ဆေးသင့်တယ်။ ဥပမာ–အိုးဖုတ်တဲ့ လုပ်ငန်းတစ်ခုမှာ အိုးရဲ့အနာအဆာကို ဖုံးအုပ်သွားစေတဲ့ ဆေးသုတ်တဲ့အလုပ် မလုပ်ခင် စစ်ဆေးသင့်တယ်။

(၃) အပြီးသတ်ကုန်ချောတွေကို ထုတ်လုပ်ပြီးတဲ့အချိန်နဲ့ ဖောက်သည်တွေ ဆီမပို့ခင် စစ်ဆေးသင့်တယ်။

ထုတ်လုပ်မှုအစပိုင်းမှာ စစ်ဆေးမှုတွေကို အားစိုက်ဖွဲ့ခတ်ဆောင်ရွက်နိုင်ရင် ထုတ်လုပ်မှု နောက်ပိုင်းအဆင့်မှာ အပျက်အယွင်းမရှိသလောက် နည်းပါးသွားမယ်။ ဖောက်သည်တွေရဲ့ လက်ထဲကို ထုတ်ကုန်တွေ ရောက်သွားတဲ့အခါမှာ ထုတ်ကုန်တွေဟာ တတ်နိုင်သမျှ အပျက်အယွင်းကင်းသင့်တယ်။

## အရည်သွေးရဲ့စရိတ် (Cost of Quality)

လတ်တလောနှစ်တွေမှာ ဘောင်ခတ်မြင်တဲ့ QC အစား ပိုပြီး အမြင်ကျယ်တဲ့ အရည်အသွေးစီမံခန့်ခွဲမှု (Quality Management) ဆီကို ဦးတည်တဲ့သဘောထား ပြောင်းလဲမှုတွေ ရှိလာတယ်။ ဒီ ပြောင်းလဲမှုဟာ အတော့်ကိုအံ့ဖွယ်ကောင်းလွန်းလို့ လူအတော်များများက အရည်အသွေးတော်လှန်ရေး (Quality Revolution) လို့တောင် ဝိဂြိုဟ်ပြုကြတယ်။ ဒီတော်လှန်ရေးကိုဖြစ်စေတဲ့ အဓိကအကြောင်းရင်းခံတွေကတော့–


(၁) ထုတ်လုပ်မှုဖြစ်စဉ် တိုးတက်ကောင်းမွန်မှုဟာ အမြဲထာဝရ အရည်အသွေး မြင့်မားမှုကို အာမခံချက်ပေးလာနိုင်လို့၊

(၂) ပြိုင်ဘက်တွေကို ယှဉ်ပြိုင် အနိုင်ယူနိုင်ဖို့ High Quality ကို သုံးလာကြလို့၊

(၃) ဖောက်သည်တွေကလည်း အရည်အသွေးမြင့်တဲ့ ထုတ်ကုန်တွေကို သုံးစွဲရတာ ကျင့်သားရနေလို့ High Quality ထက်နည်းနည်းလေးလျော့တာတောင် လက်မခံကြတော့လို့၊

(၄) လုပ်ငန်းတွေအနေနဲ့ ကွာလတီကို မြင့်လိုက်ခြင်းအားဖြင့် စရိတ်ကို လျှော့ချနိုင်လာလို့ပဲဖြစ်တယ်။

အဖွဲ့အစည်းတစ်ခုရဲ့ အရေးကြီးတဲ့ အလုပ်က ဖောက်သည်တွေရဲ့တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်မယ့် ထုတ်ကုန်တွေကို ထုတ်လုပ်နိုင်စွမ်းရှိဖို့ဖြစ်တယ်။ ရွေးချယ်ခွင့်ရှိရင် ဖောက်သည်တွေက ကွာလတီကောင်းတဲ့ ထုတ်ကုန်တွေကိုပဲ ရွေးကြလို့ အရည်အသွေးရဲ့လားရာကို ပေယျာလကန်လုပ်တဲ့ ဘယ်အဖွဲ့အစည်းမဆို ဖောက်သည်တွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့နေရာမှာ ပိုတော်တဲ့ ပြိုင်ဘက်တွေအောက် ရောက်သွားလိမ့်မယ်။ အရည်အသွေးကောင်းခြင်းဟာ ထုတ်ကုန်တစ်ခုရဲ့ အောင်မြင်မှုကို အာမမခံနိုင်ပေမယ့် အရည်အသွေးညံ့ရင်တော့ ကျဆုံးမှာ ကျိန်းသေပေါက်ပါပဲ။ ဒါကြောင့် ကွာလတီကောင်းတဲ့ ထုတ်ကုန်တွေ ထုတ်လုပ်နိုင်မှုကြောင့် ရလာတဲ့ အသီးအပွင့်တွေကို လုပ်ငန်းကလည်းပဲ စားသုံးရလိမ့်မယ်။ ပုံမှာကြည့်ပါ။




## နောက်ထပ်အသီးအပွင့်တွေ

ကွာလတီကောင်းခြင်းကြောင့် နောက်ထပ်ရလာမယ့် အကျိုးကျေးဇူးတွေကတော့–

(၁) လုပ်ငန်းရဲ့ ဂုဏ်သတင်း ပိုကျော်စောမယ်၊

(၂) ပြိုင်ဘက်တွေထက်ပိုသာလာမယ်၊

(၃) မားကက်တင်းအားစိုက်မှု နည်းလာမယ်၊

(၄) အရောင်းဝင်ငွေနဲ့ ဈေးကွက်ဝေစု တက်လာမယ်၊

(၅) ကုန်ထုတ်စွမ်းအားတိုးလာမယ်၊

(၆) ရေရှည်မှာ အမြတ်ရနိုင်စွမ်း တိုးလာမယ်၊

(၇) ထုတ်ကုန်အပျက်တွေအတွက် ပြန်လည်ပြင်ဆင်ရမယ့် ဝန်ထုပ်ဝန်ပိုး လျော့သွားမယ်၊

(၈) အလဟဿဖြစ်မှုတွေ လျော့သွားမယ်၊

(၉) စရိတ်တွေနည်းသွားမယ်၊

ဆက်လက်ဖော်ပြပါမည်

**မောင်တွေးတော**
**(ပေါက်အင်း)**
**၁၇–၉–၂၀၀၅ (ရန်ကုန်)**

Ref: (1) Operation management by Donald Waters
(2) Management by Richar L. Dagt
(3) စီးပွားရေးဆောင်းပါးများ
(4) Marketing Management by Philip Kotler